# လပင်းရေပင်မြည်ဝင်တုပင်း



ဝိပဿနာအရာ ပရိညာခဏ္ဍမှာ, ဝိဇ္ဇာနာန်လက္ခဏာမျှ, ဝိညာဏက္ခန္ဓာ-
ဟူသော မျက်လှည့်ပြ ဆရာ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို
ဝေဘန်ပိုင်းခြားလျက် တုံးနာမ်, တိုင်နာမ် ဟူသော မြတ်တရားကို
ထပ်မနား ဟောပြသဖြင့် နိုင်ငံမဆန့် ပျံ့နှံ့ ကျော်ကြား တော်မူသော
ခြောက်စောင်တွဲ ကျမ်းပြုသခင် ကျေးဇူးတော်ရှင်
-ပဌမ ကြောင်ပန်းမဟာထေရ် ဆရာတော်ဘုရားကြီး၏ပုံတော်



ကျေးဇေသော (ဖ) ဋ္ဌ ရမ္မာ နေကနာမ်, အဓေးင်ကနုပ်, မှောင်ရှောတ်
ရအောင် ဖေါ်သတ်ပယ်နှုားလှုက် သုံးစောင်တွဲမြဲ တရားကို
နှစ်သားကြည်လင် ပြုစီရင်တော်မူသော ကျေးဇူးရှင်ကြောင်ပန်းဒုတိယ
ပန်းသာ မဟာထေရ် ဆရာတော်မြတ်ဘုရားကြီး၏ ပုံတော်



ဒိဋ္ဌိပြုတ်သမ်း ဗောဓပုံကျမ်း ပ-ဒု-အစုံကို တဟုန်တည်း ပြုစီရင်လျက်
ပြည့်ခွင်နဂရ ဌာနအသီးသီး မြန်မာ နိုင်ငံတော်ကြီး၌ တပည့် သိသာ
သာဝကပေါင်း သိန်းခေါင်းမက ဦးတိုက် ရှိခိုးကြရသော
နိုင်ငံကျော် ဓမ္မကထိက သြဝါဒါစရိယ မဟာနာယက
ဆရာတော် ဦးဘိဏ္ဏာအရှင်သူမြတ်ကြီး၏ ပုံတော်



အထက်တွင်ဖော်ပြပါ ကျေးဇူးရှင် လင်္ဃပေသလ, သင်္ဂြာကာဓ,
ဂန္ဓကာရက, မဟာသေန်၏ မြဲဘ်ကြီးဘုံ၏ သဒ္ဒဝိဟာရိက ညာဒါဒံ
တပည့်ကြီးဖြစ်သော ဒိဋ္ဌိတောင်လှန်ရေးကျမ်း, ဂီတ ဝိနိစ္ဆယ ဋီကာသစ်
ကျမ်း, ခြောက်စောင်တွဲကောက်နုတ်ချက်, သစ္စာသုံးသိ လင်းရောင်ခြည်
ကျမ်း, ဝိပဿနာအရာ အတိ မြို့ရကဗျာ ကျမ်းပြုရှင် နိုင်ငံကျော်
ဓမ္မကထိက ဘိုသက္ကပဏ္ဍိတဆရာကြီး (ဦးဒိုလ်) ၏ဆာယာရုပ်

၁၄၂၄

# ခြောက်စောင်တွဲ

## ကောက်နုတ်ချက်

## သစ္စာသုံးလီ

# လင်းရောင်ခြည်ကျမ်း

**ဝိပဿနာပရိညာတက်လမ်း**

စီရင်ရေးသားသူ

**ဆရာကြီး-ဦးမိုလ်**

**ဆရာကြီး ဦးဘတင်**

ကြီးကြပ်တည်းဖြန့်ဖြင့်ဆင်သည်

၁၃၁၈-ခု၊ ပြာသိုလပြည့်ကျော် ၅-ရက်နေ့တွင်
ရိုက်နှိပ်ပြီးစီးသည်

၅-ကျပ်

သည့် သဘာဝယုတ္တိ အာဂမယုတ္တိ သင့်တင့်ညီညွတ်သည့် ပြင် နေ့လပမာ ထင်ပေါ် ကျော်စော၍ ရုရန့်နှစ်ရုံပြည့်ကုလုံ သော လယ်တီဆရာတော် ဘုရားကြီးပြုစီရင်တော် မူခဲ့သော ဒီပနီအစောင်စောင်, ဋီကာ, အနုဋီကာကျမ်းကြီးများနှင့် မကွဲမပြား တသားတည်းပင်ဖြစ်ရာ 'ခြောက်စောင်တွဲကျမ်း' ကို ပြုစီရင်တော်မူခဲ့သည့် ပဌမ,ကြောင်ပန်း ဆရာတော်ကြီး ၏ စကားတော်တို့သည် ဉာဏ်သာမန်ရှိသူ များရှင်လူတို့မှာ အာဘော်ကျ အောင်ယူဆ ဟောပြောနိုင်ရန် လွန်စွာပင် ခဲ ယဉ်းလှပါပေသည်။ ကျမ်းဂန်အကျော် ပုဂ္ဂိုလ်မော်တို့ နှင့် မွေကထိက အများတို့သည် ပရမတ္ထသစ္စာကိုသာ အရေး ထား၍ ဟောပြော, ရေးသားလျက် ရှိကြရာ, ကြောင်ပန်း ဂိုဏ်းကမူ "သစ္စံ သစ္စော ပဋိသန္တ" အရ သမုတိသစ္စာကို ခမ်းနားကြီးကျယ်ထယ်ဝါခန့်ညား ပေါ် လွင်ထင်ရှားအောင် ဟောပြောခဲ့သလိုသဖြင့် ၁-သမုတိသစ္စာ ၂-သဘာဝသစ္စာ, ၃-ပရမတ္ထ သစ္စာအားဖြင့် နည်းယူစရာ ခွဲခြား ပြသကြသည့် ပြင်,ချပ်ရိပ်ခြင်းရာကိုစွဲ၍ သမုတိ, ဝစီ, ဝိရတီဟု သစ္စာသုံး ပါး ကံရိပ်သတ္တ ခြင်းရာကိုစွဲ၍ သမုတိ,ဝစီ, ဝိရတီအားဖြင့် ဝိညာဏ်မြင် သမုတိဆိုင်ရာ သစ္စာ ၆-ပါး,ပရမတ္ထ, သဘာ ဝ အရိယအားဖြင့် ပညာမြင်သစ္စာသုံးပါး ပေါင်း-၉-ပါးကို ရစည်းလိုက်သော် အဓိကအားဖြင့် သမုတိ,သဘာဝ,အရိယ အားဖြင့် သစ္စာ သုံးပါး ဖြစ်ပေါ် လာပုံတို့ကို အကျယ်တဝင့် ရှင်းလင်း ပြတ်သားစွာ မြင်းခြံမြို့, ကြောင်ပန်း စည်းရုံး ရေး တာဝန်ခံ ဓမ္မကထိက ဆရာကြီး ဦးဗိုလ်သည် ခြောက်စောင် တွဲကောက်နုတ်ချက်များနှင့်တကွ ရေးအခါက မပေါ် ထွက် မရေးသားကြ ဘူးသေးသော အဓိပ္ပါယ်တဖြာ လက်ာသတ် မှတ်, စကားချပ် တို့ဖြင့် ယောဂီ အားလုံး စွဲသုံး ကြည့်ရှုနိုင် ကြစေရန် "သစ္စာသုံးလီ လင်းရောင်ခြည်ကျမ်း" ကြီး ထွက် ပေါ် လာရသည်ဟုမှတ်ထင်ယုံကြည်ရင်းရှိမိပါသတည်း။

# ဦးဆောင် တောင်းပန် ကြသော၊
# အဘိယာဝစက ပုဂ္ဂိုလ်ကြီးများ

| ဦးရေ။ | အမည်။ | ဂုဏ်ထူး | နေရပ် |
| --- | --- | --- | --- |
| ၁။ | ဦးမေအောင် | နှစ်ကျော်ပ်ရှစ်ဆူဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌကြီး | သပြေပင်ရပ် |
| ၂။ | ဦးဘရှိန်း | ၎င်း အဖွဲ့ဝင်လူကြီး | ။ |
| ၃။ | ဦးတင်လေး | ကုန်သည်ကြီး | ထနောင်းကုန်း |
| ၄။ | ဦးဘဘန်း | ။ | ရန်ကုန်မြို့ |
| ၅။ | ဦးကျော်ခင် | လယ်ဝန်ရုံးစာရေးကြီး | ဇေယျာသိန်ရပ် |
| ၆။ | ဦးမြမောင် | သမာဓိမြို့ဝန် | ဈေးဟောင်းရပ် |
| ၇။ | ဦးကျော် | ခေတ္တရာပွဲရုံ ပွဲစား (၁၆) လမ်း | ဒေါင်းလယ်ကံရပ် |
| ၈။ | ဦးဗိုလ်ညမ်း | စက်ရှင်ရုံးစာရေးကြီး | ပြောင်းပြာရပ် |
| ၉။ | ဦးဥာဏ် | ကားပိုင်ရှင် | ဈေးသစ်ရပ် |
| ၁၀။ | ဦးဘတင့် | ကုန်သည်ပွဲစားကြီး | ခေါင်းကွဲရွာ |
| ၁၁။ | ဦးဘတင့် | ခင်ခင်မြပွဲရုံ ပွဲစားကြီး | နဂါးပေါက်ရွာ |
| ၁၂။ | ဦးစံ | ဘိနပ်ခုံ ပိုင်ရှင် | နွားကူးတန်းချပ် |
| ၁၃။ | ဦးဘရွှေ | အေဝမ်းဘိနပ်ခုံပိုင်ရှင် | ။ |
| ၁၄။ | ဦးတင် | တိုက်တံဆိပ်ဘိနပ် ပိုင်ရှင် | ။ |
| ၁၅။ | ဦးအောင်ဝ | မြို့မအုပ်ချုပ်ရေးလူကြီး | ။ |
| ၁၆။ | ဦးဖိုးဆင် | မြူနီစီပါယ်အဖွဲ့ဝင် | ကံဦးရပ် |
| ၁၇။ | ကိုစံအောင် | | ၎င်း |
| ၁၈။ | ကိုစံရွှေ | | ၎င်း |
| ၁၉။ | ဦးပြူး | စက်ပိုင် | စွန်းလွန်းရပ် |
| ၂၀။ | ဦးကံကောင်း | ကုန်သည် | |
| ၂၁။ | ဦးဘရှိန်း | ရထားထောင် | ကြူရွာတန်း |
| ၂၂။ | ဦးဘိုကိုး | မြေပိုင်ရှင် | ကြူရွာတန်း |
| ၂၃။ | ဦးဘစိန် | ဘိနပ်ဘောင်ဆရာ | ကျွဲကြီး |

| ဦးရေ။ | အမည်။ | ဂုဏ်ထူး | နေရပ် |
|---|---|---|---|
| ၂၄။ | ဦးစံပြည့် | မြေပိုင်ရှင် | မယ်မသော်ရွာမြောင်မြို့ |
| ၂၅။ | ဦးဘဆိုင် | ၎င်း | ၎င်း |
| ၂၆။ | ဦးဖိုးလှ | သူကြီးမင်း | ၎င်း |
| ၂၇။ | ဦးသာအေး | မြေပိုင်ရှင် | နဂါးပေါက်ရွာ |
| ၂၈။ | ဦးဘချစ် | မြေပိုင်ရှင် | ၎င်း |
| ၂၉။ | ကိုချစ်လှိုင် | ၎င်း | ၎င်း |
| ၃၀။ | ဆရာကြီးဦးဘလွင် | ဓမ္မကထိက ဘိသက္က ပဏ္ဍိတ | အနောက်ကျွဲကူး ရန်ကုန် |
| ၃၁။ | ဦးလှပို | မောင်မော်ဘရားသား ကုမ္ပဏီ | အရှေ့ကျွဲကူး ရန်ကုန် |
| ၃၂။ | ဦးစိုးခွင့် | ဓမ္မကထိက ပွဲစားကြီး | လမ်း-၅၀-ရန်ကုန် |
| ၃၃။ | ဆရာမာ | ကျောင်းဆရာကြီး | လမ်း (၅၁) ရန်ကုန် |
| ၃၄။ | ကိုလှမောင် | ဓမ္မကထိက ဘိသက္က ပဏ္ဍိတ | ဖ-ဆ-ပ-လ-ကွက်သစ် ရန်ကုန် |
| ၃၅။ | ဆရာသွင် | ဘိသက္က ပဏ္ဍိတ ကျောင်းဆရာကြီး | အရှေ့ကျွဲကူးရန်ကုန် |
| ၃၆။ | ဦးညွန့် | စာရေးကြီး | ၎င်း |

## တေးထပ်

(၁) သာသနာတဝက်နှင်း။ ထွက်လင်းတဲ့နေလို။ ဘဝဂ်
ချင်းပြေဗဟိုဝယ်။နေ့ရောင်လိုဖြာသန်း။ ။ခမ်းနား
တဲ့ ပရိညာအမြင်ကို။ချိန်ကာပင် များချုကြစမ်း။ ။
သမုတ် သဘာဝါငယ်။ အရိယာတက်လမ်း။ လင်း
ရောင်ခြည်သင်္ကာကျမ်းရယ်က။ရှစ်ဖြာလမ်းမဂ္ဂင်။ ။
သဗ္ဗညု-ဉာဏ်မြင် တက်စေသို့။ မှန်တင်လျက် ပေါ်
ထွက်ပြည်ခွင်။ ။ဗိမုတ္တိ ဓာတ်ကောလီတွင်။ မြတ်
ယောဂီအမြန်ဖြစ်လိုက။စနစ်ကျခါတန်တန်။ဘာသာ
ရှုဝေဘန်။ ။သောတာမဂ်-အမြင်မှန်ကို။လျှင်မြန်စွာ
ရောက်မည်ကွဲ့လေး။ ။

# မာတိကာ


| ရ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၁။ | ရည်ရွယ်ချက်နှင့်မှတ်တမ်း | ၁ |
| ၂။ | အာသိသကထာ | ၃ |
| ၃။ | ရတနတ္တယပဏာမစိန္တာမဏိဂါထာတော်ကြီး | ၇ |
| ၄။ | ဂုဏ်တော်ဘွင့်ပါဠိတရားတောင်းကြီး | ၁၀ |
| | တရားသိမ်း | ၁၂ |
| ၅။ | အဘိယာစကနိဒါနကထာ | ၁၃ |
| ၆။ | သမုတိသစ္စာ ပရမတ္ထသစ္စာပြခဏ်း | ၁၅ |
| ၇။ | သမုတိသစ္စာ, ဝစီသစ္စာ, ဝိရတိသစ္စာပြခဏ်း | ၁၈ |
| ၈။ | သမုတိသစ္စာ၌ အများအယူကိုရှင်းပြချက် | ၂၀ |
| ၉။ | သမုတိသစ္စာအရ ဘုရားအယူကို ရှင်းလင်းဖော်ပြချက် | ၂၂ |
| ၁၀။ | သစ္စာသုံးလီ ကျက်မှတ်ရန်သင်္ခေပဆောင်ပုဒ် | ၃၀ |
| ၁၁။ | သစ္စာကာရနှင့် သစ္စကိစ္စကိုပြခဏ်း | ၃၁ |
| ၁၂။ | သစ္စာသုံးပါး, ဝိရတီသုံးပါးရှင်းပြချက် | ၃၆ |
| ၁၃။ | သစ္စာသုံး၀ ကိုယ်တွေ့ကျင့်သုံးရန်ပြခဏ်း | ၄၀ |
| ၁၄။ | အမေးပုစ္ဆာ ၁၅-ချက် | ၄၈ |
| ၁၅။ | ငွေစက္ကူဥပမာ အတိဂန္ဓိရကများ | ၅၀ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၃၇။ | ကျေးဇူးရှင်လယ်တီ ဆရာတော်ကြီး၏ ဥယျောဇဉ်ဂါထာ | ၁၈၉ |
| | စင်္ကြူဂါရဉ်ဩ အမှားသိအမှန်သိ နာမ်အစဉ် | ၁၉၀ |
| ၃၈။ | ဝိပဿနာသင်တန်းအမေးအဖြေ | ၁၉၂ |
| ၃၉။ | အရိပ်သုံးပါးပြခန်း | ၂၀၃ |
| ၄၀။ | အတိတ်ကံနှင့်ကံရိပ်, ပစ္စုပ္ပန်ကံနှင့်ကံရိပ် ကိုအကြောင်းအကျိုးခွဲခြား၍ပြခန်း | ၂၁၇ |
| ၄၁။ | ပစ္စုပ္ပန်ကံနှင့်ကံရိပ်ကို ဥပမာနှင့် ရှင်း ပြခန်း | ၂၂၂ |
| ၄၂။ | အရိပ်သုံးပါး တပြိုင်နက်ပေါ် ပုံဓာတ်ရှင် ဥပမာ | ၂၂၅ |
| ၄၃။ | ဒါနကထာကိုဘွင့်ပြခန်း | ၂၃၁ |
| ၄၄။ | လောကီသမ္မာဒိဋ္ဌိအုပ်ချုပ်ပုံကိုဇယားနှင့် ပြခန်း | ၂၆၂ |
| ၄၅။ | လောကုတ္တရာ သမ္မာဒိဋ္ဌိ အုပ်ချုပ်ပုံကို ဇယားနှင့်တကွရှင်းပြခန်း | ၂၆၃ |
| ၄၆။ | ကျမ်းပြီးနိဂုံးပဌနာဂါထာ | ၂၇၂ |

# ‘ ရည်ရွယ်ချက်နှင့် မှတ်တမ်း ’

ဤ-ကျမ်းစာသည် ရွတ်ဘာသ်၍ ကောင်းစေခြင်းငှါ ရည်ရွယ်ရေးသားသော ကျမ်းစာမဟုတ်ပါ။အကြောင်းသော်ကား-သံသရာ ထွက်လမ်း ပရိညာစခန်းမှာ ဆရာနည်းပြ လက်ထပ် မရရှိကြသော-ကြောင်ပန်း ဩဝါဒခံ လူပုဂ္ဂိုလ် မှန်သမျှတွင် အနန္တ သခင်-ပဌမ ကျေးဇူးရှင် ကြောင်ပန်း ဆရာတော်ဘုရားကြီး စီရင်တော်မူသော-ခြောက်စောင်တွဲ ကျမ်း ဂန္ထိကို လမ်းတထီဉာဏ်မမှီကြ၍ ဒါန, သီလ, စရဏမှ ကုသိုလ်ဗုကို ပယ်ရတော့မှာလိုလို နှင့် ထိုထိုဉာဏ်နုသူအချို့သောပုဂ္ဂိုလ်တို့၏ မရေမလယ်နှင့်ပြောဆိုကြသေါစကားများကိုနားစွန်နားဖျားမှတဆင့် စကားဖြင့်ကြားသိကြသော တိုင်းသူပြည်သား အချို့သော ပုဂ္ဂိုလ်များ၏ အထင်အမြင်သေးမှုကို-အဖန်ဖန်တွေးရှုကာ ဝိဇ္ဇာစရဏ မဏ္ဍိုမပဋိပဒါကျသော-ကြောင်ပန်း ဗွယ်စုံဝါဒ အကျိုရလမ်းစဉ်ဆိုတာဘာ,ဒါဗျ-ဒါဗျ ဟု-ခဝါချဘိသကဲ့သို့ ရှင်းသင်းဘော်ပြလိုမှုက-ပြင်းပြစွာ ရှိနေသည့်အတွက် ခက်ခဲ နက်နဲသော,ခြောက်စောင်စကားကို အနုမာနအားဖြင့်ပေါက်ပိုင်အောင် သိမြင်ပွားရှုနိုင်လောက်ရုံမျှဖြစ်သော စကားပြင်ချားဖြင့်ရင်း၊ထို့ပြင် ထင်လွယ်သောဥပမာ, မြင်

မှ နိုင်ငံအကျော်,နာမ်တလုံးဆရာတော်ဟု အမည်ရသော ကျေးဇူးရှင်ဦးဉာဏဝံသဆရာတော်ဘုရားကြီး၏ခြေတော်ရင်းမှာနေ့ရောညပါသုံးနှစ်ကျော်မျှသင်တန်းဝင်ကာ,ဆင်ခြင်ပွားများမိသောအခါကျမှ မိမိနောက် ၆နှစ်ခန့်မျှက,သူတပါးကိုဟောရင်း,ပြောရင်း အားထုတ်ခဲ့သော အာသိ အာမြင်တွေဟာ ပရမတ္ထပညာမြင်နှင့်, ဆိုင်ရာပရိညာအမြင်, သစ္စာအမြင်ကြီးများကိုမသိထားဘိ, ဝိညာဏ်မြင်ဆိုင်ရာ ယခုကျမ်းမှာဖော်ပြသွားမည်ဖြစ်သော သမုတိသစ္စာချုပ်ကိုပင်အမှန်ကျမသိခဲ့ရပေ။သို့သော်လည်းသမုတိသစ္စာလေးကိုတော့ ပေါ့ပေါ့တန်တန်ထားပြီး,လူမြင်တိုင်း သိပြီးသားဘဲထင်ကြပေလိမ့်မည်။(မသင်နဲ့ မှားမယ်)ဘာကြောင့်ဆိုသော်အဘာဝတခုအနေနဲ့ ပြောစရာပြစရာမရှိဘဲလျက်သူ့နေရာနှင့်သူသစ္စာကြီးတခုထိုက်အောင်, မြင်ရမည့်အချက်ကြီးတခုဖြစ်တယ်။ထိုကြောင့်ဘုရားတော်၏အရာမျှသာဖြစ်သောဒေသနာတရားငါးပါးထဲမှာ,ပညတ်ဒေသနာကြီးတပါးအနေနဲ့ ပါဝင်နေသည်မှတ်ပါ။ဤတွင်ဝိဇ္ဇမာနပညတ်သာလျှင် ဒေသနာတရား၌ပါဝင်သည်။ အဝိဇ္ဇမာနပညတ်သမုတ်ကို ဒေသနာတရားထဲ၌ပါဝင်သည်ဟူ၍မိမိလည်းမထင်ခဲ့ပေ။အဝိဇ္ဇမာနပညတ်လည်း ဒေသနာ တရားထဲ၌ပါသည်ဟုမှတ်ပါ။နောက်ပိုင်းမှာရှင်းအောင်ပြမည်။အဲဒါလိုဆရာနည်းပြသက်ထပ်မရလျှင်,မျက်မြင်ပုဏ္ဏား ၆ ယောက်ဆင်ကြီးကိုစမ်းကြသလိုသူတဖုံငါတမျိုးနဲ့ ဂရောင်ချောက်ချားဖြစ်၍ အထင်မသေးသင့်ကြသော အရာ အချက်ကြီးများကိုအထင်အမြင်သေးနေထတ်ကြသည်ကတကြောင်း

ထိုပြင် သင်တန်းနှင့်တကွ ဆရာနည်းပြ လက်ထပ်မရပါဘဲ သျှက် စာအုပ်ပေါင်းစုံကိုကြည့်, ဝါဒပေါင်းစုံကိုလိုက်ကာ စံနစ်မရှိ,မူမရှိနှင့် ဗလာနတ္ထိဖြစ်ပြီး၊တရားလိုက်စားအား ထုတ်သောနှစ်,လတွေကော၌နေကြမှာကိုစိုးရိမ်မကင်းဖြစ် သည့်ကတဝဖြစ်၍ အနုသာသနီ,ဝိပဿနာရှုရနည်းသက် သက်ကို ဝိနိစ္ဆယချခါ ပစ္စုပ္ပန်မှာကိုယ်တွေ့ဉာဏ်ဖြင့် ဆုံး မဟောပြနိုင်သောဆရာကောင်း၏ထံမှာဦးစောက်ချလျှက် ဥဂ္ဂဟ,ပဋိပုစ္ဆာ သဝန,ဓာရဏ,ပေစ္စဝေက္ခဏာ ဟူသော ကလျာဏအင်္ဂါငါးပါးနှင့်ညီစွာစနစ်တကျ,သင်တန်းယူခါ ပွားများအားထုတ်ပါက မကြာခဏာ၃ လခန့်မျှဖြင့် ယထာ ဘူတ အမှန်ကျရှိနိုင်တာ,ကိုယ်တိုင်က ဒုတိယအဆင့် အခ နေနှင့်တွေ့ရှိခဲ့ရလေ၏။

ထိုပြင်တင-နာနာနယကောဝိဒ ဂန္ထကာရက အကျော် ကြောင်ပန်းဂိုဏ်းချုပ်,ဂိုဏ်းအုပ် နာယကဆရာတော်ကြီး များဖြစ်တော်မူကြသော ဦးဝိရိယ,ဦးတိက္ခ,ဦးပဏ္ဍဝ,ဦးနန္ဒ ယစသောကျေးဇူးရှင်ဆရာတော်ဘုရားကြီးတို့၏-ဩဝါဒ ကို ယခုအထိ ဆက်လက်၍ခံယူရရှိသော ဝိနိစ္ဆယအချက် များကိုမြင်းခြံမြို့ နွားကူးတန်းရပ်တွင်မြေပိုင်ရှင်ဦးဘသော် ဒေါ်ကလမတို့၏နေအိမ်၌ခေတ္တနေထိုင်ခိုက်မှာအောက်ဘွင် ဘော်ပြပါ တပည့်သာဝကအပေါင်းတို့၏တောင်းပန်ချက် အရ ၁၃၁၇-ခု တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ကစ၍ တပို့တွဲလအထိ(၄)လခန့် ဝိပဿနာသင်တန်းတပတ် ဖွင့် လှစ်သင်ပြရာ,ပရိညာအမြင်,သစ္စာအမြင်များကို၊သင်တန်း သား(၁၀၀)ခန့်မျှ နားလည်မှုရရှိကြသဖြင့်,ဤသစ္စာ ၃ပါး

သင်တန်းတရားများကို မမေ့မပျောက်စေရန် ကျမ်းစာမူ တချပြု၍, စက်တင်ပုံနှိပ်ပါရန် အတန်တန် တောင်းပန် ကြသည်ဖြစ်၍ ယုဂန္ဓိုရ်တောင်ပွန်းမှ, နေရောင်ခြည်ဖြာသန်း ထွက်ပေါ်၍ လာဘိသကဲ့သို့ ဤမည်သော, သစ္စာသုံးလီ လင်းရောင်ခြည်ကျမ်း သည့်,ခမ်းနားစွာထွက်ပေါ်၍လာရ ပေသတည်း။

"ကျော်ချင်လျှင်-ပေါ်ပင်ကိုလိုက်"

သံသရာဝဋ်ဒုက္ခမှကျော်ချင်လျှင် ဝိမုတ္တိယုဂ-ပေါ် ပင်ကိုသာလိုက်ကြပေတော့-မြော်မြင်ကာ-တော် ဝင်တဲ့သိုက်ကိုလှသိထိုက်သူ အသာစံရလိမ့်၊ မာ ယာဉာဏ်အဝိဇ္ဇာမှောင်ခိုတဲ့ခရီးဆိက,ဝိနိစ္ဆယ ဘာသာပြန် ဝိဇ္ဇာဉာဏ်-ကြောင်ကိုသာမှီးကြရင် ဖြင့် မီးလက်စသိမ်း၊အိုကွယ်....ပြီးကိစ္စငြိမ်း။

# သစ္စာသုံးလီ လင်းရောင်ခြည်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၃) ရတနတ္တယပဏာမ

## စိန္တာမဏိဂါထာတော်

(၁) စိန္တာမဏိရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရတံ၊ ဣဒ္ဓိတံ ပညိတံ မယှံ၊
ဒိဗ္ဗမေဝ သမိဇ္ဈတု။ ။

(၂) စိန္တာမဏိရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရတံ၊ ဣဒ္ဓိတံ ပညိတံ မယှံ။
ဒိဗ္ဗမေဝ သမိဇ္ဈတု။ ။

(၃) စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရတံ၊ ဣဒ္ဓိတံ ပညိတံ မယှံ၊
ဒိဗ္ဗမေဝ သမိဇ္ဈတု။ ။

၁။ စိန္တာမဏိရတနာနှိ၊ ကြံတိုင်းဖန်တိုင်းဆုတ်ဆိုင်းမရှိဟုတ်တိုင်းမိအောင် အကျိုးထူးအပေါင်းတို့ကိုပို့ဆောင်ပေးစွမ်းနိုင်သော ရတနာတို့သည်။ ဗုဒ္ဓံ၊ ဂုဏ်တော်သကတ်ဖြဲ့ ရုပ်နာမ်ဉာဏ်လေးတန်သော ဘုရားရတနာတော်မြတ်ကြီးတို့ မည်ပါပေ၏။ ဗုဒ္ဓရတနာနံ၊ ထို လေးတန်သော ဘုရားရတနာတော် မြတ်ကြီး တို့အား။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ်ရာဟူ၍။ ကာရံ၊ ကိုးကွယ်ခြင်းအမှုကို။ ကရောတိ၊ ပြုပါ၏။ တေန၊ ထိုကောင်းမှုကြောင့်။ မယှံ၊ ကိုးကွယ်ခြင်းကို ပြုပါသော ဘုရားတပည့်တော်အား။ ဝါ၊ ဝိညာဏ်မြင် သရဏံသစ္စာအလို ဆရာဒိုသ်ဟုခေါ်ဆိုပါရ၊ ဝစ်သစ္စာစကားမျှသာအမှန်ရသော ဘုရား တပည့်တော်အား။ ဇုန္တိဘံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော။ ဝါ၊ နှစ်သက်မြတ်နိုးအပ်သော။ ဝါ၊ ကျမ်းပြီးလွယ်ခြင်း ရည်ရွယ်ရင်းရှိသောဆုမြတ်ရတနာအဖြာဖြာသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

(၂) စိန္တာမဏိရတနာနှိ၊ ကြံတိုင်းဖန်တိုင်းဆုတ်ဆိုင်းမရှိဟုတ်တိုင်းမိအောင်အကျိုးထူးအပေါင်းတို့ကိုပို့ဆောင်ပေးစွမ်းနိုင်သော ရတနာတို့သည်။ ဓမ္မံ၊ မဂ် လေးတန်ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ္တိ ဟုဆိုအပ်သော ဆယ်ပါးသော တရား ရတနာတော်မြတ်ကြီးတို့ မည်ပါပေ၏။ ဓမ္မရတနာနံ၊ ထိုဆယ်ပါးသော တရားရတနာတော်မြတ်ကြီးတို့အား။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ်ရာဟူ၍။ ကာရံ၊ ကိုးကွယ်ခြင်းအမှုကို။ ကရောတိ၊ ပြုပါ၏။ တေန၊ ထိုကောင်းမှုကြောင့်။ မယှံ၊ ကိုးကွယ်ခြင်းကို ပြုပါသော ဘုရားတ

ပည့်တော်အား။ ဝါ၊ ဝိညာဏ်မြင့်,သမုတိ သစ္စာအလို ဆရာမိုလ် ဟုခေါ်ဆိုပါရ ဝစီသစ္စာ စကားမျှသာ အမှန်ရသော ဘုရား တပည့်တော်အား။ ဣစ္ဆိတံ၊ အလို ရှိအပ်သော။ ပတ္ထိတံ၊ တောင့်တ အပ်သော။ ဝါ။ နှစ်သက်မြတ်နိုးအပ်သောဆု။ ဝါ၊ ကျမ်းပြီးလွယ်ခြင်း ရည်ရွယ်ရင်းရှိသော ဆုမြတ်အဖြာဖြာသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသောလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

(၃) စိန္တာမဏိရတနာနိ၊ ကြံတိုင်းဖန်တိုင်း ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမိအောင်, အကျိုးထူး အပေါင်းတို့ကို ပို့ဆောင် ပေးစွမ်းနိုင်သော ရတနာတို့သည်။ သံဃံ၊ ဒသသန ပဋ္ဌေဝဝ အမြင့်မှန်ရတဲ့ မဂ်လေးစုံ ဖိုလ်လေး၀, အဋ္ဌပုရိသ ပရမတ္ထသံဃာတော် အရှင်မြတ်ကြီးတို့နှင့်တကွ, လိင်အာစာရ အသွင်တော်ရလျက်၊ ၂၂၇ သွယ်သော သိက္ခာမှန်စွာကျင့်ဘိ လက်ကိုင်ရှိကြသဖြင့်, ဗုဒ္ဓ၏သားတော်အစစ် ဖြစ်တော်မူကြကုန်သော သမုတိသံဃာ ရတနာမြတ်ကြီးတို့မည်ကြပါပေ၏။ သံဃံ- သံဃရတနာနံ၊ ထို ပရမတ္ထသံဃာ,သမုတိသံဃာ ရတနာတော်မြတ်ကြီးတို့အား။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ်ရာဟူ၍။ ကရံ၊ ကိုးကွယ်ခြင်းအမှုကို။ ကရုတိ၊ ပြုပါ၏။ တေန၊ ထိုကောင်းမှုကြောင့်။ မယှံ၊ ကိုးကွယ် ဆည်းကပ်ခြင်းကို ပြုပါသော ဘုရား တပည့်တော်အား။ ဝါ၊ ဝိညာဏ်မြင့်,သမုတိသစ္စာ အလို ဆရာမိုလ် ဟု ခေါ်ဆိုပါရ, ဝစီသစ္စာ စကားမျှသာ အမှန်ရသော ဘုရားတပည့်တော်အား။ ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော။ ဝါ၊ နှစ်သက်

မြတ်နိုးအပ်သောသူ။ ဝါ။ ကျမ်းပြီးလွယ်ခြင်း ရည်ရွယ်ရင်းရှိသော ဆုမြတ်ရတနာ, အဖြာဖြာသည်။ ဗိုလ်မြေဝ၊ လျှင်မြန်စွာ သာလျှင်။ သမိဒ္ဓိတု၊ ပြည့်စုံရပါစေသတည်း။

ဤဝိနည်းမဏ္ဍိ ဂါထာတော်ကြီးကို တညလျှင် သုံးခေါက်ကျ ဝတ်ထားခါ, ရတနာသုံးပါးကို သူ့အပိုင်အတိုင်း အာရုံပြုလျက်ရွတ်ဘာသာ သရဇ္ဈာယ်သဖြင့် (၃) လစေ့လျှင် ဥပနိသျှအားဖြင့် ကျေးဇူးပြုခါ၊ လောကီ လောကုတ္တရာ အကျိုးထူးများ, လက်တွေ့ ခံစားနေကြသော ပုဂ္ဂိုလ်တွေ မြောက်များစွာ တွေ့ရှိနေရသည်ဖြစ်၍၊ တွေ့ရှိသူတိုင်း အရဆောင်ခါ ဆရာဗိုလ်ဟူသော အမည်နှင့်တကွ, ကျမ်းပြီးလွယ်ခြင်း ရည်ရွယ်ရင်းရှိသောဆု ဟုဆိုတဲ့စကားလုံးများကို ချွင်းချန်လျက် မိမိတို့လိုရာဆုများကို ဖြည့်စွက်ခါ ယုံကြည်မှုရှိသူတိုင်း ရွတ်ဘာသာသရဇ္ဈာယ် နိုင်ကြစေရန် မေတ္တာသဟာဂတေနစေတသာ-အရ, ကျမ်းဦးပဏာမ, ရတနတ္တယပူဇနိယ အဖြစ်နှင့် ထည့်သွင်း ဝေငှလိုက်ပါကြောင်း။ သူတပါးဆိုလျှင် တုယှံ ဟုရွတ်ပါ။

## (၄) ဂုဏ်တော်ပွင့် ပါဠိဘုရားတောင်းကြီး

ဥဒယာ ယသော ကောသာ၊ သဒ္ဓမ္မရံသိဇာလိနော။
ပဗုဒ္ဓိ သု ဇနမ္ဗုဇာ၊ ဇာတိခေတ္တေ မဟာသရေ။ ။

ဘာသာ၊ သာဝကာ ဖြစ်သာမျှ သေက္ခ နှယ်ဝင် သမ္ဗောဓိတူမှု မူလ သဒ္ဓါအဓဟုနှံ နေအာရုံ မျှော်ပြောင်း ပဒုမ္မာကြာအပေါင်းနှင့်တူလှစွာသော အိုး-တရားနှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ သဒ္ဓမ္မရံသိဇာလိနော၊ မှောင်ရိပ်ပျောက်ငြင်း ပယ်ခါရှင်းလျက် တောက်လင်းထွက်လာသူရှိန္ဒြနေမင်းပမာလို မေ့ခန္ဓာဒေသနာအပေါင်းရှစ်သောင်း

လေးဆောင် အရောင်များပြား ဗေါဓိပလ္လင်္ကတြိုင် မြတ်တရား တို့ဖြင့် ထင်ရှားဖေါ် ညွှန်း ဉာဏ်မြင်လင်းအောင် ညှိထွန်း တော်မူပေထသော။ ဇေကဿ၊ ပြိုင်ဘက်မရ အတုလ,ထွန်း ဘုန်း အမြတ်ဆုံးတဆူထည်းသာ ဖြစ်တော်မူပေထသော။ ယသဿမဟာသူရဿ။ အကြွင်းသဗ္ဗညုဘုရားရှင်တည်းဟူ သောနေမင်းကြီး၏။ ဝါ၊အမှောင်ခွင်းအရောင်ဝင်းတောက် လင်းထွက်လာရောင်စုံကြီးတွေ့ဖြာလို့မို့ အောင်မျှော်ဒိတ်သံ ဘွဲ့ထူးခံတဲ့ အောင်နာမံထိပ်သီး အကြွင်းနေမင်းကြီးနှင့်တူ လှစွာသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဥဒယာ၊ မဂ် ဉာဏ်မိုလ်ဉာဏ် သဗ္ဗညုတဉာဏ်တည်းဟူသော ယုဂန္ဓိုရ် တောင်စွန်းမှ ပေါ် ထွန်းထွက်ပြူ ဥဒိတ်တော်မူခြင်းတည်းဟူ သောအကြောင်းကြောင့်။ ဝါ၊ သဗ္ဗညုဘုရား ထင်ရှားပွင့် တော်မူခြင်းကြောင့်။ ဇာတိခေတ္တ မဟာသရေ၊ စကြဝ ဠာပေါင်း တိုက်တသောင်းတည်းဟူသော ပဒုမ္မာကြာအိုင် ကြီး၌။ ဝါ၊ ပဒုမ္မာကြာအိုင်ကြီးနှင့် တူလှစွာသော စကြဝ ဠာပေါင်း တိုက်တသောင်း၌။ ဇနမ္ဗုဇာ၊ ကျွတ်ထိုက်သော သူ သဒ္ဒါမြူတဲ့ နတ်လူဗြဟ္မာ သတ္တဝါဝေနေယျ မိုလ်ခြေသော ဝကတည်းဟူသော ပဒုမ္မာကြာအပေါင်းတို့သည်။ ဝါ၊ ပ ဒုမ္မာကြာ,အပေါင်းနှင့်တူလှစွာသော နတ်လူဗြဟ္မာ သတ္တ ဝါဝေနေယျ များမိုလ်ခြေတို့သည်။ ပဗုဇ္ဈိံသု၊ သစ္စာလေးချက် တပြိုင်နက်ဖြင့် ကားကားစွင့်၍ ပွင့်ခြင်းကြီးပွင့်တော်မူကြ လေကုန်ပြီ။ ဝါ၊ လေးခုသစ္စာ ပဋိဝေဓမှာ ကောင်းစွာထင် လင်း,ဉာဏ်မြင်ရှင်း၍ ပွင့်ခြင်းကြီး ပွင့်တော်မူကြလေကုန် သတည်း။

ဇရာ:သိမ်း

ဆဲ ဤကဲ့သို့ မြင်ခြင်း,ကြားခြင်း, နံခြင်း,စားခြင်း, တွေ့သင်ခြင်း,ကြံသိခြင်း အစရှိတဲ့အရာဋ္ဌာနဟူသမျှ၌ သုမရ, ငါမရှိတဲ့ အနိမ္မတ္တ,အနိစ္စကြောနဲ့ ရုပ်နဲ့နာမ်သာလျှင် အမှန်ရှိသည်ဟု,သတိတမန်ဉာဏ်မြေကတုတ် ပညာစွန်းချွန်းကဲ့သို့အုပ်လို့နိုဒ္ဒိဗ္ဗပြုတ်ငါအစွဲတခါထဲပြုတ်ကြရလေအောင် ပဓာနအချုပ်ဝိပဿနာအလုပ် အကျဉ်းချုပ်ကို။ဝါ၊ပဓာန အဆင့် ဒုက္ခသစ္စာ ကြာငံ့တွေ ပွင့်ကြရလေအောင် ထုတ်ဆောင်ဟောပြတော်မူပ,ဆရာသခင်ကျေးဇူးရှင်ဘုရား။

◆◆◆◆◆◆◆◆◆◆◆◆◆

## အမြဲပွါယ် ကောက်နှုတ်ချက်(၈)လုံးဘွဲ့များ

(၁) ဇမ္ဗူဒီပ, ကျွန်းမြတ်လက်ျာ၊
ပဒုမ္မာအိုင်ကြီး-အပြီးတူရှာ၊
ကြာငုံ ကြာဖူး-ပွင့်ဖူးချိန်မှာ၊
နေရောင်တင့်-ကားကားပွင့်သို့သာ။ ။

(၂) ဗုဒ္ဓနေမင်း-ထွန်းလင်းထွက်လာ၊
ကြာငုံတူလတ်-လူနတ်ဗြဟ္မာ၊
သစ္စာလေးရပ်-တပ်အပ်မြင်ခါ၊
အရောင်လွှမ်း-အောင်ပန်းပွင့်လေထ။ ။

(၃) ပြိုင်သူကင်းပ ဗုဒ္ဓမြတ်စွာ၊
တဆူတည်းမြောက်-ထွန်းတောက်၍သာ၊
ယူဂ တောင်စွန်း-နေဝန်း ပမာ၊
အမှောင်ခွင်း-အလင်းထွက်ပေါ်ပေ။ ။

(၄) မဂ်ဉာဏ်ဖိုလ်ကျူး-ပွင့်ဖူးထွက်လာ၊
သဗ္ဗညုဘ-ဇဋ္ဌမြတ်စွာ၊
ဝိလာသနများ-သနားငဲ့ညှာ၊
မွေဆေး-တိုက်ကျွေးကြွမ်ခါခါ။ ။
(၅) လယ်တီရှင်မြတ်-ပြုအဝမဘာ၊
ဋီကာကြီးက-ထုတ်နှုတ်၍သာ၊
ဂါထာသိကုံး-ရှစ်လုံးကဗျာ၊
ရည်ရွယ်ရင်း—ကျယ်ဝန်းမိမ္ပါယ်လာ။ ။

## (၅) အဘိယာစကနိဒါနကထာ

သိသေယတိ နဂရဌာနေဟိ အာစေရပြဂါဒေယတိ အဘိယာစိတော ကြိုသစ္စပဘောဒါနံ အာဒေလာကံ နာနတွေန အဟံ ကရိသာမိ။

နဂရဌာနေဟိ၊စတုဒိသာ လေးမျက်နှာမှ ဝါဏိဇ္ဇအစုံ, ကုန်သည်အပေါင်း ထောင်သောင်းခြံရံ သိမ့်သိမ့်ညံလျက်, မဂ်ရဖိုလ်ဝင် သူဘော်စင်များစွာ ဝိပဿနာမှန် ဝိဇ္ဇာဉာဏ် အလုပ် အားထုတ်ကျင့်မှီ ယောဂီဥသျှ လွန်ပြည့်စုံသဖြင့် ဂုဏ်သိရ်တက်ကြွ နာမ တောက်လျှံ မြို့မြင်းခြံဟု အမည် သာလျှ ဣဋ္ဌာနဋ္ဌ ယာပထလေးလီ, ဖ-မည်ဖသ တွေ့ဆုံကြ တိုင်း အလျှိုင်းများစွာ ဝိပဿနာပရိညာအချုပ် အာသနေမွှာ ဟာ သမ္ဗဇဉ် ဉာဏ်မြင်အုပ်ခါ အနုသာသနီအလုပ် အကျဉ်း ချုပ်မှန် လက္ခဏာပဗျာန် ရသံ, ပဋ္ဌု အကြောင်းပြုပဒဋ္ဌာန် ဝေဘန်ငွားရှု တအားပြုလျက်ရှိနေကြကုန်သော။ အာစေရ

ဩပါဂဒေဟိ၊ ဗုဒလင် တောတန်း ကြောင်ပန်းမည်တွင် ဆရာသင်ခဲ့ကျေးဇူးရှင်တို့၏ သွန်သင်ပြသဆုံးမရာမှန် ကြောင်ပန်းပြဲဝါဒခံဖြစ်ကြကုန်သော။ သိဿေဟိ၊ မြင်းခြံမြို့ ဝိဇ္ဇာစရဏ သမ္ပာဒရ ပသန္နာ အသင်းသား သေက္ခ နွယ်ဝင်သူတော်စင်အပေါင်းတို့နှင့်တကွ ကျေးလက်တောရွာ အနယ်နယ်မှာ ရှိနေကြကုန်သော ဖော်ပြပါ ဝိပဿနာ သင်တန်းသားတပည့်သာဝကများတို့သည်။ အဘိယာစိတော၊ ဘုန်းဟောမြွက် သစ္စာဉာဏ် အချက်များကို တိုတိုတိတိ အပုံအလိုမ ညာဏ်စွမ်းကုန်ညှိ၍ သမုတိ ပရမတ် နှစ်ရပ်အပြား မှတ်တရားကို မှတ်သားစေ့ငှ ပြုရတည်ထွင် စီရင်ရေးသားခါ ပေးသနားပါဟု၊ လေးစားစွာ အတန်တန် သက္ကူရှသီလံ အကြောင်းခံလျက် တောင်းပန်အပ်ကြကုန်သည်ဖြစ်၍။ ပြသရူပဘောဒါနံ၊ ဝိညာဏ်မြင်ဆိုင်ရာသမုတိသစ္စာ, ဝစီသစ္စာ, ဝိရတီသစ္စာ, ပညာမြင်ဆိုင်ရာ ပရမတ္ထသစ္စာ သဘာဝသစ္စာအရိယာသစ္စာ နှစ်ဖြာထင်ရှားသုံးပါးသုံးပါးစီအပြားအားဖြင့်ရှိနေကြကုန်သော သဘောတရားတို့၏။ နာနတ္တေန၊ အသီးအခြားအားဖြင့်။ ဇေဝံမဟာနံ၊ ဤမျှလောကကြီးကျယ်ခမ်းနားခြင်းရှိသော အချက်ကြီးများကိုဘော်ပြနိုင်သော။ အာလောကံ၊ မထောင့်မချွင်း ဖေါက်ခါထွင်း၍အလင်းပြနိုင်သော ဉာဏ်ရောင်ဉာဏ်ဝင်း ဉာဏ်အလင်းကိုဘော်ပြရာဘော်ပြကြောင်းဖြစ်သော သစ္စာသုံးလီ လင်းရောင်ခြည်ဟု၊ အမည်တင့်ဆန်း၍သည့်ကျမ်းကို။ အဟံ၊ ချုပ်နာမ်နှစ်ပ, အရုပ်မှုကို-ဆရာဗိုလ်ဟု ဝိညာဏ်အပ်သမုတ် ကျွန်ုပ်-, ဒိဋ္ဌိတော်လှန်ရေးကျမ်း, ဂီတဝိုန္ဆယ ၄

ကာသစ်ကျမ်း, ဝိပဿနာအလင်းရောင်ကျမ်း, တာဝန်ခံ ဓာတုဝိနိစ္ဆယ, မနသိကာရ ဘိသက္ကပဍ္ဍိဘ ဆေးဆရာ သည်။ ဟာရိသာဒ်၊ ဝိဇ္ဇာရောင်လွှမ်း မှောင်ခန်းမဝင် ပဌမ ကြောင်ပန်းရှင်ကြီး စီရင်ရေးသားတော်မူသော ခြောက် စောင်တွဲကျမ်းဂန္ထကိုမူတည်၍ အလိုလိုသောကျမ်းအစဉ် တို့ကို ဦးဘိုဝ်တင်လျက် မိမိ၏ဉာဏ်အမြင်ကလေး သက် ရောက်သမျှဖြင့် စီရင်ရေးသားလိုက်ရပေတော့အံ့သတည်း။

## (၆) သမုတိသစ္စာ ပရမတ္ထသစ္စာပြခန်း

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမုတိ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။ ။

ဝဒတံ၊ ဟောပြောပြသဆိုဆုံးမတော်မူနိုင်သော ပုဂ္ဂိုလ် အပေါင်းတို့တွင်။ ဝရော၊ မြိုင်ဘက်မရ အတုလ ထွန်းဘုန်း အမြတ်ဆုံး တဆူဖြစ်တော်မူပေထသော။ သမ္ဗုဒ္ဓေါ၊ မြတ် စွာဘုရားသခင်သည်။ သမုတိဉ္စ၊ သမုတိသစ္စာ ကိုရင်း၊ ပရ မတ္ထဉ္စ၊ ပရမတ္ထ သစ္စာကိုရင်း။ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါး ကုန်သော။ သစ္စာနိ၊ သစ္စာတို့ကို။ အက္ခာသိ၊ ဟောကြားဆုံး မတော်မူလေပြီ။ တတိယံ၊ သမုတိသစ္စာ,ပရမတ္ထသစ္စာ နှစ် ပါးမှအလွတ်ဖြစ်သော သုံးခုမြောက်,တတိယသစ္စာကို။ နုပ လဗ္ဘတိ၊ မရှိလပ်၍ မရအပ်သည် သာလျှင်တည်း။

ဤသို့ သံယုတ်, သုတ်သီလက္ခန်, အင်္ဂုတ္တိုရ်မဇ္ဈိမနိကာယ် အဋ္ဌကထာကြီးများတညီတညွတ်တည်းလာရှိသည်ကို,တ ကယ်တန်း သံသရာမှထွက်မြောက်လိုသော ယောဂီမှန်က

အထူး ဂရုပြုသင့်လှပေကြောင်း။ ထိုသို့ဗုဒ္ဓမတည်ဖြစ်တော်မူကြသော အဋ္ဌကထာကြီးများ၌ လာသောအချက်ကြီးတို့ကိုသောက်ချင့် ဝေဘန်သော်, မြတ်စွာဘုရားသခင်သည် သင်္ခတ,အသင်္ခတ တရားအားလုံးကိုသိမ်းကျုံး၍ အနုသာသနည်းအရ အလားတူရာသို့ပေါင်းစပ်ခါ သမုတိသစ္စာ ပရမတ္ထသစ္စာ ထိုသစ္စာနှစ်ပါးမှ အလွတ်ဖြစ်သော သုံးခု-မြောက် တတိယသစ္စာမရှိလေသဖြင့် မရအပ်ဟု—ဟောတော်မူခြင်းသည်-အကြောင်းမဲ့ ဟောတော်မူခြင်းမဟုတ်ပေ။ အကြောင်းသော်ကား,သံသရာမှ လွတ်မြောက်လို၍ ယှဉ်နှ,သစ္စာ နှစ်ဖြာတွဲလျှက် သွားသော-အနာဂါရိယ,ပုဂ္ဂိုလ်ဖြစ်စေ,ဈာန်မှ ခြောက်သွေ့လျက် သုက္ခဝိပဿနာ-လမ်းကသွားသော အာဂါရိယပုဂ္ဂိုလ်ဖြစ်စေ,ကမ္မဋ္ဌာန်း မဝင် ရောင်မဆောင်မီ ရှေ့အဘို့၌ သိမြင်၍ထားရမည့် အချက်ကြီးများသည်ကား (၁) သမုတိသစ္စာ, ပရမတ္ထသစ္စာ တရားနှစ်ပါးကို အမှန်ပိုင်းခြား၍ သိမြင်နိုင်ရခြင်း(၂)ခန္ဓာ အာယတန,ပဋိစ္စသမုပ္ပါဒ်,ဓာတ်,သစ္စာတရားတို့၏ ပစ္စုပ္ပန်၌ဖြစ်ပေါ်သောအခိုက်မှာ သဘာဝ,ကိုယ်တွေ့,သက်သေ,ဥပမာ,ဤလေးချက်နှင့်ညီစွာ သိရှိနားလည်နိုင်ရခြင်း, ထိုကဲ့သို့-သိရှိနားလည်မှုရှိသော ပုဂ္ဂိုလ်များသည်သာလျှင်မဂ်ဖိုလ်,နိဗ္ဗာန်သုံးတန်သောချမ်းသာမြတ်ကို ရရှိနိုင်သည်ဟု အရှင်ရာဇရဟန်းကြီးအားဆုံးမသောအခန်းကို သောက်ဆ၍-သိမြင်နိုင်လေသည်။

ထိုသို့သိသင့်သိထိုက်သော အချက်ကြီးများကိုသိရှိနားလည်မှု မရှိဘဲလျက် ဝိပဿနာဉာဏ်၏ရှေ့ပြေးဖြစ်သော,

နာမ်ရုပ်ကို ပရိညာထူထောင်သောခဏမှာ, ဥပမာ ဆွမ်းဆန်ထဲ၌ကြွက်ချေးရော၍ နေဘိသကဲ့သို့ဖြစ်တတ်လှချေ၏။ ဥပမေယျမှာ ဆန်နှင့်တူသော နာမ်တမျိုးတစု, ရုပ်တမျိုးတစု ပြု၍ပိုင်းခြားဝေဘန်တဲ့နေရာမှာ ကြွက်ချေးနှင့်တူသောသမုတိပညတ်ငါကလေးကိုငုတ်တုတ်အရှိသားပြီး ဘလုံးရှုတ်ထွေးဖြစ်ခါ, နာမရူပ ပရိစ္ဆေဒ ဉာဏ်၏နေရာမှာ ကာလဝိမုတ်ဖြစ်သော အတ္တ,ငါကလေးက ကပ်ပါးလုပ်ခါ ငါ ဝိပဿနာရှုသဖြင့် ငါ့မှာဘယ်နှစ် မဂ်ရနေပြီဟူ၍ ထောင်မှူးဇိမ်ကပ်ထပြီး ဟီးချခါဘာဝင်မြင့်လျက် မဂ်ဖိုလ်နှင့်အဆင်မသင့်ဘဲဖြစ်၍ နေတတ်လှလေ၏။ အထူး သတိပြုကြပါလေ။ ဤ လိုဘိုယ်,ငါနှင့်စပ်လျက် ပွားရှုသောဘာဝနာသည် တဏှာ မာန ဒိဋ္ဌိကို ပယ်ခွါလို့ မဖြစ်။ ဝါ၊ ပယ်ခွါသည်မမည်ဟု သိစေတော်မူလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူ၏။

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှတော
တဏှာ မာန ဒိဋ္ဌိ သမုဂ္ဃါတနံ နာမ နဟောတိ။

အဟံ၊ ငါသည်။ ဝိပဿာမိ၊ သေသေချာချာပွားရှုလိုက်ပါအံ့သတည်း။ မမ၊ ငါ၏။ ဝိပဿနာ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာအစဉ်ကို ငါ ထင်မြင်အောင်ပွားရှုလိုက်ခြင်းပေတည်း။ ဣတိ၊ ဤသို့။ ဂဏှတော၊ ထင်လွဲယူစွဲသောအလုပ်ယောဂီ အား။ တဏှာ မာန ဒိဋ္ဌိ သမုဂ္ဃါတနံ နာမ၊ တဏှာ မာန,ဒိဋ္ဌိကိုပယ်ခွါခြင်းမည်သည်။ နဟောတိ၊ မဖြစ်နိုင်ချေ။ ဝါ၊ ငါတလုံး ကာဖုံးခါ ပပဉ္စအစွဲပြင်းသျက် မဂ်ဖိုလ် နိဗ္ဗာန်နဲ့ဖြင့်လွဲခြင်းကြီး သာ လွဲကြရလေကုန်သတည်း။

ဤကဲ့သို့သော အကြောင်းအချက်များကို ထောက်ဆ၍ သံသရာမှ လွတ်မြောက်ရန်အတွက် ပွားများ အားထုတ်သောယောဂီများသည်ဝိပဿနာကမ္မဋ္ဌာန်းနှင့်သို့မဝင်မီရှေ့အဖို့က ကြိုတင်လျက် သိရှိနားလည်၍ထားရမည့်ဖြစ်သောကြောင့် သမုတိသစ္စာ ပရမတ္ထသစ္စာ အချက်ကြီးများကို အဓိကပြု၍ မြတ်စွာဘုရားသခင် ဟောတော်မူခြင်း ဖြစ်သည်ဟု အထူးသတိပြု၍စဉ်းစားပါလေ ယောဂီတွေ တို့။

## (၇) သမုတိသစ္စာ ,ဝစီသစ္စာ ,ဝိရတိသစ္စာပြခန်း

ဤတွင် ရှေးဦးစွာအဓိကပြု၍ သိရှိနားလည်ထားရမည်ဖြစ်သော ဘုရားရှင်၏အလိုတော်ကျ ယထာဘူတအမှန်ရသော သမုတိသစ္စာကို ဝိနိစ္ဆယ ချ၍ပြမည်။ အထူးသတိပြု၍ဘာသ်ပါ။ သမုတိ ဆိုတဲ့ပါဠိကို မြန်မာလိုပြန်လိုက်တော့ သမုတ်ထားဟုဆိုသည်။ သစ္စာဆိုတဲ့ပါဠိကို မြန်မာပြန်လိုက်တော့, အမှန်ဟု အဓိပ္ပါယ်ရလေသည်။ ထိုစကားနှစ်ရပ်ကို ပါဠိနှင့် မြန်မာဘာသာ ၂ ရပ်ပေါင်းစပ်၍ကြည့်လိုက်ကသမုတိကသမုတ်ထား သစ္စာကမှန်တာ, သမုတိသစ္စာသမုတ်ထားအမှန်ဟု, မြန်မာလိုပြန်ဆိုရလေသည်၊ ဝိစိစဉ်းစားပါ။ ဤနေရာမှာ သမုတ်ခါမျှဘဲအမှန်ရသည်ဟုဆိုတဲ့စကားအရက-အန္ဓပုထုဇဉ်သူ, ငါတို့ထင်မြင်ယူဆနေကြသလိုပုဂ္ဂိုလ်သတ္တဝါစသော သမုတိပညတ်ကဒုတ်တုတ်ခတ်တတ်နဲ့ ခေတ်တခု.ခေမ္မတခုအနေဖြင့် ပြောစရာပြစရာနှင့်တော့ အဟုတ် မရှိ။ အဟုတ် မမှန်ဘူးဆိုတာကိုလည်း အဒ္ဓုဇ္ဇသိဋ္ဌိ နည်း အားဖြင့် သိမြင်နိုင်ရမည်။

ဥပမာ။ မိန်းမပျိုကလေးနှစ်ယောက် ရှေ့နောက် ခရီးရှောက်၍ သွားနေရာမှာ ရှေ့ကသွားသော ဘလေးမကလေးက လှလိုက်ချောလိုက်ထာဟု ပြောဆိုခြင်းအားဖြင့် နောက်က သွားသောကလေးမဟာ အချပ်ဆိုးသည့်, အကြီးတန်သည်ဟု ဖွက်ဟာပြောဆိုခြင်း မပြုသော်လည်း ဖွက်ဟာပြောဆိုဘိသကဲ့သို့ ထိုအပ်သောအမှုကိစ္စ ပြီးဆုံးခြင်းသို့ ရောက်သောနည်းကို အဂုတ္တသိဒ္ဓိနည်းဆိုသည်မှတ်ပါ။ ထိုကြောင့် သမုတိ သစ္စာဆိုတာ သမုတ်ရုံကလေး သက်သက်မျှသာ မှန်လေသည်။ ပရမတ္ထ သဘာဝတရားများကဲ့သို့ သဘာဝအားဖြင့် အဟုတ်ရှိ အဟုတ်မှန်သောတရားမျိုးမဟုတ်ဟု ကိုကျပြတ်သားစွာမှတ်သား၍ထားပါလော့။

ဤတွင် အဘာဝပညတ် သမုတိသစ္စာဆိုတာ ပရမတ္ထသစ္စာနှင့်ဆ,က,နသစ္စ ဟုဆိုသဖြင့် ပရမတ္ထသဘာဝတရားများကဲ့သို့ အဟုတ်မရှိ အဟုတ်မမှန်ဘူးဟုဆိုသောစကားကို ထောက်ဆ၍ အဂုတ္တသိဒ္ဓိ နည်းအားဖြင့် တဖန်ပြန်၍ ကြည့်ပြန်သော် သမုတ်မှန့်,သမုတ်ရှိအနေအားနှင့်တော့အရှိကြီးရှိ အမှန်ကြီးမှန်နေတာကိုလည်းသိမြင်မှသာလျှင်သမုတိသစ္စာကို အမှန်ကျမြင်သည်ဟု ဆိုပါ။ ဤသို့ သမုတိသစ္စာအရာက ဗုဒ်တုတ်မတ်တတ်ထား၍ ခေတ်တခု ခေတ္တခုအနေနှင့် အဟုတ်မရှိ အဟုတ်မမှန် တာကိုလည်း အကွက်ထင်ခါ သမုတ်ရှိသမုတ်မှန်သစ္စာကြီးကိုလည်း အမှန်မြင်၍သာ အရာရာမှာသူ့ခြင်းရာ သူ့အာကာရအားလျော်စွာ ရှိသေသင့်, ရှိသေထိုက်လေးစားသင့်, လေးစားထိုက်သော အရာများ၌, ရှိသေလေးစားစွာ ကျင့်သုံးနိုင်သော

သစ္စာနုလောမိက ပုဂ္ဂိုလ်များသည်သာလျှင် ဥပနိဿယအားဖြင့် ကျေးဇူးပြုလျက် ထိုထက် ထူးကဲလွန်မြတ်သော ပရမတ္ထသစ္စာကြီးကို ဟုတ်တိုင်းမှန်စွာ မြင်နိုင်ကောင်းသည်ဟုမုချမှတ်ပါ။

ထိုကြောင့် (အဟုတ်မရှိ သမုတ်ရှိကို ပညတ်ဆို၊ မသမုတ်ဘဲ အဟုတ်ရှိအပ် ပရမတ်) ပညတ်ပေါ်လျှင် ပရမတ်ငုတ်, ပရမတ်ပေါ်လျှင် ပညတ်ပျောက်၏ ဟု ကျေးဇူးရှင်ကြောင်ပန်း ဆရာတော်ဘုရားကြီးများ အမြဲသုံးမလေ့ရှိတော်မူကြလေသည်။

ဤသည်ကား သမုတ်ဟုဆိုသော အဓိပ္ပါယ်နှင့် သစ္စာ ဟု ဆိုသော အဓိပ္ပါယ်နှစ်ရပ်ကို မြန်မာလိုပြန်က သမုတ်နှံ့သော အမှန်ဖြစ်ကြောင်းကို ရိပ်မိရုံလောက်သာ ဖော်ပြသောအချက်မျှပင်ရှိသေးသည်။ ထိုသမုတ်ရှိ သစ္စာကြီးတခု အနေနှင့်အရာရာ၌ ခေါ်ဝေါ်သုံးနှုန်းတွဲ့ခဏမှာ သမုတ်ဖန်ဆင်းတတ်သော လက်သယ်နှင့် သမုတ်အပ်သော အာကာရကိုစွဲ၍ သမုတ်မှန်သစ္စာကြီးတခုအနေဖြင့် အရပ်ကမားကနဲ, အရိပ်က ဘွားကနဲ ပြောစရာ ဖြစ်ပေါ်လာပုံ ကို ဤမျှလောက်ဖြင့် မသိနိုင်သေးချေ။ သို့ဖြစ်၍ ရှေးဦးစွာ သမုတ်တတ်သောလက်သယ်က သမုတ်အပ်သောအာကာရကိုစွဲ၍ သမုတ်ဝန်ခံသော လောကသစ္စာအရာမှာ ပုထုဇဉ်သူငါတို့ပြောဆိုယူဆ၍နေကြပုံနှင့် ဗုဒ္ဓရှင်တော်သုံးမတော်မူသော အာရုံ, အာရမ္မဏိက အချက်ကြီးများကို ဘုရား၏အယူနှင့် အများ၏အယူ မည်မျှလောက်ကွာခြားသည်

ကိုသိရှိနိုင်ရန် နှိုင်းယှဉ်၍ပြဦးမည်။ ဗုဒ္ဓဘာသာမှန်က အထူးသတိထား၍ ဘာသိပါ။

## (ဂ) သမုတိသစ္စာ၌အများ၏အယူကိုရှင်းပြချက်

ထိုသမုတိ သစ္စာအရာ၌ အများသူငါတို့ ထင်မြင်ယူဆပြီးနေကြပုံက, နေဝိုင်းဝိုင်းကြီး ဟူသော နာမ ပညတ်နှင့် သဏ္ဌာနပညတ်စုကို အထက်ကောင်းကင်ကြီးမှာ ဓာတ်တပါး ဓမ္မတပါးအနေနှင့် တသီးတခြား အဟုတ်ရှိကြီးထားပြီးလျှင် ထိုနေပညတ်ကြီးကို လူတွေက နေလို့သိတာပါဟူ၍၎င်း,တနည်းအားဖြင့်လည်း လူတွေက နေလို့သမုတ်ပြီးထားတာပါဟူ၍၎င်း, ပြောလည်းပြောကြ၏ ယူလည်းယူကြကုန်၏။ ဤသို့ ပြောဟောယူဆခြင်းသည် အများ သူငါပုထုဇဉ်တို့၏ဓမ္မတာ ဥပစာနည်းအားဖြင့် ပြောသင့်ပါ၏။ ဘုရား၏အယူမှန်စွာ ရချနည်းအားဖြင့် လုံးဝမသင့် လုံးဝမမှန်ဟုမှတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုနေပညတ်နှင့်တကွ ၎င်းနေကိုသိပါတယ် နေလို့သမုတ်ထားပါတယ်ဟုဆိုသော လူတွေ နတ်တွေ ဗြဟ္မာတွေဟု ဆိုတာကိုက ဖြစ်ခြင်း ပျက်ခြင်း သဘောနှင့် မရှိမရသော အဘာဝပညတ်ဖြစ်၍ ထိုလူ,နတ်,ဗြဟ္မာတွေဆိုတာကိုက သမုတိသစ္စာ၌ပါဝင်၍နေပြန်သဖြင့် သမုတ်ရုံမျှသာ မှန်သေသည်။ အဟုတ်ရှိ အဟုတ်မှန်မဟုတ်ပေ။ ထိထိစဉ်းစားပါလေ။

ထိုကြောင့် အထက်ကောင်းကင်ကြီးမှာ ဓ၀,သသသာအနေနှင့် အစိုင်အခဲအမြဲရှိသည်ဟု ထင်[illegible]



ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

နေပြည်တော်ကြီးကို လူတွေကသိ၍ လူတွေက သမုတ်ထားပါသည် ဟူသောအယူဝါဒသည် အန္တဇာလ, ပုထုဇဉ်, သူငါတို့၏အယူဝါဒမျှသာ ဖြစ်လေသည်။ ဗုဒ္ဓရှင်တော်၏ အယူဝါဒမဟုတ်ပေ။ ထိုကြောင့် ဘုရား၏ အယူ အများနှင့်မတူ။ ကြိုက်ရင်လဲယူ, မကြိုက်ရင်လဲမယူ, ကြိုက်ရင်လိုက်ခဲ့ ထိုက်တဲ့ဘုရားလူ, အဲဒါသို ဩဝါဒါဒါစရိယ, နာယကဆရာတော် ဦးဝဏ္ဏအရှင်မြတ်စပဲဆိုတော်မူလေသည်။

ဤသည်ကား အန္တဇာလ ပုထုဇဉ် သူငါတို့၏ သမုတိသစ္စာကို သမုတ်တတ်သော လက်သယ်တရားခံ ရှာနည်းလွဲမှားပုံကိုနယ်ကုန်အောင်ရှင်းလင်းဖေါ်ပြသောအချက်ပေတည်း။ ထိုအရာ၌နေတရက်မှုတည်ပြသဖြင့် သစ္စာလောကကြီးတခုလုံးကို အကုန်အစင်ညာလက်ကုန်နှင့်၍သိပါလေ။

## (၉) သမုတိသစ္စာအရ ဘုရား၏အယူကို ရှင်းလင်းဖော်ပြချက်

ဘုရား၏ အယူဝါဒအတိုင်း သမုတိသစ္စာဟူ၍ ပြောစရာ ဖြစ်ပေါ်လာအောင် သမုတ်ဖန်ဆင်းတတ်သော လက်သယ်ကို အမှန်ရှာသော် ဝိဇာနနလက္ခဏံ ဝိညာဏံ၊ ပုဗ္ဗင်္ဂမရသံ၊ ပဋိသန္ဓိ ပစ္စုပဋ္ဌာနံ၊ ငဿာရမ္မဏပဒဋ္ဌာနံ။ ဝိညာဏံ၊ မနောဝိညာဏ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကိုတွေ့ ထူးထူးသိခြင်း လက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ ရုပါရုံစသော ပရမတ္ထအာရုံထဲမှာ နေပြည်တော် မပါမရှိပါဘဲလျက်, ထိုထိုပရမတ္ထ သဘာဝတို့၏အရိပ်ခြင်းရာ အာကာရကိုအာ

ခွဲပြု၍ နေပုံ,နေဟန်,နေသဏ္ဌာန် လုပ်ကြံဖန်ဆင်းလျက် ဆုံးဖြတ်၍သိခြင်းကိစ္စရှိ၏။ ပဋိသန္ဓိပဋ္ဌပဋ္ဌာန်၊ ရှေးရှေးကြံသိသောစိတ်အစဉ်နှင့် နောက်နောက်ကြံသိဆုံးဖြတ်သောစိတ်အစဉ်တို့သည် မရောမယှက် မဆက်မစပ်ပါဘဲလျက် တစပ်တည်း ကဲ့သို့သော အဖြစ်ကို ရှေးရှုဆောင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ငဿာရမ္မဏ ပဒဋ္ဌာန်၊ မှီတွယ်ရန် ဝတ္ထုနှင့် သမုတ်အပ်သောအာရုံသာလျှင် နီးကပ်သောအကြောင်းရင်းပဒဋ္ဌာန်ရှိ၏ဟုမိန့်တော်မူသော ဗုဒ္ဓ၏ အလိုတော်ကို ထော်ဆသောအားဖြင့် နေ့,လ စသောပညတ်အမျိုးမျိုးကို သမုတ်ဖန်ဆင်းတတ်သော လက်သည်တရားခံသည် ပုဂ္ဂိုလ်သတ္တဝါ လူနတ်ပြဟ္မာမဟုတ်သော ဝိညာဏက္ခန္ဓာ နာမ်တရားသည်သာလျှင်,တွေးတွေး ထူးထူး ကြံသိဆုံးဖြတ်, သမုတ်တတ်သည်ဟု ပြောဆိုအပ်သော, လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ရသဖြင့်, ထိုဝိညာဏ်ဟူသော-နာမ် တရားသည်ပင်လျှင်,သမုတ်ပညတ်သော လက်သယ် တရားခံအမှန်ဖြစ်၍နေခြင်းသည်ကား ယုံမှားဘွယ်မရှိတော့ပေ။

တနည်းအားဖြင့်လည်း အာရမ္မဏံ ဝိဇာနာတီတိ ဝိညာဏံ။ အာရမ္မဏံ၊အာရုံ၏အဖြစ်ဖြင့်,ကျေးဇူးပြုသောတရားအစုကို။ဝိဇာနာတိ၊နေ့,လ,မဟုတ်ပါဘဲလျက်,နေ လ-ဟူသောအမည်နာမပုံဟန်သဏ္ဌာန်ကိုကြံစည်ဖန်ဆင်း၍သိတတ်ပါပေ၏။ဣတိတသ္မာ၊ထိုသို့ကြံစည်ဖန်ဆင်း၍သိတတ်သောသတ္တိကြောင့်။ဝိညာဏံ၊စိတ်မည်၏။ ဤသို့အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းစကားကို ထောက်၍လည်း,ပညတ်အမျိုးမျိုးကို သမုတ် ဖန်ဆင်းသော, လက်သယ်ဟာ စိတ် ဟူသော-ဝိညာ

ဏက္ခန္ဓာ,နာမ်တရားသည်ပင်လျှင် ထင်ရှားလှတော့၏။ ဤသည်ကား-ဗုဒ္ဓမြတ်စွာ၏ အယူဝါဒအရ,အဘာဝ ပညတ်အမျိုးမျိုးကို ဖော်ထုတ်သမုတ်တတ်သော လက်သယ်ဟာ, ဝိညာဏက္ခန္ဓာနာမ်တရားသည်သာလျှင်, အာရမ္မဏာဝိဇာနနလက္ခဏာ ရကြောင်းကို, အကွက်ဖော်၍ ပြလိုက်ခြင်းပေတည်း။

သို့ရာတွင်-ထိုလက်သယ် တရားခံ,နာမ်တရားကို တွေ့ရှိမှုနှင့်လည်း,သမုတိဟုပြောစရာအာကာရဖြစ်ပုံနှင့်သစ္စာမည်ပုံကို မတွေ့နိုင်သေးချေ။အဘယ်ကြောင့်ဆိုသော်,၎င်းနာမ်တရားသည်,ပစ္စယသာမဂ္ဂီ အားဖြင့်-သမုတ် ပညတ်အပ်သော အကြောင်း-အင်္ဂါရပ်ရ,ပြည့်စုံညီညွတ်မှ ရရှိခဲ့သာလျှင်,သမုတ်ပညတ်နိုင်သည်ဖြစ်လေရကား,ထိုနာမ်တရားကိုပွဲမှီ၍သမုတ်အပ်သော အခြင်းအရာ,အာကာရများကိုအမည်နာမနှင့်တကွဖော်ပြရပေမည်။အရေးကြီးသောအချက်ဖြစ်သည်၊အထူးသတိထား,အာရုံတပါးစိတ်မသွားစေနှင့်။ ထိုသို့သမုတ်,ပညတ်လျက်, ပြဋ္ဌာန်းအပ်သော-အကြောင်းအင်္ဂါရပ်ဟူသည်ကား......

(၁) တို,ရှည်,ဝိုင်း,ပြား,လေးမျှောင့်,ရှစ်ဒေါင့်,စသောသဏ္ဌာန်အစားစား ထင်မှတ်သမုတ်အပ်သော သဏ္ဌာနာကာရ။

(၂) သဇ္ဇီဝ အားဖြင့်, သက်ရှိသတ္တဝါ အစားစား-ထင်မှတ်သမုတ်အပ်သောသတ္တာကာရဟု-နှစ်မျိုး,နှစ်စားအပြားအားဖြင့် ရှိ၏။ရှိနေသည်။ ဤအရာ၌-သတ္တာကာရကိုမပြမီသဏ္ဌာနာကာရကိုရှေးဦးစွာပြမည်။ သတ်ကြီးကြီး

ထား။ သဏ္ဌာနာကာရ ဆိုသည်မှာ ပထဝီ, အာပေါ, စသော အဋ္ဌကလာပ်, ပရမတ်, အနက် သဘောတရား တို့၏ အသီးသီးအကြောင်းအားလျော်စွာ ဖြစ်ပေါ်ပေါင်း ရပ်တည်ခိုက တိုရှည်ဝိုင်းပြားစသော သဏ္ဌာန်အမျိုးမျိုး ထင်မှားစရာ ရုပ်ရိပ်,ရုပ်ခြင်းရာ ရုပ်အာကာရ အမူအရာ တို့သည် အရပ်က မားကနဲ့, အရိပ်ကဘွားကနဲ့ ဖြစ်ပေါ်၍ လာ၏။ ထို့ကြောင့် ပရမတ်အရပ်၏အရိပ်ခြင်းရာအာကာ ရရဲ့ ကိုယ်သာလျှင် သဏ္ဌာနာကာရဆိုသည်ဟု နာနာကြပ် ကြပ်သတိချပ်ပါလေ။

ဤ၌ စာဘာသ်သော ယောဂီ၏စိတ်ဖြင့် သမုတ်ပညတ် အပ်သော အင်္ဂါရပ်ရ ပြည့်စုံညီညွတ်မှု အာကာရကို အစွဲ ပြု၍ သမုတ်ပညတ်ပုံကို ကိုယ်တွေ့ဒိဋ္ဌသိလိုက နေ့အတွင်းမှာ နေထင်လို့ အထက်ကောင်းကင်ကို မော်၍ကြည့်လိုက်တဲ့ ခဏမှာ မြင်ရတဲ့ လင်းလင်း ဝဏ္ဏက ဓါတ်(၁)ပါး၊ စက္ခု အကြည်က, ဓာတ်(၁)ပါး စက္ခုဝိညာဉ်ကဓါတ်(၁)ပါး ရင်းအာဂန္တုက ဓါတ် (၁)ပါး ဥပါဒ်ပြိုင်ပေါင်းဆုံမိလိမ့် မည်။ ထိုသို့ပရမတ် အနက်သဘောမျှဖြစ်သော ဓါတ် (၄)ပါးကို အရပ်ကမားကနဲ့ဖြစ်ပေါ်က, နေဝိုင်းဝိုင်းထင် စရာ သဏ္ဌာနာကာရ ဟူသောအရိပ်ကလည်း ဘွားကနဲ တွေ့ရပေမည်။ ထိုအရိပ်ခြင်းရာ သဏ္ဌာနာကာရကို, ဥပါ ဒါယ အစွဲပြု၍ သင်၏မနောဝိညာဏ်စိတ်က နေဝိုင်းဝိုင်း ပါဟု ပရိကပ္ပသိဒ္ဓ, စိတ္တနိမ္မိတ, အရ လုပ်ကြံဖန်ဆင်း၍သိ ခြင်းလက္ခဏာကို ပါဠိလိုသမုတိ, မြန်မာလိုသမုတ်သည် ဟု စကားကြီးယာဖြင့် ပြောဆိုရလေသည်, ဟုမှတ်ပါ။

သဋ္ဌာ ဟူသော စကားမှာထိုစိတ်, ဝိညာဏ်ဖြင့် ကြံသိ ဖန်ဆင်း၍ သမုတ်သောအမှုအရာ အာကာရမျှဖြစ်သော နေပညတ်ကို ရင်းစိတ်ဝိညာဏ်ကဘဲ နေ, လ, နက္ခတ်တာရာအနေနှင့် ဝန်ခံကျေနပ်၍နေခြင်းကို, ပါဠိလို သဋ္ဌာ, မြန်မာလိုအမှန်ဟု ဆိုရလေသည်။

ထိုကြောင့် နေ လစသော သမုတိကိစ္စ ပြီးဆုံးခြင်း၌ စက္ခုစသော ခါတ်(၃)ပါးဟုရေတွက်အပ်သော ပရမတ်အနက် သဘောတရားတို့၏ အခြင်းအရာ အာကာရကို ထောက်ဆစွဲမှု အကြောင်းပြု၍ ဝိညာဏ်ဟူသော ပရမတ်တရားကပင် သမုတ်ဝန်ခံ ကျေနပ်၍ နေသည်ဖြစ်လေသောကြောင့် ရင်းဝိညာဏ်, ပရမတ်၏ အလိုကျကို ထောက်၍ လောကသဋ္ဌာကြီးတခုမည်ပုံနှင့် လောကသဋ္ဌာကြီးတခုဆိုက်ပုံကိုယုံကြည်လေးစားနိုင်ကြပေလိမ့်မည်။

ဤအရာ၌ လောကမှာ အလွန် ထင်ရှားသောနေ,လကို ပြခြင်းအားဖြင့် သဏ္ဌာနာကာရ ဟုဟူသမျှကိုဉာဏ်ဘုန်လွှတ်၍သိကြပါလေ......ထို့ကြောင့် စက္ခုစသော ခါတ်(၃)ပါး ပရမတ် အနက်သဘောတရားတို့သည်။ ပစ္စယသာမဂ္ဂိအနေဖြင့် ဥပါဒ်ပြိုင် ဖြစ်ပေါ် ပေါင်းဆုံသောအမှုအရာ, အာကာရအားဖြင့်, နောက်လိုက်, မနောဝိညာဉ်စိတ် စေတသိက်တရားတို့ကို အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုသည်မည်၏။

## ထောက်သားရန် ပါဠိကား

ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာ ကာရေန ဝိညာဏဿ အာရမ္မဏဘူတာ တံတံ ဥပါဒါယ ဥပနိဓာယ

ကာရဏံ ကတွာ တဿ တထာ ပရိကပ္ပိယမာနာ သင်္ခါယတိ၊ သမညာယတိ၊ ဝေါဟာရိယတိ၊ ပညာပိယတိ တိ ပညတ္တီတိ ပဝုစ္စတိ။

## သဂြိုဟ်ကျမ်း

**အတ္ထကား** ပရမတ္ထတော၊ ပရမတ္ထ အားဖြင့်။ အဝိဇ္ဇမာနာပိ၊ ဖြစ်ပေါ် ချုပ်ပျက်ခြင်း, အလျှင်းမရှိ သော်လည်း။ အတ္ထစ္ဆာယာကာရေန၊ ပရမတ္ထသဘာဝတို့၏, အရိပ်အရောင်အခြင်းအရာ,အာကာရအားဖြင့်။ စိတ္တုပ္ပါဒါနံ၊ စိတ်စေတသိက်ဖြစ်ကုန်သော နာမ်တရားတို့အား။ အာရမ္မဏဘူတာ၊ အာရုံဖြစ်သည်ဖြစ်၍။ တံတံ၊ ထိုထိုပရမတ်တို့၏အခြင်းအရာထူးကို။ ဥပါဒါယ၊ စွဲ၍။ ဥပနိဓာယ၊ တောက်၍၊ ကာရဏံ ကတွာ၊ အကြောင်းပြု၍။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာဖြင့်။ ပရိကပ္ပိယမာနာ၊ မာနောဝိညာဏ်နာမ်စိတ်ဖြင့် မဟုတ်မမှန် လုပ်ကြံယူဆလျက်။ သင်္ခါယတိ၊ ပုဂ္ဂိုလ် သတ္တဝါ တော တောင် ရေမြေ သမုဒ္ဒရာ ဟုဆိုအပ်၏။ သမညာယတိ၊ သမုတ်အပ်၏။ ဝေါဟာရိယတိ၊ ဝစီသဒ္ဒါအားဖြင့် ခေါ်ဝေါ်လည်း ခေါ်ဝေါ်အပ်၏။ ပညာပိယတိ၊ ပညပ်အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ပရမတ္ထအားဖြင့်အလျှင်းမရှိပါဘဲနှင့် ထိုထိုပရမတ္ထတို့၏ အပေါင်းအစု ဆမူအရာ အာကာရကို မနောဝိညာဏ် နာမ်ပရမတ်က လုပ်ကြံဖန်ဆင်းခါ နေလနက္ခတ်တာရာ တော တောင်ပါဟု ထင်မြင်သော် ထုတ် သမုတ်ခါမျှဖြစ်သောကြောင့်။ ပညတ္တီတိ၊ ပညတ်မည်၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

**သတိ။** ဤ၌ ပရမတ္ထတော အဝိဇ္ဇမာနာပိ ဟူသော ပါဠိစကားဖြင့် ပညတ် တရားဆိုတာ ပရမတ္ထ အားဖြင့် ထင်ရှားဒုတ်တုတ်မရှိဟု သဗ္ဗညုတ်ကဖွင့်ဆိုထားလေသည်။ တနည်း......ပရိကပ္ပိယမာနာဟူသော ပါဠိစကားဖြင့် ထိုထိုအဝိဇ္ဇမာနဖြစ်သော ပညတ်တရားဆိုတာ ထင်ရှားဒုတ်တုတ်မရှိသော်လည်း ထိုထိုအဟုတ် အမှန်ရှိသော ပရမတ်ခန္ဓာတို့၏ အပေါ်မှာ အဟုတ်အမှန်ရှိသော မနော ဝိညာဏ် နာမ်ပရမတ်က စိန္တနလက္ခဏာအားဖြင့် ကြံစီ ဖေါ်ထုတ်လျက် သမုတ်ဝန်ခံ၍ ကျေနပ်ကြသော သဘောကို ထောက်ဆကာ လောကသမုတိသစ္စာ တခုပြုရ လေသည် ဟုဖွင့်ဆိုထားလေသည်။

**သတိ။** ထိုသို့ မနောဒွါရ၌ဖြစ်သော မနော ဝိညာဏ် စိတ်၏ ကြံဆီလျက် ကျေနပ်ဝန်ခံမှု သမုတိသစ္စာ့ စိတ်ခြင်း ရာကိုအမှီပြုခါနှုတ်ဖျားပါးစပ်ဝဖြင့် မြွက်ဟပြောဆိုသော အသံဝါစာ့ဘာသာစကားကို ဝစီသစ္စာဟု ဆိုသည်မှတ် လေ၊ ဤ၌ စိတ်၏ညွှတ်သိ ဝန်ခံမှုခြင်းရာကိုသာ သမုတိ သစ္စာဆိုသည်။ ၎င်းစိတ်ကို သမုတိသစ္စာဟု ဆိုသည် မဟုတ်ပေ။ ထိုစိတ်နာမ်တရားမှ သီးခြားလည်း ဓါတ် တပါး မြေတပါးအနေနှင့်လည်း သမုတိသစ္စာဟု ပြော စရာပြစရာမရှိပေ။

တနည်းအားဖြင့် မှတ်သားစရာမှာ နှုတ်ဖြင့်ပြောဆို မြွက်ဟခြင်း ဝစီသစ္စာသည် သမုတိသစ္စာ စိတ်ခြင်းရာ မဟုတ်၊ ၎င်းစိတ်၏ခြင်းရာ သမုတိသစ္စာသည် ဝစီသစ္စာ မဟုတ်၊ ထိုသမုတိသစ္စာကိုအမှီပြုရဘဲလျက် **ဝစီသစ္စာ**

သည့်, တသီးတခြားမဖြစ်နိုင်ဘူးဟူ၍ အထူးသိပါလေ။ (ပြောခဲ့) သိမြင်နိုင်ခဲ့လေစွ......ထိုအချက်ကြီးများကို မရိပ်မိသောအားဖြင့် နှုတ်ဖြင့် မြွက်ဟ ပြောဆိုသော ဝစီသစ္စာကိုပင် သမုတိသစ္စာဟူ၍ ထင်မှတ် ပြောဆိုနေကြလေသည်။ ဤသို့ အထင်မှားခြင်းကြောင့်သာလျှင် ဗုဒ္ဓရှင်တော်၏အရာရှိသာဖြစ်တဲ့ ဥဒယျောတရား(၅)ပါးတွင် ပါဝင်သော သမုတိပညတ်ဥဒယျောတရားကြီးကို လူတိုင်းလိုလိုပင်သိပြီးသားထင်ပြီးလျှင်, သမုတ်အရာ၌ မဂထမဲ့မြင်ပြုခဲ့ ပေါ့ပျက်ပျက်နှင့်ဖေါက်ပြန်ခဲ့ သမုတိဝိပ္ပလ္လာသဖြစ်ပြီးလျှင်, ဝိပဿနာ သမားအမည်ခံလျက် ဆေးဆိုးသော တာပန်ပုဂ္ဂိုလ်တွေသာလျှင် များများကြီးပေါ်ပေါက်၍နေလေသည်။ အထူးသတိထားကြပါလေ။

ထိုအချက်ကို ကြိုက်ထားနှင့်မကြိုက်တာက စာရေးသူ၏တာဝန်မဟုတ်ပေ။

အဓိကအချက်တခုမှာ......ထိုသမုတိသစ္စာနှင့်ဝစီသစ္စာကိုအချိုးကျကျ ကျင့်သုံးလျှင် ကာယ ဝစီ မနော၌ဖြစ်သောဝိတိက္ကမ ကိလေသာ,ပရိယုဋ္ဌာန ကိလေသာ, တို့ကိုအထူးသဖြင့် ကြည်ရှောင်ခြင်းဖြစ်တဲ့ ဝိရတိသစ္စာလည်းအတွင်းဝင်လျက် ပါရှိလေတော့သည်ဟုမှတ်ပါလေ။

ထို့ကြောင့်-ပရမတ္ထဒီပနီဋီကာကြီးအလို ခြောက်စောင်သခင် ကျေးဇူးရှင်ကြီး စီရင်သော သဘာဝဒီပနီကျမ်းနံပတ်(၁၆၉)ကြောင်းရေ(၇)၌ ဆိုထားသည်မှာ......

ဝစီသစ္စ ဝိရတိသစ္စာနံ၊ ဝစီသစ္စာ ဝိရတိသစ္စာတို့၏။ ဝဏ္ဏုဘူတဏ္ဍာစ၊ တည်ရာ၏အဖြစ်ကြောင့်ရင်း။ သမုတိ

သစ္စနှင့်၊ သမုဒယသစ္စာဟူ၍။ ဒုက္ခနှင့်၊ ဆိုအပ်ကုန်၏။ ဟု-ဆို ထားလေသည်။ အကျယ်သိလိုက ခြောက်စောင်တွဲကျမ်း သုံးလောကဒီပနီနှင့် သဘာဝဒီပနီ ကျမ်း နှစ်ရပ်ကို ဟပ် ၍ကြည့်ပါလေ။

## (၁၀) သစ္စာသုံးလီကျက်မှတ်ရန်သင်္ခေပ ဆောင်ပုဒ်

သမုတိမှန်သမျှ၊ နာမ်ဓမ္မကြံတာ၊ ဖြစ်ပျက် မရဘူး၊ အထူးသိပါ၊ နေလထင်လှဲ၊ မြင်မြဲတံထွာ၊ သမုတိ-ရှုကြည့် စိတ်ခြင်းရာ။ မှိုတွယ်ခါဝစီသူ့ သစ္စာ၊ နှုတ်ဖြင့်ခေါ်ဆဲ၊ အသံဘဲ တွေ့ရတာ၊ ပြော ......သစ္စာဉာဏ်တွဲ-ပါမြဲ ဝိရတီ ပါ။

ဤနေရာ၌ အထူး သတိပြုရန် အချက်ကြီးမှာ, ကြံသိ သောနာမ်တရားနှင့်အသံရုပ်တရားတို့သည်, ဥပါဒ်, ဌီ, ဘင်ရှိ သောပရမတ်အနက်သဘောများဖြစ်ကြလေသည်ဟုမှတ်။

၎င်းအသံဟူသော ရုပ်တရား၏ အရိပ်ခြင်းရာနှင့် ထို ရုပ်ရိပ်ကိုငဲ့၍လျက် နေ့,လဟူသော အမည် ပုံဟန် သဏ္ဌာန် ဟုဆိုရသော နာမ်ရိပ် နာမ်ခြင်းရာမျှ ဖြစ်သော, သမုတိ ပညတ်ရက, ဥပါဒ် ဌီ,ဘင်ကင်းသော အဘာဝ တရားဟု. ခြားနား၍သတိပြုပါလေ။ ထိုတွင်........အရာရာ၌သဏ္ဌာ. နာကာရဟူ, စကားကြိယာဖြင့်ထည့်သွင်းပြောဆိုရုံမျှသာ အသုံးပြုရသော အာကာရကိုစွဲ၍ စိတ်ဖြင့် သမုတ်ဝန်ခံ သော သမုတိသစ္စာ, နှုတ်ဖြင့် ခေါ်ဝေါ် ပြောဆိုသော ဝစီ သစ္စာ, ကိလေသာ တို့ကို အထူးသဖြင့် ရှောင် ကြဉ် ခြင်း ဟူသော ဝိရတီ သစ္စာ ထို သုံးဖြာသော

လောကသစ္စာဉာဏ်အချက်များကို အမြွက်မျှ ပြဆိုလိုက်သော အချက်ကြီးများပေတည်း။

ဤနေရာ၌-သံအောင်တွေး၊မြင်အောင်ကြီ၊ မှားလျှင်ဝန်ခံ,မှန်လျှင်ယူတမ်း၊ ဘယ်ဂိုဏ်း ဘယ်ဂဏတွေမှ, မရှုတ်စမ်းနဲ့။

နောက်အခဏ်းက, သတ္တာကာရနှင့် သတ္တကိစ္စကို စွဲ၍ သရုတ်သစ္စာ, ဝစီသစ္စာ, ဓိရုတ်သစ္စာ ဖြစ်ပုံများကို စံနစ်ကျနအောင်ပြမည့်သတိထား, ဗျာမများနှင့်။

## (၁၁) သတ္တာကာရနှင့်သတ္တကိစ္စကိုပြခဏ်း

ကောပနေတ္တ သတ္တာကာရောကိံ၊ သတ္တကိစ္စန္တိ ဇီဝယောဂေါ၊ သတ္တာကာရော ဤဟာစ ဗျာပါရောစ သတ္တကိစ္စံ။

"လယ်တီဆရာတော်ဘုရားကြီး၏-ပရမတ္ထဒီပနီ" ဋီကာကြီးအလိုခြောက်စောင်တွဲကျမ်းမှာဆိုထားသည်။

ဩော၊ဤအရာ၌။သတ္တာကာရော၊သတ္တဝါဟုသမုတ်အပ်သောအခြင်းအရာသည်။ကောပန၊ အဘယ်နည်း။ သတ္တကိစ္စံ၊သတ္တကိစ္စဟူသောသဘောသည်။ကိံ၊အဘယ်နည်း။ ရှုတ်၊ ဤကားအမေးတည်း။ ဇီဝယောဂေါ၊ ကမ္မဇ ရုပ်သက်နှင့် ယှဉ်ခြင်းသည်။ ဝါ၊ကုသိုလ်အကုသိုလ်ဟူသောသဘောသည်။သတ္တာကာရော၊သရုတ်သစ္စာသတ္တဝါတွင်မိတ္တာဝင်၍ စိတ်သင်စရာ အများ များစရာ့နိမိတ် ရောင်ရောင်ပြိုဘ်သည့် ရှိပ်သောအခြင်း အရာမည်၏။ ဤဟာစ၊

အားထုတ်မှုသည်ရင်း။ ဗျာပါ ရောစ၊ ကြောင့် ကြ ရိုက်မှု သည့်ရင်း။ သင်္ကတ်စ္စ၊ သဏ္ဍာဝါဟ သိကြောင်း ခြင်း ရာ သညာဖြင့်မှတ်အပ်သော သဏ္ဍာကိစ္စမည်၏။

ထိုစကား၏ လိုရင်း အဓိပ္ပါယ်မှာ …… သဏ္ဍာဝါဟု ခေါ်သော ခြင်းရာ, အသင်္ကဇိဝဟု စိတ်ဖြင့် ထင်မြင် သမှတ်ရ သည်မှာ, ကုသလာ ကုသလကံ (၂၉) ဝ၊ သင်္ခါရကမ္မ ပထအမှုကိုသာ, ပရမတ်စဉ်အလာ သဏ္ဍာဝါထင်စရာခြင်း ရာပေါ် ၍ အသင်္ကဇိဝဟု စိတ်ထင်သမှတ်ပြီးနှုတ်ဝစီဖြင့် ခေါ်ဝေါ်သုံးနှုန်းရလေသည့် မှတ်ပါ။

## ဥပမာအားဖြင့် ထင်ရှားဖြဦးအံ့

ဥပမာ……တိုင်းပြည်၏ ခေါင်းဆောင်ကြီး ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ဆာယာရုပ် ဟူသောဓါတ်ပုံကို စိစ်ကြည့်သောအခါ၌ စက္ကူစသော ဓာတ် (၃)ပါးတို့ တိုက်ဆိုင်မိတဲ့ အခိုက်မှာ မြင်ရသော ဝဏ္ဏဓါတ်၏အရိပ် ခြင်းရာ အာကာရကို ခွဲမိသမှုအကြောင်းပြု၍ ထိုကြိုသိသူ ဟု ပြောဆိုရသောစိတ်ဝိညာဏ်က ဗိုလ်ချုပ်၏ ပုံသဏ္ဍာန် ဟု ကြိုဘန်သမှတ်ရုံမျှသာဖြစ်တော့သည်။

သို့သော် ကုသလကံရိုင်ပြုပြင်ဖန်ဆင်းသော ဇိဝိတိန္ဒြေ နှင့်တကွ ကုသိုလ်အကုသိုလ် သင်္ခါရ ကမ္မပထမှုများကို ပြုလုပ်ခြင်းအမှုအရာမျှဖြစ်သော သဏ္ဍာကာရ,ဝါ၊သက်ရှိ သဏ္ဍာဝါဟု ထင်မှတ်သမှတ်အပ်သော ကံရိပ်အခြင်းအရာ စုက ချုပ်ပျက်၍သွားပြီ ဖြစ်လေသောကြောင့် ဗိုလ်ချုပ် အောင်ဆန်း၏-ဓာတ်ပုံကို,သက်ရှိ သဏ္ဍာဝါဟူ၍ ထင်မှတ် သမှတ်ခြင်းငှါ မဖြစ်နိုင်တော့ပေ။

**သတိ။** ဤတွင်ပဋ္ဌမရုပ်ရိပ်မှဖြစ်သောသညာနာကာရကို သက်ရှိသဏ္ဌာဝါ ထင်မှတ်သမုတ်၍ မဖြစ်ပုံနှင့် ကံရိပ်အမူအရာမှုကိုသညာနံ အမျိုးမျိုးထင်မှတ်သမုတ်၍ မဖြစ်ပုံကို သိသာရုံမျှ ပြဆိုလိုက်သော အချက်ပေတည်း။

ဤအတူ ယခုလောကကြီးတခွင်လုံးဝယ် ဓါတုနာခံမှုဖြစ်တဲ့ ဝထဝိစသောဓါတ်တို့၏ အသီးအသီးခြားနားသော အမူအရာမှုကိုသာ ချက်နှာ, ရင်, ဝမ်း, မေး, ပါး, ပုံဟန်သညာနံ ထင်မှတ်သမုတ်၍ ဖြစ်လေသည်။ ကုသိုလ်အကုသိုလ်၏မူရာကို ပုံဟန်သညာနံစွဲ၍ မဖြစ်နိုင်ပေ။

**တနည်း။** ထိုသညာနာကာရကို သက်ရှိ သဏ္ဌာဝါ ထင်လွဲစွဲမှား၍ မဖြစ်၊ ထိုကုသိုလ် အကုသိုလ်၏ အမူအရာထူးမှုကိုသာလျှင် အသက် သဏ္ဌာဝါ ထင်မှတ် သမုတ်လို့ ဖြစ်လေသည်ဟု ဘဝင်ကျအောင် ကြံကြပါလေ။

ဤသာသနာ ဤအရာက လွန်မင်းစွာ အရေးကြီးသည်ဟု ကျေးဇူးရှင်ကြီးဘုရား သဘာဝဒီပနီနှင့် သုံးလောကဒီပနီကျမ်းများမှာ သတိပေးစကား ရေးသားခဲ့သည်ကိုရှင်း။ ခြောက်စောင်တွဲ ကြည့်ကြသော ပရိသတ်များသည်ပင်လျှင် သတိမထားတတ်ဘဲ ရှိနေတဲ့ သူတွေသာလျှင်များစွာတွေ့ရှိ၍နေရပေ၏။

**"ကျက်မှတ်ရန် ရှစ်လုံးဘွဲ့ ဂါထာများ"**

(၁) ရုပ်ရိပ်မှန်မှု, စွဲကြံသညာနံ၊
ကံရိပ်မှန်မှု, သူပငါဟန်၊
အသက်ဇီဝ, ကြံဆပိညာဏ်၊
သမုတိ-ရှုကြည့်နာမ်ရိပ်မှန်။

(၂) ရုပ်ရိုပ်နာမ်ရိုပ်, ကံရိုပ်အမှန်၊
သမုတိခေါ်ရ, လောကသစ္စာ၊
အရုပ်အရိပ်, ခွဲစိတ်ခါကြို၊
တူမထား-တခြားမရှိပြန်။
(၃) အရုပ်ရှိက, အရိပ်ပေါ်မည်၊
ဖိမ်နှင့်သစ်သား, မခြားတူညီ၊
မြင်အောင်ရှုမှတ်, ထပ်ထပ်ကြိုစည်၊
ဒုဒ္ဒသ-ဗုဒ္ဓမိန့်ဟောသည်။ ။

ထိုသစ္စာဝါ၏ တံခွန်ပြု ကမ္ဘုပထသင်္ခါရလုပ်, အား ထုတ်ကြောင့်ကြသည်ကိုပင် သစ္စာကိစ္စဆိုသည်ဟု, အထူး မှတ်ပါလေ။ ထို့ကြောင့် ဤဟာစ, ဗျာပါရောစ သစ္စာ ကိစ္စံ ဟု ဆိုသည်မှတ်ပါ။

**သို့ဖြစ်၍**။ ယေဝမ္မာ သစ္စာပညတ္တိယာ ပဋ္ဌာနဂ်ဘူတာ ဟောန္တိ။ (ပရမတ္ထဒီပနီဋီကာကြီး)

ယေဓမ္မာ၊ အကြင် ကုသိုလ် အကုသိုလ် သင်္ခါရ နှင့် ကြောင့်ကြစိုက်လုပ်, အားထုတ်မှုတရားတို့သည်။ သစ္စာ ပညတ္တိယာ၊ စိတ်သညာဝေါတ် ပရမတ်စဉ်လာ သစ္စာဝါ တွင် ထင်မှတ်အပ်သော ပညတ်ခြင်း၏။ ပဋ္ဌာနဂ်ဘူတာ၊ ပြဋ္ဌာန်းအပ်သော အင်္ဂါဖြစ်၍ ဖြစ်ကုန်သည် ဟောန္တိ၊ ဖြစ်ကုန်၏။

ဤအရာ၌ အဓိကအချက်မှာ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတနှင့် ယှဉ်သော ကုသိုလ် အကုသိုလ်မှုကို အားထုတ်မှု ကြိယာ နှင့်ကြောင့်ကြစိုက်လုပ်ခြင်းဗျာပါရမှုကိုသာလျှင် အသက် သစ္စာဝါဟု စိတ်ဖြင့် ထင်မှတ်, သမုတ် ပြဋ္ဌာန်းအပ်သော

ပဋ္ဌာန အင်္ဂါ။ဝါ-သင်္ဂြိုဟ်ကာရဆိုသည်ဟု ဒဏ်ချက်နာနာ မှတ်ထားပါလေ။

"ကျက်မှတ်ရန် သင်္ခေပဆောင်ပုဒ်"

(၁) ရုပ်သက်နာမ်သက်၊ ယှဉ်လျက်ပေါ်လာ၊
ကုသလာကုသလ၊ ပြုကြခြင်းရာ၊
အားထုတ်ကြောင့်ကြ၊ မူလအင်္ဂါ၊
သင်္ဂြိုဟ်ဝါဟဲ-ထင်မြဲ စိတ်သညာ။ ။

(၂) သင်္ဂြိုဟ်ကိစ္စ၊ဆိုရသည်မှာ၊
ကု၊ ကုနှစ်ဝ၊ဗျာပါရပါ၊
ပြုလုပ် အားထုတ်၊ ဒိဋ္ဌိရှုတ်ခါ၊
အဂ္ဂဟဲ-ဆောင်မြဲသူ့ကိစ္စာ။ ။

**သဘော။** ဤတွင် သင်္ဂြိုဟ်ကာရဟူသော သဘောနှင့်-သင်္ဂြိုဟ်ကိစ္စဟုဆိုသောအချက်ရှိနှင့်တကွ ကံ၂ ဇပါးကြောင့် သင်္ဂြိုဟ်ဝါ သင်္ဂြိုဟ်ဝါဟု ထင်မှတ်အပ်သော ဓမ္မပုဂ္ဂ အမူအရာ အင်္ဂါကာရကြောင့်ထိကံ၂ ဇပါးစသည်ဖြင့် သစ်စေ့ကြောင့် သစ်ပင်၊ သစ်ပင်ကြောင့်သစ်စေ့ဟူသော ကျေးဇူးရှင်ကြီး ဘုရားမိန့်ကြားခဲ့တဲ့၊ ဇိတ်တွာ ဓမ္မတာဓာတ် သမုဒ္ဒါန်ကို ရိပ်မိလောက်ပေပြီ။

ဤမျှလောက်ပြလို့မှ မရိပ်မိရင်လဲ၊ ဒိဋ္ဌိနဲ့ သံသရာပျော်-မာန်၊ တဏှာကိုသာအဘော်လုပ်ပြီး၊ မြုပ်လေတော့ အဝိဇ္ဇာ၊ ပဏ္ဍိတ်နဲ့ အာသာခံ၊ မာယာဉာဏ်အသွယ်သွယ်နှင့်၊ သံသရာ နယ်တကြောမှာ၊ ဥစ္ဆေဒ သဿတနှင့်-မျောလေ တော့မောင်ဗာလ၊ နောင်ခါကျမှကြောင်ဆရာကိုတ၊ သော် လည်း၊ အမေတနဲ့ အဝိဇ္ဇာရှိုးမိ မနိုးသို့လဲမကယ်နိုင်၊ သင်

၏နယ်ကိုပိုင်တာက ယမမင်း, ဗြာနချင်းကလဲ အလွန်ကွာ၊ သို့ဖြစ်ပုံခြင်းရာကြောင့်,သာသနာမြတ်တရားကို ထပ်မနား ဘွေ့အောင်ရှာမှုက,မိမိ၏ ကြီးမားသော အလုပ်ဟု-သတိ အုပ်ခါ,သန္တိ ပြောင်းပြီးလျှင်-ဆရာကောင်းသာ ရှာကြပါ လေ,ယောဂီဘွေ့တို့။

ဤဘုင်-သတ္တာကာရဟူသောကံရိပ်ခြင်းရာကိုစွဲ၍,စိတ်ဖြင့်သက်ရှိသတ္တဝါဟု သမုတ်ဝန်ခံခြင်းကို,သမုတ်သစ္စာဟု မှတ်။ ထိုသမုတိသစ္စာကိုအမှီပြု၍ နှုတ်ဖြင့်မြွက်ဟပြောဆို ခြင်းကို,ဝစီသစ္စာဟုမှတ်။ ထိုလောကသမုတိသစ္စာအရ အရာရာမှာ အရှိအသေပြုခါ ဖျောင့်ကြည့်သင့်, ဖျောင့်ကြည့် ထိုက်သော အရာများ၌ အထူးသဖြင့် ဖျောင့်ကြည့်တာ ကို, ဝိရတီသစ္စာဟု,ဆိုသည်မှတ်လေ။

## (၁၂) သစ္စာသုံးပါး,ဝိရတီသုံးပါးရှင်းပြချက်

### “ နိဂုံးချုပ် အတိဂန္တိရတေးထပ် ”

သမုတိ မှန်သမျှ။စိတ်ကြံဆ ခြင်းရာ။နှုတ်မြွက်ဟ ပြော
ဆိုသည့်မှာ။ဝစီသစ္စာမှတ်သား။ ဝိရတီမှန်သစ္စာဟာ။
ဖျောင့်ကြည့်ခါ ကျင့်ရမများ။ ။သမ္ပတ္တဝိရတီ ဘုံမှာ။
အတွေ့,ကာမဂုဏ်ရှောင်ရှား။သမာဒါနာ ထိုတရားမှာ
တော့။ဝတ်ထားလို့ ဖျောင့်ကြည့်။ဝိညာဏ်မြင် စရာ
ပေမို့။ထာဝရ ကျင့်ကိစ္စပင်။ ။သိကိစ္စပညာမြင်မှာ။
ကျင့်ကြည့်စရာဘာမရပြီဘု။မဂ်ကိစ္စသူ့ဖြစ်စဉ်။သမုတိ
ဆန့်ကျင်။သမုစ္ဆေဒ ဝိရတီသွဉ်တယ်။သိမြင်အောင်,ရှု
စမ်းကြလေး။ ။

ထိုအထက်ပါ-ဂန္ထိရစကားအရ,သမုတိသစ္စာနှင့်,ဝိသစ္စာနှစ်ပါးသည် ရှေ့ပိုင်းတွင် ထင်ရှားခဲ့လေပြီဖြစ်၍ ပိရတိ သစ္စာအရကိုသာ-အနည်းငယ်ရှင်းပြပါအံ့။

ပိရတိသစ္စာထိုသည်မှာ, သမုတိသစ္စာအရ ရှိသေသင့်, ရှိသေထိုက်သော အရာဝတ္ထုများ ကို ရှိသေလျက်၊ ရှောင်ကြဉ်သင့်ရှောင်ကြဉ်ထိုက်သော ဒုစရိုက်, ဒုရာစာရ တရားများကို အထူးသဖြင့်ရှောင်ကြဉ်မှုအမှန်ဖြစ်ခြင်းကိုပင်,ပိရတိသစ္စာဆိုသည်ဟုမှတ်။

ထင်ရှားစေဦးအံ့......ပါဏာတိပါတာဝေရမဏီ, အစရှိသော-သိက္ခာပုဒ်တော်အရ, အကုသလ စေတနာကံ ပြုပြင်သောက်လုပ်သော အမှုအရာမှ,မွေ့ပုဒ္ဒသက်ရှိသတ္တဝါ ဟု ထင်မြင်အပ်သော သတ္တာကာရကိုအစွဲပြု၍ ထင်မြင် ကြံသိ တတ်သော,ဝိညာဏ်ပရမတ်ဘာ သန်း,ကြမ်းပိုး ဟု သမုတ်ဝန်ခံမှုဖြစ်ပေါ်ဆဲ ခဏမှာ ထိုစိတ်ထင်, စိတ်ကျေနပ်မှု အတိုင်း-မချေ မသတ်ဘဲ,ရှောင်ကြဉ်မှုကိစ္စကိုပိရတိသီလ ဆိုသည်ဟုမှတ်။

ထိုခဏ၌ မရှောင်ကြဉ်လျှင် ပိရတိသီလပျက်လျက်,အပါယ်သတ္တဝါဟု သမုတ်အပ်သော အကုသလ အမှုအရာ အာကာရတချက် ဖြစ်ပြီဟု မှတ်။ ဝါ လူစင်စစ်က ခွေး, ဝက်,ကျွဲ,နွား ဖြစ်ပြီဟုမှတ်။ ရှောင်ကြဉ်လျှင် ပိရတိ သီလဖြစ်လျက် သုဂတိသတ္တဝါဟု သမုတ်အပ်သော, ကုသလ-အမှုအရာ အာကာရ တချက်ဖြစ်ပြီဟုမှတ်။ဝါ လူစင်စစ်က-လူပင်ဖြစ်ပြန်ပြီဟုမှတ်။ ဤ၌ စကျွ (လ) မနော ဟူသော—ဒွါရ ၆ ပါး,တံခါး ၆ပေါက်၌ အဉ္ဇမာဒသွက်ကင်း

သျှက် သတ်ချွတ်ယွင်းက တဲ့လောဘ မတဲ့ဒေါသဟူသော ခွေး,ဝက်,ကျဲ,နွား သမုတ်အပ်တဲ့ အကုသလ အမှုအရာ တွေဖြစ်ပေါ် ၍နေပုံကို-အတ္တိ ဗိန္ဒု,အတ္တိ ယိဋ္ဌ,အတ္တိ ဟုတံ အစရှိသော ကံနှင့်,ကံ၏အကျိုးကို ယုံကြည်ပွားမြင်နိုင်တဲ့- လောကီသမ္မာဒိဋ္ဌိဉာဏ်မျက်စိရှိသော်ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ် မှန်က-တနာရီအတွင်း၌ပင်လျှင် ခွေးစိတ် ဝက်စိတ် တွေ- အနန္တ ဖြစ်ပေါ်၍နေပုံကို ရင်တုံ စရာတွေ တွေ့မြင် နိုင်ကြ ပေလိမ့်မည်။ ဤအချက်သည်-ကံနှင့် ကံ၏ အကျိုးကို ချိုး ဖောက်ဖျက်ဆီး၍ယူသော နတ္တိဒိန္နံ နတ္တိယိဋ္ဌံ နတ္တိဟုတံ အစရှိသော မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်များကို ဆိုလို ရင်းမဟုတ်ပေ။ သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်များကိုသာ သတိပေးစ ကားရေးသားလိုက်ရခြင်းဖြစ်ပေ၏။

**သတိ။** ထိုအရာ၌ သန်း, ကြမ်းပိုး စသော ပုဂ္ဂိုလ် သတ္တဝါ,ဗဟိဒ္ဓမှာ တသီးတခြားအရှိထားပြီး ရှောင်ကြဉ် လျှင် အာရတိသီလမျှသာဖြစ်လေသည်။ သမုတိသစ္စာ,အ ချိုးကျအတိုင်း သမုတ်ရှိ,သမုတ်မှန်အနေဖြင့်,ရှောင်ကြဉ်မှု ကိုသာလျှင်,လောကီ ဝိရတိသီလဖြစ်သည်ဟုမှတ်လေ။

ထိုမှတပါး ဝိရတိ၌ရေတွက်ပြန်က သမ္ပတ္တဝိရတိ,သမာဒါ နဝိရတိ,သမုစ္ဆေဒဝိရတိဟူ၍ဝိရတိ၃ပါး,တုံ:ခြား၍ရှိပြန် လေသည်။ ထိုသုံးချက်တွင်-ငါးပါးအာရုံ ကာမဂုဏ်တရား ၅နှင့်,အာရမ္မဏိကစိတ်,စေတသိက်တရား တိုက်ဆိုင် ညီ ညွှတ်လျက်, တွေ့ကြုံတိုင်းတွေ့ကြုံတိုင်း ပါဏာတိပါတ စ သော ဒုစရိုက်တရားများ၌ အထူးသဖြင့် ရှောင်ကြဉ်မှုကို- သမ္ပတ္တဝိရတိဆိုသည်ဟုမှတ်။

ထို ဒုစရိုက်တရားများ မသိနိုင်, မဝေ့နိုင်အောင် ဝတ်ထား၍ ကောင်းစွာ ရှောင်ကြဉ်မှုကို သမာဒါနဝိရတီ ဆိုသည်ဟုမှတ်။

ထိုတွင် ဒုစရိုက်ကံမျိုးစေ့များကို ပေါက်ရောက်စည်ကားစေနိုင်သော ဝီတိက္ကမကိလေသာ, ပရိယုဋ္ဌာနကိလေသာတို့၏ ရေသောက်မြစ်သဖွယ်-စိတ်၌အမြစ်တွယ်သော ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ အစရှိတဲ့ ကိလေသာ ရန်သူတွေကို နှလံမထူနိုင်အောင် ပယ်ဖျက် သုတ်သင်နိုင်သော-လောကုတ္တရာ မဂ်စိတ်တကြိမ်ဖြင့်ရှောင်ကြဉ်မှုကို သမုစ္ဆေဒဝိရတီဆိုသည်ဟု အထူးမှတ်လေ။

ဤအရာ၌ အထူးသိစေရန်မှာ......သမ္ပတ္တဝိရတိ သီလနှင့် သမာဒါနဝိရတီသီလသည်ဝိညာဏ်မြင် သမုတိသစ္စာဆိုင်ရာစရဏကုသိုလ်ဖြစ်၍ကျင့်ကိစ္စ, ကြည့်ကိစ္စဟုမှတ်ပါ။ ထိုမှတပါး သမုစ္ဆေဒဝိရတီ သီလသည်, ပညာမြင် ပရမတ္ထသစ္စာဆိုင်ရာ ဝိဇ္ဇာကုသိုလ်ဖြစ်သဲခဏ၌ ကျင့်စရာ, ကြည့်စရာ ဘိတ်မရှိ, အသျှဉ်းမရှိဟုမှတ်။

ထိုသမုစ္ဆေဒမဂ်ခဏကို ရည်ရွယ်သျက်, ပညာမြင်ဟုတ်နည်းက လုပ်, မလုပ်, အချည်းနှီး တကယ်တမ်းပြီးစီးပါ၏ဟု-ခြောက်ဆောင်ရှင်ဘုရားကြီးမဂ်နှင့်အနီးကပ်ဆုံးသောအာသန္နအတ္တကို တားမြစ်တော်မူခဲ့လေသည်မှတ်။ ဤအချက်၌ သင်္ခါရာဝ သင်္ခါရေ ဝိပဿနာ့အစရှိသော, ကျမ်းအရှိကို လမ်းသိမှ အကာဏ်းပကတိက လွန်မြောက် ၍-ယုံကြည်နိုင်ပေလိမ့်မည်ဟုမှတ်လေ။ ထိုကြောင့်......သိကိစ္စပညာမြင်မှာ၊ ကျင့် ကြည့်စရာ ဘာမှရပြီဘု၊ မဂ်ကိစ္စ သူ့ဖြစ်

စည် သမုတိဆန့်ကျင်။ သမုဒ္ဒေ ဒဝိရတိယှဉ်တယ်။ သိမြင်ဖောင်ရှုစမ်းကြလေး။........ဟု အဆက်ပါတေးထပ်၌ ရေးစပ်ခဲ့လေသည်ဟုမှတ်ပါ။

## (၁၃) တနည်းသစ္စာသုံးဝကိုယ်တွေ့ကျင့်သုံးရန်ပြခက်း

ထိုသမုတိဝိဝိဝိရတိသုံးလီသောသစ္စာများ၌ကိုယ်တွေ့ကျင့်သုံးအားထုတ်သောနည်းမှာ,သမုတိသစ္စာအရသမုတ်မှန်မှုဖြစ်သော-စေတီလေးပါးနှင့် တကွ, သမုတိ သံဃာတော်တို့အား လှူဒါန်းပူဇော်ကြသော ခဏတိုင်း၌, သံဃာတော်ဟု ထင်မှတ်သမုတ်အပ်သော လိင်္ဂအရိယာ-ကုသလအမှုအရာမှုဖြစ်သော သဏ္ဌာကာရကို စွဲ၍ လှူဒါန်းသောပုဂ္ဂိုလ်ဟု သမုတ်အပ်သော မနောဒွါရမှာ - သံဃာတော်ဟူသော အမည်ပုံဟန့်,ကြံဆသျှက် စိတ်ဖြစ်ပေါ်လာတဲ့ခဏ၌ ထိုစိတ်ထင်သမုတ်မှုမှု,စိတ်တံခွန်ပြအတိုင်း ဝဝိသစ္စာနှုတ်အမှုအရာအားဖြင့်,သမုတိသံဃာတော်အနေဖြင့်ရှိသေစွာ သုံးနှုန်းပြောဆိုလျက်, ကိုယ်အမှုအရာ အားဖြင့်လည်း ရိုသေစွာ ဦးညွှတ်ရှိခိုးခြင်းအမှုများပြုသဲခဏမှာ, ဝိရတိသစ္စာအတွင်းဝင်ပါ၍လေတော့၏ဟု မှတ်ပါ။ ဝါ၊ သစ္စာသုံးချက် တပြိုင်နက်ကိစ္စပြီးလေတော့သည်။

ထိုခဏ၌ စိတ်တံခွန်ပြသမုတိသစ္စာကိုရိုသေလျှင် ကိုယ်နှုတ်,မနောဖြင့်မရိုမသေနေထိုင်ပြောဆိုခြင်းစသော,အကုသိုလ် ဒုစရိုက်မှုများကို-အထူးသဖြင့်ရှောင်ကြဉ်သည်မည်လေတော့၏။

**သတိ။** ဤခဏမှာ အရာရာ၌ရှိသေမှုကင်းမဲ့ခါ သီလပျက်လျက် အပါယ်သတ္တဝါဟု သမုတ်အပ်သော သတ္တာကာရဖြစ်၍ လူစင်စစ်က အပါယ်သတ္တဝါဖြစ်သော အချိန်ဟု သိမှတ်ယုံကြည်မှသာ လောကီကမ္မသကတာသမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာဟုမှတ်ပါ။

ဤတွင် ဖေါ် ပြပါ သတ္တာသုံးပါးအချိုးကျကျ ဂုဏ,ဝယ အားဖြင့် ဂုဏ်နှင့်အရွယ်ကြီးသောသူဟု စိတ်တံခွန်ပြတိုင်း ပြတိုင်း ရှိသေသင့်ရှိသေထိုက်သော အရာဝတ္ထုဟူဟူသမျှ၌ ဗုဒ္ဓဘာသာမှန်က သီလကိုလေးစားသောအားဖြင့် ခါးဝတ်ကဲ့သို့ခိုင်မြဲစွာရှိသေရမည်ဟုမှတ်။ ထိုပြင် မိဘဝတ်ငါးပါး, သားသမီးဝတ်ငါးပါးစသည်ဖြင့် ဆရာဝတ်, တပည့်ဝတ်, သခင်ဝတ်, ကျွန်ဝတ်, လင်ဝတ်, မယားဝတ်, ဉာတိသင်္ဂဟတို့၏ဝတ် တနည်း-ဧည့်သည်အာဂန္တုကဝတ်, အိမ်ရှင်တို့၏ဝတ် အစရှိသောသီလဝတ်များကျေပွန်မှသာ တဏှာ,မာန,ဒိဋ္ဌိဟူသောကိလေသာဝဋ်များကုန်နိုင်လိမ့်မည်ဟု လောကမှာသုံးစွဲကြသော ဝတ်ကျေဝဋ်ကုန် စကားနှယ် ကုန်လိမ့်မည်ဟုမှတ်။ ဝါ၊ ပညာ သီလ သမာဓိ ဝတ္တရားများကျေပွန်မှသာ ဝိတိက္ကမ ပရိယုဋ္ဌာန အနုသယ ဟူသော ကိလေသာဝတ်များ ကုန်လိမ့်မည်ဟု မုချတနဲ့ အဟုတ်ပမလွဲ စွဲမြဲ၍အထူးမှတ်သား ပွားများကြပါလေ........ ကြောင်ပန်းအစစ်ယောဂီတွေတို့။

**သတိ။** ဤအရာ၌လည်းကြောင်ပန်းအရေခြုံတွေကို ဆိုလိုရင်းမဟုတ်ပေ။

တနည်း- ဓာတု ဓမ္မ ဥဒ္ဒိဿ ပရိဘောဂ ဟု စေတီတော်

လေးရပ်၌ရှိရာ စေတီတော်ဟုစိတ်ဖြစ်တိုင်းဖြစ်တိုင်း ဗုဒ္ဓရှင်တော် ဘုရားနှင့်ထပ်တူ ကိုယ့်နှုတ်မနေဘဲဖြင့် အညီအမျှ ကြည်ညိုနိုင်ရမည်။ ဘာကြောင့်ဆိုသော် မနေ့ကပါရဂူခွေစေတ်တော်ဟူသော အမည်ပုံဟန်ဖန်ဆင်းလျက် စိတ်ဖြစ်ပေါ်၍နေပါလျက်နှင့် နှုတ်ဝစီက ထိုစိတ်တံခွန်ပြသော သမုတ်သစ္စာအရကိုမလိုက်နာဘဲလျက် ဖေါက်ဖျက်ခါ အုတ်ပုံကြီးပါဟုပြောဆိုလျှင် သမုတိဝိပ္ပလ္လာသဖြစ်ခါ ဝစီသစ္စာကိုချိုးဖျက်လျက် မုသာဝါဒ အကုသိုလ်ဘက်သို့လဲကာ ဤခေတ်၌အပါယ်ဘေးသင့်လျက် ခွေး ဝက်ကျွဲ နွားဟု သမုတ်အပ်သောအကုသလမှုရာသဏ္ဌာနကာရဖြစ်နေပြန်ပြီဟု မှတ်။သိအောင်တွေးမြင်အောင်ကြံ မှန်အောင်ကြည့်အခါမလင့်အပါယ်ကျတယ်ဆိုတာဤအရာဟုမှတ်။ထိုကြောင့် မုသာဝါဒ ပဋိပက္ခ ' သမုတိသစ္စ ' ဟုဟောတော်မူသည်မှတ်လေ။

စာဘာသိသောယောဂီ ဤအချက်ကို အကွက်ချ၍စဉ်းစားပါ။အုတ်ပုံကိုစေတီတော်ပါဟုသင်၏စိတ်ကထင်မြင်သမုတ်နိုင်သည်မဟုတ် အထူးသတိထား။ထိုအုတ်အင်္ဂတေတွေရပေါင်းထားသောအမှုအရာမှ လိင်္ဂအာကာရကိုသာလျှင် သင်၏စိတ်က စေတီတော်ဟု ထင်မှတ်ကျေနပ်နေသည် မဟုတ်ပါလော။အကယ်၍ အုတ်ပုံကိုသာစေတီတော်ဟုထင်မှတ် သမုတ်ပါသည်ဟု ဆိုပါက အုတ်ဖုတ်သောသူများ မီးထိုး၍ ဖုတ်နေသောအုတ်ပုံ တွေနှင့် အုတ်တိုက်တည်၍ ထားသောအုတ်ပုံတွေကို စေတီတော်ပါဟု ထင်မှတ်လို့ ဖြစ်ပါ၏လော။ မထင်နိုင်ဘူးယောဂီ-စိစိစဉ်းစားပါ။ အဲဒါဟာ ကိုယ် တွေ့အချက်တခုပါဘဲ။

ဤတွင် အရုပ်ပုံသည့်,စေတီတော်မဟုတ် ထိုစေတီတော်သည်အရုပ်ပုံမဟုတ်။ ထိုသို့စေတီတော်ဟုထင်မှတ်အပ်သော အရုပ်,ကြေး,ရွှေ,ငွေတို့နှင့်ကင်း၍စေတီတော်ပါဟုထင်မှတ်စရာကလည်း သိခြားမရှိဟု သတိပြုပါလေ။ စင်စစ်မှာ-ထိုရွှေ,ငွေ,ကျောက်,ကြေး အင်္ဂါတော်တို့၏ အနုအရာမှု အာကာရကိုအစွဲပြု၍။ ဝါ၊ အထောက်အထားပြုလုပ်ကာရ ကတွာ၊ အကြောင်းပြု၍ သင်၏မနောဝိညာဏ်စိတ်က စေတီတော်ဟူသောပုံသဏ္ဌာန်ကို စိတ္တနိမိတအစွမ်းအားဖြင့် ဖန်ဆင်းလျက် သမုတ်လေသည်။

ဥပမာ။ သစ်သားနှင့်ဝါး ပေါင်းရုတည်ရှိသောအမှုအရာကိုသာ အိမ်ပါဟုထင်မြင်နိုင်လေသည်။ သစ်သားနှင့်ဝါးသက်သက်ကို အိမ်သင်လို့မဖြစ်ဘူးဟုသမုတ်ပါ။ အကယ်၍ သစ်သားနှင့်ပါးကိုသာ အိမ်ထင်ပါသည်ဆိုလျှင်-သစ်တော,ဝါးတောတွေကို အိမ်ပါဟုပြောဆိုရကျနေမှာပေါ့။ သတိထားပါ။

တနည်းအားဖြင့်ဆိုပြန်သော်-သံကရိယာများပေါင်းရုတပ်ဆင်၍ထားသော အမှုအရာကိုသာ,ရထားကြီးဟု သမုတ်နိုင်လေသည်။ ၎င်းသံတွေကို ရထားပါဟုသမုတ်လို့မဖြစ်ပေ။ အကယ်၍ သံတွေကိုသာ ရထားကြီးဟုဆိုလျှင်-ရုံး,ဆောက်,တူရွင်းစသော သံတွေကိုသာ ရထားဟု ဆိုရကျနေမှာပေါ့,မဆိုနိုင်ဘူး ယောဂီ။ ၎င်းဥပမာကို အဟုတ်မှန်အောင်ကြံပါ။ အဓိကအချက်မှာ-သစ် ဝါးနှင့် အိမ် သံကရိယာနှင့် ရထားဆိုတာ အတူမသား တခြားလည်း

မရှိဟု နားလည်မှု ရှိမှသာလျှင် သမုတိ သစ္စာနှင့် ပရမတ္ထ သစ္စာကို အမှန်ကျခွဲခြားနိုင်မည်။

ဥပမေယျမှာ-အိမ်ရထားနှင့်စေတီဘုရားဟူသည့်-သမုတိသစ္စာနှင့်တူ၏။ သစ် ဝါး သံကရိယာစသည်တို့နှင့်အုတ်အင်္ဂတေတို့သည် ပရမတ္ထသစ္စာနှင့်တူလှပေ၏။ ဤဥပမာ, ဥပမေယျနှစ်ဆင့်ကို ဉာဏ်ချ၍ကြံပါ၊ ကြည့်ပါ၊ သိပါလိမ့်မည်။ စိတ်မချလွန်းလို့သာ အခါခါအထပ်ထပ်ပြရခြင်းဖြစ်သည်၊ ကြပ်ကြပ်ကြီးဝေဘန်ပါ။ သမုတိသစ္စာမျှဖြစ်သော စေတီတော်ကို သင်၏မျက်စိဖြင့် မမြင်ကောင်းဘူး။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ—

စက္ခုဉ္စ ပဋိစ္စ ရူပေစ လို့သာ ဟောတော်မူသည်။ စေတီတော်ပေစ,ဟု ဟောတော်မမူဘူး။ သမုတိသစ္စာ စေတီတော်ဆိုတာ မနဉ္စ ပဋိစ္စ ဓမ္မေစ ဟူ၍သာ ဗုဒ္ဓ က မိန့်ဆိုတော်မူသဖြင့် စေတီတော်ဟုစကားကြီးယာဖြင့် ပြောဆိုရသောခြင်းရာက မနောဒွါရမှာ ဓမ္မာရမ္မဏ အနေဖြင့်သာ သိကောင်းမြင်ကောင်းလေသည်။

ဤအချက်မှာ ဝတ်တက်,ဝတ်ကပ် ပြုလုပ်နေကြသော ဝတ်အသင်းသားများ အထူးသတိထား၍ ဤစေတီဘုရားကိုတွေ့အောင်ရှာကြပါလေ။ ဪ......ရှာနိုင်ခဲစွ။

အဆက်ဥပမာရ၏ ပါဠိသက်သေ

ကဋ္ဌာဒယော ဝေဟိဂေဟာကာရေန သဏ္ဌိတာဂေဟာတိ။ ရထာကာရေနသဏ္ဌိတာ ရထောတိ ဝုစ္စန္တိ။

ဟင်သစ္စ ၊ မချွတ်ဧကန် စင်စစ်မှန်၏။ ကဋ္ဌာဒယောဝေ၊ သစ်သားအစရှိသည်တို့ကိုပင်လျှင်၊ ဂေဟာကာရေန၊အိမ်

ဟု သမုတ်အပ်သော အခြင်းအရာအားဖြင့်။ သဏ္ဍာန်တာ၊ တည်သည့်တို့ကို။ ဂေဟာနိ္တိ ဣမိဟူ၍။ ဇူဋ္ဌိတိ၊ ဆိုအပ်ကုန်၏။ ရထာကာရေန၊ ရထားဟု သမုတ်အပ်သော အခြင်းအရာအားဖြင့်။ သဏ္ဍာန်တာ၊ တည်သည့်တို့ကို။ ရထောတိ၊ ရထားဟူ၍။ ဇူဋ္ဌိတိ၊ ဆိုအပ်ကုန်၏။

ပရမတ္ထဒီပနီ ဋီကာကြီးအလို ခြောက်စောင်တွဲ သဘာဝဒီပနီကျမ်း နံပါတ်(၁၁၈)မှာပြထားလေသည်။ အကျယ်သိလိုက ကြည့်လေ။

ထိုထက်တဖန် မှချနည်းအားဖြင့် ဆိုပြန်သော် ရွှေ,ငွေ, သစ်,ဝါး,ကျောက်,ကြေး,အရုပ်များကလည်း အဟုတ်မရှိ, သမုတ်ရှိမှုသာဖြစ်လေသည်။စင်စစ်မှာ........ပထဝီဓာတ် အစရှိသော အဋ္ဌကလာပ်ရုပ်ဓာတ်စုကသာ ပရမတ္ထအားဖြင့် ထင်ရှားကေန် အမှန်ရှိဖြစ်၍,ထိုရုပ်ဓာတ်အစု ရူပက္ခန္ဓာနှင့် တကွဝေဒနာ,သညာ,သင်္ခါရဝိညာဏ်အစရှိတဲ့နာမက္ခန္ဓာ တရားတို့နှင့် ပေါင်းဆုံပုဝေးသောခန္ဓာငါးပါး,အရိပ်ခြင်းရာ အာကာရစုကိုသာ,ခန္ဓာတပု အနေဖြင့် ပါဝင်သော– ဝိညာဏက္ခန္ဓာ နာမ်တရားကဘဲ စေတီ ဘုရား, ဟူသော- သမုတ်ပညတ်အရပ်ရပ်ကို သတ်မှတ်ဘော်ထုတ် သမုတ် လေသည်ဟုမှတ်ပါလေ။

ထိုကြောင့်........ယထာပိ အင်္ဂသမ္ဘာရာ၊
ဟောတိသဒ္ဒေါရထောဣတိ။
ဧဝံခန္ဓေသု သန္တေသု၊
ဟောတိ သတ္တောတိ သမ္မုတိ။

သဘာဝဒီပနီကျမ်း နံပါတ်-၁၄၈။

အင်္ဂသမ္ဘာရာ၊ ဝင်ရိုး,စက်ဘီး စသော အစိတ်အဆောံ အဦးကြောင့်။ ရထောတိ၊ ရထားဟူ၍။ သင်္ချါ၊ ခေါ်ဝေါ်ခြင်းဝေါဟာရသည့်ပညတ်သည်။ ဟောတိယသာ၊ ဖြစ်သကဲ့သို့။ ဧဝံ တသာ၊ ထို ဥပမာ နှင့် တူစွာ သာလျှင်။ ခန္ဓသု၊ ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ စည်းဝေး ပေါင်းဆုံ၍ကုန်လပ်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟုစိတ်ဖြင့်သမုတ်ပညတ်ခြင်းသည်ဟောတိ၊ ဖြစ်၏။

ဤအရာမှာ အရပ်,အရိပ်,ခွဲ စိတ် ကြိတ်ချေ, ဉာဏ်နှင့်မှေ့၍ ငါးတွေခန္ဓာ,နှစ်ဖြာနာမ်ရုပ်အဟုတ်ရှိလတ်,ပရမတ်အရပ်က,နေလပမာလွန်စွာထင်ရှားလှသည်ဖြစ်လေသောကြောင့် ထိုသို့အရပ်မတုံး,အရပ်မဆုံးဘဲထင်ရှားသလေခံနေ လရောင်ပမာ အရိပ်ခြင်းရာ, သမုတိသစ္စာ သတ္တဝါဟု-ထင်မြင်သမုတ်မှုကလည်းဘယ်တော့ဘယ်ခါ ဘယ်ကမ္ဘာကျလျှင် ဝိညာဏ်၏သဘော သတ္တဝါဟူသောထင်မြင်ချက်ကလည်းပျောက်ပျက်ကုန်ဆုံး လိမ့်မည်မဟုတ်ဘူးဟူ၍ အခထူးမှတ်ပါ။

အဘယ်ကြောင့်ဆိုသော်ထိုဝိညာဏ်ပရမတ်က သစ္စာနာကာရ,သဏ္ဍာကာရကိုအစွဲပြု၍ သတ္တဝါဟူသော လောကနိယာမအားဖြင့် ထင်မြင်အပ် ထင်မြင်တတ်သော အာရုံအာရမ္မဏိက သဘာဝတရားဂုက အလွန်ထင်ရှားလှသောပရမတ် ဆတ်ဆတ် သစ္စာသဘော ဖြစ်လေသောကြောင့်ပေတည်း။

ဤအရာမှာ-နေ,လ၏ အရောင်တွေ ဘယ်တော့, ဘယ်အခါမှာ ကုန်ဆုံးလိမ့်မည်နည်းဟု မေးသည်ရှိသော် နေလ

ကိုဖြေမှ, ကျေရတိသကဲ့သို့၊ ထို နေနှင့်လ တုံးမှသာ, ထိုအရောင်တွေ ကုန်ဆုံးလိမ့်မည်ဟု ဖြေရတိသကဲ့သို့ ထိုနည်းတူစွာ သတ္တဝါဟူသောအရိပ်ခြင်းရာ, သမုတိသစ္စာ ဘယ်တော့ ကုန်ဆုံးမည်နည်းဆိုသော်-နေ, လနှင့်တူသော နာမ်ရုပ်ပရမတ် အရပ်တုံးမှသာလျှင်-ပညတ်အရိပ်သော အရိပ်ခြင်းရာ သမုတိသစ္စာ သုံးလိမ့်မည်ဟု ဖြေမှသာ, ကျေနိုင်လိမ့်မည်ဟုမှတ်ပါ။ ထိုအချက်ကား-ခြောက်ဆောင်သခင်ကျေးဇူးရှင်ကြီး၏ မိန့်ခွန်းတော်စကားများပေတည်း။

ထိုသမုတိသစ္စာ, မသုံးသလောက်ခေါ်ဝေါ်ပြောဆိုမှု ဝစီသစ္စာနှင့်တကွပါပညတ်ကြေး ကိလေသာ-ဝဋ်ဘေးများကိုအထူးသဖြင့် ရှောင်ကြဉ်ရန်, ဝိရတိသစ္စာကြီးများ သည်လည်း ဘယ်တော့ဘယ်အခါမျှ, မသုံးမဆိတ်နိုင်တော့ပေ။

ဤသို့အမျိုးမျိုးခွဲခြား၍ ပြခဲ့သည့်အတိုင်း, မနောဒွါရမှာ မှန်ရိပ်ပမာနှ နာမ်စိတ်ပေါ်တဲ့ခြင်းရာမျှကို, သမုတိသစ္စာအနေဖြင့် ကြည်ရှောင်ခြင်း အမှုများကိုသာလျှင် မိရိုး, ဘလာဝမ္ဘတာအားဖြင့်ပညတ်ကိုတရုတပုံနှင့်သီးခြားအရှိထားပြီး ထင်မြင်ခွဲရှု၍နေကြသော-ကမ္ဘာသူ, ကမ္ဘာသားတို့၏ အသိများထက် ထူး၍ ကြည်ရှောင်ခြင်းကို သာလျှင် ဝိရတီသစ္စာ, ဝါ၊ ဝိရတီသီလဟု အထူးမှတ်ပါ။

**သတိ။** အရာရာမှာ ရှိသေသင့် ရှိသေထိုက်သော အရာဝတ္ထုများနှင့် ကြုံတွေ့သောခဏ၌ ကိုယ်အင်္ဂါအမူအရာအားဖြင့် ရှိသေခြင်းကို ကာယကတာဝတ် သီလ ကုသိုလ်ဟုမှတ်။ ထိုအတူနှုတ်အမူအရာအားဖြင့်ရှိသေခြင်း စသောဝစသာဝတ်ကိုလည်း သီလကုသိုလ်ဟုမှတ်။ ထို့မှတပြာ—

မနော နှိပ်ရမှစိတ်၌ လောကီသမ္မာဒိဋ္ဌိဉာဏ် ဦးစီးလျက် ထိုရှိသေမှုမှုနှင့်ပရိုက်အာရုံကိုကျက်စား၍ကျေနပ်သဘောကျကာတည်ကြည်မှုကိုလောကီကောင်ကထာသမာဓိဆိုသည်ဟုမှတ်။ ထိုသီလ, သမာဓိ ကုသိုလ်နှစ်ပါးကို, ဝိဉာဏ်မြင် သမုတိသစ္စာဆိုင်ရာ စရဏာကုသိုလ်ဆိုရသည်မှတ်။

ထိုသို့ စရဏာကုသိုလ် အမှုအရာဖြစ်ဆဲ။ ဝါ၊ ပြုဆဲခဏမှာ ပေါ်လာတဲ့ရုပ်နာမ်အနိစ္စကို ဒိဋ္ဌမြင်အောင် မနောတွင်းက ဝိပဿနာဉာဏဒဿန သာသနာတော် သမ္မာဒိဋ္ဌိဉာဏ်အလင်းဖြင့် အမှန်သိမြင်ပိုင်းခြားခြင်းကို ပညာမြင်ပရမတ္ထသစ္စာ လောကုတ္တရာနှင့်ဆိုင်ရာ မနသာဝတ်ဝိဇ္ဇာဉာဏ်မြင်ဆိုသည်ဟု အထူးမှတ်ပါလေ။

၎င်းလိုပဋ္ဌာနပွားနှင့်၌ လုပ်ငန်းစဉ်နှင့်တကွဝိပဿနာပညာမြင်နှစ်ဖြာက မပိုမသာ ချိန်ခွင်လျှာ, ပမာဏ ဘောင်ဝင် မြင်, ဘောင်ဝင်ကြည့်တတ်မှသာသမ္မာမြင်ဆိုပါ။ သို့မဟုတ် ကချော့လျှင်မိစ္ဆာ, သာလျှင်ဒိဋ္ဌိ သိကြပါလေဉာဏ်ကပေတို့ဟူ၍ တောင်ကွန်းဇမ္ဗူသောင်စွန်းအငှမှာ သူမတူနိုင်ဉာဏ်ပိုင်ဆောင်စွမ်း ကြောင်ပန်းသခင်ပဌမကျေးဇူးရှင်ကြီးဘုရားမဏ္ဍိမပဋ္ဌိပဒါဝါဒစကားကို ချထားတော်မူခဲ့လေသည်။

## (၁၄) အမေးပုစ္ဆာ ၁၅-ချက်
## "ကျက်မှတ်ရန် အတိဂဇ္ဇိရ ဆောင်ပုဒ်များ"

င။ သမုတိ, ဝစီ, ဝိရတီ၊ သုံးလီသစ္စာပြ။
၎င်းသစ္စာသုံးပါးကို သာဓကဃုတ္တိနှင့်တကွ အဖြေပေးပါ။

၂။ သမုတိသစ္စာ၊ သမုတ်ထားအမှန်၊ မနောနာမ်ဓမ္မခြင်းရာမျှ။
သမုတ်ပုံခြင်းရာနှင့်တကွ အဖြေပေးပါ။

၃။ ဝစီသစ္စာ၊ ပြောဆိုတာအမှန်၊ အသံသဘာဝရုပ်ရိပ်မျှ
ဝစီသစ္စာဖြစ်ပုံကို ယုတ္တိနှင့်တကွ အဖြေပေးပါ။

၄။ ဝိရတီသစ္စာ၊ ရှောင်ကြဉ်တာအမှန်၊ မနောနာမ်ဓမ္မ,
ကြဉ်ကိစ္စ။ ရှောင်ကြဉ်ပုံကို စရဏဝိဇ္ဇာ ခွဲယူရှင်းပြပါ။

၅။ သမ္ပတ်, သမ္မာ၊ သမုစ္ဆေဒါ၊ သုံးဖြာ ဝိရတီရ။
ဝိရတီသုံးပါးကို လုပ်နည်းစဉ်နှင့်တကွ ရှင်းပြပါ။

၆။ အာရုံရောက်လာ၊ ရှောင်ကြဉ်တာ၊ မှတ်ပါ သမ္ပတ္တ။
အာရုံရောက်ပုံရှောင်ကြဉ်ပုံကိုမြင်သာအောင်ရှင်းပြပါ။

၇။ ဝတ်ထား၍သာ၊ ရှောင်ကြဉ်တာ၊ မှတ်ပါသမာဒါန။
ဝတ်ထား၍ရှောင်ကြဉ်ပုံကို ရှင်းပြပါ။

၈။ မဂ်စိတ်ယှဉ်ခါ၊ ရှောင်ကြဉ်တာ၊ မှတ်ပါသမုစ္ဆေဒ။
မဂ်စိတ်ယှဉ်ပုံရှောင်ကြဉ်ပုံကိုအရာဝတ္ထုနှင့်တကွရှင်းပြပါ။

၉။ သမ္ပတ္တနှင့်၊ သမာဒါနာ၊ မှတ်ပါ စရဏသာ။
ဘယ်အတွက် စရဏဆိုရပါသလဲ ရှင်းပြပါ။

၁၀။ စရဏဖြစ်စဉ်၊ ဝိဉာဏ်မြင်၊ ကျင့်စဉ်သမုတိမျှ။
သမုတိသစ္စာနည်းအားဖြင့်ဘယ်လိုကျင့်ရပါမည်လဲ။

၁၁။ သမုစ္ဆေဒ၊ မဂ်ခဏ၊ ခေါ်ရဝိဇ္ဇာပါ။
ဘယ်အမြင်မျိုးကို ဝိဇ္ဇာဉာဏ်မြင်ခေါ်ရပါမည်လဲရှင်းပြပါ။

၁၂။ ဝိဇ္ဇာဖြစ်စဉ်၊ ပညာမြင်၊ ကျင့်ကြဉ်ဘိတ်မရ။
အဘယ့်ကြောင့် မကျင့်ရ မကြဉ်ရပါသလဲ ရှင်းပြပါ။

၁၃။ ဝိဉာဏ်ပညာ၊ မြင်နှစ်ဖြာ၊ ဘောင်ဝင်မြင်ရမှာ။
ဘောင်ဝင်ဖြစ်ပုံကို အလုပ်နှင့်တကွအပ်ပြပါ။

၁၄။ ဘောင်ဝင်မြင်မှ၊မဏ္ဍိမ၊ဗုဒ္ဓအလိုကျ။
ဘာကြောင့်ဗုဒ္ဓအလိုတော်ကျပါသနည်း ရှင်းပြပါ။
၁၅။ ဘောင်ဝင်မကျ၊မဂ်မရ၊ရချမှတ်ကုန်ကြ။
ဘောင်ဝင်မကျက မဂ်မရပုံကို ရှင်းပြပါ။
၁၆။ ပုစ္ဆာ ၁၁၅ ဖြေနိုင်ကြွားက၊မဂ်ကားသောတာအရိယာ
အဖြေပေးပါ၊သူတော်စွာ၊မေးသူမြင်းခြံမှာ။
နွားကူးတန်းရပ်၊မွှောရုံမြတ်နိုးကပ်ပဿမာ။
သုံးအိမ်ကျော်မှာ၊နေထိုင်ခါ၊ဝိပဿနာသင်တန်းပြ။
တပည့်ရုံညီ၊ညတိုင်းမှီ၊အလိလိနည်းယူကြ။
သံသရာလွတ်ချင်၊ သင်တန်းဝင်၊တမင်လာခဲ့ကြ။

## (၁၅) ငွေစက္ကူဥပမာ အတိဂမ္ဘီရ ကဗျာ။

ဝိညာဏ်မြင်သမုတိသစ္စာ ချိန်ခါပင်ရှုကြည့်ကြပါ။
သမုတ်တဲ့အခါမှာ ပုံဟန်ကြီးနဲ့ဖြစ်၍ပေါ်လာ။
မနောဒွါကြံခါ မှန်ရိပ်အလားသို့တွေ့ရလေတာ။
ဩော် အဟုတ်မရှိမရ သမုတ်ရှိအမှန်ပင်သာ။
ငွေစက္ကူထုံး အသုံးဝင်လေတာ။
ပေါ်ရာမှာဝိရတီဆောင်၍သာ။
သမ္ဗုဒ္ဓမျိုး ကျင့်ရိုးလမ်းစဉ်ပါ။ ။
* ဤတွင်ကျယ်အံ့စိုး၍ မှန်ရိပ်ဥပမာကို ချွင်းခဲ့အံ့။

ထိုကဗျာ၏ အဓိပ္ပါယ်အကျဉ်းဆုံး လိုရင်းကတော့ ပုဂ္ဂိုလ သဏ္ဌာန်စသော သမုတိ,ဝစီ,ဝိရတီဟူသောလောကီသစ္စာကြီး(၃)ပါး၏ သူ့ဌာနနှင့်သူတန်ဘိုးကြီးလျက် အသုံးဝင်ပုံ ဥပမာမှာ လောကဒွိအမိကပြု၍သုံးစွဲနေကြသော ဒီ-တန်

၅-တန်,၁၀-တန်,၁၀၀-တန်,၁၀၀၀-တန်စသော ငွေစက္ကူများသည် လူ့လောကကြီးမှာ သူမရှိလျှင်စားသုံးနေထိုင်၍ မဖြစ်နိုင် လောက်အောင်ပင် တန်ဘိုးကြီးလျက် အသုံးဝင်၍နေလေသည်။ သို့ရာတွင် ထိုစက္ကူထည်း၌ငွေစင်ဟူ၍ တစ ရွေးသားလောက်မျှမပါမရှိပါဘဲလျက် ငွေသားများနှင့်အလားတူ အသုံးဝင်၍နေပုံကို ဆန်းစစ်၍ ကြည့်သော် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် ငွေလဲလှယ်ရေဌာနတိုင်း၌ ငွေ၁-တန်မှ ၁၀၀၀-တန်အထိ လဲလှယ်ခွင့်ရှိသည်ဟူသော ဘဏ်ကိုယ်စားလှယ်အုပ်ချုပ်ရေးမှူးမောင်ကောင်း စံလင်းဟူသော တာဝန်ခံလက်မှတ်တံဆိပ်ရိုက်ကလေး ပါရှိ၍သာ ထိုစက္ကူများမှာငွေသားနှင့် အလားတူအသုံးဝင်၍နေသည်ဟုမှတ်။ ထိုအရာမှာ တာဝန်ခံလက်မှတ်ကသာ အသုံးဝင်လေသည်။ စက္ကူက ပစ္စည်းမကောင်းမျှသာဖြစ်သည်။ ငွေ၏အဖြစ်နဲ့အသုံးမဝင်ဘူး။ အထူးသတိထားပါ။

အကယ်၍-စက္ကူကသာ ငွေ၏အဖြစ်အသုံးဝင်သည်မှန်ပါက,တာဝန်ခံ တံဆိပ်ရိုက်မပါသော ဗလာစက္ကူနှင့် ဈေးထည်းသို့သွား၍ အရာဝတ္ထုတခုခုကိုဝယ်မိက,သည်လူဟာ ရူးသလားဟုမေးလိမ့်မည်။သို့ရာတွင် ထိုတံဆိပ်လက်မှတ်ကြောင့် ငွေ၏အဖြစ်နဲ့ အသုံးဝင်၍နေပါသော်လည်း ထိုစက္ကူမှာငွေသားဟူ၍တရွေးသားခန့်မျှမပါမရှိပေ။ထိုတွင် ငွေသားမပါသော်လည်းတံဆိပ်ကြောင့်တန်ဘိုးကြီးသျက် အသုံးဝင်၍နေတာကိုလည်းသိထားပါလေ။

ဥပမေယျဆိုသော်........ လောကမှာ ခွေး,ဝက် ကျွဲ နွား ဟု သမုတ်အပ်သော အကုသလနာနက္ခတ်ကစေတနာကမ္မ

သတ္တ္တအစွမ်းသည်-၎င်းခွေးဝက်ကျွဲနွားတိရစ္ဆာန်အစားစါး ပြိတ္တာအသူရကာယ်အစားစား ထင်မှား သမုတ်ရအောင် ထိုင်ရဲကောင်,တိရစ္ဆာန်ကောင်ပြိတ္တာအသူရကါယ်ကောင် များဟုထင်ရသော အဌကလာပ်ရုပ်ခတ်များ၏အပေါ်မှာ သတ္တာကာရ,အာနေ့ဖြင့် အုပ်စိုးပါ၍ရှိနေသော အကုသလ ကံရိုပ်ကိုအစွဲပြု၍ အပါယ်လေးပါးသတ္တဝါ အစားစားအာ နေနှင့် အသုံးဝင်၍နေလေသည်။ သတိ။ ထိုကဲ့သို့အသုံးဝင် ၍နေပါသော်လည်း ၎င်းသတ္တဝါ အစားစား ဟု ထင်မြင် အပ်သောအဌကလာပ် ရုပ်ခတ်ရှစ်ပါးကပရမတ္ထ သဘာ ဝတရားဖြစ်လေသေါကြောင့် ဘိတ်ဘိတ်မျှသတ္တဝါမဟုတ် ပေ။ ဤတွင်-၎င်းအဌကလာပ်ရုပ်ခတ်ရှစ်ပါးနှင့်တကွ နာမက္ခန္ဓာလေးပါး၊ထိုခန္ဓာငါးပါးတို့သည် ဗလာစက္ကူနှင့် တူလှသည်ဟုမှတ်။ အကုသလကံရိုပ်သည်,စံလင်း, မောင် ကောင်းဟူသော တာဝန်ခံတံဆိပ်ရိုပ်နှင့် တူသည်ဟုမှတ်။ စက္ကူထည်း၌ငွေတရွေးသားမျှမပါသော်လည်း ထိုတံဆိပ် ရိုပ်ကြောင့်သာ လောကမှာ,အစစအရာရာအသုံးဝင်၍နေ ဘိသကဲ့သို့, ဖေါ် ပြပါခန္ဓာငါးပါးထည်းမှာ အပါယ်သတ္တ ဝါဆို၍ ဆန်လွှာခြမ်းလောက်မျှမပါမရှိသော်လည်းတံဆိပ် ရိုပ်နှင့်တူသောအကုသလကံရိုပ်တံဆိပ်ရေးသွင်းမှုကြောင့် အပါယ်သတ္တဝါအနေ့နှင့်အနေနှင့် အသုံးဝင် အသုံးရဖြစ်၍ နေသည်ကို အထပ်ထပ်မှ်အောင်ကြံပါ ကြည့်ပါ,သိပါလိမ့် မည်။ ထိုသို့ဗလာစက္ကူနှင့်တူသောခန္ဓာငါးရဲ့ အပေါ်မှာ တံဆိပ်ရိုပ်နှင့် တူသော အကုသိုလ်ကံရိုပ် ပြုပြင်အုပ်စိုးမှု ကြောင့်အပါယ်သတ္တဝါအနေ့ဟူသောအာကာရမှာ,ခြေ

အမျိုးမျိုး,ချိ နား၌ရှက်အမျိုးမျိုး,အမြီးအမောက် နှုတ်သီး အစရှိသော သဏ္ဍာန်ကာရအမျိုးမျိုးထင်မှတ်၍နေရပုံကို အောက်သံသရာလောကကြီးတခုလုံးသိမ်းကျုံး၍ပြူးပြူး မြင်အောင်,နဖူးပေါ်ကို လက်တင်၍-ထင်အောင် ကြည့်ကြ ပါလေ ယောဂီတွေဘို့။

ဤသည်ကား အကုသိုလ်ကံ အကြောင်းတရားကြောင့် အကျိုး ခန္ဓာငါးပါးရဲ့ အပေါ်၌ ခွေးဝက်,ကျွဲနွား သတ္တဝါ အစားစား ထင်မြင်အပ်သော အာကာရနှင့် ထင်မြင်တတ် သော ဝိဇာနိတဗ္ဗ တရားတို့၏ အာရုံ အာရမ္မဏိက အချက် ကြီးများကို တသီးတခြားမြင်သာအောင်ဖော်ပြလိုက်သော အဓိကအချက်ကြီးများပေတည်း။

ထိုအတူ ကာမရူပ အရူပ စသောကုသိုလ်ကံအကြောင်း တရားကြောင့်ရင်း တနည်း ပါရမီမဂ်ကုသိုလ်ကြောင့်ရင်း အကျိုးတရားခန္ဓာငါးပါး၏အပေါ်မှာ ထိုထိုကုသိုလ်ကံရိပ် အရိပ်စိုးလျက် ပြုပြင်မှုသတ္တိအစွမ်းကြောင့် လူ,နတ်,ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ ဘုရားရဟန္တာအစရှိသော အမှုအရာအ မျိုးမျိုး အကျိုးတရားသက်သက် ထင်မြင်ချက်အနန္တ အာ ရုံအာရမ္မဏိက အချက်ကြီးများ ရှိကြသည့်အတွက် သိရ မည့် အချက်ကြီးများကို ပေါ့ပေါ့တန်တန် ဉာဏ်သာမန်နှင့် မတန်မရာ ဟူ၍တောင်, ခြောက်စောင်သခင် ကျေးဇူးရှင် ကြီး မိန့်မှာတော်မူခဲ့ပါသည်။ ကြိုးစား၍သာကြံကြပါလေ ဉာဏ်ကဝေတို့။

ထိုထက်အကျယ်ကိုသိလိုက ခမ္ဘသင်္ဂဟ်စသောပဋ္ဌာန်း ကျမ်းကြီးများမှာကြည့်ကြပါလေ။

ဤတွင်ငွေဆို၍တရွေးသားခန့်မျှမပါသော ဘလာစက္ကူ များသည် တာဝန်ခံတံဆိပ်နှင့်တကွ ဆေးရောင်စုံ ပန်းပုံစံ များပြည့်စုံစွာရိုက်နှိပ်ထားခြင်းကို အားလုံးသောပုဂ္ဂိုလ်ရ ဖြိမိတ်၌ ငွေစက္ကူဟုသမုတ်ခါ ကျေနပ်ဝန်ခံမှုအတွက် ငွေ မဟုတ်သော်လည်း ငွေသားနှင့်အလားတူ အသုံးဝင်၍နေ ဘိသကဲ့သို့ ထိုဘူမခြား ဘလာစက္ကူ များနှင့်တူသော အ ကျိုးတရား ခန္ဓာငါးပါး၏အပေါ်မှာ အကုသိုလ်ကံတံဆိပ် ရိုပ်နှင့်တကွ ဆေးရောင်စုံချယ်လှယ်မှုနှင့်တူသောရုပ်ရိပ်အ ခြင်းအရာများကိုထောက်၍ ခွေးဝက်ကျွဲနွား အပါယ်သတ္တ ဝါအစားစားအနေနှင့် အသုံးဝင်၍နေခြင်းသည် ဒိ တန်ငွေ စက္ကူ အသုံးဝင်၍နေသည်နှင့်တူလှဘိ၏။

ထိုမှတဖန် ၅-တန်ငွေစက္ကူနှင့်တူသောလူ့လောက,နတ် လောကကိုဧင်း၊ ၁ဝ-တန်ငွေစက္ကူနှင့်တူသော ဗြဟ္မာလော ကကြီးကိုဧင်း၊ ၁ဝဝ-တန်ငွေစက္ကူနှင့်တူသော ၂၄ သင်္ချေ နှင့် ကုဋေခြောက်ဆယ် မိုလ်ခြေတသိန်းကြွယ်သော အရိ ယာလောကကြီးများကိုဧင်း ထိုမှတဆင့်မြှင့်၍ကြည့်သော် ထောင်သောင်းသိန်းသန်း ဂဏန်းချ၍ မရနိုင်အောင် တန် ဘိုးကြီးသောငွေစက္ကူကြီးများကဲ့သို့ ပညာမိက,သဒ္ဒါမိက ဝီရိယာမိကစသောအတုလထွဋ်ဘုန်းအမြတ်ဆုံးဖြစ်တော် မူကြကုန်သော သမ္ဗာသမ္ဗုဒ္ဓ, လောကကြီးများကိုလည်း, ဉာဏ်ကုန်နှင်၍ ကြည့်ပါလေယောဂီတွေတို့။

ဤသည်ကား......ကျေးဇူးရှင်ကြောင်ပန်းဆရာတော်ဘု ရားကြီးများ၏ခြေတော်ရင်း၌ နှစ်ပေါင်း,လပေါင်းများစွာ လက်ထပ်သင်ယူအားထုတ်ခဲ့သော ကြောင်ပန်း ဩဝါဒခံ

အစစ်ပုဂ္ဂိုလ်ကြီးများ၏ ဉာဏ်စည်းဝိုင်းအတွင်းမှာ ထင်လင်းစွာသိမြင်၍နေကြသော အချက်ကြီးများကိုတိုင်းပြည်သို့တင်ပြလိုက်သော အချက်ကြီးများပေတည်း။ ဤသြဝါဒနှင့်မကိုက်ညီသော ကြောင်ပန်းအရေခြုံများကိုများများကြီးသတိထားကြပါလေ ယောဂီတွေတို့။

ထိုတွင် ဗမာများသူငါတို့ယူဆ၍နေကြသောအများသမုတိ ဝိပ္ပလ္လာသအချက်များနှင့်ဘုရားရှင် ဆုံးမတော်မူသော သမုတိသစ္စာ၊ ဝစီသစ္စာ၊ ဝိရတီသစ္စာ၊ အချက်ကြီးများနှင့်-နှိုင်းယှဉ်၍မဖြစ်နိုင်အောင် ခြားနားပုံနှင့်တကွ သစ္စာဝါဟုသမုတ်အပ်သော သစ္စာကိစ္စ ပြီးပြည့်စုံမှုခဏမှာပစ္စယသာမဂ္ဂီအားဖြင့်ထင်မှတ်သမုတ်အပ်သော ပဉ္ဇာန အကြောင်းအပဉ္ဇာနအကြောင်းရ ပြည့်စုံညီညွတ်မှုရရှိတဲ့အချိန်၌ စိတ်ဝိညာဏ်ဖြင့်သမုတ်ဝန်ခံမှု သမုတိသစ္စာဆိုင်ရာ၊ အဓိကအချက်ကြီးများကို ခြောက်စောင်တွဲ အာဘော်အကျ ဘော်ထုတ်၍ပြလိုက်ခြင်းပေတည်း။

## (၁၆) အဖွဲ့ဝင်အမျိုးသမီးများဆောင်ထားစရာ “အတိဂန္တိရဘဲရေးတောင်းကဗျာ”

သမုတိသစ္စာ သမုတ်ထားမှန်တယ်၊လက်သယ်ကြီးတွေး
စိတ်ကလေးခြယ်လှယ်၊ရုပ်နာမ်ပေါင်းရ ကြောင်းပြုခါ
ရယ်၊လုပ်ကြီခါသိနိုက်ဝယ်၊သူကျေနပ်လို့ သစ္စာထိုက်
လေတယ်။အဟုတ်မရှိကြီဘွယ်၊သမုတ်ရှိကံနယ်၊ မုသာ
လွတ်ကင်းတယ်။ဌာနမရတယ်၊ကာလအပကွယ်၊မြွှော
ရုံခေါ်ရတယ်။များဝေနေဆင်ခြင်စေဘွယ်၊နာမ်ဓမ္မ၊ကြီ

သအမှန်ရလေတယ်။ ဝိရတိဟ္ဟဉ္စတွဲကြည့်မြဲသူ နယ်။ထင်မြင်အောင်ကြည့်ကြကွယ်။ အမြင်လွဲကင်ရဲမီးတောက်လိမ့်မယ်။ အော်......ပုဂ္ဂလသစ္စာ ဝိညာဏ်ပေါ်တယ်။ ရှုစမ်းကြတကယ်။ ။

## နိဂုံးချုပ်ရန်

ကျေးဇူးရှင်ဆရာဘုရား ဗုဒ္ဓမြတ်စွာ သာသနာခေတ်မှာ သစ္စာဝါဒါရ အာကာရနဲ့ ခေတ္တယ သစ္စာကိစ္စ သိနိုင်ရန် ထိုအချက် အမြင်ခက်လှပါ။ အလွန်ပင်နက်လှပါ။ အချက်ကျစွာ စာဝမ္မကျွန် ဗမာပြန် ခါတန်တန်ညှိခါ သိစရာခြောက်စောင်ရှင်ဘုရား ထင်ရှားပြခဲ့တာ။ သုံးလောကဒီပနီအလာ ဉာဏ်အရ ကြိုဆ အမှန်ပြ၍သာ။ တပည့်များစွာ အဓိ ပွါးစရာ ကျေးဇူးရှင်ဘုရား မိန့်ကြားသုံးမပါ။ ။

## (၁၇) ဝိညာဏ်မြင် သမုတိသစ္စာနှင့် ဒိဋ္ဌိမြင်သမုတိဝိပလ္လာသခွဲပြခက်း

ဝိညာဏ်မြင် သမုတိသစ္စာဆိုသည်မှာ အထက်၌အသီးသီးဖော်ပြခဲ့သည့်အတိုင်း သမုတ်ပညတ်အပ်သော အာရုံအမျိုးမျိုးကို စွဲမှီသမှုအကြောင်းပြု၍ ဝိဓာနိတဗ္ဗနှင့်ဝိညာဏ်ဟူသော မနောဝိညာဏ်၏ ထွေထွေထူးထူးကြံသိဝန်ခံခြင်းလက္ခဏာ,ထူးမှု အရိပ်ခြင်းရာ, အာကာရ, ကိုသာလျှင်ဝိညာဏ်မြင်သမုတိသစ္စာလို့ စကားကိရိယာဖြင့်ပြောဆိုရသည်ဟုမှတ်ပါလေ။ ထိုဝိညာဏ်မြင်သမုတိသစ္စာအနေနှင့် ပုဂ္ဂိုလ်,သတ္တဝါ ယောက်ျား,မိန်းမ အသက်ဇီဝရှိသည် ဟုသုံးနှုန်း ပြောဆိုရုံမျှဖြင့် မှသား, အကုသိုလ်လည်းမဖြစ်, ကြားရာ, ဝါရလည်းမရောက်ဟု မှချမှတ်ပါ။ ဘယ်အ

တွက်ဆိုသော် အရိယာသာဝကအပေါင်းတို့အပေါ်၌ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် ပါဠိလို ဘိက္ခဝေ,ဟူ၍၎င်း မြန်မာလို ငါ၏ချစ်သားရဟန်းများတို့ ဟူ၍၎င်း ခေါ်ဝေါ် သုံးစွဲတော်မူခြင်းများကိုထောက်ဆသောအားဖြင့် ဝိညာဏ်မြင် သမုတိသစ္စာအနေဖြင့် ပုဂ္ဂိုလ်သတ္တဝါ ငါ လင် ငါ့သား ငါ့မယားအနေနှင့်ပြောဆိုရုံမျှဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသ မဖြစ်ပုံကို ယုံကြည်သင့်လှ၏။

တနည်းအားဖြင့် ထောက်ချင့်စရာ ပုံသက်သေမှာ (၇) နှစ်သွီးက သောတာပန်အရိယာဖြစ်သော ဝိသာခါကျောင်းအမကြီးသည် အိုးအိမ်ထောင်ကျတဲ့အခါမှာ သားတကျိပ် သွီးတကျိပ်, မြေး ၄၀၀, မြစ် ၈၀၀၀,နှင့်တကွ ငါ့သား ငါ့သွီး ငါ့မြေး ငါ့မြစ်ဟု ဝိညာဏ်မြင် သမုတိသစ္စာအနေဖြင့် အမြဲခေါ်ဝေါ်သုံးစွဲ၍နေပုံကို ထောက်ဆ၍ ကြည့်ခြင်းအားဖြင့် လယ်ပြင်မှာဆင်သွားသလိုအလွန်ပင်ထင်ရှားပေသည်။

ဒိဋ္ဌိမြင် သမုတိဝိပ္ပလ္လာသဆိုသည်မှာ ဘုရားအရိယာသူတော်စဉ်တို့၏ သိမြင်သုံးစွဲတော်မူကြသော ဝိညာဉ်မြင် သမုတိသစ္စာကြီး၏ ခမ်းနားကြီးကျယ်ပုံကို, အန္ဓဗာလ ပုထုဇဉ် လူမိုက်တို့ မသိမမြင်သောအားဖြင့် "ရုပ်အတ္တဲ့တော့ သမနုပဿတိ"အရ ပထဝီစသောရုပ်ကလာပ်စုကိုပုဂ္ဂိုလ်သတ္တဝါ အတ္တ ဇီဝပြုလျက်သက္ကာယဒိဋ္ဌိစွဲသမ်းချက်အတိုင်း ဗဟိဒ္ဓ၌ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝ စသော သမုတိပညတ်များကိုတသီးတခြားအရှိထားခါ ဖေါက်ပြန်မှားယွင်းလျက် ထင်လွဲစွဲယူသောအမှုများကို ဒိဋ္ဌိမြင် သမုတိဝိပ္ပလ္လာသ ဟု ဆိုသည်မှတ်လေ။

# (၁၈) သေနကအမတ်နှင့် မဟောသဓာတို့၏ဥပမာ

ဥပမာ။ ဝိဒေဟရာဇ် မင်းကြီး၏ မင်္ဂလာရေကန် အနီး၌ရှိသော ထန်းပင်ထက်ဖျား ငှက်သိုက်အကြား၌ ပြည်တန်သောပတ္တမြားကို တကောင်သောငှက်ချီ၍ချထားလေရာ ၎င်းပတ္တမြား၏အရောင်နှင့် ကန်တွင်းရှိရေအကြည်တို့နှစ်လီပေါင်းစပ်မိကြရာ ထိုရေကန်တခုလုံးပင်ရဲရဲတောက်ပြောင်ဝင်းလျက် တောက်လင်း၍ နေသည်ကို ဝိဒေဟရာဇ်မင်းကြီးမြင်လေရာ ၎င်းရေကန်ထဲမှာအရောင်နှင့်ရဲရဲပြည်တန်သော ပတ္တမြားခဲရှိသည်ဟု ထင်မှတ်ခါ အပါးတော်မြဲသေနက အမတ်ကိုခေါ်တော်မူ၍ ရေကန်တွင်းရှိ ပတ္တမြားရတနာကို ရှာဖွေခါအမြန်ဆက်ရမည်ဟုအမိန့်တော်ရှိလေရာ သေနကအမတ်မိုက်သည် ဗူးစမ်းဆင်ခြင်နိုင်းစာသောဉာဏ်အမြင်မရှိသဖြင့် ကိုင်းသူပြည်သား ဆင်းရဲသားခမြာတွေကို ခါမသွေဆင့်ခေါ်လျက် ရုတ်တရက်မြန်းစွာ ထိုရေကန်တွင်းရှိတဲ့ ပတ္တမြားရတနာကို ငုပ်လျှိုးခါရှာဖွေကြရမည်ဟု စေခိုင်းလေရာ မဆိုင်းမြန်စွာ ဖတ်ဖတ်ဆာအောင်ဆင်းသက်ခါ ရှာဖွေကြပါသော်လည်း ပတ္တမြားရတနာမတွေ့ကြောင်းကို ပြန်ပြောင်း၍ ပြောဆိုကြရာ အမတ်မိုက်သေနက,က ကန်တွင်းရှိရေတွေကို အကုန်ပက်ပြီးရက်၍ပင်ရှာရမည်ဟု တလီစေခိုင်းသဖြင့် မဆိုင်းတဲ့ရေတွေကိုအကုန်ပက်လျက် ဆင်းသက်၍ ခက်ခဲစွာ ရှာဖွေကြပြန်ပါသော်လည်း ပတ္တမြားရတနာမတွေ့ကြောင်း ထပ်လောင်း၍ပြောကြပြန်ရာ ဆင်းရဲသားထိုခမြာတို့အား ၎င်းရေတွေ

ကိုကန်တွင်းသို့သာ ပြန်၍လောင်းစေလျက် စောင့်ငဲ့ခါသာ နေကြစေဟုအမိန့်ချခါ သေနကာအမတ်ခမြာသည် ဝိဒေဟ ရာဇ်ရာဇာသို့ ပတ္တမြားရတနာ ဘယ်လိုပင်ရှာသော်လည်း ဘယ်နည်းနှင့်မျှမတွေ့ရှိကြောင်းကို ပြန်ဖြောင်း၍သံတော် ဦးတင်လေရာ ဝိဒေဟရာဇ်မဟာဇာသည် စွေ့စိတ်တော်မသာ ယာဘဲရှိလေသော် ရက်တရက်အကြိမ်ပေါ်လျက် သားတော် ချစ်မဟောသဓါကိုရှာဖွေခေါ်ငင်၍ရေကန်တွင်းရှိပတ္တမြား ရတနာကို ငါ၏သားတော်သည်သာလျှင်ဆက်သနိုင်ရန်အ ကြောင်းရှိသည်ဟုသိမြင်လျက် သားတော်မဟောသဓါကို စေခိုင်းတော်မူလေရာ, ပညာရှိ မဟောသဓါသည် ထို ရေ ကန်သို့သွားရောက်ခါကြည့်ရှုဆင်ခြင်လေရာ ရေကန်ဘေး ဝယ် ထန်းပင်ထက်ဖျား၌ကျီးသိုက်ကြားမှာရှိသော ပတ္တမြား ရောင်က ထိုရေကန်တွင်းမှာတောက်ပြောင်၍နေသောခြင်း ရာကို ထင်လင်းစွာသိရှိလေရာ ထို ထန်းပင်ထက်သို့ တက် ရောက်ခါ ကျီးသိုက်အကြားရှိ ပတ္တမြားရတနာကို ယူခါ မနှေးလွယ်ကူစွာမင်းကြီးလက်သို့ဆက်ပေးလေရာ ခမည်း တော်ရာဇာ၏ စွေ့စိတ်တော်မှာဇလျက် တိုင်းပြည်ရှိဆင်းရဲ သားခမြာတို့ပါ ဆင်းရဲပင်ပန်းစွာ ပတ္တမြားရှာဖွေရန်ဒုက္ခ ဘေးမှ လွတ်ငြိမ်းကြပေကုန်၏။

ဤ ဥပမာအရပ်ရပ်ကို ဥပမေယျ ဟပ်၍ ပြသော် ရေ ကန်ကြီးနှင့် (၃၁)ဘုံဌာနကြီးနှင့်တူလှ၏။ ထိုရေကန်တွင်း ရှိရေတွေနှင့် ပထဝီစသော ရုပ်ကလာပ်များနှင့် တူလှ၏။ ၎င်းရေတွေ ပေါင်းစပ်ဗဝေးမှုမျှဖြစ်သော ရေပြင်ကြီးနှင့် ရုပ် ခန္ဓာတို့၏ အပေါင်းအစုဖြစ်သော သဏ္ဌာနကာရဟူ

သော ပဋ္ဌမရုပ်ရိပ်နှင့် မခြားတူ၏။ ပတ္တမြားရထနာနှင့် မ နောဝိညာဉ် နာမ်တရားတူသည်။ ၎င်း နာမ်တရား၏ ကြံစီ ဖန်ဆင်းသော နာမ်ရိပ်, နာမ်ခြင်းရာနှင့် ပတ္တမြားမှ ထွက် သောအရောင်များနှင့်တူလှပေ၏။ ဈါတွင်ကျောက်မှထွက် သောအရောင်နှင့် ကန်တွင်းရှိရေအကြည်ပြင်တို့ပေါင်းဆုံ မိကြ၍ ထိုကန်တွင်း၌ တောက်ပြောင်ခါ အရောင်တွေဖြာ လျက် နေသည်ကိုမသိသဖြင့်, ၎င်းရေထဲမှာဘဲ ပတ္တမြားခဲ ကြီး ကြေနရှိသည် ဟု သေနကစသော တိုင်းသူပြည်သား တွေ၏စိတ်မှာ ထင်မှားစရာကြီး ဖြစ်ပေါ်နေသည်နှင့်မခြား စက္ခုစသောဒွါရ(၆)ပါးမှာ ရုပ်ရိပ်,နာမ်ရိပ်,ကံရိပ်ဟူသော အရိပ်သုံးပါးပေါင်းဆုံ၍ နေကြသည်ကိုမသိသဖြင့် အန္ဓပု ထုဇန် တို့၏စိတ်၌ ပုဂ္ဂိုလ်,သတ္တဝါ, အတ္တ,ဇီဝလို့ ပြောပြစ ရာရုပ်နာမ်မှအပ သီးခြားရှိသည်ဟု ထင်မှတ်၍နေသည်နှင့် လွန်စွာတူလှ၏။

ထန်းပင် ထက်ဖျားမှာ တည်ရှိသော ကျောက်၏ အရောင် ရေပြင်ပေါ်မှာ ကျရောက်နေသည်ကို မသိမူ၍, ထို ရေကန် တွင်းမှာ ကျောက်ပတ္တမြားရှိ၍သာ အရောင်တွေတောက် ဖြာ၍ နေသည်ဟု အထင်မှား၍နေသော သေနက အမတ် ရိက်၏အထင်အမြင်လွဲ၍နေသည်နှင့် ရူပါရုံစသောရုပ်နာမ် ခန္ဓာ ငါးတ်သစ္စာတရားများကို သူ့ပင်ကိုယ်အတိုင်းမသိမ မြင်မူ၍ ပုဂ္ဂိုလ် သတ္တဝါ အတ္တ,ဇီဝဟုထင်မှတ်ခါဒိဋ္ဌိမြင် သ မုတိဝိပ္ပလ္လာသ ဖြစ်၍နေသည်နှင့် တူလှပေ၏။

ထို ဒိဋ္ဌိမြင် သမုတိ ဝိပ္ပလ္လာသအဘိုင်း သုခဟူ၍ မြှုမ ဘက် ပုဂ္ဂိုလ်သတ္တဝါနှင့် မရောယှက်သော ဝဋ်ဒုက္ခ သံသ

ရာကြီးထဲ၌ ခံစားတတ်သောပုဂ္ဂိုလ်သတ္တဝါနှင့် ခံစားအပ်
သောအကောင်းသုခ သဘောရှိသည်ဟု ထင်မှတ်ခါ ပဋ္ဌာ
ဖြားရတနာ၏အနှစ်သာရနှင့်တူသော နိဗ္ဗာန်တရားထူးတ
ရားမြတ်ကြီးကိုကာလမရွေးသန္တိဗြိုဟ်ကအခနေနှင့်ရရှိနိုင်သော
သာသနာတော်အခါမြတ်ကြီးအတွင်းမှာတောင် ဆယ်ဖြာ
ပုညအာနေဥဟူသော ဝဋ်ကိဘိရတ စရဏဟုသိုလ်လောက်
ကိုသာလမ်းပြခါ၊ လူ့ရွာနတ်ပြမ်း စည်းစိမ်သွမ်းကို ချမ်း
သာအဘိ အထင်ငြိသျက် ဆုတောင်းကလေးနှင့်ပြောက်ခါ
ပင့်ခါသွေးဆောင်သွယ်ဝိုက်ခါ ဝဋ်ကံကိုသာဈေးမြှင့်လျက်
ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်များကိုဈေးချခါ၊ ဒါန
သီလ ပြုလုပ်ဆောက်တည်၍ နေကြသော အန္ဓပုထုဇဉ် ခ
ဖြာတွေကို မဂ်ဖိုလ်နိဗ္ဗာန်လမ်းအမှန်ကိုမပြမူ၍ လေးဝအာ
သဝေါ ရေယဉ်ကျောသို့သာ မျှောခါမြှုတ်ခါ သံသရာထဲ
ကိုသာ လမ်းပြမှားနေသော ရှေ့ဆောင် ပုဂ္ဂိုလ်များသည်
သေနကအမတ်မိုက်နှင့်မခြား တူလှ၏ဟုသိပါလေ။

ဤတွင် ပဋ္ဌာဖြားရတနာကို ယူခါမနှေး အလွယ်တကူ
နှင့် ဆက်ပေးနိုင်သော သားတော် မဟောသဓါနှင့် လော
က၌ ဒါန သီလပြုလုပ်ဆောက်တည်ဆဲခဏမှာ ပဋ္ဌာဖြား၏
အဆီအနှစ်နှင့်တူသော နိဗ္ဗာန်ဆိုတာ ဟောတာဘဲ ဟု စိ
နိဗ္ဗာယချခါ သန္တိဗြိုဟ်က၊ အကာလိကဂုဏ်နဲ့ ကိုက်ညီအောင်
ဟောပြဆုံးမနိုင်သော အရိယာအပေါင်း သူတော်ကောင်း
ကြီးများနှင့်မခြား တူ၏ဟု မှတ်လေ။ ရေကန်တွင်းမှာ ဖတ်
ဖတ်ဆာအောင် ပဋ္ဌာဖြားရှာ၍ နေကြရှာသော ပြည်သူ
ဆင်းရဲသားများနှင့် ဟိုဘဝရန်းနိုး၊ သည်ဘဝရန်းနိုးနှင့်

နိဗ္ဗာန်အရှာလွဲ၍နေကြသော အန္တဗာသပုထုဇဉ်များနှင့်တူ လှပေ၏။ ဤဥပမာနှင့်ဥပမေယျကို......

ကတမာစဘိက္ခဝေမိစ္ဆာပဋိပဒါ

အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ။

ဟူသော မိစ္ဆာပဋိပဒါသုတ်နှင့်တကွ .....

ကတမာစဘိက္ခဝေ သမ္မာပဋိပဒါ အဝိဇ္ဇာယတွေဝ

အသေသဝိရာဂနိရောဓာ၊ ဝိရာဂနိရောဓါ

သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓါ။

ဟူသောသမ္မာပဋိပဒါသုတ်ခြောက်စောင်ညာကိုဖ-၅ ခေါက်မျှ ပေါက်အောင်ကြိ၍ ကြည့်ပါ၊ ရိပ်မိပါလိမ့်မည်။ လောကကြီး၌ သေနကအမတ်တွေအလွန်ဘဲပေါများ၍နေ သည့်, မြတ်ယောဂီ၊ အထူးဘဲသတိထားပါလေ။

## " ကျက်မှတ်စရာ သခ်ေပ ကဗျာ "

ရုပ်နှင့်နာမ်ဓါတ်သားသိစရာ၊ ထင်ရှားခဲ့တာမြင်ရာမှာ၊ ပညာဘ်ရောင်အရှိမ်ဖုံးလို့၊အတုံး စာနထင်လာပြန်တယ်၊ သ မုတ်ခေါ်စရာ နာမ်ရှိင်ဖြစ်ထား၊ ဥပမာပုံကို ဆောင်ပြမယ်၊ ထန်းပင်ပေါ် ၄က်သိုက်ကြားက ပစ္ဆမြားရောင် ရေကန် တွင်းမှာထင်လင်းစွာပေါ်ခါနေတော့တယ်၊ ပြြာ်......တွေး ချက်ကချော်လေတယ်၊ သုံးဒေါင့်ညာဏ်မှန်ကွက်မကျတဲ့အ ရိက်ဗာလ, သေနက နှိပ်စက်တယ်၊ မင်းမဟောင် ညာဏ်နှင့် ကယ်ရှာတယ်။

ထိုလက်ာ၌သုံးဒေါင့်ညာဏ်ဟုဆိုသည်မှာ ရုပ်တပုံ,နာမ် တပုံ အကြောင်းကင်းသော အပစ္စယ အသင်္ခတ ကာလဝိ မုတ်ဖြစ်သော သမုတိပညတ်ကို တပုံ တခြားထား၍ ထင်

မြင် ပြောဟောနေကြသော အမြင်များကို မှန်ကွက်မကျ သောသုံးဒေါင့်ဉာဏ် ဆိုလိုသည်ဟုမှတ်။ မှန်ကွက်ဆို သည်မှာ ရုပ်ရိပ်ကို အစွဲပြုသျှက် နာမ်ရိပ်,နာမ်ခြင်းရာမျှကို သာပရိကပ္ပသိဒ္ဓိစသော သမုတိအနက်ဟု, စကားကြီးယာ ဖြင့်သာ ထည့်သွင်းပြောဆိုမှုမျှသာ အမှန်ရသည်ဖြစ်၍ ထို နာမ်ရုပ်-တရားနှစ်ပါးမှ တသီးတခြားထား၍ ပညတ် သမု တိ,ပြောစရာ မြင်စရာမရှိ ဟု သိမြင်ခြင်းကိုသာ မှန်ကွက် ကျအောင်မြင်ခြင်းဟုဆိုလိုသည်မှတ်ပါ။

## (၁၉) သမုတိသစ္စာသည် ပရမတ္ထသစ္စာနှင့် အလစ်းတူတန်ဘိုးရှိပုံ

သမ္မာသမ္ဗုဒ္ဓ,အလောင်းတော်ကြီးသုံးပါးရှိရာဝိညာဉ် မြင်သမုတိသစ္စာအလိုအါးဖြင့်ပညာဓိကဘုရားအလောင်း တော်သည်၄-သင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီတော်ကိုဖြည့် ကျင့် တော်မူရသည်။ သဒ္ဓါဓိက ဘုရားအလောင်းတော် သည် ၈ သင်္ချေနှင့်ကမ္ဘာဘသိန်းပါရမီတော် ကိုဖြည့်ကျင့်ရ သည်။ ဝိရိယာဓိကဘုရားအလောင်းတော်သည် ၁၆-သင်္ချေ နှင့် ကမ္ဘာတသိန်း သင်္ချေ၂၀နှင့်ကမ္ဘာတသိန်းစသော ပါ ရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်တော် မူမှသာလျှင် ရဝ,သုဘ,သုခ,အတ္တ နိမိတ်တွေ ပျောက်သုံး သော သစ္စာလေးပါး,ဓမ္မာမိဋ္ဌာန် ဘုရားကို အရဟတ္တမဂ် ဖြူဉာဏ်တော်ဖြင့် ထင်လင်းစွာ သိမြင်တော် မူကြမှသာ- သမုဘိသစ္စာအရ,ဗုဒ္ဓဟူသောဘွဲ့ထူးကို ခံယူတော်မူနိုင်ကြ

လေသည်။ ထိုအတူ-ရှင်ပဋေ္စကဗုဒ္ဓါနှင့်တကွ အဂ္ဂသာဝက မဟာသာဝက အလောင်းတော်ကြီးများလည်း ၂ သင်္ချေနှင့်ကမ္ဘာတသိန်း, တသင်္ချေနှင့်ကမ္ဘာတသိန်းစသည်ဖြင့်ပါရမီတော်ကို ဖြည့်ကျင့်မှသာ အသီးသီးသော ဘွဲ့ထူးတို့ကို-ကိုယ်စီကိုယ်ငှ ရရှိတော်မူကြလေသည်။

ဤအရာ၌အထူးသတိထားစရာမှာ........ရှင်တော် ဂေါတမ၏ သာသနာမှာ ရှေးဦးစွာ အရိယာဖြစ်သော အရှင်ကောဏ္ဍညစသော ပဉ္စဝဂ္ဂီငါးဦးထဲကတပါးမျှ အဂ္ဂသာဝကဘွဲ့ထူးများကို ပါရမီဆုထူးမပါသဖြင့် မရကြလေကုန်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည်သာလျှင် အဂ္ဂသာဝကဘွဲ့ထူးများကို ဆွတ်ခူးနိုင်ကြလေသည်။ ထိုပုဂ္ဂိုလ်ကြီး ၂ ပါးတောင်မှ ရှင်သာရိပုတ္တက, ပညာ့အရာမှာ ဧတဒဂ်, ရှင်မောဂ္ဂလာန်က တန်ခိုးအရာမှာဧတဒဂ် သူ့ပါရမီနှင့်သူသာလျှင် ရရှိတော်မူကြလေသည်။

ထို့အတူ ရှင်သိဝလိထေရ်က လာဘ်အရာမှာ ဧတဒဂ်အနာမဲ့ရှင်ဗာကုလ, အဆင်းလှရှင်ကစ္စည်းစသည်ဖြင့် အသီးသီးဘွဲ့ထူးကိုရရှိကြလေသည်။ အဲဒါလို-ပါရမီလမ်းကြီးများသည်ပိဋကတ်မြင်သမုတိသစ္စာကြီး၏အစွမ်းသတ္တိကြီးများပေတည်း။

**သတိ။** ပကတိသာဝကများမှာ-လှေကြုံစီး, လှည်းကြုံစီးများဖြစ်ကြ၍ ပါရမီဖြည့်ကျင့်စရာ နှစ်ပရိစ္ဆေဒအပိုင်းအခြားမရှိဟုမှတ်ပါ။

ထိုကြောင့်.....တည်း သမုတိ သစ္စေ၊ ထိုသမုတိသစ္စာ၌။ ဌတွာ၊ တည်၍။ သမ္မာပဋိပတ္တိံ၊ ကောင်းစွာ ကျင့်ကြံကြ

ကုန်သော,သူတို့သည်။ သဗ္ဗလောကိယ သမ္ပတ္တိယော၊ အလုံးစုံသော လောကီစည်းစိမ်ချမ်းသာတို့ကိုငှင်း။ တံတံဗောဓိသမ္ဘာရဓမ္မေစ၊ ထိုထိုဗောဓိအဆောက်အဦးဖြစ်တဲ့ ဒါနသီလ စသည့်အပြားတရားအပေါင်းတို့သည်ငှင်း။ အာရာဓေန္တိ၊ ပြီးဆုံးစေကုန်၏။ မိစ္ဆာပဋိပန္နကာ၊ ဖေါက်ပြန်စွာကျင့်ကြံပြောဟောကြကုန်သော ပုဂ္ဂိုလ်တို့သည်။ အပါယပူရကာ၊ အပါယ်လေးရွာ၌သားပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဟိ သစ္စံ၊ မှန်၏။ သမုတိသစ္စံ၊ သမုတိသစ္စာသည်။ ဧဝံမဟန္တံ၊ ဤမျှလောက်ကြီးကျယ်၏။ ဣတိ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟု ခြောက်စောင်သခင်ကျေးဇူးရှင်ကြီးမိန့်မှာတော်မူ၏ ဟု မှတ်လေ။

## သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ

"သူ့ဌာနနှင့် သူ့တန်ဘိုးတူမျှပုံ-ဥပမာ"

**ဥပမာ။** နီလာမြသားပတ္တမြားစိန်ကျောက်များကိုရောင်းဝယ်ရေးပြုသောအခါမှာ ရောင်းသူနှင့် ဝယ်ယူသူတို့သည်ငှင်းကျောက်များကိုသဘောတူ,ရာဖြတ်သမား၏လက်သို့တန်ဘိုး,ဖြတ်ပေးရန် အပ်နှင်းကြရ၏။ ထို ရာဖြတ်ဆရာသည် တရတီကိုမည်မျှအဘိုးတန်သည်ဟု ရာဖြတ်တဲ့အခါမှာ ထိုကျောက်များ၏အရည်အရောင်ကို ပိပိကြည့်၍သာတန်ဘိုးဖြတ်ရလေ၏။

**သတိထား။** ရာဖြတ်တဲ့အခါမှာ ကျောက်ကိုကြည့်ပြီးတန်ဘိုးဖြတ်လို့မဖြစ်ဘူးဟုမှတ်။ အဘယ်ကြောင့်ဆိုသော်အရောင်သည် ကျောက်မဟုတ်၊ ကျောက်သည်အရောင်မ

ဟုတ်သောကြောင့်ပေတည်း။ အကယ်၍ ကျောက်ကိုသာ တန်ဘိုးဖြတ်၍ဖြစ်လျှင်ရှင်မတောင်နှင့်ပုပ္ပါးတောင်ကြီးများ ကကျောက်တွေဟာ တန်ဘိုးများ၍နေကုန်မှာပေါ့။ သို့ဖြစ်၍ အရည်အရောင်အနှစ်သာရနှင့်ပြည့်စုံသော မိုးကုတ်က တွင်းထွက် ကျောက်များကိုသာ အရည်အရောင်ကြည့်၍ တရတီလျှင် ၁၀၀ိ, ၂၀၀ိ, ၃၀၀ိ စသည်ဖြင့်တန်ဘိုးဖြတ်ရ လေသည်ဟုမှတ်။ ဤဘွင်ကျောက်နှင့်အရောင်သည် အတူ လည်းမဟုတ်။ တခြားလည်းမရှိတာကို သိထားပါလေ။

**အထူးသတိထား**။ ဤလိုအရောင်ကိုကြည့်ပြီး တန်ဘိုး ဖြတ်တဲ့ခါမှာ ကျောက်သည်အသုံးမဝင်, အသုံးမရ ဟု မှတ်။ ထိုသို့တရတီကို ၁၀၀ိ, ၂၀၀ိ, ၃၀၀ိ စသည်ဖြင့် တန် ဘိုးဖြတ်ပြီး၍ ရတီချိန်မည်မျှရှိသည်ဟုသိနိုင်ရန် ချိန်ခွင်ထဲ သို့ထည့်၍ချိန်သောအခါမှာ ကျောက်ကိုသာချိန်၍ဖြစ်သည် အရောင်ကို ချိန်တွယ်လို့ မဖြစ်ဟုမှတ်။ သို့ဖြစ်၍ ချိန်တွယ် သောခါမှာ အရောင်သည်အသုံးမဝင် အသုံးမရဟု အ ထူးမှတ်ပါလေ။

ဥပမာနှင့် ဥပမေယျ ဟပ်၍ကြည့်သော် ကျောက်၏အ ရောင်သည် ဝိညာဏ်မြင် သမုတိ သစ္စာနှင့် တူ၏။ ရာဖြတ်သ မားသည် ဝိညာဏက္ခန္ဓာနာမ်တရားနှင့်တူ၏။ ထိုထိုကျောက် တို့၏ အရောင်အမျိုးမျိုးတို့ကိုကြည့်၍ တန်ဘိုးဖြတ်ရသည် နှင့် အကုသိုလ်ကံပြုပြင်ဆောက်လုပ်သောခန္ဓာမှာ ထင်မြင် သမုတ်အပ်သော ကံရုပ်, နာမ်ရုပ်, ချပ်ရုပ်ဟူသော အမူအ ရာအာကာရကိုအစွဲပြု၍ ခွေး, ဝက်, ကြွက်, နွား ငှဲ့သားအဖြာ ဖြာ အပါယ်လေးရွာဟု ထင်မှတ်သမုတ်သည်နှင့်တူ၏။ ထို

အတူ ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ကမ္ဘာသတ္တဝါပြည့်ပြင်သော ကံရိပ်,ရုပ်ရိပ်,နာမ်ရိပ်အခြင်းအရာ ဓာတ်သဘောနာနတ္တ အမူအရာအမျိုးမျိုးကိုအစွဲပြု၍မိန့်မ ယောကျ်ား သိလရှင် ဘိုးသူတော် ရသေ့ ရဟန်း ရဟန္တာ ဘုရားစသဖြင့်, ကံရိပ်၏အနွံ့ အထက်နှင့်တကွထိုကံတို့ကိုအားထုတ်မှုကြောင့်ကြမှုစသော သတ္တကိစ္စဗျာပါရရကိုထောက်၍ အမျိုးမျိုးသမုတ်ရသည်နှင့်တူလှပေတော့၏။

**သတိ။** အရောင်ကိုကြည့်၍ တန့်ဘိုး,ဖြတ်သောအခါမှာ ကျောက်သည်အသုံးမဝင်အသုံးမရသကဲ့သို့ ကံစသော အရိပ်သုံးပါးကိုထောက်၍ ဝိညာဏ်၏ သမုတ်ဝန်ခံမှု သမုတိသစ္စာအရ ဂုဏ်ဒုဏ် ဝယာဒုဏ်အားဖြင့် စိတ်ကြိုက်ဆင်အတိုင်း ရှိသေချင့်သုံးတဲ့အခါမှာ ကျောက်နှင့်တူသော ပရမတ်သည် အသုံးမဝင်အသုံးမရဟုမှတ်လေ။

အဘယ်ကြောင့်ဆိုသော် ပရမတ္ထသစ္စာထဲမှာ ရှိသေစရာ မရှိသေစရာ ကျင့်စရာကြံစရာ ပုဂ္ဂိုလ်သတ္တဝါဘ မပါမရှိ သေသောကြောင့်ပေတည်း။ ထိုမှတပန် ရတီအမှန်ကိုသိလို၍ ချိန်တွယ်သောအခါမှာလည်း အရောင်ကိုချိန်တွယ်လို့မဖြစ် ကျောက်ကိုသာချိန်တွယ်၍ဖြစ်ဘိသကဲ့သို့ ပရိညာချိန်ခွင်နှင့် ဝိပဿနာ ဆင်ခြင်သောခါမှာ သမုတိသစ္စာသည် ပရမတ္ထသစ္စာနှင့်ဆက နသဗ္ဗ၊သစ္စာမည်တော့သည်ဖြစ်လေသောကြောင့် ထိုသမုတိသစ္စာကို ဝိပဿနာအရာမှာအသုံးမဝင်လေတော့သဖြင့် ထည့်သွင်း၍ မစဉ်းစားရ။ ပြောဟောဆွေးနွေးတဲ့ နေရာမှာလည်း သစ္စာနှစ်ပါး ရောစပ်၍ ကြောင်ပန်းလမ်းစဉ်အရပြောလည်းမပြောရ ဟော

လည်းမဟောရ, ရှုလည်းမရှုရဟု, ကြောင်ပန်း ဩဝါဒခံ ပုဂ္ဂိုလ် မှန်က အထူး သတိထားပါလေ။ အကယ်၍ ပြောဟော ယူဆခဲ့သော် ကြောင်ပန်းအရေခြုံ အချောင်သမားဟု ယောဂီအားလုံး သိမှတ်၍ထားပါလေ။

## ဆောင်ထားစရာ အတိဂမ္ဘီရ တေးထပ်

သစ္စာဉာဏ်သိုနှစ်ခု၊ ဖြစ်မှုတဲ့ဆန့်ကျင်။ မိဉာဏ်ရဲ့ဖြစ်
စဉ်ငယ်။ ပညတ် သွင်ပြင်မြဲ။ ပွားရှုက ခတ်အစဉ်ရယ်။
ပညတ်ထင်ပျောက်ရမလွဲ။သမုတိမှန်သစ္စာငယ်။ဝစီမှာ ခေါ်
မြဲ။သဘာဝါ ဟုတ်ဘဲမို့ စိတ်ထဲကအထင်။မုသာဝါ လွတ်
ရုံမျှ။ ကျင့်ကိစ္စ သူနှင့်သာပင်။ သိကိစ္စ ထွက်လမ်းစဉ်မှာ။
ဆန့်ကျင်အောင် ခြင်တတ်မှ။ထင်ပညတ်ကျင့်သစ္စာ။မဂ်နှင့်
ဗိလာ။။ သုညတ,မှုအရာမှာ။လူမပါ ရှုစမ်းကြလေး။ ။

## (၂၀) တနည်း သဘာသိဒ္ဓ ပရိကပ္ပသိဒ္ဓ အရပြဦးမည်

ယော ပန အတ္တနော လက္ခဏေန ဝိဇ္ဇမာနေနာယေဝ န ဟောတိ၊ဝိဇ္ဇမာနသဿပန အတ္တသာ နာနာပဝတ္တိ အာကာရေ ဥပါဒါယ ဝိတ္တေန ပရိကပ္ပေတွာ သ ဝိဂ္ဂဟံ ကတွာ ဂဟိတော ဝိတ္တမယော ဝိတ္တနိမ္မိတော ဟုတွာ ဝိတ္တေဝေ ဥပလဗ္ဘမာ နောဟောတိ။ သော သတ္တ ပုဂ္ဂလာဒိကော အတ္တော ပရိကပ္ပသိဒ္ဓေါနာမ။

(ပရမတ္ထဒီပနီ ဋီကာကြီး လယ်တီဆရာတော်)

ပန၊သဘာဝသိဒ္ဓမှတပါး ပရိကပ္ပသိဒ္ဓသဘောတရားကို ဆိုဦးအံ့။ သတ္တပုဂ္ဂလာဒိကော၊ သတ္တဝါပုဂ္ဂိုလ်အစရှိသော

ယောအတ္ထော၊အကြွင်ပညတ်အနက်သဘောါတရားသည်။ အတ္တနော၊ မိမိ၏။ လက္ခဏေန၊ လက္ခဏာအားဖြင့်။ ဝိဇ္ဇမာနေ၊ ပရမတ်ကဲ့သို့ ထင်ရှားစွာကေန် အမှန်ရှိနိုင်သည်။ နုပလဗ္ဘတိယေဝ၊ မရှိနိုင်,မဟုတ်နိုင်သည်သာလျှင်တည်း။ ပနု၊ စင်စစ်ဧကေန် အမှန်သော်ကား။ ဝိဇ္ဇမာနသာ၊ အဟုတ်အမှန်ထင်ရှားရှိသော။ အတ္ထသာ၊ ပရမတ်အနက် သဘောတရား၏။ နာနာပဝတ္တိ အာကာရေ၊ အထူးထူးသော ဖြစ်ခြင်းအမူအရာတို့ကို။ ဥပါဒါယ၊ ထောက်ဆစွဲမှုအကြောင်းပြု၍။ စိန္တေနု၊ မနောဝိညာဏ်စိတ်ဖြင့်။ ပရိကပ္ပေတွာ၊ လုပ်ကြံဘန်ဆင်း၍။သ ဝိဂ္ဂတံ၊ကိုယ်ထည်ဖြိုဝ်မရှိပါဘဲလျက်ကိုယ်ထည်ဖြိုဝ်ရှိသလိုလို။ ကတွာ၊ ကြံစည်ပြုလုပ်၍။ ဂဟိတော၊ ယူအပ်သည်။ စိတ္တမယော၊ စိတ်ဖြင့်ပြီးသည်။ စိတ္တနိမ္မိတော၊ စိတ်ဖြင့်ဘန်ဆင်းအပ်သည်။ ဟုဘွာ၊ ဖြစ်၍။ စိတ္တေဧဝ၊စိတ်၌သာလျှင်။ ဥပလဗ္ဘမာနေ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ သတ္တပုဂ္ဂလာဒိကော၊ သတ္တဝါ,ပုဂ္ဂိုလ် အစရှိသော။ အတ္ထော၊ ထိုပညတ်သဘောတရားသည်။ ပရိကပ္ပသိဒ္ဓါနာမ၊ စိတ်မှကြံဆသဖြင့် ပြီးစီးသော ပရိကပ္ပသိဒ္ဓအနက်,ဝါ၊ ပရိကပ္ပသိဒ္ဓ တရားမည်၏။

ဤတွင် လိုရင်းအချုပ်မှာ စိတ်,စေတသိက် ရုပ်,နိဗ္ဗာန် လေးတန်သောပရမတ်တို့သည် သဘောအားဖြင့်ပြီးသောဝါ၊ ထင်ရှားသော သဘာဝသိဒ္ဓတရားဟုမှတ်။ သတ္တပုဂ္ဂလစသောပညတ်ဟူသမျှသည်စိတ်မှကြံဆသဖြင့်ပြီးသော,ဝါ၊ ထင်ရှားမရှိသော ပရိကပ္ပသိဒ္ဓတရားများဟု မှတ်လေ။

## (၂၁) 'လေးစိတ်ခွဲသံပေါက်'

၁။ ပရိကမ္မကြံဆဲဒွိဉာဉ်,ပုံသဏ္ဌာန်ရိပ်နိမိတ်ပေါ်လွှင့်၊ ဘာအနက်လဲ ပေါ်ဆဲမှာပင်, မယွင်းမှတ် ပညတ်အနက်ပင်။

၂။ ပညတ်အနက်ပေါ်ထွက်လာလျှင်,အမည်နာမသိကြတခင်၊ ဘာနာမ်တဲ့လဲသိဆဲမှာပင်,အစဉ်မှတ်ပညတ်နာမ်သာပင်။

၃။ သူငါထင်လို့ကြည့်ကြရတော့, အဆင်းကိုဘဲမြင်မြဲအစဉ်၊ ဘာအနက်လဲ မြင်ဆဲမှာပင်,ပရမတ်နက်ဓါတ်သက်အမှန်မြင်။

၄။ အဆင်းလို့ဘဲယူစွဲခေါ်ဘွင့်, နာမပညတ် ဌာကပ်ပေါ်လွင်၊ ဘာနာမ်တဲ့လဲ သိဆဲမှာပင်, အမည်တတ် ပရမတ်နာမ်သာပင်။

**လေးစိတ်ကွဲဝေဘန်ရန်သံပေါက်အမေးအဖြေ**

မေး မဟာမြတ်မုနိ စေတီတော်ကြီးကို ကြည့်ညှိုသော အခါ ဘယ်အနက်နှင့် ကြည့်ညှိုရပါမည်လဲ။

ဖြေ သမုတိခေါ်ပညတ်အနက်နှင့် ကြည့်ညှိုရပါသည်။

မေး ပညတ်အနက်ကို ဘယ်ဒွါရမှာ ရှာရမလဲ။

ဖြေ ပညတ်အနက်ကို မနောဒွါရမှာရှာရပါသည်။

မေး မနောဒွါရ၌ မဟာမြတ်မုနိ စေတီတော်ကြီး၏ ပုံတော်ဟန်တော်က ဘာအနက်လို့ခေါ်တွင်ရသလဲ။

ဖြေ မဟာမြတ်မုနိ ပုံတော်ဟန်တော်က ပညတ်အနက်လို့ ခေါ်ရပါသည်။

မေး  မဟာမြတ်မုနိ စေတီတော်မြတ်ကြီး ၏ အမည်က ဘာနာမ်လို့ ခေါ်ရပါသလဲ။

ဖြေ  မဟာမြတ်မုနိ စေတီတော်ကြီး ဟူသောအမည်က ပညတ်နာမ်လို့ ခေါ်ရပါသည်။

မေး  မဟာမြတ်မုနိစေတီတော်ကြီး ထင်လို့ကြည့်လိုက်တော့ မြင်ရတဲ့ဝါဝါဝင်းဝင်းက ဘာအနက်လဲ။

ဖြေ  ဝါဝါဝင်းဝင်းက အဆင်းဆတ်ဆတ် ပရမတ်အနက် ဖြစ်ပါသည်။

မေး  ပညတ်နက်နှင့်စေတီတော်ကိုကြည့်ညိုသေါအခါစရဏာကုသိုလ်ဖြစ်သလားဝိဇ္ဇာကုသိုလ်ဖြစ်သလား၊

ဖြေ  သံသရာမှာ မျက်နှာပန်းသှလှနဲ့ အထက်တန်းကျကျ ကြဉ်လည်စေတတ်သော စရဏာကုသိုလ်မျှသာဖြစ်ပါသည်။

မေး  ပရမတ်အနက်နှင့်နာမ်ရုပ်ကို ပိုင်းခြား၍ ကြည့်ညိုသောအခါ ဘာကုသိုလ်များဖြစ်သလဲ။

ဖြေ  သံသရာဝဋ်ဒုက္ခမှ လွန်မြောက်စေနိုင်သော ဝိဇ္ဇာကုသိုလ်ဖြစ်ပါသည်။

မေး  ရှင်တော်ဂေါတမ၏ ဝါဒသည်, စရဏာ တဘက်သတ်, ဝိဇ္ဇာတဘက်သတ်ဝါဒလား, သို့မဟုတ်, ဝိဇ္ဇါစရဏာစွယ်စုံဝါဒလား။

ဖြေ  ရှင်တော်ဂေါတမ၏ဝါဒသည် တဘက်သတ်ဝါဒမဟုတ်ပါ။ ဝိဇ္ဇာရော စရဏာပါစွယ်စုံဝါဒဖြစ်ပါသည်။

မေး  ဒါဖြင့်တဘက်သတ်ဝါဒနှင့်ကျင့်သုံးနေသေါပုဂ္ဂိုလ်များဟာ ဖေါ်ပြထားသော ဝိဇ္ဇာ, စရဏာ စွယ်စုံဝါဒ

ဖြစ်သော သမုတိသစ္စာဆိုင်ရာ ပညတ်နက် ပညတ်နာမ် ပရမတ် သစ္စာဆိုင်ရာ ပရမတ်နက်,ပရမတ်နာမ်များကို ဆရာနည်းပြ မရရှိက စံနစ်တကျနားလည်နိုင်ပါ့မလား။

ဖြေ ဆရာနည်းပြမရရှိက,ဘယ်လိုနည်းနှင့်မျှ နားလည်ကျင့်သုံးမှုမဖြစ်နိုင်ပါ။

မေး ထိုသို့နားလည်ကျင့်သုံးမှုမရှိသောပုဂ္ဂိုလ်ဟာ ရှင်တော်ဘုရား၏ အဆုံးအမကို ရရှိနေကြသော သာသနာတော်တွင်းသူ သာသနာတော်တွင်းသားဖြစ်သောလူထဲ,ရှင်ထဲကို ဝင်ပါ့တော့မလား။

ဖြေ သာသနာတော်တွင်းသူ လူရှင်ရဟန်းတို့၏ အတွင်းကိုမဝင်နိုင်တော့ပါ။

မေး ဤလိုဝိဇ္ဇာဉာဏ်မရသော အန္ဓပုထုဇဉ်ဟာသာသနာပပုဂ္ဂိုလ်နှင့် ဘာများခြားနားပါသေးသလဲ။

ဖြေ ဘာမျှမခြားတော့ပါ။

မေး ဒါဖြင့် ထိုပုဂ္ဂိုလ်ဟာ သမုဘ်သစ္စာအရ သေသည်၏အခြားမဲ့မှာသက္ကာယဒိဋ္ဌိဆောက်လုပ်ထားသော အပါယ်လေးပါး သံသရာကြီးကို ရှောင်လွှဲနိုင်ရန် လမ်းပေါက်များရှိနိုင်ပါတော့မလား။

ဖြေ အပါယ် လေးပါးကို ရှောင်လွှဲနိုင်ရန် လမ်းပေါက် ဘယ်နည်းနှင့်မျှ မရှိနိုင်တော့ပါ။

မေး ဒါဖြင့် ထိုပုဂ္ဂိုလ်သေပြီးနောက် (၇)ရက်မြောက်မှ ရက်လည် ဆွမ်းသွတ်ပြီး, အမျှဝေနေလို့ ရှိနိုင်ပါတော့မလား။

ဖြေ ဘယ်လိုနည်းနှင့်မျှ မရှိနိုင်တော့ပါ။

မေး အကယ်၍ ပြဿဒါဘဝက သာရခေါ်နိုင်လို့ နတ်ဝတ်နတ်တန်ဆာကိုရတော့ ထိုပုဂ္ဂိုလ်သည် ဤဘဝနဲ့မှာ သရဏဂုံများတည်၍ သွားနိုင်ပါမလား။

ဖြေ သရဏဂုံဆိုတာ အပါယ်ဘုံသို့ ရောက်ပြီးသူကိုမဆိုထားဘိ သုဂတိဘုံဘဝမှာယခုရှိနေကြတဲ့ပုဂ္ဂိုလ်များတောင် တထောင်ကိုတယောက်. သရဏဂုံတည်ဘို့ရာမလွယ်ကူလှပါ။

မေး ဘယ်လိုပုဂ္ဂိုလ်ကို သရဏဂုံတည်တဲ့ပုဂ္ဂိုလ်လို့ ဆိုရပါသလဲ။

ဖြေ ပရမတ္ထရုပ်နာမ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာကိုပိုင်းခြား၍သိသဖြင့် သက္ကာယဒိဋ္ဌိပြုတ်ကျွတ်လွတ်သောသူကိုသာ သရဏဂုံတည်သောသူလို့ဆိုရပါသည်။

မေး ဒါဖြင့် လူများဟာသေသွားမှ သရဏဂုံတင်သင့်သလား။ မသေမီကဘဲ သရဏဂုံ တင်၍ ထားသင့်သလား။

ဖြေ ဗုဒ္ဓဝါဒအစစ်ကတော့ မအိုမနာမသေမီကဘဲ သရဏဂုံတင်၍ထားရပါသည်။

မေး ဒါဖြင့် ဗုဒ္ဓဘာသာ,ခေါ်တဲ့ ဗမာပြည်ကြီးမှာ များသောအားဖြင့် သရဏဂုံကိုလူသေအတွက်ထားပြီး လူရှင်များကတော့ သရဏဂုံတင်တယ်ဆိုတဲ့ စကားကို နိမိတ်မရှိသဖြင့် အချို့ ငါ့အိမ်တောင် လာ၍ မပြောလာနှင့်ဆိုပြီး သရဏဂုံ တင်ပေးမဲ့

ပုဂ္ဂိုလ်တွေကို မောင်းထုတ် ချောက်ထုတ် လုပ်ပြီး တော့နေကြတာကို ရိပ်မိပါရဲ့လား။

ဖြေ ရိပ်မိပါသည်ခင်ဗျား။

" နိဂုံးချုပ် နှစ်လုံးဘွဲ့သံပေါက်ကလေးကို အရကျက်ထားပါ "

လေးစိတ်မကွဲ့လူထဲခဝင်, သာသနာပရောက်ရအစဉ်၊ အမြင်များလို့တရားမခင့်ပါယ်ငရဲ-ရောက်မြဲပုထုဇဉ်။ ပုထုဇ်ါသဘေကပါယ်ရွာ,သံသရာရေးရှည်တွေးခါခါ၊ လေးစိတ်ကွဲမှ ငရဲလွတ်မှာ,အပါယ်ဘေး-လွတ်ရေးတွေ့ အောင်ရှာ။

## (၂၁) 'တနည်းမိုးကြိုး ဥပမာပြခဏ်း'

ဥပမာ။ ကြေးနှင့်ရွှေ တကျပ်သားစီလုံးထဲကိုထည့်ပြီး အရည်ကြိုလိုက်က ကြေးကရွှေနှင့်ပေါင်းသဖြင့် ဈေးတက်၍လာ၏။ ရွှေကကြေးနှင့်ပေါင်းသဖြင့် ဈေးကျ၍သာ၏။ ထို သို့ ဈေးတက်မှုဈေးကျမှုခြင်းရာကို ထောက်ဆ၍ အားလုံး သောသူတို့၏စိတ်တွေအညီအမျှ မိုးကြိုးဟုသမုတ်ခါဝန်ခံ ကျေနပ်ပြီး မိုးကြိုးပါဟုခေါ်ပေါ် ကြသော်လည်း မှသား မဖြစ်၊ ကြားရာဝါရာလည်းမရောက်တော့ပေ။ ဒါဖြင့်မူလ ကပေါင်းစပ်ထားတဲ့အထဲမှာ မိုးကြိုးဟာ တရွေးသားခန့် များပါရဲ့လား မပါဘူး၊ သတိထား။

သို့သော် စိတ်သိုင်းအညီအမျှ, ဝန်ခံကျေနပ်ထားကြသ ဖြင့်ကြေးနှင့်ရွှေအပေါင်းစုကို ဒါဟာရွှေလား,မိုးကြိုးလား လို့မေးလျှင် မူလက တရွေးသားမျှမပါမရှိတဲ့ မိုးကြိုးပါလို့ ပြောမှ မုသားအဘုသိလ်လွတ်၍နေသည်။ မူလကပေါင်း

စပ်တဲ့ အထဲမှာပါရှိနေတဲ့ ရွှေပါလို့ပြောလျှင် ဝါကြွားရာလည်းရောက်၏၊ မုသားအကုသိုလ်လည်းဖြစ်၏ဟုမှတ်ပါ။

" နိဂုံးချုပ်ဆောင်ထားစရာ ဂန္ထိရကဗျာ "

ကြေးနှင့်ရွှေနှစ်ခု ပေါင်းပုနှစ်တန်၊
ဝိတ်ဝိညာဉ်တမျိုးလုပ် မိုးကြိုးသမုတ်လေပြန်၊
သူပင်သမုတ်ဆဲ သူတဲဝန်ခံ၊
ခြောင်........ဆန်းကြယ်ပါတိ သမုတိသူ့သဗ္ဗ။

" ဗုဒ္ဓဘာသာ,လူများစွာ ကျင့်ရာဝတ္တရား,လမ်းစဉ်များ "

တိလောကလုံး၊ ညွတ်ရုံးဦးချ၊ နိုင်းမမှုသား၊ ဘုရားမိန့်ချက်၊ အာဏာစက်ကို၊ ဦးထက်တင်ထား၊ ရိညွတ်တွားမှ၊ သားနှင့်အမိ၊ တပည့်ဆရာ၊ ပြုအပ်ရာဝတ်၊ ချွတ်မှုသိလ၊ ပျက်ကပါယ်ရှာ၊ သွားမည်တာကြောင့်၊ သုတ်ပါဌေယျ၊ ကျမ်းဋီပြသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာခဲ့။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊ မွေ့ခံထိုက်စေ၊ လှူမှုဝေလျှက်၊ စောင့်ပေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားသွီးဘာ။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ သိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဘခင်မယ်တို့တာ။

ညီညာထကြွ ဆုံးမ,နှာယူ၊ လာမူကြိုဆီး ထံနီးလုပ်ကျွေး၊ သင်ထွေးအံရှုတ်၊ တပည့်ဝက်၊ မချွတ်ငါးခုသာ။

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာဘို့၊ ကျင့်ဘို့ ဝတ်ငါးဖြာ။

ဝဏ္ဏာဂေ ကျူးမွမ်း၊ ပြုံးရေးပီရင်၊ နာသျှင်ကုဒေ၊ ၄၀ဝေရ
သာ၊ ဥဿာတာမချွတ်၊ အရှင်ဘတ်၊ ဟောဂ္ဂတ်ပဒ္ဒမာ။

အိပ်ဆေ သွေ်နော်ကတ်ကျ၊ ထဘေသွေ်ကား ရှုံး၊ ပေး၍ယူအိပ်၊
စေ့ပစ်ဆောင်နှုတ်၊ ကျေးဖူးမြွက်၊ ငါးချက်သူ့ကျွန်သာ။

မဂ္ဂထမဲ့ကင်း၊ အခင်နှင်းဥမ္မာ၊ မိန္ဒာမများ၊ ဝတ်စား
ဆင်ယင်၊ မြတ်နိုးကြွင်၊ ငါးအခင်လင်ကျင့်ရာ။

အိမ်တွင်း၌လုပ်၊ သိမ်းကုပ်သေချာ၊ မိန္ဒာကြည်ရှောင်၊
လျော်အောင်ဖြန့်ပုံ၊ ပျင်းရိမှု၊ ဝတ်ငါးဆူ။ အိမ်သူမယ်
တို့တာ။

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊
လိုလျှင်ဘိုတ်ထား၊ တတ်အားလှူပေ၊ ငါးခုနေ၊ ပြုံလေဒါ
ယကာ။

မကောင်းရာမြစ်၊ ကောင်းရာလွှစ်၍၊ အသစ်ဟောကြူး၊
နာဘူးသပ်မံ၊ နိဗ္ဗာန်ဝင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု။ ခြေခံ
ခုကျင့်အပ်စွာ။

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်
ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်
လေမိတ်သဟာ။

ဤသည့်ဝင်ကုံ၊ ကျင့်ဝတ်စုံ၊ ခြောက်ဘုံထက်နတ်ရွာ။

ကျင့်ဝတ် မပြေ၊ ပါယ်လေးထွေလားလေရှည်မြင့်ကြာ။

လှည်းဘီး ပြုံပ၊ နားစောင့်ချ သို့၊ မိဘနှင့် သား၊ မယား
နှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်တကာ၊ မိတ်သဟာနှင့်၊
ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံသင်၊ ဖြူသန့်
စင်မှု၊ ရှင်လည်းမကြွ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊

လှည့်လည်အတူ၊ စံစားမှုချိ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ် ချွတ်သူတို့မှာ မလွဲသာသည်၊ ချမ်းသာကင်းသုံး လူဖြစ်ရှုံးမည်၊ ယုံကြည်သူများ၊ ကျက်မှတ်ထားဝတ်များကြစေ၊ ယောဂီတွေ့ဘို့။

သစ္စံ သစ္စော ပဋိသန္ဓိ ပဗ္ဗယာကာရမေဝစ။
နုဒ္ဒိသာ စတုရေ ဝဋ္ဋာ ဒေသေတုံစ သုဒ္ဓကာရာ။ ။

သစ္စံ၊ သစ္စာလေးပါးတရားရင်း။ သစ္စော၊ သစ္စဝါဟု သမုတ်အပ်သော သစ္စဝါအခြင်းအရာနှင့်တကွ သစ္စကိစ္စ ပြီးဆုံးခြင်းရင်း။ ပဋိသန္ဓိ၊ ပဋိသန္ဓေကိစ္စရင်း။ ပဗ္ဗယာကာရမေဝစ၊ ၂၄-ပါးပစ္စည်းတရားတို့၏ကျေးဇူးပြုသော အဖြစ်ရင်း။ ဣမေ၊ ဤသို့။ စတုရော-မ္မာ၊ လေးပါးသောတရားတို့သည်။ နုဒ္ဒိသာ၊ အလွန်သိမြင်နိုင်ခဲကုန်၏။ ဒေသေတုံ စ၊ မိမိသိသလောက် သူတပါးနှင့်ပြိုက်ကန်သဘောကျသွားအောင် ပြောဟောရေးသားရခြင်းသည်။ သုဒ္ဓကာရာ၊ လွန်ထက်လွန်မင်း ခဲယဉ်းလှကုန်၏။ ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးအလို ခြောက်စောင်တွဲကျမ်းမှာ ဆိုထားသည့်အတိုင်း အရိယာသစ္စာကြီးလေးပါးနှင့်တကွ ပဋိသန္ဓေကိစ္စကြီးတပါး။ ပစ္စည်းတရားတို့၏ အဖန်ဖန် ကျေးဇူးပြုသောအချက်ကြီးများကို အသိအမြင်ခက်သလောက်အထက်၌အမျိုးမျိုး ပြခဲ့သော သစ္စဝါဟုခေါ်စရာ သမုတိသစ္စာအရာ၌သမုတ်အပ်သော အာရုံရှိတဲ့ခေတ်၌ သမုတ်ဘတ်သော အာရမ္မဏိက ဝိညာဏ်မြင်သမုတိသစ္စာ အချက်ကြီးများ ကိစ္စပြီးဆုံးပုံနှင့် အသိအမြင်ခက်ခဲနက်နဲပုံအရာဌာနကြီးများကိုမရိပ်မိညား ဘိတ်ဘိတ်မှုမသိသောအားဖြင့် သာသနာပအာ

ခါကာလများမှာ-အန္တပုထုဇဉ်သူကန်းတို့ မေ့တာလမ်း အ
တိုင်း,သိမြင် သုံးစွဲနေကြသော သမုတိဝိပ္ပလ္လာသ အနေက
လေးလောက်ကို သိနေရုံမျှနှင့်,ဝါ အရိယာအရှင် သူတော်
စင်တို့ သိမြင်သုံးစွဲတော်မူကြသော သညာဝါ,ဝိညာဏ်ဝါ
မျှဖြစ်သေး၍ ပရမတ်သစ္စာအမှန်ကိုမသိမမြင်ပါဘဲနှင့်တဏှာ
ဝါ,မာနဝါ,ဒိဋ္ဌိဝါ တွဲဘက်လျက်,ဝိပ္ပလ္လာသစွဲချက် အတိုင်း
ငါနှင့်,ရုပ်နှင့်အတူတူ ငါနှင့်,ရုပ်နှင့်တခြားစီထား၍, ထင်
ရှားရှိသော ရုပ်နာမ်များနှင့် ထင်ရှားမရှိသော သမုတ်မှန်
သမုတိပညတ်ကို အလားတူ,တစုတပုံ အရှိထားပြီး,သိနေ
ရုံမျှနှင့် ဝါ ကလေးသိ,ကုလားသိ သိနေရုံမျှဖြင့်, ဖွေညာဏ်
တော်၏အရာဥပဓိ ငါးပါးတွင်ပါဝင်သောဝိညာဏ်မြင်
သမုတိပညတ်အရာကြီးများကိုမထေမဲ့မြင်ပြောဆိုပြုကျင့်
၍နေကြသောပုဂ္ဂိုလ်များသိသာရုံမျှသဘောအားဖြင့်- ပါဠိ
တော်,အဋ္ဌကထာ,ဋီကာကြီးများ၏အဆိုကဒေသနါယုတ္တိ
နည်းအားဖြင့်-အတ္တဇ္ဈာယာကာရ, သဇ္ဈာကာရဟု သုံးစွဲ
တော်မူကြ၏။ကြောင်ပန်းဆရာတော်ဘုရားကြီးက သဘာ
ဝယုတ္တိအနေနှင့်-ချင်ရိပ်,နာမ်ရိပ်,ကံရိပ်ဟုပါဠိ,အဋ္ဌကထာ
ဋီကာကြီးများ၏အလိုကျ,သံတူ, ဆံကွဲအားဖြင့် ထင်ရှား
အောင်ဆုံးမတော်မူခဲ့ပါသော်လည်း ယခု သက်တော်ထင်
ရှားရှိတော်မူကြသော-ကျေးဇူးရှင်နာယကဆရာတော် ဘု
ရားကြီးများ၏ထံမှာသော်၎င်း,သိသင့်သိသဖြစ်ကြီးဖြစ်
ကြသေါ်တပည့်သာဝကပုဂ္ဂိုလ်ကြီးများ၏ထံမှာသော်၎င်း
လက်ဆပ်သင်ယူမှုမရှိဘဲနှင့် လူဦးရေ(၁၀၀)လျှင်တယောက်
လောက်မျှ အမှန်ကျသိနိုင်ခဲလှသော သဇ္ဈာနာကာရကို စွဲ

၍ သမုတိစသော သစ္စာသုံးပါးဖြစ်ပုံ,သစ္စာကာရကို ခွဲ၍-
သမုတိစသော ပါသစ္စာသုံးပါးဖြစ်ပုံများနှင့်တကွသစ္စာကိစ္စဟူ
ဆိုအပ်သောအချက်ကြီးများကိုပါ လုပ်ငန်းစဉ်နှင့်တကွ သဲ
လွန်စ ရရုံမျှ,သင်္ခေပ အားဖြင့် ဖွင့်ပြခဲ့သော သစ္စာသုံးလီ
လင်းရောင်ခြည် ပဌမကျင့်ကိစ္စကို ဒုဋ္ဌမသွေမြင်ကြစေ,ထွေ
ထွေသိခကြား,နိဗ္ဗုတံ။

## (၂၂) ပရမတ္ထသစ္စာမည်ပုံကိုပြခန်း

တတ္ထဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာ။ ။

လက်သန်းအဋ္ဌကထာ

တတ္ထတသ္မိံ အဘိဓမ္မေ၊ ထိုအဘိဓမ္မာခုနစ်ကျမ်း၌။ သဗ္ဗ
ထာသင်္ဂဟပကာရေန၊ ကုသိုလ် အကုသိုလ်အဗျာကတ ခပ်
သိမ်းသောအပြားအားဖြင့်။ တထာဂတေဟိ၊ မြတ်စွာဘုရား
တို့သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ အဘိဓမ္မတ္ထာ၊
အဘိဓမ္မာခုနစ်ကျမ်းအားဖြင့် ဟောတော်မူအပ်ကုန်သော
အနက်တို့သည်။ ပရမတ္ထတော ပရမတ္ထဝသေနဝ၊ မြတ်
သောသဘောညတ ဉာဏ်တော်၏ အာရုံဖြစ်မှု အစွမ်းဖြင့်သာ
လျှင်။ တနည်းကား-ပရမတ္ထတော ပရမတ္ထဝသေနဝ၊ သ
မုတိပညတ်ကဲ့သို့ သမုတ်ရုံမျှသာ မှန်သည်မဟုတ် အသီး
ထုတ်အပ် ဆတ်ဆတ်သောပရမတ္ထ၏အစွမ်းဖြင့်သာလျှင်၊
စိတ္တံ ဝိညာဏက္ခန္ဓော၊ စိတ်တခုယုတ်ကိုးဆယ်, အကျယ်တ
ရာ့နှစ်ဆယ့် တပါးဟုဆိုအပ်သော ဝိညာဏက္ခန္ဓာ ရင်း။ စေ
တသိကံ ဝေဒနာဒိက္ခန္ဓတ္တယံ၊ ဝေဒနာ,သညာ, သင်္ခါရအစ

ရှိသော စေတသိက်ခန္ဓာသုံးပါးတို့၏အပေါင်းဖုင်း။ ရုပ်ဘူတုပ္ပါဒါယ ဘေဒဘိန္နော ရူပက္ခန္ဓော၊ ဘူတရုပ် ဥပါဒါရုပ်အားဖြင့်ပြားသော ရူပက္ခန္ဓာ ဖုင်း။ နိဗ္ဗာနံ မဂ္ဂဖလာနမာလမ္ဗဏဘူတော အသင်္ခတ ဓမ္မော၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတတရားဖုင်း။ ဣတိ ဣမိနာပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ စတုဓါ လေးပါးသော အပြားဖြင့်။ ဌိတာ၊ တည်ကုန်သည်။ ယောဂ္ဂ၊ ဖြစ်ကုန်၏။

ဤသို့ သရုပ်တရားကိုယ် ရှိသည့်အတိုင်း အပြားအားဖြင့်ရေတွက်အပ်သော ရွှေညာဏ်တော်၏အရာမျှ ဂန္ထာရေရအလိုအားဖြင့် ဆိုထားခြင်းသည် လွန်စွာပင် မှန်လှပေ၏။ သို့ရာတွင် ဝိပဿနာရှုအရာ အနုဿဿနာနည်းနှင့် အလားတူရာသို့ပေါင်းစပ်၍အသီးထုတ်သော် အာရုံကိုညွှတ်ကိုင်းကြံသိမှု စိတ်တခု၊ ထိပ်တိုက်နှင့်အတူပြုပြင်မှု၊ မှတ်သားမှု၊ ခံစားမှု၊ ဟူသော စေတသိက်တခု၊ မဟာဘုတ် ဥပါဒါရုပ်ဟူသောဖေါက်ပြန်မှုရုပ်တခု၊ ထိုသို့အစုအပုံဟူသော ခန္ဓာအနေအတွက်မှလွတ်သော ကိလေသာငြိမ်းအေးရာ နိဗ္ဗာန်ဓါတ်တခုအားဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါး အသားတင်ထွက်ပေါ်၍လာ၏။ ထိုလေးပါးကို ဘယ်အတွက် ပရမတ္ထအလားပြု၍ ပရမတ္ထသစ္စာ ဟု ဟောတော်မူပါသနည်း ဟုဆိုသော် မိမိတို့၏သဘောလက္ခဏာအားဖြင့် ထင်ရှားဧကန် အမှန်ရှိသော တရားလေးပါးဖြစ်၍ ပရမတ္ထသစ္စာ ဟု ဟောတော်မူလေ၏။

ပရမော အဝိပရိတော အတ္ထော ပရမတ္ထော-ဟုဝိဂြိုဟ်ပြု၊
ပရမော အဝိပရိတော၊ မဖေါက်မပြန် ဟုတ်မှန်သော၊

အတ္ထော၊ အနက်သဘောတည်း။ ပရမဋ္ဌော၊ မဖေါက်မပြန်ဟုတ်မှန်သောအနက်သဘော။ ဝါ မဖေါက်မပြန်အဟုတ်အမှန်ရှိသောအနက်သဘောဟု ဆိုလိုသည်။ တနည်း။ အဝိပရီတဘာဝတော ဧဝ ပရမော ပမါနော အတ္ထောတိ ပရမတ္ထော။ ကထာဝတ္ထု အနုဋီကာကြီး

အဝိပရီတဘာဝတောဧဝ၊မိမိ ပင်ကိုယ်သဘောမှာအဆံဖျားမျှ ဖေါက်ပြန်ချွတ်ယွင်း ရွေ့ရှားခြင်းမရှိ ပကတိခါတ်တသမတ်ထဲးထဲး ငြိးငြိးကြောနေ မြဲမြန်သည်၏ အဖြစ်ကြောင့်သာလျှင်။ ပရမော၊ မြတ်သော။ ပမာနော၊ပြဋ္ဌာန်းသော။ အတ္ထော၊မုချသတ်သတ် ပရမတ် အနက်ပေတည်း။ ဆုတ်တသွာ၊ထိုကြောင့်။ပရမတ္ထော၊ပရမတ္ထမည်၏ .....ဟူသောအရကား-စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် အားဖြင့် ပရမတ္ထတရား အနုသာသနိနည်းအားဖြင့် လေးပါးသာ ရှိလေ၏ဟုမှတ်။ အကျယ်သိလိုက-ဂန္ထကာရက မွေ့ကထိကအကျော်ဆရာတော်-ဦးပဏ္ဍိဝအရှင်မြတ် စီရင်တော်မူသောသဘာဝတံခွန်ကျမ်းကြီးနှာကြည့်လေ။

၅ါတွင် အထက်၌အမျိုးမျိုးဒွင့်ပြခဲ့သော ဝိညာဏ်မြင်သမုတ်သစ္စာတရားတို့သည် လောကသစ္စာအလိုအားဖြင့် အဟုတ်အမှန်ဟု ဝန်ခံပြောဆိုရသော်လည်း ဝိပဿနာမှန် ပရိညာဉာဏ်နှင့်ချိန်ရွယ်သော် ပုဂ္ဂိုလ်,သတ္တဝါ ဟူသော သမုတ် အနက်များသည် ၅ါကဲ့သို့သော သဘော လက္ခဏာအားဖြင့် ထင်ရှားရှိပါ၏ဟုပြောဆိုညွှန်ပြရန် မရှိမရသောကြောင့် ထို ပရိညာဉာဏ်ဖြင့် အချိန်အရွယ်မခံနိုင်ဘဲလျက်သမုတ်သစ္စာ ဟူသောအနက်များသည် ပရမတ္ထ သစ္စာမျိုး

နှင့် ဆ,လိုက်က သင်္ချာဟူသောအနေနှင့် မချပ်မတည်နိုင်တော့ဘဲ ကာလဒိမုတ်အတိုင်း ပျောက်သုံးရလေတော့၏။

ထိုကဲ့သို့ ဖေါ်ပြခဲ့သောသဲလွန်စဖြင့် သင်္ချာအနက်ဆိုင်ရာဟူသမျှကို ဤအတိုင်းသိကြပါလေ။

ပုဂ္ဂိုလ်သတ္တဝါဟု သမုတ်ဝန်ခံပြောဆိုအပ်သော ခန္ဓာ၅ပရမတ္ထသင်္ချာအားဖြင့် ခွဲဝေ၍ကြည့်ခဲ့သော် ခက်မာမှု နူးညံ့မှုဟူသမျှသည် မြေရုပ်မြေခါတ်မြေပရမတ်ရသာတည်း။ ပေါင်းဖွဲ့သိုဖိုးမှု ဟူသမျှသည် ရေရုပ် ရေခါတ်ရေပရမတ်ရသာတည်း။ ပူမှုနွေးမှုဟူသမျှသည် မီးရုပ်,မီးခါတ်,မီးပရမတ်ရ သာတည်း။ ထောက်ကန်မှု လှုပ်ရှားမှု, ဟူသမျှသည် လေရုပ်,လေခါတ်,လေပရမတ်ရသာတည်း။

ဤသည်ကား မဟာဘုတ်မည်သော ရုပ်ပရမတ္ထသင်္ချာတရားကြီးလေးပါးဟုမှတ်။

ထိုတွင် နက်နီဖြူဝါဟိန်းအပြာ စသည်တို့ကား မီးမှဖြစ်သောမီးရောင် ကျောက်မှဖြစ်သော ကျောက်ရောင်များကဲ့သို့ ထိုမဟာဘုတ် ရုပ်ခါတ်,ရုပ်ပရမတ်ကြီးလေးပါးကို မှီတွယ်၍ဖြစ်ပေါ်ရသော အဆင်းရုပ်,အဆင်းခါတ်,အဆင်းပရမတ်တရားများပေတည်း။

ထိုအတူ အမွှေးနံ့,အပုတ်နံ့ စသည်တို့ကား အနံ့ရုပ်အနံ့ခါတ်,အနံ့ပရမတ် တရားများပေတည်း။ ထိုနည်းတူစွာ ချို,ချဉ်, စပ်,ငန်, ဖန်,ခါး စသည်တို့ကား ရသာရုပ် ရသာခါတ်ရသာပရမတ်တရားများပေတည်း။ ရုပ်အပေါင်းကို ကြီးပွားကြီးထွားစေသော အဆီအစေးစသည်တို့ကား ဩဇာရုပ်ဩဇာခါတ် ဩဇာပရမတ်တရားများပေတည်း။

၎င်းအဆင်းအနံ့ အရသာဩဇာဟူသော ရုပ်ဓါတ်၊ ရုပ်ပရမတ်လေးပါးဟုဆိုသည့်ဥပါဒါယရူပဥ္စအရ မဟာဘုတ်ကြီးလေးပါးကိုမှီတွယ်၍ဖြစ်ကြရသောတရားမျိုးဖြစ်၍ ဥပါဒါရုပ် မည်၏ဟု မှတ်။ ထိုမဟာဘုတ်ကြီးလေးပါးနှင့် ဥပါဒါရုပ် လေးပါးအပေါင်းကို အဋ္ဌကလာပ် ရုပ်ဓါတ် ရုပ်ပရမတ်ကြီးရှစ်ပါးဟု ခေါ်ဆိုရလေသည်။ ထိုအဋ္ဌကလာပ် ရုပ်ဓါတ်ရှစ်ပါးသည် ဘယ်ဓါတ်ကအတွင်းက ဘယ်ဓါတ်က အပြင်ကဟု ပြောဆိုစရာ တွင်းပြင်ထက်အောက်မရှိဘဲလျက် တဥပါဒ်သည်းမရွေးမနှောင်းအတူတကွဖြစ်ပေါ်ကြလျက် တဘင်တည်းမရွေးမနှောင်း အတူတကွချုပ်ကြရသော တရားမျိုးဖြစ်၍၊ အဝိနိဗ္ဘောဂရုပ် မည်၏ဟု ရှင်တော်ဘုရားကြီးဟောတော်မူလေသည်။

ထို အဝိနိဗ္ဘောဂရုပ် မည်သော အဋ္ဌကလာပ် ရုပ်ဓါတ်ရှစ်ပါးအချင်းချင်း ထိခိုက်မှုဒဏ်ချက်ရှိက သဒ္ဒ ဟူသောအသံရုပ်ဓါတ် ရုပ်ပရမတ်တပါးထွက်ပေါ်၍လာရပြန်၏။ ၎င်းအသံဓါတ်တပါးကို အဋ္ဌကလာပ်ရှစ်ပါးနှင့် ပေါင်းစပ်ရေတွက်သည့်ရှိသော် သဒ္ဒနဝက ကလာပ် ရုပ်ဓါတ် ရုပ်ပရမတ်ကိုးပါးဟုခေါ်ဆိုရပြန်၏။ ၎င်းကလာပနည်းအားဖြင့်ရေတွက်ရတဲ့ ကိုးပါးသောအစုကို ခန္ဓာနည်းအားဖြင့်ရေတွက်ပြန်သည့်ရှိသော် ရူပက္ခန္ဓာဟူသောရုပ်ပရမတ္ထသစ္စာတပါးသည်းသာရလေတော့၏ဟု မှတ်ပါလေ။

ဤခဏ္ဍ၌ စာဘာသ်သောယောဂီသတိထားစမ်းပါ၊ အလုပ်စခန်းကို အနည်းငယ်မျှဖွင့်ပြမည်။ ယခုစာဘာသ်ရှင်သင်၏စိတ်ကလက်ဝါးပြင်ကြီးဟုထင်လွဲပွဲမှားခဲ့သော အဋ္ဌ

ကလာပ်, နဝကလာပ် ခန္ဓာနည်းအားဖြင့် ရေတွက်၍ ပြခဲ့သော ရုပ်ကလာပ်အစုအဝေးဟာ သင်ဘာသာ်နေသောစာမျက်နှာထဲမှာ မရှိဘူး။ ၎င်းစာထဲမှာရှိတာက စာရုပ် စာဓါတ် ဝာပရမတ်ဟူမှတ်။

သဘာဝဓါတ် ရုပ်ပရမတ်ကို ရှာတတ်ပါရဲ့လား။ စဉ်းစား, မရှာတတ်လျှင် သင့်မှာစာဘာသာ်ရင်း ပဋိပတ္တိ, ပဋိဝေဓသောသနာတော်ကြီးနှင့်လွဲနေပြီ။ ကဲ......သုတ္တနိပါတ်နည်း တထပ်ထည်း လာသော်ကြီး အဘိဓမ္မာ,ဟု ဆိုသည့်အတိုင်း ဖိတ်,စေတသိက်,ရုပ် နိဗ္ဗာန်ကိုရှင်းပြမည်၊

**သတိထား။** ထိုခဏတွင် သင်၏လက်ဝါးဘုထင်မှတ်၍နေသောခန္ဓာကို စိတ္တဇ ဥါယောဓါတ်ဖြင့် သောက်ကန်လျက် ဖြန့်၍ကြည့်လိုက်စမ်းပါ။ ကဲ လက်ကိုမြင်ရသလား။ အသက်၌ ဥပါဒါ ရုပ်ထဲတွင် ပါဝင်တဲ့ နီနီဝါဝါဟူသော အဆင်းရုပ်, ပရမတ်တွေကိုသာ မြင်နေရသည် မဟုတ်ပါလား။ သမာဓိကောင်းကောင်းနှင့် စိုက်၍ကြည့်ထား။ ကဲ သင်၏ကိုယ်တွေ့ မြင်နေရသောခန္ဓာမှာ ထို အဆင်းဓါတ် အဆင်းပရမတ်သဘောတွေဟာ အပ်တနေသော်,အပ်တ ပေါက်ချသာရုံလောက်မျှ အကြားအလပ်များရှိပါရဲ့လား မရှိဘူးလော် ဝိဝိစဉ်းစားပါ။ အဲသည် နီနီဝါဝါဟူသော အဆင်းသဘောတွေဟာ မိမိတို့၏နီနီဝါဝါသဘောကိုသာအဆင့်ဆင့်ရှေးရှုဆောင်၍ နေကြလေသောကြောင့် မြတ်စွာဘုရားက " အဏ္ဏနေသဘာဝံဓါရေတီတိဓါတု " အရဓါတ်အလားပြ၍ ဟောတော်မူသည်မှတ်။

ကဲ ထိုမှတဖန် သမ္မာသက်ဥာဏ်အနေဖြင့်သောနံစမ်း

ပါ။ အဲသည် ဝဏ္ဏဟူသောပရမတ်အနက်သဘောကလေး တွေဟာ တပါးသော အနံ့,,အရသာ,ဩဇာ,ဟူသော အနက်သဘောသို့ ပြောင်းလွဲဖေါက်ပြန်၍များသွားပါရဲ့လား။ သတိထားစမ်းပါ။ မိမိ၏နိုနိဝါဝါဟူသော အနက်သဘောမှ တပါးသောအနက်သဘောသို့ တဆံခြည်မျှ မဖေါက်မပြန် မပြောင်းမလွှဲဘဲလျက်သာ အမှန်ဖြစ်ပေါ်၍နေသည့်ဖြစ်သောကြောင့် ပရမော အဝိပရိတော အတ္ထော ပရမတ္ထော ဟူသောဝိဂြိုဟ်အရမဖေါက်မပြန်မြဲမှန်အပ်မြတ်သော ပရမတ်အလားပြ၍ ဟောတော်မူသည်ဟုမှတ်ပါ။

ထိုတွင် ဂန္ဓဝိဇ္ဇာရဖြစ်မည်စိုး၍ အဝိနိဗ္ဘောဂ သဒ္ဒနဝက,ကလာပ်အနေနှင့်ပြခဲ့သော ရုပ်ကလာပ်ထည်းတွင်ပါဝင်သော ဝဏ္ဏဓါတ်ဟူသော ပရမတ် အနက်သဘောတခုကိုပြခဲ့သည်နှင့်အလားတူ ကြွင်းသောရုပ်ဓါတ်၇-ပါးသည် မိမိတို့၏အနက်သဘောကိုသာရှေးရှုဆောင်၍နေကြပုံဓါတ်အလားနှင့် မိမိတို့၏အနက်သဘောမှ တပါးသော အနက်သဘောသို့ မဖေါက်မပြန် အမှန်ရှိ၍နေကြသော ပရမတ္ထသဘာဝကြီးများကို မိမိဟူသောခန္ဓာတခုလုံး၌ တင်းကြမ်းအပြည့် ဖြစ်ပေါ်၍နေသော ပရမတ်သဘောအရ ပရမတ်သဘောအပုံကို စာဘာသ်သောယောဂီ သင် ဗုဒ္ဓဘာသာမှန်ပါက မှန်မှန်မှားမှား လောက်တော့ သိမြင်,ယုံကြည်နိုင်လောက်ပေပြီ။

ဤသည်ကား ရုပ် ပရမတ္ထ,သဘာဝ၏အနက်ကို မိမိခန္ဓာမှာ ဓါတ်ဉာဏ်ပရမတ်ဉာဏ်နှင့် ဖေါက်ထွင်း၍ သတ္တ,ဇီဝ သုံးဆိတ်ဒေါင် မြင်နိုင်က သမ်တာသင်္ခါရလောကကြီး တ

ချလုံး၌ အဋ္ဌကထာ, ဗဟိဒ္ဓမခြား ဓါတုနည်းနှင့်ရေတွက်သော်
နဝကလာပ်ရုပ်ဓါတ်(၉)ပါးကလာပနည်းနှင့်ရေတွက်သော်
သဒ္ဒနဝက ကလာပ်-တစီး ခန္ဓာနည်း နှင့် ရေတွက်သော်
ရူပက္ခန္ဓာ ရုပ်တရားတပါးတည်းသာလျှင် မွေ့ ဝဝဘွာန
ဉာဏ်ဒိဋ်မြင်၌ရှိ၍နေပုံကိုဉာဏ်ဘုန်စေလွှတ်၍ကြည့်လေ။
ဆဲဒါအနုသာသနီနည်းအရ ဝိပဿနာရချဟုမှတ်။

ဤအရာ၌ ဥပမာမှာ မဟာသမုဒ္ဒရာကြီးထဲ၌ရှိသောရေ
တွေကို လက်ညှိုးဖြင့်တတို့လောက်မျှ လျက်၍ကြည့်သော်
ရေကလေးအနည်းငယ်မျှ ငန်၍နေတာကို သိရသောအား
ဖြင့် ထိုသမုဒ္ဒရာကြီးအတွင်း၌ရှိသောရေအားလုံးအလား
တူ ငန်ရသာဓါတ် တခုတည်းရှိတာကို ဉာဏ်မြင်မှာသိ၍
သွားဘိသကဲ့သို့သာ မှတ်ပါလေ။

ကျေနပ်ဘွယ်။ ဧကဓမ္မံ ပဋိဝိဒ္ဓ သေသဓမ္မော ပဋိဝိဒ္ဓေါ
ဟူသောပါဠိအရ......

ဧကဓမ္မံ၊ တခုသောတရားကို။ ပဋိဝိဒ္ဓ၊ ထိုးထွင်း၍မြင်
သည့်ရှိသော်။ သေသဓမ္မော၊ ကြွင်းသောတရားအပေါင်း
ကို။ ပဋိဝိဒ္ဓေါ၊ ထိုးထွင်း၍မြင်လေတော့သည်။ ဟောဘိ၊
ဖြစ်၏။

ဤကားရှင်ပရမတ္ထသစ္စာအနက်ကို ကိုယ်တွေ့ဉာဏ်မြင်
ဆုံးဖြတ်၍ ပြလိုက်ခြင်းပေတည်း။

## (၂၃) နာမ် ပရမတ္ထသစ္စာကို ပြခန်း

အထက်၌ဖေါ်ပြခဲ့သော သဒ္ဒနဝက ကလာပ် ရုပ်ဓါတ်
ရုပ်ပရမတ် (၉) ပါးတွင်ပါဝင်သော အဆင်းအမျိုးမျိုးကို

မြင်သိခြင်းသည် စက္ခုဝိညာဏ် နာမ်,ပရမတ်၏ ဒဿနကိစ္စကြီးပေတည်း။ အသံအမျိုးမျိုးကိုကြားသိခြင်းသည်သောတဝိညာဏ်,နာမ်ပရမတ်၏သဝနကိစ္စကြီးပေတည်း။ အရသာအမျိုးမျိုးကိုလျက်သိခြင်းသည် ဇိဝှါဝိညာဏ်,နာမ်,ပရမတ်၏ သာယနကိစ္စကြီးပေတည်း။ ပထဝီ, တေဇော, ဝါယောဟူသော ဖေါဋ္ဌဗ္ဗာရုံများကိုတွေ့သိခြင်းသည် ကာယဝိညာဏ် နာမ် ပရမတ်၏ ဖုသနကိစ္စကြီးပေတည်း။ ထိုသို့ဆိုအပ်ခဲ့ပြီးသော ပဉ္စာရုံရုပ်ဓါတ်(၇)ပါးမှကြွင်းသောအာပေါ ဩဇာဟူသော သုခုမဓမ္မာရုံ ရုပ်ဓါတ်နှစ်ပါးနှင့်တကွ ကောင်းဆိုးအပုံ သင်္ခတအသင်္ခတဓမ္မာရုံ အမျိုးမျိုးကို ပကတိအတိုင်းသိခြင်း ဝိကတိအနေဖြင့်ထွေထွေသာလာကြံသိခြင်းသည် မနောဝိညာဏ် နာမ်, ပရမတ်၏ ဝိဇ္ဇာနကိစ္စကြီးပေတည်း။

ဤတွင် ပကတိအတိုင်း သိခြင်းဆိုသည်ကား, ပသာဒရုပ် သုခုမရုပ် စိတ်တရားစု စေတသိက်တရားစု နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထအားဖြင့်မဖေါက်မပြန်အမှန်ရှိသော ပရမတ်ဓမ္မာရုံ ပကတိအနက်သဘောငါးပါးကို ပကတိအတိုင်းဦးတိုက်သိခြင်းကို ပကတိသိခြင်းဟုဆိုသည်မှတ်။

ဝိကတိသိခြင်းဆိုသည်မှာ ထိုထို သင်္ခတပရမတ်တရားတို့၏ပေါင်းဆုံပုံပေါ်မှု အမူအရာ ခြားနားခြင်းများကို အစွဲပြု၍ ပုဂ္ဂလ,သတ္တ, အတ္တ,ဇီဝ မရှိမဟုတ်ပါဘဲလျက် အရှိလုပ်ကြံ၍သိခြင်း အမူအရာလူးလွန့်ကိုသာ ဝိကတိသိခြင်းဟုဆိုလိုရင်းဖြစ်သည်ဟုမှတ်။

ထို ပကတိ ပရိသုဒ္ဓသဘောသာဖြစ်သော နာမ်တရားက

အကြောင်းအားလျော်စွာ ပေါ်လာသဲခဏတ္တယအခိုက်အာ တန့်ကလေး၌ ထင်မြင်အပ်သော အာရုံကိုစွဲ၍, ထင်မြင်သမှတ်ဝန်ခံပုံခြင်းရာမျှကိုသာစကားကရိယာဖြင့်ပညတ်ဓမ္မာရုံဟု ပြောဆိုရုံမျှသာအသုံးဝင်လေသည်ဟုမှတ်။

သို့သော် သဂြိုဟ် ကျမ်း၌ ဓမ္မအပြားခြောက်ပါးဟု သရုပ်တရားကိုယ်အရ ဒေသနာယုတ္တိနည်းအတိုင်း ရေးသား၍ထားခြင်းကို သဘာဝယုတ္တိ နည်းအားဖြင့် သတိမထားမသိသောအားဖြင့် ထိုစိတ်ဝိညာဏ်ပေါ် ခိုက်မှပညတ်ဓမ္မာရုံဟု ပြောဆိုရုံမျှသာအသုံးရသော သမုတ်ရှိဓမ္မာရုံကို အဟုတ်ရှိသော ပရမတ်ဓမ္မာရုံငါးပါးကဲ့သို့ တုံးပညတ်,တိုင်ပညတ်ကို ဓါတ်တပါး ဓမ္မတပါးအနေနှင့်အရှိထားပြီး အကောက်အယူ လွဲမှား၍နေကြသောကြောင့်သာ တုံးလို့သိတာ တိုင်လို့သိတာ လူလို့သိတာက နာမ်တရားပါဟု တုံးပညတ်ကို ဓုဝ သဿတ အနေနှင့် အခိုင်အမာထားလျက်ပြောဟောယူဆခြင်းသည် အာရမ္မဏံ စိန္တေတီတိ စိတ္တံကို မရိပ်မိ၍သာ ဤသို့ယူဆခြင်းဖြစ်လေသည်။ စင်စစ်မှာအာရုံကို ကြံဘန်၍သိခြင်းလက္ခဏာရှိသဖြင့် စိတ်ဟူ၍အမည်ရသောအနက်သဘောသည် မိမိ၏သိမဟာ့သဘော သိမဲ့သဘောအတိုင်း တုံးဘုံးဟုမဟုတ်မမှန်လုပ်ကြံ၍သိသောပရိကပ္ပသဒ္ဒ အနက်သဘောမှ တဆံခြည်လောက်မျှမဖေါက်မပြန်အမှန်ရှိသောအနက်သဘောဖြစ်၍ ပရမတ်အလားမြခါ မြတ်စွာဘုရားသခင်ဟောတော်မူသည်ကို ဥာဏ်အပါးဝက တုံးတိုင်ဆိုတာနာမ် အသားကျ သိမြင်ပါလိမ့်မည်။ ဤ၌တွင်မနောဝိညာဉ်၏ပရမတ်မည်ပုံပြချက်ကြီးပေတည်း။

ထိုမနောဝိညာဏ်နှင့်အလားတူကြွင်းသောပဉ္စဝိညာဏ် စိတ်နာမ်ရုပ်နှင့် ဝေဒနာ,သညာ,သင်္ခါရစသော စေတသိက် နာမ်တရားစုသည် မိမိတို့၏အနက်သဘောမှ တပါးသော အနက်သဘောသို့ မဖေါက်မပြန်အမှန်ရှိသော ပရမတ္ထသဘာဝအနက်များကိုအလားတူသိကြပါလေ။ ဤသည်ကား ဗုဒ္ဓရှင်တော်ဘုရားသည် တာဝတိံသာနတ်ပြည်နှင့်စန္ဒကူးတောမှာ အကျယ်တဝင့်ဟောတော်မူသော ဓမ္မသင်္ဂဏီ ဝိဘင်း ဓါတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက်ပဋ္ဌာန်း ဟူသောအဘိဓမ္မာ(၇)ကျမ်းကို အကျဉ်းအားဖြင့် ၉-ပိုင်း ဧပုပြု၍ ရှင်အနုရုဒ္ဓါမထေရ်မြတ်စီရင်တော်မူသော သင်္ဂြိုဟ်ကျမ်း၏အာဘော်အရသဘာဝကိုထုတ်ယူသော်စာဘူသည် သောယောဂီ၊ သင်ယခုစာဘာသ်၍နေဆဲမှာပင် စက္ခုဒွါရမှာ စာအုပ်ဖြူဖြူလို့ပေါ်နေတာဟာ သင်ဟူသော အတ္တ ငါ ပေါ်နေတာမဟုတ်ဘူး အနတ္တဖြစ်သောစိတ်စေတသိက်ရုပ်တရားတွေပေါ်နေတာ။

ပေါ်ပုံကိုပိုင်းခြား၍ပြမည်၊ သမာဓိကြီးကြီးထား။ စာရွက်တရွက်နှင့်ကြုံသိမှုက အမှားသိစိတ်ပရမတ် ကောင်းမကောင်းအလပ်အားဖြင့်ခံစားမှုက ဝေဒနာစေတသိက်ပရမတ် အဟောင်းကိုမှတ်သိမှုက သညာစေတသိက်ပရမတ် ပြုပြင်မှုစေ့ဆော်မှု လှုံ့ဆော်မှုက စေတနာစေတသိက် ပရမတ် ဖြူဖြူဝဏ္ဏက ရုပ်ပရမတ် အဲဒါအမှားသိစိတ်စေတသိက်,ရုပ်,ပရမတ်သုံးပါးဖြစ်ပေါ်၍နေပုံဟူ၍မှတ်။

တနည်း၊ ဖြူဖြူအဆင်းဟုပေါ်ဆဲမှာ သည်းအမှန်သိစိတ်,စေတသိက်,ရုပ်ပေါ်၍နေသည်ဟုမှတ်။ ပိုင်းခြား၍ပြ

မည်၊ သတိထား။ ဖြူဖြူအဆင်းဟုသိခြင်းသည် အမှန်သိ စိတ်ပရမတ် ခံစားမှု၊မှတ်သားမှု၊ပြုပြင်မှု၊သုံးပါးက စေတသိက်ပရမတ် မြင်ရသောဖြူဖြူအဆင်းက ရုပ်ပရမတ် အဲဒါ အမှန်သိ စိတ် စေတသိက် ရုပ် ပရမတ်သုံးပါးဖြစ်ပေါ်၍ နေပုံဟုမှတ်၊

**သတိထား။** ဤနေရာ၌ စာရွက်ဖြူဖြူဟူ၍ အများသိပေါ်နိုက် ဖြူဖြူအဆင်းဟူ၍အမှန်သိဖြစ်ပေါ်၍နေနိုက်ဘို၌ စိတ်စေတသိက် ရုပ်ပေါ်တာကို မသိပါဘဲလျက် စာရွက်ကဖြူသာ ဖြူတာကစာရွက်ဟု စာရွက်နှင့်ဖြူဖြူအဆင်း ရုပ်တရားကို မခြားမကွဲသားထဲပြုလျက် စွဲယူ၍နေပါက စာဘာသင်ရင်းမှာပင် အတ္တဒိဋ္ဌိကိလေသာအပူလောင်၍နေသည်ဟုမှတ်။ ၎င်းစိတ်၊ စေတသိက်၊ ရုပ်၊ ပရမတ်ပေါ်နေတာကို သူ့အတိုင်းမြင်ပါလျှင် ထိုခဏ၌ အဘိဇ္ဈာဒိက နှင့်စပ်သော အတ္တဒိဋ္ဌိကိလေသာအပူ ဖြစ်ခွင့်လောင်ခွင့်မရဘဲ အေးငြိမ်းသောနိရောဓအမှန် အမြိုက်နိဗ္ဗာန် ပရမတ်တရားကြီးကို ဆိုက်ရောက် မျက်မှောက်ပြုလျက် နေတော့သည်ဟုမှတ်ပါ။

ဤသည့်ကား သရုပ်တရားကိုယ်အားဖြင့် ခွဲတွက်ပြသောစာပရမတ္ထတရားလေးပါးမှလွန်မြောက်၍ ဤပစ္စုပ္ပန်၌ ဖြစ်ပေါ်နေသော သဘာဝပရမတ္ထ တရားကြီးလေးပါး တွေ့မြင်ပုံကို သညာ၊ ရှေ့ဆောင် ပညာရောင်ဖြင့်၊ ပြောင်ပြောင်မြင်နည်းနိသျှည်းကို ဝါယုံကြည်လျှင်စာဘာသင်ရင်းသောတာပန်အထွေး အငယ်စားဖြစ်နိုင်သောနည်းကိုပြဆိုခြင်းပေတည်း။ မယုံကြည်နိုင်တာကတော့ သင်၏ကံပေါ့။

(၂၄) • ၁- သဘာဝလက္ခဏာ သံဘာဝဓမ္မသာ
၂- သာမညလက္ခဏာ အရိယသစ္စာ

လက္ခဏာဒိသုဟိ တေသံမွှာနံ သာမညံ့ါ သဘာဝေါ
ဝါ:လက္ခဏံနာမ။ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသောနာမ။ ဥ
ပဋ္ဌာနာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံနာမ။ အာသန္န
ကာရဏံ ပဒဋ္ဌာနံ နာမ။ ရုပါဒီယတ္တ ယတ္ထ လက္ခဏာဒိနို
ဝက္ခာမ တတ္ထတတ္ထ နုမိနာနယေန တေသံတေသံ နာနတ္တံ
ဝေဒိတဗ္ဗံ။ ။

ဟု မွေသင်္ဂဟ်ပါဠိတော်၏အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ၌ မိန့်ဆိုတော်မူ၏။ အဓိပ္ပာယ်ကား - ဟိသဒ္ဒါ၊ ထိုစကားမှန်၏။ လက္ခဏာဒိသု၊ လက္ခဏာ အစရှိသည်တို့တွင် ဝါ၊ လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့တွင်။ တေသံ တေသံ မွှာနံ၊ ထိုသို့သောစိတ်တခုယုတ်ကိုးဆယ် အကျယ်တရာနှစ်ဆယ် ဘပါး စေတသိက်ငါးဆယ့်နှစ်ပါး ရုပ်နှစ်ဆယ့်ရှစ်ခု နိဗ္ဗာန်ဟု သိအပ်သော ပရမတ်တရားတို့၏၊ သာမညံ့ ဝါ၊ တရားအများနှင့်ဆက်ဆံသော အနိစ္စစသော သာမည သဘောသည်၎င်း။ သဘာဝေါဝါ၊ တရားအများနှင့်မဆက်ဆံသော တွေ့ထိခြင်း,ခံစားခြင်း,မှတ်သားပြုပြင်ကြံသိခြင်းစသော မိမိတို့၏ပိုင်သော သဘောသည်၎င်း။ လက္ခဏံနာမ၊ လက္ခဏာမည်၏။ ကိစ္စံ ဝါ၊ ပရမတ်တရားတို့၏ ပြီးစေခြင်း အမှုကိစ္စသည်၎င်း၊ သမ္ပတ္တိ ဝါ၊ ပရမတ် တရားတို့၏ ပြည့်စုံခြင်းသည်၎င်း။ ရသောနာမ၊ ရသမည်၏။ ဥပဋ္ဌာနာကာရော ဝါ၊ ယောဂီ၏ဉာဏ်ဝယ် ရှေးရှုထင်သော အခြင်းအရာ

ရာသည့်ရင်း။ ဖလံဝါ၊ ပရမတ်တရားတို့၏အကျိုးသည့်ရင်း
ပစ္စုပ္ပန္နံနာမ၊ ပစ္စုပ္ပန္နံမည်၏။ အာသန္နကာရဏံ၊ အနီး
ကပ်ဆုံးသောအကြောင်းသည် ဝါ၊ နီးစွာသောအကြောင်း
သည်။ ပဒဋ္ဌာနံနာမ၊ ပဒဋ္ဌာနံမည်၏။ ဣတိ၊ ဤသို့။ ယထာ
ယထာ၊ အကြင်အကြင်သို့သော အရာဌာနတို့၌။ လက္ခဏာ
ဒိနိ၊ လက္ခဏာအစရှိသည်တို့ကို။ ဝါ၊ လက္ခဏာ,ရသ,ပစ္စုပ
ဋ္ဌာန်,ပဒဋ္ဌာန်တို့ကို။ ပကာသမ၊ ဆိုကုန်အံ့၊ တထာတထာ၊ ထို
ထိုသို့သော အရာဌာနတို့၌။ ဣမိနာပနနယေန၊ ဤသို့သော
နည်းဖြင့်သာလျှင်။ တေသံ၊ ထိုလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်
ပဒဋ္ဌာန်တို့၏။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗံ၊
အမှန်ရှိသမျှသိအပ်လှ၏။

(ကြောင်ပန်းလူမွေ့ကထိကမှန်သမျှ အရကျက်ထားပါ)

ဤကဲ့သို့သောပါဠိတော်အဋ္ဌကထာကြီးများ၌လာသော
စကားရပ်,ကြီးများကို ထောက်ထားလျက် ကျေးဇူးရှင်
ကြောင်ပန်း ဆရာတော်ကြီးများ, ပရမတ္ထသစ္စာမှ အသီး
ထုတ်ခါ သဘာဝလက္ခဏာအသီးသီးမှန်ပုံကို သိစေလို၍
သဘာဝသစ္စာဟု ဆုံးမတော်မူကြသည်ဟုမှတ်။ ထိုမှတဖြာ
သာမညလက္ခဏာဟူသောအနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာ
အနတ္တလက္ခဏာသုံးချက်ကို အကွက်မြင်က ရုပ္ပာန ဂါဒိနို
ဟူသောဝိပဿနာ၏အထွဋ်အထိပ်သို့,တဆင့်တက်ခါဒုက္ခ
သစ္စာ,သမုဒယသစ္စာ,နိရောဓသစ္စာ,မဂ္ဂသစ္စာဟူသော အရိ
ယသစ္စာကြီးလေးပါးသို့ ဆိုက်ရောက်မျက်မှောက် ပြုနိုင်စေမှု
ကိုရည်ရွယ်၍ အရိယသစ္စာဟုဆုံးမတော်မူကြကုန်၏ဟုအာ
ထူးမှတ်။

ဤတွင် လောကသမုတိပညတ်ဟူသမျှကိုခြုံ၍ရုံ၍သမုတိသစ္စာအားဖြင့်တပါး။ရုပ်,ဝေဒနာ,သညာသင်္ခါရဝိညာဉ်ကုသလ,အကုသလ,အဗျာကတ စသော ဓမ္မသဘာဝ ဖြစ်သောတရားတို့၏ပစ္စတ္တလက္ခဏာစသောသဘောအသီးအသီးအမှန်ရှိနေပုံကိုသိစေလို၍,ရ၍ဆုပ်၍,ဝါကျဥ်း၍ သဘာဝသစ္စာအားဖြင့်တပါး။ဖော်ပြပါသစ္စာလေးပါးနှင့် တကွ-သစ္စာအနက်(၁၆)ချက်ကိုသိမ်းကျုံး၍ဥသျှောင်ကိုင် နည်းအားဖြင့်-အရိယသစ္စာအားဖြင့်တပါး။ဤတွင်-သင်္ခတ, အသင်္ခတတရားအားလုံးကိုသိမ်းကျုံးလျက်......

| | | |
|---|---|---|
| (၁) | သမုတိသစ္စာ | ကိုမူထား၍ |
| (၂) | သဘာဝသစ္စာ | |
| (၃) | ပရမတ္ထသစ္စာ | |

ကျေးဇူးရှင်ကြောင်ပန်းဆရာတော်ဘုရားကြီးများ သစ္စာသုံးပါးဟောတော်မူကြပုံ သင်္ခေပရှင်းတမ်းကြီးပြီး၏။

ထိုဉာဏ်ကြီးရှင်များ ဥသျှောင်ကိုင်နည်းအားဖြင့် သုံးစွဲတော်မူကြသောအချက်ကြီးများကိုမရိပ်မိကြသော ဉာဏ်နဲ့ဉာဏ်နဲ့ဉာဏ်ငယ်အချို့တို့ကပြောကြသည်မှာငါတို့တော့ကြောင်ပန်းပေါ်မှာဘဲသစ္စာသုံးပါးရယ်လို့ကြားဘူးပါတယ်ဗျာသစ္စာတပါးကဘယ်ဆီကိုရောက်တယ်လို့မသိတော့ပါဘူး သစ္စာဆိုတာဒုက္ခသစ္စာ,သမုဒယသစ္စာ,နိရောဓသစ္စာ,မဂ္ဂသစ္စာအားဖြင့် သစ္စာလေးပါးရှိရာ ကြောင်ပန်းက သစ္စာတပါးပျောက်ပစ်ပြီး သစ္စာသုံးပါးထဲဘဲဟောနေသတဲ့ ဟုပညာနဲ့သလောက် မရှက်မကြောက်နဲ့ ပြောဆို၍နေကြလေသည်ရှက်ဖွယ်ကောင်းလေစွ။ပုဆိုးမပါတဲ့လူက လုံအောင်

ထိုင်,ကာမပိုင်လင်ကိုတော့ ဘယ်ရွာသားလဲမေးသော ဟို ဟာဝါမမိစွေးနှင့်ဘူလှူရေ့ရဲ့ဗျာဝတ်။ သို့ဖြစ်၍သူ့ဝါဒကို သိချင်လျှင် သူ့ထံမှာနည်းယူပါ။ပြီးခါမှ-အဖြစ် ထင်သင့်က-တင်ပါ။မရောက်ခင်ကခြေဆင်း, မနှင်းခင်က အပူမထုတ်ချင်ကြပါနဲ့။ပရမတ္ထနှင့်ဘဝမလွတ်ကြတဲဖြစ်တတ်ပါတယ် မေတ္တာရှေ့ထား သနားသဖြင့် သတိပေးလိုက်ရပါတယ်။ သေးငယ်သည်ဟုမထင်နှင့်။

## (၂၅) သဘာဝသစ္စာကို သီးသန့်ပြချက်။

ပရမတ္ထသစ္စာသည်-သဘာဝသစ္စာ, အရိယသစ္စာ အားဖြင့်နှစ်မျိုးပြားပြန်၏။ ထိုနှစ်ပါးတို့တွင် သဘာဝသစ္စာ ဟူသည်မှာ သဘာဝ က-သဘော၊ သစ္စာ က-အမှန်။ သဘာဝသစ္စာ,သဘောအမှန်ဟုအဓိပ္ပါယ်ရလေ၏။

ဤ၌ အဘယ်သို့သောသဘောတရားတွေ အမှန်ရှိ၍နေပါသလဲဆိုသော် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူသော သဘောတရားတွေအမှန်ရှိ၍နေလေသည်။ထိုသဘာဝ တရားလေးပါးကို ခန္ဓာနည်းအားဖြင့်ဝေဘန်သော် ရုပ် သဘော, အစုသည် ရူပက္ခန္ဓာမည်၏။ဝေဒနာစေတသိက်သဘောအစုသည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက် သဘောအစုသည် သညာက္ခန္ဓာမည်၏။ဖဿ စေတနာ အစရှိသော စေတသိက်သဘောအစုသည် သင်္ခါရက္ခန္ဓာမည်၏။ စက္ခုဝိညာဏ်စသော စိတ်(၈၉)ပါးသဘော အစုကိုသည် ဝိညာဏက္ခန္ဓာမည်၏။

သတိ။ နိဗ္ဗာန် ဟူသော သဘောတရားသည် ခန္ဓာဟူသောအခရေအတွက်မှ လွတ်၏။

ထိုမှတပါး,သင်္ခါရဓမ္မာဒေသနာအရ,ကုသိုလ်တရား အကုသိုလ်တရား,အဗျာကတတရားဟူသော သဘော တရားတွေ ထင်ရှားကြောင်း အမှန်ရှိ၍နေခြင်းကိုသဘာဝသစ္စာ ဆိုသည်ဟုမှတ်လေ။

ကုသိုလ်တရားဆိုသည်ကား-ကုသလာအနဝဇ္ဇသုခဝိပါကလက္ခဏာ ဓမ္မာနိသတ္တနိဇ္ဇီဝသဘာဝါ-ဓမ္မသင်္ဂဏီပါဠိတော်လာ အပြစ်မရှိ,ကောင်းသော အကျိုးပေးခြင်း သဘောလက္ခဏာရှိ သတ္တ ဇီဝမဟုတ်သော သဘောတရားများပေတည်း။ အကုသိုလ်တရားဟူသည်ကား- အကုသလာသာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ ဓမ္မာနိသတ္တနိဇ္ဇီဝ သဘာဝါ-ဟူသောအရ,အပြစ်နှင့်တကွမကောင်းသောအကျိုးကိုပေးခြင်းသဘောလက္ခဏာရှိသတ္တဇီဝမဟုတ်သောသဘောတရားများပေတည်း။

ထင်ရှားစေဦးအံ့။ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသုရကာယ် အပါယ်လေးဘုံဟူ၍ခေါ်ဆိုရသောဘုံ၌ နေကြီးရှိသည်ကား အကုသလဓမ္မသဘောပြုပြင်မှုဆိုင်ရာ ဘုံ၌နေကြီးများပေတည်း။ သဘာဝမှန် ပရိယာယ် ဉာဏ်ဖြင့်ဝေဘန်၍ကြံသွယ်သော် မည်းညစ်သော အကုသိုလ်စေတနာကံ အကြောင်းတရားကြောင့် မည်းညစ်သောအကုသလဝိပါက် ခန္ဓာငါးပါး သဘာဝသစ္စာတရားများသာလျှင် တဖွားဖွား ဖြစ်ပေါ်၍နေသော အနန္တသယ,ပရိသုဥ္ဆာန,ပိဋိကမ ဘုံနယ်ကြီးများပေတည်း။ငရဲသတ္တဝါ, တိရစ္ဆာန် သတ္တဝါ,ပြိတ္တာ, အသုရ

ကာယသတ္တဝါ ဆိုတာ မချွနည်းအားဖြင့်-ဘိတ်ဘိတ်မရှိ, အလျဉ်းမရှိပေ။ အကုသလ ဝိပါက် ခန္ဓာငါးပါး သဘာဝ သစ္စာတရားကြီးများသာလျှင်ထင်ရှားကောန်အမှန်ရှိကုန်၏။

**သတိ။** ဤနေရာမှာ သဘာဝသစ္စာအရေးရေးနေတာ, သမုတိသစ္စာ ဒႏရိယသစ္စာများနှင့်ရှုပ်ထွေးမွှေနှောက်၍ မ စဉ်းစားပါနှင့်၊ သစ္စာတပါးကို သစ္စာတပါးအနေနှင့် ချေ ဖျက်၍မဝေဘန်ရဘူး။ အဲဒါဟုရေးစည်းမျဉ်းဟုမှတ်။ ထို အတူ လူပြည်,နတ်ပြည်ခြောက်ထပ်,ဗြဟ္မာနှစ်ဆယ်ဟု သ မုတ်ခေါ်ဆိုရသော ဘုံဌာနကြီးတို့သည့်ကား ကုသလဓမ္မ သဘောကြီးပြုပြင်မှုဆိုင်ရာ ဘုံဌာနကြီးများပေတည်း။ သ ဘာဝမှန် ပရိညာဉာဏ်နှင့် ဝေဘန်၍ကြည့်သော်, ဖြူစင် သော ကုသလဝိပါက် ခန္ဓာငါးပါး, သဘာဝသစ္စာတရား များသာလျှင် တဖွားဖွားဖြစ်ပေါ်၍နေသော အနုသယပရိ ယုဋ္ဌာန ဝီတိက္ကမဘုံနယ်ကြီးများပေတည်း။ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဟူ၍ မချွနည်းအားဖြင့် ဘိတ်ဘိတ်မရှိ အ လျဉ်းမရှိပေ။ထိုသို့ကုသလဝိပါက်ခန္ဓာ၅ပါးသဘာဝသစ္စာ တရားကြီးများသာလျှင် ထင်ရှားကောန်အမှန်ရှိ၏ဟု သတိ ပြု၍မှတ်သားပါလေ။ဤကွင် အကုသလဓမ္မ၏ အပြစ်နှင့် တကွ အကျိုးပေးမြဲလျက် အပါယ် လေးဘုံကြီး၌ဖြစ်ကြ ရသောအပါယ်ရုပ်နာမ်ခန္ဓာ အဗျာကတဓမ္မ၏ ယုတ်ညံ့ ဖျင်းသုံးအောက်တန်းအကျဆုံးသောအဖြစ်ကို ဝေဒိတဗ္ဗာ ဓမ္မတာဝါဒ် သမုပ္ပါဒ်ကိုတပ်အင်မြင်သိ ဓမ္မကောဝိဒ အဏ္ဏ ကောဝိဒပညာရှိအမှန် ပရိညာဉာဏ်မှာနေရောင် လရောင် ကိုမြင်ရသည့်ပမာ လွန်စွာပင်ထင်ရှားလှပေ၏။

ထိုမှတပ ကုသလဓမ္မဂုဏ်၏ အပြစ်ကင်းလွတ်မှု နှင့်တကွ လူနတ်ဗြဟ္မာဘုံတို့၌ဖြစ်ကြကုန်သော ရုပ်နာမ်ခန္ဓာ အဗျာကတဓမ္မဂုဏ်၏ အပြစ်ကင်းလွတ်၍အထက်တန်းကျလျက် မြင့်မြတ်သော ဘဝ,ခန္ဓာစုဖြစ်ခါ ကောင်းသောအကျိုးတရားများဖြစ်ပေါ်၍နေကြပုံကိုလည်းကြောင်းနှင့်ကျိုးစပ်ကေတ္တာ မှန်အမြင်သန်သော ဟေတုပစ္စယ ပရိဂ္ဂဟဉာဏ် အမြင်မှန်ရလျှင် ထို နေ့,လကိုပင် သိမြင်သကဲ့သို့ လွန်စွာထင်ရှားလှလေတော့၏။

ဤကဲ့သို့ ကုသိုလ်,အကုသိုလ်, အဗျာကတ,ဓမ္မဂုဏ်၏ သဘောအားဖြင့် ထင်ရှားရှိလေသောကြောင့် သဘာဝသစ္စာတရားဟု ကြောင်ပန်းမည့်တွင်ထေရ်အရှင်တို့ လယ်ပြင်မှာဆင်သွားသလို ထင်ရှားစွာဟောတော်မူကြသည် ဟုမှတ်။

ထိုအချက်၌ အထက်ပါ စကားတရပ်ကို ထပ်၍ သတိထားစရာမှာ ကုသိုလ်တရားစုကို ကောင်းကျိုးပေးသောတရားဟုဆိုသော်လည်း ဇာတိ,ဇရာ,ဗျာဓိ,မရဏာစသော ဒုက္ခခပ်သိမ်းကင်းငြိမ်း၍ ထိုကုသိုလ်တရားများကိုကောင်းကျိုးပေးသောတရားများဟု ဆိုလိုရင်းမဟုတ်။ စင်စစ်မှာ ထိုကုသိုလ်ဓမ္မစု၌ပင် ထိုကုသိုလ်ဓမ္မဂုဏ်၏အကျိုးဖြစ်သော ရုပ်နာမ်ခန္ဓာ အဗျာကတဓမ္မဂုဏ်၌ပင် ဇာတိအစ။ လ။ ဥပါယာသအဆုံးရှိသော ဒုက္ခစက်ကြီးအပြီးသတ်ချပ်ပါရှိ၍နေလေသေး၏။

သို့ပါသော်လည်း အပါယ်ဘဝခန္ဓာစုနှင့် ထောက်စာနှိုင်းယှဉ်၍သာ အနဝဇ္ဇအပြစ်မရှိ ကောင်းသောအကျိုးကို ပေးသောတရားဟုဆိုရလေသည်။ စင်စစ်မှာဇာတိဇရာ

ဗျာဓိမရှိတာစသော ဒုက္ခခပ်သိမ်းကင်ငြိမ်း၍ သုခဓိပါက
ဟုဆိုလိုရင်းမဟုတ်ပေ။

ထိုအချက်၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခွင်လန်းမှု သုခ
သောမနဿဟုအမည်ရသော ကာယိက စေတသိက သုခ
ဝေဒနာနှစ်မျိုးသည် ဒုက္ခဒေါမနဿ ဝေဒနာများနှင့် ဆန့်
ကျင်ကောင်းသောဝေဒနာနှစ်မျိုးဟုဆိုရ၏။ ခံစားမှုဝေဒိယနသ
ဘောလက္ခဏာအားဖြင့်လည်း ထင်ရှားကြောင်း အမှန်ရှိ၏။

**သတိ**။ ကမ္ဘာလောကခါတ်ကြီးတဝှမ်းလုံးသည် ထို
သုခသောမနဿဝေဒနာ သဘာဝသစ္စာ အမှန်ကြီးများကို
မသိမမြင်မှု၍ ဝေဒနာအတ္တတော သမနုပဿတိ အရ ထို
သုခသောမနဿ ဝေဒိယန သဘာဝသစ္စာ တရားကြီးများ
အပေါ်၌ ကိုယ်,ငါ,အတ္တပြုခါ လူ့စည်းစိမ်ကြီး နတ်စည်း
စိမ်ကြီး ဗြဟ္မာစည်းစိမ်ကြီးဟုထင်လွဲစွဲမှား၍နေကြကုန်၏။

ထိုသို့အထင်အမြင်လွဲမှားမှုကြီး လက်ကိုင်ရှိနေကြလို့
သာလျှင် အဘိဓမ္မာအရာ လွန်စွာကျုံကြိုက်ခဲ့စွာသော
သာသနာတော်မြတ်ကြီးကိုတောင် အမှတ်မထားနိုင်တော့
ဘဲ ကုသိုလ်ကောင်းမှု, ပွဲကြတိုင်း ပွဲကြတိုင်းမှာပင် ၍
ကောင်းမှုကြောင့် လူမင်းလူမိဘုရား, နတ်မင်းနတ်မိဘုရား
နှင့်တကွ သကြားဗြဟ္မာ လောကီစည်းစိမ်ချမ်းသာတွေကို
ကြွမ်ဖန်များစွာ ခံစားခံစား၍ဝတဲ့အခါကြ နောက်ကာလ
၌ မဒိုး, မနာ, မသေရာမှန် ဘယ်အနားမှာရှိတယ်ဟု မသိ
သော နိဗ္ဗာန်ကိုသားသမီးမြေးမြစ်တွေပါခြံရံလျက် ဇွိမ်က
အဖိုးကြီးပါ အပါခေါ်ပြီး, ဆယ်ထပ်တိုက်ကြီးနှင့် ရွှေ့
ပြောင်းပြီးနေပါရစေဟုဆိုတဲ့ ပတ္ထနာချက်ကိုရင်ဝယ်ပိုက်

လျက် ဝဋ်မြစ်စုံ, သေဆေးကို ငွေပေး၍ ဝယ်ယူနိုင်ကြ လေသည်။

တနည်း။ တာဝ ယာဝ ဒွေဘက်ခါ ဤလိုဆုမျိုးတွေ ကိုပေးမှသာလျှင် မျက်နှာ ရွှင်ပြာဝင်ကျနိုင်လေသည်။ဘု ရားသခင်က ဒုက္ခံ တေဘူမ္မကံ ဝဋ္ဋံအရ ၃၁-ဝ ဘုံဗြာန မှာ ဝဋ်ဒုက္ခသာအမှန်ရသဖြင့် ဘဝံ၊ဘဝဒွဲဖြစ်ရခြင်းသည်။ ပါ။ ဖြစ်စေခြင်းကို။ နဝဋ္ဋောမိ၊ ငါဘုရားမချီးမွမ်းဟု မိန့် တော်မူခြင်းနှင့် ထောက်ဆ၍ကြည့်သော် ဤကဲ့သို့တောင်း ဆို၍နေကြခြင်းသည် အဖန်ဖန်ဒိုပါရစေ။ အဖန်ဖန်နာပါ ရစေ။ အဖန်ဖန်သေပါရစေဟု တောင်းဆို၍နေကြသည် မည်၏။

ထိုကြောင့် သဏ္ဍာန်၊ ဝဋ်မြစ်စုံသေဆေးကို ဿွာ်နစ်ရုံ အဖြေပေးခါမှုနှင့် ကျေခေါ်နေရှာကြတဲ့ သဏ္ဍဝါငပေမေး တို့သည်။ အာကာရုဒသနံ၊ တောင်မကျ မြောက်မကျ ရောင်တတနှင့် နောင်မှ ကြောင်,တရမည့်အခြင်းအရာတွေ ကို၊ပြဆိုလိုက်ခြင်းအကြောင်းချင်းနိမိတ်၊တဘိယ တပေါင် အတိတ်ကြီး ဖြစ်တော်မူပါပေသတည်း။ ဟု- ကျေးဇူးရှင် နိုင်ငံအကျော်ဆရာတော်ဦးတိဿအရှင်မြတ်, ကြောင်ပန်း တပေါင် တဘိယ အပိုဒ်မှာ- စပ်ဆို ရေးသား တော်မူ လေသည်မှတ်။

အကျယ်သိလိုက ဆရာတော် ဘုရား စီရင်သော ဟောပုံကျမ်း ပဌမတွဲမှာကြည့်လေ။

ဤသည်ကား...... ဘုံအရ- ပုဂ္ဂိုလ်အရနှင့် ခွဲခြမ်း ဝေ ဘန်၍ ပြလိုက်ခြင်းပေတည်း။ ထိုတွင် ငရဲ- တိရစ္ဆာန်-

ဗြဟ္မာ- အသူရကာယ် အပါယ်သတ္တဝါဟု ခေါ်ဆိုရခြင်းသည်၊ ထိုဒုက္ခ ဒေါမနဿ-ဝေဒနာ တဏှာ ဥပါဒါန်အစရှိသော သဘာဝတရားကြီးတို့၏ ထိန်ထိန်ငြီး ဖြစ်ပေါ်ရာ၊ အနုသယ-ပရိယုဋ္ဌာန-ဝီတိက္ကမ-ဘုံဋ္ဌာနကြီးများ၏ အမည်ရပေတည်း။ ၎င်းဒုက္ခ ဒေါမနဿ ဝေဒနာ နှစ်ပါးကို ရှောင်ကြဉ်ပယ်ရှား အလွတ်ထား၍၊ ခွေး, ဝက်, ကျွဲ နွား ခံစားတတ်သော အပါယ်လေးပါး သတ္တဝါဟု ခေါ်ဆိုဘွယ်ရာဓမ္မာဓိဋ္ဌာန်နှင့်ဝေဘန်၍ကြည့်က၊ဘိတ်မရှိအလျင်းမရှိတော့ပေ။ ထိုဒုက္ခ ဒေါမနဿ ဝေဒနာစသော တရားများသာလျှင်, သဘာဝအားဖြင့် ထင်ရှားရှိ၍၊ ခွေး,ဝက်, ကျွဲ,နွား, စသော သတ္တဝါဟု ခေါ်ဆိုရခြင်းသည်၊ ဤဒုက္ခ ဒေါမနဿ ဝေဒနာ စသော တရားတို့၏ အမည်ပဟူ၍ဆိုရလျှင်လည်း မလွဲတော့ပေ။ ဓမ္မာဓိဋ္ဌာန် နည်းအားဖြင့် ဆိုသင့်လှပေ၏။

ထိုအတူ, သုခ သောမနဿ ဝေဒနာစသော သဘောတရားကြီးတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာ၊ အနုသယ- ပရိယုဋ္ဌာန-ဝီတိက္ကမ-ဘုံဋ္ဌာနကြီးများကိုသာ,လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံဟု ထင်မြင်သမုတ်ရလေသည်။ ထိုသုခ သောမနဿဝေဒနာ စသော သဘာဝ သစ္စာ တရားကြီးများကလွှဲ၍ ခံစားတတ်သော လူ, နတ်, ဗြဟ္မာ, ခေါ်ဆိုဘွယ်ရာဘိတ်မရှိအလျင်းမရှိပေ။ဓမ္မာဓိဋ္ဌာန်နည်းအားဖြင့်, ထိုသုခ သောမနဿ ဝေဒနာ စသော တရားကြီး များသာလျှင် သဘာဝသစ္စာအားဖြင့် ထင်ထင်ရှားရှားရှိကုန်၏။

သို့ဖြစ်ခြင်းကြောင့်၊ လူ, နတ်, ဗြဟ္မာ,ဆိုတာ, ထိုသုခ

သောမနဿ ဝေဒနာ တရားကြီး နှစ်ပါး၏ အမည်ရဟု ဆိုလျှင်လည်း မလွဲတော့ပေ။ ဓမ္မာဓိဋ္ဌာန် နည်းအားဖြင့် ဆိုသင့်လှပေ၏။

ဤသို့ အထက်ပါ စကားကြီးများကို ဓမ္မာဓိဋ္ဌာန် အမြင် သန်၍ ယုံကြည် မှုရှိပါက၊ အရိယာအရှင်မြတ်တို့ကိုချန်၊ ပုထုဇန်မှန်သမျှ သူငါကစ၍ စက္ခုစသော ဒွါရ(၆)ပါးနှင့် ရူပါရုံ စသော အာရုံ(၆)ပါးတို့ တိုက်ဆိုင်တိုင်းတိုက်ဆိုင် တိုင်းမှာ သဒ္ဓါ-သတိ-သမာဓိ ဣန္ဒြိယ ပညာနှင့်ယှဉ်လျက်, သုခ သောမနဿဝေဒနာနှစ်ပါး ဖြစ်ပေါ်တဲ့ခဏတိုင်းမှာ လူနတ်ဗြဟ္မာ အခါခါ ဖြစ်ပေါ်၍နေသည်ဟု ဆိုသင့်လှပေ ၏၊ ဆိုရပေလိမ့်မည်။ ထိုအချက်၌ အကြောင်းနှင့်ပြည့်စုံ က အကျိုးတရားဖြစ်မြဲ၊ ဇစံ တံထွာ,ဓမ္မာဝါတ်သမုပ္ပါဒ်ကို သိမြင်လိမ္မာသော ပုဂ္ဂိုလ်များသည်သာလျှင် ဟုတ်ပါပေ သည် မှန်ပါပေသည်ဟု ကျေနပ်ဝန်ခံနိုင်ကြပေလိမ့်မည်။

ထို့တူမခြား, ဒွါရ(၆)ပါးမှာ ဒိဋ္ဌိ,တဏှာ, မာန,ပပဉ္စ ဦးစီးလျက် တဲ့-မတဲ့ မှုမမှန် သူတပြန် ငါတလှည့် ဖြစ်ပေါ် တဲ့အခါတိုင်းမှာလည်း ပုဂ္ဂိုလ် သတ္တဝါ ယောက်ျားမိန်းမ မဟုတ်သော သုခ,သောမနဿဝေဒနာ, ဒုက္ခဒေါမနဿ ဝေဒနာတရားများသာလျှင် အသားတင်တွေ့ရှိရလေတော့ ၏။ ထိုသို့ ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ၊ အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ,စက်ကြီးများ အပြီးပါရှိ၍နေသော ဝေဒနာများကို အလွတ်ထား၍ ဓမ္မာ ဓိဋ္ဌာန်အားဖြင့် လူ့ရွာ-နတ်ရွာ အပါယ်လေးပါး သံသရာ ဟူ၍ ခေါ်ဆိုဘွယ်ရာ မရှိတော့ပေ။ သို့ဖြစ်၍-စက္ခုစသော

(၆)ဒွါရမှာ ထိုဒုက္ခဒေါမနဿဝေဒနာနှစ်ပါးဖြစ်ပေါ်နေတဲ့
ခဏတိုင်း ခဏတိုင်း၌ အပါယ်လေးပါး သံသရာကြီး
ဆူပွက်၍ နေသည်ဟု ဆိုလျှင်လည်း မလွဲတော့ပေ။
ဤအချက်များကို ဉာဏ်နားရှိမှကြားမည်၊ ဉာဏ်မျက်စိရှိ
သူမှသာ သိမြင်ယုံကြည်နိုင်ကြပေလိမ့်မည်။ ယုံကြည်နိုင်ခဲ
လေစွ၊ ယုံကြည်နိုင်ကြပါစေသောဝ်။

ယုံကြည်နိုင်ရန် ပုံ သက်သေမှာ...... အလောင်းတော်
ဆဒ္ဒန်ဆင်မင်းသည် ဝိပါက်ခန္ဓာဘာ အဟိတ် တိရစ္ဆာန်ဟု
ခေါ်ရ၏၊ သို့သော် ဗုဒ္ဓဆုထူးကိုရှေးရှုခါ ဖြူစင်သောသဒ္ဓါ
ဖြင့် အစွယ်နှစ်ချောင်းကို ကိုယ်တိုင်ဖြတ်၍ ရန်သူ သော
နုတ္တရကို ပါရမီဒါန အလို့ငှါ လှူဒါန်း သော စိတ်သည်
လူစိတ် နတ်စိတ်-သုဂတိစိတ်ဟုမှတ်ပါ။

ထိုအချိန်မှာ–သောနုတ္တရ မုဆိုးသည် ဝိပါက်ခန္ဓာက
တော့ သုဂတိ ဝိပါက်ခန္ဓာဖြစ်လျက်၊ စိတ်ကတော့ ခွေး
စိတ် ဝက်စိတ် ကျားစိတ်။ ဝါ၊ အပါယ်စိတ်ဖြစ်၍နေလေ
သည်ကို ဝေဘန်မိက အထက်ပါ စကားရကို ကျေနပ်၍
သွားပါလိမ့်မည်။ တနည်း၊ အလောင်းတော်ဘူရိဒတ်နဂါး
နှင့် စမ္ပေယျ နဂါးများတို့သည် တိရစ္ဆာန်ဘဝက ဥပုသ်
ဆောင်သို့ဝင်သော စိတ်များသည် လူစိတ် နတ်စိတ်သုဂတိ
စိတ်ဖြစ်၏။

တနည်း။ သုဂတိ ဝိပါက်ခန္ဓာနှင့် အဘကို ညှင်းဆဲ
သတ်ဖြတ်သော အဇာတသတ်နှင့်၊ ဘုရားကို အန္တရာယ်
ပြုကြသော မာရ်နတ် ဒေဝဒတ် တို့၏ စိတ်သည် ငရဲ
တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်စိတ်တွေဟု မချဆိုရလေ

သည်။ အဖန်ဖန်စဉ်းစားပါ၊ ဤဒွါရများကို ကျေနပ်ဘဝင်ကျပါက မိမိတို့၏သန္တာန်မှာ တနေ့အတွက်၌ လူ့စင်စစ်က အပါယ်သို့ ဘယ်နှစ်ခါ ကျရောက် နေသည်ကိုရင်း။ ပါ၊ ခွေး, ဝက်, ကြွက်, နွား, ဘယ်နှစ်ခါ ဖြစ်၍ နေသည်ကိုရင်း စဉ်းစားကြပါစေသောဝ်။

ဤသည်ကား။ အစဉ်ခံစားသော အနုဘဝနလက္ခဏာ အားဖြင့်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာဟူ၍ (၃)ပါး။ ဣန္ဒြိယ ဘေဒအားဖြင့်၊ သောမနဿ ဝေဒနာ, ဒေါမနဿဝေဒနာ, နှစ်ပါးထည့်သျက်, ဝေဒနာ သဘာဝ သဂ္ဂါတရား(၅)ပါး အရေအတွက် ရှိ၏ဟုမှတ်။ သို့သော်-ဝိပဿနာအရာ၌၊ ၎င်းဝေဒနာ (၅)ပါးသည်, တပါးချင်း သာလျှင် အစဉ်လိုက် ဖြစ်ပေါ်ခွင့် ရှိကြကုန်၏။ ဝေဒနာ (၅)ပါးစလုံး တပြိုင်နက်မဖြစ်နိုင်ဟု မှတ်လေ။ ဤအရာ၌ ဝေဒနာတပါးကို ပြသဖြင့်၊ ဧကေုပ္ပါဒ- ဧကနိရောဓ အရ၊ ကြွင်းသော-သညာ,သင်္ခါရ,ဝိညာဏ်အစရှိသောနာမက္ခန္ဓာ (၃) ပါး နှင့် မှီရာ မဟာဘုတ်တည်း ဟူသော ရူပက္ခန္ဓာ ရုပ်(၁)ပါး။ ၎င်းခန္ဓာလေးပါးသည်, ထိုဝေဒနက္ခန္ဓာ နှင့် တူသောဖြစ်ခြင်း- တူသောချုပ်ခြင်းဖြစ်လေသောကြောင့် ထိုခန္ဓာ(၅)ပါးတကွနက်ပါရှိ၏ဟုမှတ်လေ။

ဤအချက်သည်။ မေ့ကို ပေါ်လွင်စေခြင်း၌ ပုဂ္ဂလနှင့် စပ်၍ပြလိုက်သော အချက်ဟုမှတ်ပါလေ။

**၂၆။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်အရ ပရိညာထူထောင်လျက် ပန္ဓုပြွန်ဥ္ဇဝိပဿနာဆင်ခြင်အားထုတ်ပုံကိုတနည်းပြခဏ်း။**

စက္ခု ရူပါရုံ- စက္ခုဝိညာဏ် စသော- ခါတ် (၃) ပါး

ပေါင်းဆုံထိခိုက်မှု-ဖဿဒေတ်ချက်ကို စွဲမှီသမှု အကြောင်းပြုရမှု၊ သဘာဝအလျောက်ပေါ်ပေါက်ရတဲ့ ဝေဒနာသဘာဝကို ဆင်ခြင်အားထုတ်ပုံနည်းမှာ......

အကုသိုလ်မှုနှင့် စပ်လျက်၊ ပွဲလမ်းသဘင်, ဓါတ်ရှင်ပွဲ အမျိုးမျိုးတွင် မှောင်မှောင်လင်းလင်းအဆင်းဝဏ္ဏ အဝဝကိုမြင်ကြတဲ့ခဏမှာ ကြည့်လို့ချမ်းသာလေစွ၊ ကြည့်လို့ကောင်းလေစွ၊ သဘောကျလေစွဟု အဆင့်ဆင့်ဖြစ်ပေါ်၍ နေခြင်းသည်၊ ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား,မိန်းမ မဟုတ်တဲ့ အကုသိုလ် စေတနာနှင့်စပ်သော သုခဝေဒနာ- သောမနဿ ဝေဒနာ နှစ်ပါးသာလျှင် အစဉ်ဖြစ်ပေါ်၍ နေကြကုန်၏။ သို့ဖြစ်၍ ထိုဝေဒနာနှစ်ပါးသည်, ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝ မဟုတ်သဖြင့်၊ ပုဂ္ဂိုလ်သတ္တဝါ၏ ပိုင်ဆိုင်သော အတ္တနိယ တရားမျိုးလည်းမဟုတ်။ ထိုကြောင့်- မြင်လို့ချမ်းသာလေခြင်း၊ မြင်လို့ကောင်းလေခြင်း၊ သဘောကျလေခြင်းဟု ဖြစ်တိုင်း ဖြစ်တိုင်း သုခ,သောမနဿဝေဒနာသဘာဝကို နေ့ရာတကျ ထင်မြင်အောင် ဆင်ခြင်ပွားများလိုက်ကြရမည်။ ဤ၌ သုခ ထင်မှုသည်၊ သုခ ဝေဒနာ၏ သဘောအကောင်း ထင်လျက်၊ သဘောကျမှုသည် သောမနဿဝေဒနာ၏သဘောဟု ခွဲခြား၍ရှုပါလေ။

ထိုဝေဒနာနှစ်ပါးမှ လွတ်၍လွဲ၍ အကောင်းခံစားတတ်သော ပုဂ္ဂိုလ်- သတ္တဝါ- အတ္တဇီဝ- ဘိတ်မရှိ, အလျှင်းမရှိပါ။ ပွဲလမ်းသဘင် ပျော်ရွှင် တတ်သော ပုဂ္ဂိုလ် သတ္တဝါ အလျှင်းမရှိဟု မြင်အောင်ကြည့်လေ။

**သတိ။** ထိုသုခသောမနဿ ဝေဒနာ သဘာဝ သင်္ခါ

ကို သုဓမ္မ သဘောအတိုင်း မသိမမြင် မောဟယှဉ်လျက်, ဝေဒနာအတ္တတောသမနုပဿတိ အရ၊ သဘောအားဖြင့် ထင်ရှား ရှိသော ဝေဒနာ သဘာဝကို သဘော အားဖြင့် ထင်ရှားမရှိသော ငါ၏အတ္တပြုခါ ဝေဒနာနှင့်ငါမပြားမကွဲ တသားတဲပြုလျက်၊ ငါကြည့်၍ချမ်းသာသည်- သဘောကျသည်ဟု ထင်လွဲစွဲယူမှု-အတ္တဒိဋ္ဌိလှုံ့ဆော်ချက်ကြောင့်သာ ကြည့်ပြီးရင်းကြည့်ချင်ရင်းဖြစ်ခါ၊ ပုဆိုး ထဘီအလိုလိုကို ပေါင်နှံလျက်၊ ပွဲလမ်းသဘင်, ဓါတ်ရှင်ပွဲ အရပ်ရပ်တို့၌ ကြွက်ကြွက်ရိုက်ဆူညံခါ၊ သူရကန် နေမင်းဆယ်စင်းမက, ပူလောင်လှသော အပါယ ဂမနီယ- ငရဲဒုက္ခကြီးတွေကို အတ္တဒိဋ္ဌိက-ရ၀-သုဘ-သုခ အတ္တဟု အပြေပေးချက် အရ ငွေပေး၍အခါခါဝယ်ယူလျက်၊ ဗုဒ္ဓ၏ဆုံးမသော သာသနာတော် ကယ်သူနှင့် ဝေးရှာကြရ သေသည်။ သနားဘွယ်ကောင်းလေစွ, ကယ်ဆယ်ရန်ခက်ခဲလေစွ။

ထိုနည်းတူစွာ။ ဤအခါမှာ ကြည့်မြင်၍ ချမ်းသာမှု-မြိန်ရှက်မှုနှင့် မချမ်းသာမှု- မမြိန်ရှက်မှု ထိုထိုဝေဒနာပကို သာ သုဓမ္မသဘောအတိုင်းအမြင်မှန်ရပါက, ထိုအပါယဘေးကြီးများမှ ခဏခြင်းကင်းလွတ်နိုင်ကြရကုန်၏။ ဤ၌ ထိုဒုက္ခ ဝေဒနာနှင့် ဒေါမနဿ ဝေဒနာနှစ်ပါး အသည့်ကြဖြစ်ပေါ်သောခဏတိုင်းမှာလည်း၊ အထက်ပါ သုခ သောမနဿဝေဒနာ နှစ်ပါးကဲ့သို့ ပဋ္ဌာ-သဏ္ဌ- အတ္တ ၆၀-သုံးဆိတ်လျက်၊ အရိပ်နိမိတ် ပျောက်သုံးအောင် ဆင်ခြင်ပွားများကြရမည်။

ဤသို့တမူ အလားတူစွာ၊ ပျော်ရွှင်ကချန်မှ အမျိုးမျိုး

နှင့်တကွ, သတ်ပုတ်ရိုက်နှက်မှု အကုသိုလ် အမှုအရာများကို မြင်တိုင်းမြင်တိုင်း၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်သော၊ သုခ, သောမနဿဝေဒနာ၊ဒုက္ခဒေါမနဿဝေဒနာများကို အဇ္ဈတ္တ ဗဟိဒ္ဓမခြား တသားတည်း ထင်မြင်အောင် ဆင်ခြင်ပွားများကြပါလေ။

ထိုနည်းမခြား၊ သွီးနှင့်သား-လင်နှင့်မယား စီးပွားချွေ ရှေ လယ်မြေဘိုက်ဇိမ်-ဟူသော အမှုအရာစုကို မြင်တိုင်း မြင်တိုင်း၌ သဘော ကျ လျှင် သုခ,သောမနဿဝေဒနာ၊ သဘော မကျလျှင် ဒုက္ခ ဒေါမနဿ ဝေဒနာများ မရပ် မနား ဖြစ်ပေါ်ပုံကို အရေရေမှာ ဉာဏ်ကုန်စေလွှတ်၍ ကမ္မဋ္ဌာန ဓိန့်မှုတွေ့ ဓမ္မာနာမနဲ့။ အရ, ဝေဒနာနုပဿနာ သတိပဋ္ဌာန်အလုပ်ကို အသိမှန်လျက် အသမ္မောဟသမ္ပဇဉ် ဖြစ်အောင် ဆင်ခြင်ပွားများကြပါလေ။

ဤသည်ကား......မြင်မှုအတွက် အကုသိုလ်စေတနာနှင့် စပ် သော သုခ,သောမနဿ၊ ဒုက္ခ ဒေါမနဿ ဝေဒနာ သဘာဝ သစ္စာတရားများကို အမှန်ထင်မြင်လျက် ဆင်ခြင်ပွားများရန် အချက်ပုကြီးများပေတည်း။

ထိုသို့မြင်ဆဲခဏ၌—စေတီ တန်ဆောင်း သိမ် ကျောင်း ဇရပ်များနှင့်တကွ ရဟန်းသံဃာတော်များနှင့် ဥပုသ် သီတင်း ဆောက်တည်ကြသော ကုသလ စေတနာ၏ အမှုအရာများကို မြင်ရတိုင်း မြင်ရတိုင်း၌ ကောင်းလေစွ..... ကောင်းလေစွဟု ဖြစ်ပေါ်သောခဏတွင် ပုဂ္ဂိုလ် သတ္တဝါ အတ္တ,ဇီဝ မဟုတ်တဲ့ကုသိုလ်စေတနာနှင့်ယှဉ်သော သုခ

သောမနဿ ဝေဒနာ တရားများ တဖွားဖွား ဖြစ်ပေါ်ရာ သဘာဝသစ္စာကို အခါခါပွားရှုလိုက်ကြရမည်။

**သတိ။** အခိုက်အတန့်အားဖြင့် မိမိတို့စိတ်သဏ္ဍာန်မှာ ပေါ်ပြပါ ကုသလအမှုအရာများကို မြင်ရပါသော်လည်း မိမိမနှစ်သက်မှု-သဘောမကျမှုဖြစ်တဲ့အခါမှာ အကုသလ နှင့်စပ်သော ဒုက္ခဒေါမနဿ ဝေဒနာများသည် တဖွား ဖွား ဖြစ်ပေါ်တတ်ပေသည်။ ဖြစ်ပေါ်နိုင်သည့်လည်း ရှိ လေသေး၏။ အဘယ်ကဲ့သို့ဖြစ်ပေါ်နိုင်ပါသနည်းဆိုသော် လောက၌ ဆရာ, ဒကာ၏ အနေနှင့် သင်္ဃာတော်များကို ပစ္စည်းလေးပါးဒါယကာအဖြစ်နှင့် ကျောင်းဆောက် ကိုး ကွယ်ကြရာတွင် ဆရာက ဒကာ၏ အပေါ်မှာသော်၎င်း၊ ဒကာက ဆရာ၏အပေါ်မှာသော်၎င်း-မကျေနပ်မှု သဘော မကျမှု ဖြစ်ပေါ်တဲ့အခါတိုင်းမှာ, ထို-ဆရာနှင့် ဒကာ...... ဟူသော ပုဂ္ဂိုလ်သတ္တဝါဟုတ်တဲ့ အကုသလ စေတနာ နှင့် စပ်သော ဒုက္ခဒေါမနဿ ဝေဒနာတရားများ တဖွား ဖွား ဖြစ်ပေါ်တတ်လှပေ၏။

ဤအခါ၌-၊ထိုဝေဒနာတရားတို့ကို သူ့ဓမ္မ သဘောအ တိုင်း ထင်မြင်အောင် ပွားရှုလိုက်နိုင်က, ၎င်းဝေဒနာကို ကိုယ်ငါအတ္တပြု၍စွဲ သူသော သက္ကာယဒိဋ္ဌိ အစွဲဒိဋ္ဌိ တရား ဆိုးကြီးများ ဖြစ်ခွင့်ပေါ်ခွင့်မရဘဲ၊ အနတ္တသမ္မာဒိဋ္ဌိဉာဏ် ဦးစီးခါ အဗျာပါဒဖြစ်သော ဝေဒနာဓမ္မကို နေရာတကျ သိမြင်နိုင်ကြပေလိမ့်မည်, သိမြင်အောင် ပွားရှုကြပါလေ။ ဤသို့မပွားမရှုပါက, ထိုခဏ၌ အပါယ်ကျိုး အပါယ်လွှန်

အပါယ်တံခွန် လမ်းစကြီး ဖြစ်ပေါ်၍နေသည်ဟု အထူး သတိပြု၍ ရှောင်ရှားကြပါလေ။ ။ဤတွင်......

အရာရာ၌ အဓိကအချက်များယောနိသောမနသိကာရ နှင့်စပ်သော နှလုံးသွင်း ဆင်ခြင်မှု အချိုးတဲ့မှ သာလျှင် ကုသိုလ်စေတနာနှင့်စပ်သော, သုခ သောမနဿ ဝေဒနာ ဖြစ်မည်ဟုမှတ်။ ။တနည်း၊ တထက်၌ဖော်ပြပါ အနတ္တ သမ္မာဒိဋ္ဌိဉာဏ်နှင့်ယှဉ်က အဗျာပါဒ သဘောမျှဖြစ်သော ဝေဒနာဓမ္မကို၊ သူ့ပကတိ သဘောအတိုင်း နေရာတကျ အမြင်မှန်ရပြီဟုမှတ်ပါလေ။

ဤလိုမြင်မှုအတွက်၊ ကုသိုလ် အကုသိုလ်နှင့် စပ်သော သုခ သောမနဿဝေဒနာ၊ ဒုက္ခဒေါမနဿဝေဒနာသဘာဝ များကို အဗျာပါဒ တရားအတိုင်း, အနတ္တ သမ္မာဒိဋ္ဌိဉာဏ် ဖြင့် ပိုင်နိုင်စွာမြင်မှုကို နာမ,ပရိညာဉာဏ်ဟု မှတ်ပါလေ။

## ၂၇။ ဟေတုပစ္စယပရိဂ္ဂဟဉာဏ်-ခန်းကိုပြခန်း။

ထိုသို့မြင်မှုခဏ၌၊ပိုင်းခြား၍ပြခဲ့သော ဝေဒနာဟူသော သဘောတရားများသည်, အကြောင်းနှင့်ကင်း၍ ဖြစ်ပေါ် နိုင်ခွင့်မရှိဟုမှတ်။ အကြောင်းသော်ကား- နာနက္ခဏိက ကမ္မသတ္တိမှ အနုသယ- ပမာဏ လွန်စွာ သိမ်မွေ့လှသော ဟေတုဇနကအကြောင်းနှင့်စပ်လျက်,ပစ္စုပ္ပန်၌ ပရိယုဋ္ဌာန အနေနှင့် ထောက်ပင့် ကျေးဇူးပြုသော၊ စက္ခု- ရူပ-အာလောက-မနသိကာရ ဟူသော ထမ္ဘက အကြောင်းတို့ကို ဘူမိဘေဒအားဖြင့် ပြား၍ပြခဲ့သော, ဟေတုအကြောင်း, ထမ္ဘကအကြောင်းများနှင့် ဧကတ္တနည်းအားဖြင့်စပ်လျက်

သယံဇာတ, သဘာဝအလျောက် ပေါ်ပေါက်၍လာသော ဝိဘတ္တိမျိုးအကျိုးတရားသက်သက်မျှသာဖြစ်တဲ့, ဝေဒနာ ဟူသော သဘောတရား ထင်ရှားဖြစ်ပေါ်၍ လာခိုက်မှာ, ထိုသို့ အကြောင်းပစ္စည်းတရားများကို သိမ်းဆည်းချက်, လိမ္မာသော ဟေတုပစ္စယ ပရိဂ္ဂဟ, ဓမ္မကောဝိဒဉာဏ်, ၎င်းဝေဒနာ ဟူသော ခံစားမှု ဝေဒိယန အနက် သဘောမှုကို, အတ္တနိမိတ်, ဇီဝနိမိတ် သုံးသပ်အောင် ပိုင်းခြားသဖြင့် အကျိုးတရား၌ လိမ္မာသော, အတ္ထကောဝိဒ,နာမပရိဂ္ဂဟသမ္မာဒိဋ္ဌိဉာဏ်, ၎င်းဉာဏ်နှစ်ပါးကို, ပရိညာအရကောက်ယူသော် ဉာတပရိညာ၌အတွင်းဝင်သည်ဟုမှတ်။ ဝါ။ ဉာတပရိညာဆိုရသည်ဟု မှတ်ပါ။

တနည်း။ သစ္စာအရကောက်ယူသော်, သဘာဝသစ္စာ၌အတွင်းဝင်သည်ဟုမှတ်။ ဝိသုဒ္ဓိအရဆိုသော်- ဒိဋ္ဌိဝိသုဒ္ဓိနှင့်ကင်္ခါဝိတရဏဝိသုဒ္ဓိနှစ်ပါးကိစ္စပြီး၏ဟုမှတ်။ ဤ၌ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ နှစ်ပါးသည် အတွင်းဝင် ပါရှိလေတော့၏ဟုမှတ်။

ဤအရာမှာ...... ဥပမာဆိုသော် တခုသော သစ်စေ့၌ ပေါက်ရောက်စေတတ်သော- ဗီဇ ဟူသော မျိုးစေ့သည် ဟေတု ဇနက အကြောင်းနှင့် တူ၏မှတ်။ ထိုမျိုးစေ့၏ အညွန့်အညှောက် အပင်ပေါက်လျက် ကြီးပွားစည်ကားစေအောင် ထောက်ပင့်သော မိုးဥတုရေဥတုများသည် စက္ခု ရူပ အာလောက မနသိကာရ ဟူသော ထမ္ဘက အကြောင်းလေးပါးနှင့် တူသပေ၏။

ထို-သုခ,သောမနဿ၊ ဒုက္ခ ဒေါမနဿ ဥပေက္ခာ ဟူ

သော ဝေဒနာ ငါးပါး တဖွားဖွား ပေါ်ပေါက်၍ နေခြင်း သည် မျိုးစေ့မှပေါက်ဖွားသော သစ်ပင်မှအကိုင်းအခက် အရွက်များ စည်ကား၍နေသည်နှင့်တူလှပေ၏။

ဤ ဥပမာ, ဥပမေယျကို အထပ်ထပ် ကြံ၍ ကြည့်ပါ, သိပါလိမ့်မည်။ ဤလို မွေဝေအဝိဇ္ဇာနှုတ်အရာက နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်မှသော အလွန်ရှည်ရင်းသျက် အတ်ပြည့်ဥရိကဥဇ္ဈေဒဝါဒ နှင့်စပ်သော အတ္တဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်မည်ဟုမှတ်။ ထို့ပြင်တဝ,ဟော တုပစ္စယ,ပရိဂ္ဂဟ သမ္မာ ဒိဋ္ဌိဉာဏ် အမြင်စင်ကြယ်မှသော အတန်ငယ် ရှန့်ရင်းလျက် သဿတ ဝါဒနှင့် စပ်ယှက်သော ပြည့်ဥရိကအတ္တဒိဋ္ဌိကင်း စင်လျက် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိဖြစ်မည်ဟုမှတ်။

ဤသို့ ဉာတပရိညာအရက, သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ လေးပါး အချီးကျမှသော အထက်ဖြစ်သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာ ဏ ဒဿနဝိသုဒ္ဓိ အနိစ္စ အနိစ္စ ဒုက္ခ အနတ္တ........ဟူသော ဝိပဿနာမှန် တိရဏပရိညာဉာဏ်အချီးကျလျက် လော ကုတ္တရာ ဉာဏ ဒဿနဝိသုဒ္ဓိ ဂေါစခန်း အထက်တန်းသို့ ရချ တက်လှမ်းနိုင်ကြမည်ဟုမှတ်ပါ။

ဤဒွိ, စက္ခုဒွါရတခုမှာ သုခ ဒုက္ခ, သောမနဿ, ဒေါ မနဿ, ဟူသော ဝေဒနာလေးပါး အပြားအားဖြင့် ပြခဲ့ သည့်အတိုင်း၊ သောတဒွါရ၌ ကံစသော ဟောတုစနက အကြောင်းနှင့်စပ်လျက်ဖြစ်ပေါ်သော သောတ-သဒ္ဒ-အာ ကာသ မနသိကာရ,ဟူသော ထမ္ဘကအကြောင်း(၄)ပါး ကို စွဲ၍၊ ပဋ္ဌပ္ပန်အခိုက်မှာ ကုသလအမှုအရာ-အာရုသ

လ အမူအရာများနှင့် စပ်လျက်ဖြစ်ပေါ်သော ဝေဒနာ (၄) ပါး။ ထိုမှတပ ဃာနဒွါရ၌, ဃာန-ဂန္ဓ-ဝါတ-မနသိကာရ၊ ဇိဝှါဒွါရ၌, ဇိဝှါ-ရသ-အာပ-မနသိကာရ။ ကာယဒွါရ၌, ကာယ- ဖေါဋ္ဌဗ္ဗ-ထဒ္ဓ- မနသိကာရ။ မနောဒွါရ၌, မနော ဝတ္ထု-ဟဒယ-မနသိကာရ ဟူသော........ ဟေတု အကြောင်း ထမ္ဘက အကြောင်းတရားများနှင့် ဧကတ္တ နည်းအားဖြင့် စက်လျက်ဖြစ်ပေါ်သော ဝေဒနာ-ဟူသော အကျိုးတရား များသည် ထိုအကြောင်းတရားများနှင့် စပ်လျက် ဖြစ်ပေါ် ရသော်လည်း၊ နာနတ္တနည်းအားဖြင့် အကြောင်းဝတ္ထုရက လည်းအသီးအခြား၊အကျိုးအတ္တတရားရကလည်း အသီး အခြား အထူးထူးအပြားပြားဖြစ်ပေါ် ကြကုန်၏။ ဤတွင် အဗျာပါရ နည်းအားဖြင့်ဝေဘန်သော်, အကြောင်းတရား စုက အကျိုးတရားစု၏အပေါ်၌သော်၎င်း၊ အကျိုးတရား စုက-အကြောင်းတရားစု၏အပေါ်၌သော်၎င်း ပယောဂ စေခိုင်းခြင်း,ပေ သလ တိုက်တွန်းခြင်း, ဥဿာတ လုလ္လပြု ခြင်း, ဗျာပါရ ကြောင့်ကြစိုက်ထုတ်ခြင်း အလျဉ်းမရှိကြ ပေ။

ဤသို့-အကြောင်းတရားနှင့် အကျိုးတရားတို့သည် စေ ခိုင်းခြင်း, တိုက်တွန်းခြင်း, လုလ္လပြုခြင်း, ဗျာပါရ ကင်း ဆိတ်ခြင်းပင် ရှိကြ သော်လည်း အကြောင်း တရားစု ရှိ သော်သာ အကျိုးတရားတို့ အစဉ်ဖြစ်ပေါ်မြဲ ထံထွာ ဝမ္ဘ တာ ဖြစ်လေသောကြောင့် ဧဝံဓမ္မတာ နည်းဟု ဆိုသည် မှတ်။

ထိုကြောင့်......

(၁) အစဉ်မပြတ်၊ ကြောင်းကျိုးစပ်၊ မှတ်အပ်ဧကန္တာ။
ဥစ္ဆေဒါဒိ၊ ကြွင်းမရှိ၊ ကွာဖို့ဟူမှတ်ရာ။

(၂) ဥပါဒ်သစ်သစ်၊ ဖြစ်တုံလစ်၊ စင်စစ်နာနတ္တာ။
သဿတဆို၊ ဒိဋ္ဌိကို၊ မလိုစွန့်ပစ်ကွာ။

(၃) ဗျာပါမပို၊ မကြောင့်ကြသကို၊ သူ့ကိုအဗျာပါ။
အတ္တဝါဒ၊ ကိလေရ၊ အမှုငြိမ်းတော့တာ။

(၄) ကြောင်းအားလျော်မှန်၊ ကျိုးဖြစ်လွန်၊ ဧဝံဓမ္မတာ။
အကိရိယ၊ ဒိဋ္ဌိမျှ၊ ကင်းပကောင်းမွန်စွာ။

ဤသို့ နည်းလေးပါး လက်ာလေးပိုဒ်ကို နှုတ်ရဆောင် ၍ ပစ္စုပ္ပန်၌အဖန်ဖန်ကြံ၍ကြည့်ပါ, သိပါလိမ့်မည်။ သို့ဖြစ် ၍ နည်းလေးဖြာမစဲ, တဖွဲ့ဖွဲ့ဖြစ်ပေါ်၍နေသော တရားကို သည် စကျ၊စသောဌါရ(၆)ပါးတွင်တွေ့ကြုံဆဲ၌သော်၎င်း၊ ထို့ပြင်တစ, ဣရိယာပထ, လေးပါး၌သော်၎င်း၊ သွားလို့ ကောင်း- သွားလို့မကောင်း။ ရပ်လို့ကောင်း- ရပ်လို့မ ကောင်း။ ထိုင်လို့ကောင်း-ထိုင်လို့မကောင်း။ လျောင်းလို့ ကောင်း- လျောင်းလို့မကောင်း, ဟူသော- သုခ သောမ နဿဝေဒနာ ဒုက္ခ ဒေါမနဿဝေဒနာ, များကို အကြမ်း စားအားဖြင့် ပိုင်နိုင်အောင်လေ့ကျင့်လျက် အဆင့်တက် ခါ ကုန်းခြင်း, မော့ခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့် ခြင်း, မှိတ်ခြင်းဖွင့်ခြင်း, ကွေးခြင်းဆန့်ခြင်း, ငုံ့ခြင်းခွဲခြင်း, စသည်ဖြင့် အစိတ်အစိတ်သောပြောင်းလွဲချက်ဣရိယာပထ မှုများ၌, တခုမကျန် ဤလေးတန်သော ဝေဒနာ သဘော

အစုကို ဂေါစရမှန်, သမ္ဗဇဉ်ဥာဏ်၌ ပေါ်လောကြီးပေါ်၍ လာအောင်ဖေါ်ထုတ်၍ ပွါးများအားထုတ်လျက်အသမ္မော ဟ သမ္ဗဇဉ်ဖြစ်သော ဝိပဿနာ အလုပ်ခွင် ထူထောင်၍ ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး ထင်မြင်အောင် ဆင်ခြင်ပွါးရှုကြပါလေ, ယောဂီတွေတို့။

**သတိ။** ဤ၌ ဥပေက္ခာဝေဒနာကို မထင်ရှားသဖြင့် မဖေါ်ပြဘဲတော့ပေ။

ထိုအလုပ်ခွင်ကြီးများကို ရည်ရွယ်ကာ, အရာရာမှာ- အဗျာပါရ ဧကတ္တနှင့် နာနတ္တနည်း ဇေိနည်းသာ ဓမ္မတာ ဟု ဖွင့်ခါစင်စင် ပညာမြင်မှ ကြည်လင်လှသည် မြင်ကြ အများ မှန်အမှား။

အမှန်အမှား ဤနှစ်ပါးတွင်, ဒိဋ္ဌိယှဉ်က အမြင်မိစ္ဆာ ဘုံသုံးရွာမှာ သူငါတို့အား အထင်မှား၍, ငါးပါးခန္ဓာ သဘာဝါကို,တဗျာသုံးသွယ်ဆယ့်ရှစ်တွယ်၍,သုံးဆယ့် ခြောက်က ရာ့ရှစ်ကျအောင်, တဏှာနှောင်တဲ့ သုံးဆယ့် တဆောင်, ဘုံပြောင်ပြောင်မှာ လောင်စဥ္စြီးငြီး, ကာမ္ဘာ မီးသို့ တနည်းမြားမြောင်, တထောင့်ငါးရာ တဏှာပါ၍, သုံးဖြာနွံရ ပြုသမျှက, သမုဒယ ဒုက္ခသစ္စာ ဖြစ်လေရာ၏။ ဤအရာမှာ- နှစ်ဖြာရပ်နာမ် ဟုတ်မှန်လိမ္မာ, ပရိညာတွင် မဝင်ပြောရ နိရောဓသည်, သစ္စာအပြား မှန်လေးပါး,ဟု ခြောက်ဆောင်သခင် ကျေးဇူးရှင်ကြီးဘုရား လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ ဆုံးမတော်မူခဲ့လေသည်။

## ဒွါရ(၆)ပါး၌ ရူလုံးရူကွက် ဂမ္ဘီရအချက်များ။

စက္ခုနှင့် ရူပါရုံလေးပစ္စယထမ္ဘကတွေ့ဆုံရာ ဝေဒိယနှ သဘော လတ်တလော စွဲမှီခါ (၂)ခံစားမှု ဝေဒနာဆိုတာ မြင်ရာမှာပေါ် ပျက်ခါခါ အနိမိတ္တ အနိစ္စလက္ခဏာ ရူစမ်း ကြ သုသျှင်ငါငါ ဒုက္ခဆိုတာ သုပါဘဲဗျာ၊ အနတ္တဆိုတာသု ပါဘဲဗျာ၊ခြေဉ်-သစ္စာဥာဏ်တွဲ ဒါဘဲမဂ်ဆိုတာ။ဝိသာခါ ပုံပမာ, ဗိမ္ဗိနှင့်ဝိဝိက်စွာ, အနုသယပါကုန်ရာမှန်စွာ,လေး သစ္စာတပြိုင်ထဲကျခါ ပတ်သက်နိုင်ရာ,သာသနာ ဒါပါဘဲ- ပေါ်ဆဲတွေ့အောင်ရှာ။

ဤ၌......

| | | |
|---|---|---|
| သောတနှင့် | သဒ္ဒါရုံ | ကြားရာမှာ |
| ဃာန နှင့် | ဂန္ဓာရုံ | နံရာမှာ |
| ဇိဝှါ နှင့် | ရသာရုံ | စားရာမှာ |
| ကာယ နှင့် | ဖောဋ္ဌဗ္ဗာရုံ | ထိရာမှာ |
| မနော နှင့် | ဓမ္မာရုံ | သိရာမှာ |

ငင်း (၅)ဒွါရ အတွက် အထက်ပါဆောင်ပုဒ်၌ ထည့် သွင်း၍ဆိုလေ။

### အဖွဲ့ဝင်အမျိုးသမီးများအတွက် (၆) ဒွါရစေ့က တရားတောင်းရန်

သာသနာ-ဒုလ္လဘနှင့်ကြုံရတဲ့အခါ၊ မာန်တဏှာ ဒိဋ္ဌိတို့ အမြစ်ကုန်အောင်တိစရာ,အဘိဓမ္မာမိန့်ကြားဆုံးမပါ။

ဤတွင် ဝိပဿနာ အရာ၌၊ ထိုဝေဒနာနှင့် တဥပ ထည်း ဖြစ်ပေါ် ကြသော သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ နှစ်ပါးကို သတိပဋ္ဌာန်(၄)ပါးတွင်ထည့်သွင်းသော် ဓမ္မာ

နှပဿနာ သတိပဋ္ဌာန်အနေနှင့်ပါဝင်လေသည်ဟု အထူး မှတ်ပါ။ ၎င်းသညာသင်္ခါရ-ဟူသော ခန္ဓာနှစ်ပါးသည့် ဖေါ်ပြပါ ဝေဒနက္ခန္ဓာ နှင့် သဘာဝ လက္ခဏာအားဖြင့် ခြားနားကြသော်လည်း သမညလက္ခဏာ အားဖြင့် ဖြစ်ပျက်ရာမှာ အတူတကွ ပါရှိပုံကို ဉာဏ်နှင့် ငုံ၍သာ သိကြပါလေ။ ။ဂန္ထဝိတ္ထာရ ဖြစ်မည်စိုး၍ သီးခြား မဖေါ် ပြနိုင်တော့ပေ။

ထိုတွင်ဉာတ ပရိညာအရ-အနုသာသနီ,
ဝိပဿနာသဘာဝ သစ္စာအကြောင်း, နိဗ္ဗုတံ။

၂၀။ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

ဟူသော-အနုလောမဒေသနာအရ, တီရဏပရိညာ
ဝိပဿနာ ဘာဝနာအလုပ်ကိုပြခြင်း။

ဝေဒနာပုပ္ဖုဠူပမာ–ဟု-ဖေဏပိဏ္ဍူပမ သုတ္တန်၌လာ၏။ ဝေဒနာ၊ ဆိုးကောင်းနှစ်ဖြာ ဘာဘာညာညာဟု ဗျာပါရ မပြုပါဘဲလျက် မိမိ၏ ဝေဒယန သဘော လက္ခဏာ အားဖြင့် ခံစားမှုသက်သက်မျှကိုသာ ရှေးရှု ဆောင်သော ဝေဒနာဓါတ် ပရမတ်သဘောတရားသည်။ ပုဗ္ဗုဠူပမာ၊ ငါဟု စွဲလန်း အမြဲမှန်းခါ အတ္တအနေနှင့် အားထားစရာ အနှစ်သာရ ဘာမှမဘက် ဆူဝေတက်သည့် ရေပွက်နှင့် တူသော ဥပမာရှိပါပေ၏။ ဤတွင်......

ဥပမာနဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

ဥပမာနဝိနိမုတ္တော၊ ဥပမာနှင့်လွတ်သော၊ ဓမ္မောနာမ၊

တရားမည်သည်။ နတ္ထိ၊ မရှိ-ဟူသောအခရ ဗုဒ္ဓရှင်တော်၏
"ဥပမာတော်ကြီးဖြစ်သည့်, ပေါ်ပေါ်မကြိုသင့်"

ဥပမာ၊ ရေပွက်ဆိုတာ နေ့စဉ်နှင့်အမျှထမင်းချက်ကြ ရာမှာ- မီးရယ်, အိုးရယ်, ဆန်ရယ်, ရေရယ်။ ဤလေးပါး စုံညီမှသာ ထမင်းအဖြစ်သို့ ရောက်ရလေ၏။ ထိုလေးပါး တွင် မီးထဲကလည်း ရေပွက်မပါ, အိုးထဲ ကလည်းမပါ, ဆန်ထဲကလည်းမပါ,ရေထဲကလည်းမပါ။ ထိုမီး,အိုး,ဆန်, ရေ, လေးထွေသော အကြောင်းတရားတို့ ပေါင်းစပ်မိက သဘာဝအလျောက် ပေါ်လိုက်, ပေါ်ရာတွင် ပျက်လိုက်, ထိုသို့ အဆင့်ဆင့် ပေါ်ပျက် ပေါ်ပျက်နှင့် ရေပွက်ငယ်တွေ အဖြစ်မစဲ, အပျက်မစဲ, တသဲသဲဖြစ်ပျက်၍နေသည်ကိုမြင် အောင် ကြည့်၍ထားပါ။

**သတိ။** ဤ၌ အနှစ်သာရနှင့် ကိုင်တွယ်၍ပြစရာမဖြစ် နိုင်သောအပွက်ကလေးဧကိုသာ သီးသန့်ခွက်ခြားကြည့် ရမည်။ မီး, အိုး, ဆန်, ရေ,များကို မကြည့်နှင့်။ ဤတွင်မီး စသော အကြောင်းလေးပါးနှင့် အပွက်ကလေးကို အတူ မထား တခြားလည်းမဖြစ်နိုင်, မရှိနိုင်တာကို မြင်အောင် ကြည့်၍တားပါ။ အဲဒါ- ဥပမာ။

ဥပမေယျမှာ-မီး, အိုး, ဆန်, ရေ, ဤလေးထွေနှင့် စကျူ ရူပအာလောဘ။မနသိကာရ,ဟူသောထဿကအကြောင်း တရားလေးပါးနှင့် တူလှပေ၏။ ၎င်းမီး,အိုး, စသော အ ကြောင်းတရားလေးပါး ပေါင်းဆုံညီညွတ်လျက်, ထောက် ပင့်ကူညီမှုရရှိတဲ့ခဏမှာ သဘာဝအလျောက် ပေါ်ပေါက် လျက်, အဆင့်ဆင့်ဖြစ်ပေါ်ချုပ်ပျက်၍နေကြသောရေပွက်

ငယ်တွေနှင့် စက္ခု,ရူပ,အာလောက,မနသိကာရ-ဟူသော ပစ္စုပ္ပန် အကြောင်းတရား လေးပါးကို စွဲမှီလျက်, သယံဇာတ သဘာဝအလျောက်, ဖြစ်ပေါ် ချုပ်ပျောက်၍ နေသော ဝေဒနာ အနိစ္စဓါတ်အစဉ်နှင့်တူလှပေ၏။

**သတိ**။ မီးစသော အကြောင်းလေးပါး အထောက်အပံ့ရရှိတဲ့ခဏမှာ၊ အကျိုးတရားအသွယ်သွယ်၊ ရေပွက်ငယ်တွေ ဖြစ်ပေါ်မဟာ့, ဖြစ်ပေါ်စရာ့ ဓါတ်ထူးသဘာဝနှင့် စက္ခုစသော ထမ္ဘကအကြောင်းတရားလေးပါး ပရိယုဋ္ဌာနအခိုက်၌၊ ညီညွတ်တဲ့ခဏမှာ, ဝိတိက္ကမျိုးအကျိုးတရားမျှ, သုခ, ဒုက္ခ စသောဝေဒနာအနိစ္စဓါတ် ပရမတ်ဖြစ်ပေါ်ရန်, ဇာတ, ဖြစ်မဟာ့သဘော။ ဘူတ, ပေါ်မဟာ့သဘော။ ကတ,ပြုလုပ်မဟာ့သဘော။ သင်္ခတ,ပြုပြင်မဟာ့သဘောဖြစ်သော,အနုသယ ပမာဏ ဟေတု ဇနက ဥပါဒိမယှဉ်, ဒွိဘင်မဝေ့,"ပြကတေ့, အနတ္တ ဆတ်ဆတ်သော သင်္ခတ, အကြောင်းတရားနှင့်တူလှပေ၏။ ။ထိုဥပမာနှင့် ဥပမေယျကို အတပ်ထပ် အဖန်ဖန် ကြံ၍ကြည့်ပါ သိမြင်ပါလိမ့်မည်။

**တနည်း**။ စက္ခုစသော အကြည်(၆)ပါးသည်၊ မဟာသမုဒ္ဒရာရေပြင်ကြီးနှင့်တူ၏။ ရူပါရုံစသော အာရုံ(၆)ပါးသည် ကောင်းကင်မှာကျသော မိုးစက်ပေါက်များနှင့်တူ၏။ ထိုရေပွက်သည် သမုဒ္ဒရာ ရေပြင် ထဲတွင်လည်း မရှိနှင့် မိုးစက်ပေါက်ထဲကလည်း မပါ။ ထိုရေပြင်နှင့် မိုးစက်ပေါက်တို့၏အကြားကလည်း မဟုတ်ပါဘဲလျက်၊ ထိုရေပြင်နှင့် မိုးစက်ပေါက် ထိခိုက်မှု ဒဏ်ချက်ကိုစွဲ၍ ပွက်ခနဲဖြစ်, ဖွစ်ခနဲ

ပျက်နေသော ရေပွက်ပယ်တွေနှင့် ဒွါရ(၆)ရုံ အာရုံ(၆)ပါး ပေါင်းဆုံ ထိခိုက်မှု ဖဿကိုစွဲမှီသျက် အဆက်ဆက် ဖြစ်ပေါ်ချုပ်ပျက်၍နေသော ဝေဒနာအနိစ္စတရားများနှင့်တူလှပေ၏။ ။ဤတွင် ထိုရေပွက်နှင့်တူသော ဝေဒနာ အနိစ္စတရားသည်ဒွါရ(၆)ပါးထဲမှထွက်ပေါ်၍လာသည်မဟုတ်။ အာရုံ(၆)ပါးထဲကလည်း ပါခဲ့သည်မဟုတ်။ ဒွါရ အာရုံတို့၏အကြားကလည်း မဟုတ်ထောကိုလည်း နာဝတ္တာ ရမ္မဏာ နာဝမံ နာပိဝုဘိန္န မန္တရာ ဟေတုံ ပဋိစ္စ သမ္ဘောတိ သင္ခါ ပဟာတာယ ဘေရိယာ, ဟူသော ခြောက်စောင်ရှင်၏ စကားကိုထောက်၍သာ အခါခါကြံပါလေ။

ဤတွင်......သဉ်တခါတ် ဆတ်ဆတ်သော ပရမတ္ထ သဘာဝ ဟေတုအကြောင်းတရားက အနိစ္စမရ, ဒုက္ခမရ, အနတ္တအတိမှုဟု သိထားပါ။ ပစ္စုပ္ပန်မှု စက္ခုရုပ စသော ထန္တက အကြောင်း (၄)ပါးနှင့် တကွ, ဝေဒနာခေါ် ရိုးအကျိုးတရားမျိုး ဟူသမျှသည့် အနိစ္စလည်းဟုတ်၏။ ဒုက္ခလည်းမှန်၏။ အနတ္တလည်းရ၏ဟုမှတ်။

ထိုတွင်ဝိပဿနာဉာဏ်မြင်နည်းမှာ,ဟေတုအကြောင်းနှင့် စပ်လျက်ဖြစ်ပေါ်သော စက္ခု ရုပ အာလောက မနသိကာရ, ဟူသော တရားမျိုး ဆိုတာကလည်း အဆင့်ဆင့်ဖြစ်၍ အဆင့်ဆင့်ပျက်နေသော ဥပါဒ်ဘင်မျှသင်္ခါရတရားမျှသာအမှန်ဖြစ်လေ၏။ အကျိုးတရားဖြစ်သော သုခ, ဒုက္ခသောမနဿ ဒေါမနဿ ဝေဒနာ ဟူသော သဘောကလည်း ထိုစက္ခု စသော အကြောင်း (၄)ပါးနှင့် ဥပါဒ်ပြိုင်

ဘင်ပြိုင် ဖြစ်ပျက်၍ နေသော ဥပါဒ်ဘင်မျှ သင်္ခါရ တရားမျှသာအမှန်ဖြစ်လေ၏။

ထိုကြောင့်– ပညတ္တိံ ဧပေတွာ အနိစ္စာဒိ ဝိဓိခါကာရေန ပဿတီတိ ဝိပဿနာ။

ပညတ္တိံ၊ သဒ္ဒပညတ် အတ္ထပညတ်ရကို။ ဧပေတွာ၊ ရှောင်ကြဉ်ဖယ်ရှား အလွတ်ထား၍။ အနိစ္စာဒိ၊ အနိစ္စအစရှိသော တရားတို့၏၊ ဝိဓိခါကာရေန၊ ထူးထူးထွေထွေ ဖြစ်ပျက်၍နေသော အမူအရာအာကာရမျှသာအမှန်ရှိ၏ဟု။ ပဿတိ၊ ထူးသော ဉာဏ်ဖြင့် ရှုမြင်အပ်၏။ ဣတိတသ္မာ-ထိုသို့ရှုမြင်တတ်သောသတ္တိကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

ဟူသော ဝစနတ္ထအရကိုထောက်ရှုသော် ပစ္စုပ္ပန်အခိုက်တွင် အကြောင်းအကျိုးဝေဘန်ရသော သင်္ခါရ တရားမှန်သမျှ သိမ်းကျုံး၍ပြ၊ သင်္ကျ ချသော် ဥပါဒ်ဘင်မျှအနိစ္စတခုသာ အမှန်ကျရလေသည်ဖြစ်လေသောကြောင့်......

သဗ္ဗေသင်္ခါရာအနိစ္စာ၊ ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ။ ။

ဟု- သဘာဝသစ္စာ သဘာဝ လက္ခဏာကို ထောက်၍ အနိစ္စ ဟူသောသာမညလက္ခဏာကို အနုလောမဒေသနာ နည်းအားဖြင့် ဟောတော်မူသည်မှတ်။ ဝါ, ရုပ်,နာမ်ဟူသမျှ အနိစ္စဟုဆိုသည်မှတ်။

တနည်း။ ပဋိလောမ ဒေသနာ နည်းအားဖြင့် ဟောတော်မူသည်မှာ........

အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။ ။

ဟု- ဟောတော်မူခြင်းကို ဝေဘန်သော် ဝင်စစ်မှာ အကြောင်းအား သျှော်စွာဖြစ်ပေါ်လျက် အကြွင်း အကျန်မရှိ ချုပ်ငြိမ်းသော အနိစ္စတရားကိုသာ, ရုပ်,နာမ်, ဟူ၍ရင်း၊ အကြောင်းတရား အကျိုးတရားဟူ၍ရင်း ပြောဆိုရသေသည်။ ထိုအနိစ္စတရားမှတပါး၊ ရုပ်, နာမ်, အကြောင်း အကျိုးပြောစရာ သီးခြားမရှိ။ ပြောပြောသမျှ ထိုအနိစ္စ၏ အမည်ပုချည်းသာဟူ၍ ဆိုလိုရင်းဖြစ်လေ၏။

ထိုကြောင့် အနိစ္စပေါင်းစု ကြောင်းပြုအတ္တ ံ သတ္တဝါမျှဟုန် လုံးရုံသဏ္ဍာ ဓမ္မပုဉ္ဇ သဘာဝကိုသာ ရုပ် နာမ် ခန္ဓာဟုဆိုသည်။ ထိုရုပ်နာမ်၏ အရိပ်မျှကိုသာ ပုဂ္ဂိုလ် သတ္တဝါ ဘာဘာတွေ ညာညာတွေ ထင်ရုံခါမျှ ထင်မြင် ပြောဆိုရလေသည်ဟုမှတ်ပါ။

၍အချက်၌-နှုတ်ရဆောင်စရာ .....

“ အတိဂမ္ဘီရကဗျာ ”

ခံစားမှုဝေဒ-အကြောင်းလျော်ရာမ၊ သဘာဝ
အလျောက်ပေါ်ပေါက်၍လာ၊ ဓမ္မာနိသတ္တာနိဇီဝါ၊
ကျမ်းဂန်အလာ, လမ်းမှန်မြင်ရ သမ်တခါတ်မှန်၊
ပရမတ်ဥာဏ်ပိုင်ရာ၊ဘုရားသာသနာကြုံလာဆဲမှာ
တရားမြတ်သိစရာ မြင်ဆဲမှာ တွေ့အောင်ရှာကြပါ။

**သတိ။** ဒွါရ(၆)ပါးစသုံး သိမြင်အောင် အားသုဘ်ပါလေ......။

ထိုတွင်- မဖေါက်မပြန် မြဲမှန်အပ်မြတ်သော အနိစ္စခါတ်, ပရမတ်ကို ဆောက်၍ ဟောတော်မူခြင်းကို ပဋိ

လောမ ဒေသနာ နည်းအားဖြင့် ဟောဘော်မူသည်ဟု မှတ်ပါ။

၌တွင်…… တနည်းအားဖြင့်, သဗ္ဗေသင်္ခါရာ အနိစ္စာ ဟု-ဆိုခြင်းသည် ဉာတပရိညာ သဘာဝသစ္စာမှ တိရဏ ပရိညာ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ ဝိပဿနာအရာ ကို ရည်ရွယ်၍ဆိုသည်မှတ်။

ထို့ပြင်တဝ, အနိစ္စာဝတ သင်္ခါရာ ဟု ဆိုခြင်းသည်၊ ထိုတိရဏပရိညာမှ အရိယသစ္စာကို ရည်ရွယ်၍ ဆိုသည် ဟု အကျဉ်းအားဖြင့်မှတ်ပါလေ။

ထိုသို့ သဗ္ဗေသင်္ခါရာအနိစ္စာ ဟူ၍၎င်း၊ တနည်းအား ဖြင့် အနိစ္စာဝတသင်္ခါရာ-ဟူ၍၎င်း အနုလုံ-ပဋိလုံ အရန် အဆန် အပြန်အလှန်ဖော်ပြခဲ့သော အနိစ္စဓါတ်ပရမတ်ကို ပစ္စုပ္ပန်၌ စဘာသ်ရင်းပင် ကိုယ်တွေ့ဉာဏ်မြင် ပြမည် သတိထား။

ယခုလို စဘာသ်ရင်းမှာပင် စလုံးစမျက်နှာပြင်ဟု ထင်ရသော မဲမဲမြူမြူ ဝဏ္ဏဓါတ်ကို မြင်လို့ကောင်းသည် မြင်လို့မကောင်းဟု ဖြစ်ပေါ်၍နေခြင်းသည် အထက်တွင် ဖော်ပြခဲ့သော စက္ခုစသော အကြောင်း(၄)ပါးနှင့် တကွ, သုခဝေဒနာ ဒုက္ခဝေဒနာ ဟုဆိုရသော ဥပါဒ်ဘင်မှုအနိ ၏ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် ဟူသော အမှုကိစ္စ ကြီးများပေတည်း။

**သတိ။** အရိယာသစ္စာကို ရည်ရွယ်၍ရေးနေပြီ, အရိ ယ သစ္စာဉာဏ်နှင့် စဉ်းစား၍ဘတ်ပါ။

ထိုအနိစ္စဓါတ်ပရမတ်ပေါ်ဖို့ အမူအရာထူးမှုကိုသာ

စက္ခုစသောပဉ္စပြန်ထဉ္စက အကြောင်း(၄)ပါးဟူ၍ရင်း။ ဝေဒနာ(၃)ပါး ဝေဒနာ(၅)ပါးဟူ၍ရင်း။ သညာ သင်္ခါရ ဝိညာဉ်ဟူ၍ရင်း။ ။တနည်း။ မြင်မှုဖြစ်သည်ဟူ၍ရင်း။ ဝိဇ္ဇမာန, အဝိဇ္ဇမာန ပညတ်အနေဖြင့် အမျိုးမျိုးပြောဆိုရသော်လည်း စင်စစ်မှာ ဖြစ်ရာတွင်ပျက် ပျက်ရာတွင်ဖြစ် လျက် အသစ်အသစ်ပေါ် အဟောင်းအဟောင်း ပြောင်းလွဲ ချုပ်ပျက်မှု သင်္ခတ အစဉ်မျှသာနိပ္ပရိယာယမုချသစ္စာအားဖြင့် ထင်ရှားကေန် အမှန်ရှိကုန်၏,ဟု မှတ်ယေ။

ထိုကြောင့်, ဗုဒ္ဓ၏ပရိနိဗ္ဗုတ မှာထမ်းတော်၌...... ဟန္ဒ ဒါနိဘိက္ခဝေ အာမန္တယာမိ ပေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဟု- ဥဒါန်းစကား မိန့်ကြားတော်မူခဲ့လေသည်။

ဘိက္ခဝေ၊ သံသရာညွတ် ခန္ဓာဝဋ်ကို စွန့်ပစ်လိုငြား- အိ-ငါ၏ချစ်သား ချစ်သွီးများတို့။ ဟန္ဒဒါနိ၊ သင်ချစ်သား ချစ်သွီးတို့အား စိတ်မချ ပါဘဲလျက်, ဘဇ္ဇန ဓမ္မတာကို မလွဲနိုင်တော့ဘဲ ပရိနိဗ္ဗာန် ပြုရတော့မည့်ဆဲဆဲမျှဖြစ်သော ဤယခုအခါကလေး၌။ အာမန္တယာမိ၊ အချာရာမှာညွှာတာ သနားဘွယ်သဖြင့်ငါဘုရားခေါ်တော်မူရလေ၏။ ဝေါတုမှာကံ သင်ချစ်သား ချစ်သွီးတို့သည်။ သင်္ခါရာ၊ ကံ-စိတ်-ဥ-ဟာ- ရာဇာဘုရင် သူ့အရှင်တို့ စီရင်သမျှ ခံနေကြရကုန်သော ရုပ် နာမ် ခန္ဓာ အာယတနဟူသမျှ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ အဖြစ် ဖြစ်လာပုံတွေ မစဲတော့ဘဲ အသစ်သစ် အာရုံတွေ လွဲလွဲပြီး အနဲ့နဲ ချုပ်ပျက်ခြင်း သဘောတခုသာ လျှင် အမြင်မမှားရစ်ကြလေနဲ့တော့ ထင်ရှားကေန် အမှန်

ဘဲ ရှိတော့သည် သာလျှင်တည်း။ တံ၊ ထိုသို့ထင်ရှားမြင်ကြားစရှိ ကြိသိသမျှ သင်္ခါရက အနိမိတ္တ အနိစ္စကြောင့် ဒုက္ခမှန်ကို။ အပ္ပမာဒေန၊မမေ့မလျော့မပေါ့မတန်ကောင်းမြတ်သော သတိပဋ္ဌာန် အသိမှန်ဖြင့်။ သမ္ပာဒေထ၊ မဖိုတ်မသုံ ညဏ်နှင့်ဂုဏ်ရှိပြည့် ရုံပွားနေရစ်ကြပါကုန်တော့အံ့သတည်း။

ဤသို့ ပစ္ဆိမ ဗုဒ္ဓဝစန ဖြစ်သော နောက်ဆုံးနိဂုံးချုပ်မှာတမ်းစကားတော်ကြီးကို ထောက်ထားသောအားဖြင့် လုဗ္ဗဘိပလုဒ္ဓတိ တိလောကောအရ လောကကြီးမှာ ခဏပျက်,ပဗန္ဓပျက်အားဖြင့် တစဉ်ထဲပျက်၍နေသော သဘောတခုသာလျှင် ထင်ရှားကြောင့် အမှန်ရှိလေရကား ယိုမှားဘွယ်မရှိတော့ပေ။

**သတိ**။ အာရုံကို မြင်လို့ ကောင်းသည့်, ဟူသော ဥပါဒ်၏ ရှေ့နှင့်ချုပ်,ပျက်လေပြီးသော ဘင်ခဏ၏နောက်မှာ ထိုသင်္ခတခါတ် ပရမတ်အားလုံး,မရှိလုံးလုံးသုံးဆိတ်လေ၏ဟုမှတ်။ ထိုသို့ ဥပါဒ်ဆဲ ခဏတွင်လည်း ရဝ ခိုင်မြဲသောအနှစ်, သုဘ-တင့်တယ်သောအနှစ်, သုခ-ချမ်းသာသောအနှစ်, အတ္တ- ငါဟူသော အစိုးရသောအနှစ်,ဟူသောသာရ(၄)လုံးကင်းသုံးကြလေကုန်၏။

ထို့ကြောင့်...... သင်္ခတာပုဗ္ဗာ ပရဝေ့ဇ္ဇသု ဖိပိဏ္ဏတော
သုဘဒ္ဓုဝသုခဇ္ဇတ္တသုညတော ဟောတုဗုဒ္ဓိတော။

သင်္ဂဟဂါထာပါဠိ

သင်္ခတာ၊သင်္ခတဓါတ်တို့ကို။ ပုဗ္ဗာပရဝေဇ္ဇသု, ဥပါဒ်မှ ရှေ့ဘင်မှ နောက်အစွန်းနှစ်ဘက်တို့၌။ ဝိပိတ္တတော၊ ကင်းဆိတ်ကွယ်ဘိ မရှိလုံးသုံး သုံးသောအားဖြင့်၎င်း။သုဘဒ္ဓုဝ

သုခတ္တဘ္ဘူ သုညတော၊ တင့်တယ်မြဲစွာ ချမ်းသာ စိုးရသော အဖြစ်မှ ကင်းဆိတ်သောအားဖြင့်ရင်း။ ဟေတုရတ္တိတော, အကြောင်းရှိမှ ဖြစ်ရသောအားဖြင့်ရင်း။ ဒဋ္ဌဗ္ဗာ၊ ရှုအပ် ကုန်၏။

အကြောင်းတရားဟူသော်ကား၊ ဖေါ်ပြခဲ့ပြီးသော, ဟေတုအကြောင်း၊ ထပ္ပကအကြောင်းများဟု သိသာ လှတော့၏။

ဤ၌ ဝိပဿနာဉာဏ်သည်, ဉာတပရိညာ, သဘာဝ သစ္စာအရ, ခန္ဓာနည်း, အာယတနနည်း, ဓါတ်နည်းအား ဖြင့် အရာကျယ်စွာပြခဲ့သော ရုပ်နာမ်သဘာဝ,သင်္ခါရ အားလုံးကို သိမ်းကျုံးလျက် အနိစ္စအားဖြင့် ဝေဘန်လျှင် လည်း တခုတည်း၊ ဒုက္ခအားဖြင့် ဝေဘန်ရင်လည်း တခု တည်း,အနတ္တအားဖြင့် ဝေဘန်ရင်လည်း တခုတည်းသာ ရသည့်ကိုရ၍ ဆုပ်၍။ ဝါ၊ ကျဉ်း၍ ဧကောဓမ္မောတိလက္ခ ဏော,ဟု မြင်သောဉာဏ်ရကို ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် ဟု ဆိုသည်မှတ်။

တနည်းအားဖြင့်လည်း, ဥပါဒါဘင်မျှဖြစ်သော ရုပ်နာမ် ခန္ဓာတို့၏ အပေါ်၌, ကိုယ်, ငါနှင့်စွဲလျက်, အာရုံနှင့်တွေ့ တိုင်း တွေ့တိုင်း ဆူပွက် သောင်းကြမ်းသော အာရမ္မဏာ အနုသယ ကိလေသာ အန္တရာယ်များကို အဖန်ဖန် ကာ ကွယ်ချေပလျက်, လောကုတ္တရာမဂ်ဉာဏ်ဟူသော သမ္မာ ဒိဋ္ဌိမင်း တည်မြဲစိုးစံရာ တခုတည်းသော ဒုက္ခသစ္စာပလ္လင် ပျံကို လက္ခဏာ(၃)ပါးသာဥ်တို့ဖြင့် ခြံရံခါ ပုဗ္ဗဘာဂဖြေ၊

ပြေးအဖြစ်နှင့် တည်ဆောက်၍ပေးသောဉာဏ်ကို ဝိပဿနာ ဉာဏဒဿနသမ္မာဒိဋ္ဌိဉာဏ်ဆိုသည်ဟုမှတ်။

"သို့ဖြစ်၍"

ဝိပဿနာသမ္မာဒိဋ္ဌိယာ အနိစ္စာဒိ ဝသေန ခန္ဓာဒိသု သောဓိတေသု ပစ္ဆာ ဘုမ္မိလဒ္ဓံ ဝဋ္ဋံ ပရိစ္စဇမာနာ မဂ္ဂ သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

"သံယုတ်အဋ္ဌကထာ"

ဝိပဿနာ သမ္မာဒိဋ္ဌိယာ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်သည်။ အနိစ္စာဒိဝသေန၊ အနိစ္စသည်တို့၏ အစွမ်းအားဖြင့်။ ခန္ဓာဒိသု၊ ခန္ဓာအစရှိသောတရားတို့ကို။ ဝါ၊ခန္ဓာစသောတရားတို့၌။ သောဓိတေသု၊ ငါ၊ငါ့ဥစ္စာ သက္ကာယဒိဋ္ဌိတရားယုတ်ကို ပယ်ရှား သုတ်သင် အပ်ကုန်သည် ရှိသော်။ ပစ္ဆာ၊ များမကြာမီ နောက်ကာလ၌။ ဘုမ္မိလဒ္ဓံ၊ ဟုတ်တိုင်းမှန်ဘိ အသိဉာဏ်၏ တည်ရာကိုရသည်။ ဟုဘူတ၊ ဖြစ်၍။ ဝဋ္ဋံ၊ ဝဋ်ဆင်းရဲကို ပရိစ္စဇမာနာ၊ ပယ်ခွါစွန့်ပစ်နိုင်သော။ မဂ္ဂသမ္မာဒိဋ္ဌိ၊ သမ္မာလေးချက်ကို တပြိုင်နက် အမှုပြီးအောင် ရစည်း၍ ကိစ္စပြီးသိစေနိုင်သော လောကုတ္တရ မဂ္ဂဖလ သမ္မာဒိဋ္ဌိဉာဏ်ပညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။

အဓိပ္ပါယ် အကျဉ်းကား..... မဂ္ဂသမ္မာဒိဋ္ဌိဖြင့် သစ္စာ (၄)ချက်ကို တပြိုင်နက် တချက်ထည်းပုစည်း၍၊ ကိစ္စပြီးသိနိုင်ဘို့ရာ တရားစစ်တရားမှန်သည့်၊ ၍ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပေတည်း။ ထိုအနုသာသနီ ဝိပဿနာ သမ္မာဒိဋ္ဌိ

ဉာဏ်နှင့်ကင်း၍ အဘယ်ကဲ့သို့သော တရားချိုးနှင့်မျှ မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်မဖြစ်နိုင်ဘူးဟူ၍ မသေမချင်းမှတ်ပါ။

ထို့ကြောင့် ယခုလို သာသနာတော်တွင်းမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ရရအကြောင်းမျှဖြစ်သော,ဒါန သီလ သမထ ပြုလုပ်ကြသော အခါ များမှာ၊ အာသန္န, အနိုး ကပ်ဆုံး အကြောင်းဖြစ်သော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် မခြံရံက ဘယ်လိုနည်းနှင့်မျှ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ မရနိုင်ဘူးဟူ၍ သေနံဒါးထစ်မှတ်ပါလေ။

## ၂၉။ ကိုယ်တွေ့ဝိပဿနာတနည်းပြခန်း။

ရူပါရုံ,စသော အာရုံ(၆)ပါး အနိဋ္ဌတရားကို မြင်လို့ကောင်းသည်ဟု ဖြစ်ပေါ်သော, စက္ခုသမ္ဘဿဇာ ဝေဒနာ ဝါတ် ဥပါဒ်မှု အနိဋ္ဌတရားသည် ထိုဥပါဒ်ဆဲ ခဏတွင်ဘဲ ချုပ်ပျက်မှုဘင်ကိစ္စပြီးဆုံးရလေတော့၏၊ မြင်လို့မကောင်းဘူး ဟူသော ဥပါဒ်ခဏသို့ မပါတော့ပေ။ ထို မြင် လို့ မကောင်းဟုဖြစ်ပေါ်သော ဒုက္ခဒေါမနဿဝေဒနာ, ဥပါဒ်သဘောသည် ကြားလို့ကောင်းသည် ဟူသော သောတသမ္ဘဿဇာ ဝေဒနာဝါတ်၏ ဥပါဒ်ခဏသို့ မပါနိုင်တော့ပေ။ဤသို့ကြားလို့ကောင်းသည်ဟူသော သုခသောမနဿဝေဒနာ ဥပါဒ်သဘောသည်, ကြားလို့မကောင်းဘူး ဟူသော ဒုက္ခဒေါမနဿဝေဒနာ၏ ဥပါဒ် ခဏသို့ မပါမူ၍, ထိုကြားလို့မကောင်းဟု ဖြစ်ဆဲခဏ၌ပင် ဥပါဒ်နှင့်ဘင်ညီမျှဘိ သကဲ့သို့ ခဏချင်းပင် အကြွင်းမရှိ ချုပ်ပျက်ရလေကုန်၏။ ။သိအောင်တွေး-မြင်အောင်ကြံ-ဉာဏ်၏ အရာဖြစ်သည်။

ထိုနည်းတူစွာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ၊ အနိစ္စတရားတို့သည်, တနိစ္စနှင့်တနိစ္စ မရောမစပ် အပိုင်းအပိုင်းပြတ်လျက်, တနိစ္စဖြစ်ဆဲမှာ တနိစ္စက ပေါ်ခွင့် ဖြစ်ခွင့် အခုအပုံနှင့်လည်း မရှိနိုင်သေး၊ တဘန် အသစ် တနိစ္စ ပေါ်ပြန်ကလည်း, အဟောင်း တနိစ္စ က အကြွင်းမရှိ အကျန်မရှိ ချုပ်ဆုံး ကွယ်ပျောက် နှင့်ရလေတော့၏။

**သတိ။** ပစ္စုပ္ပန်မှာ—နှစ်နိစ္စပြိုင်၍ မဖြစ်နိုင်ပေ။ တနိစ္စ တနိစ္စမျှ ပစ္စုပ္ပန် ကာလ,မှာ အနိစ္စဓါတ် ပရမတ် သည် တိုး၍နေပါသည်ဟူ၍၎င်း။ သို့မဟုတ်၊ လျော့၍နေပါသည် ဟူ၍၎င်း, ပြောစရာမရှိဘဲ တိုးဆုတ် လျော့နဲ့မရှိ အတိ နိယာမ, ထာဝရ အားဖြင့်သာ ကျပ်၍ ပျောက် လျက် အဆက်အဆက်ဖြစ်ပျက်၍ နေသည်ကို မြင်အောင်ကြည့်။

ထိုအချက်စုကို ရည်၍ ခြောက်ဆောင်အဆိ ကျမ်း ဂဏ္ဌိ၌........

မြင်ကြားစရှိ။ ကြံသိသမျှ။ သင်္ခါရက။ အနိမိတ္တ။ အနိစ္စကောန်။ ဒုက္ခမှန်သည့်။ ပစ္စုပ္ပန်ကို။ ရုပ်နာမ်ပြောရ။ ဓမ္မဆတ်ဆတ်။ ပရမတ္ထ။ သစ္စသဘော။ ပညာဓါပင်။ ဝိညာဉ်မြင်ကြီ၊ လောကမှန်မှာ။ တောသံတောင်သံ။ ပဲ့တင်သံသို့။ သူ့ဟန် ငါဟန့်။ ထင်မြင်ပြန်၍။ ဖန်ဖန်ခါခါ။ ဥာဏ်ပညာမှာ။ ရှာသော်နှယ်မူ။ ဘယ်လူဘယ်ဝါ။ ဘယ်ဘယ်ဟာမျှ။ ရှာတာမရ။ မုချသဘော။ စင်စစ်ပြောက။ ခဏမမြဲ။ ဆင်းရဲစွာလျှ။ စိုးမရသည့်။ ဓမ္မအမှန်။ သယံဇါတ။ ထာဝရဓါတ်။ ပရမတ္ထ။

ရှိသမျှက။ အနိမိတ္တံ။ အရိယသစ္စာ။ မြတ်စွာသည်၊ ပမာ
နေလ–ထင်ရှားတည်း။ **အရကျက်**။

"အမိပ္ပါယ်အချို့ကို အထက်တွင် ရှင်းခဲ့ပြီ"

**သတိ**။ ဝိပဿနာရှုသောအခါမှာ အနိစ္စလက္ခဏာ
တခုကို ပိုင်နိုင်စွာ မြင်မှုကိစ္စသည်သာလျှင် အဓိကဖြစ်၏။
ဒုက္ခနှင့် အနတ္တသည်, ထိုအနိစ္စလက္ခဏာ၏ အရောင်တင်
အမွှန်းတင်မျှသာဖြစ်လေ၏။ ဘာကြောင့်ဆိုသော် မခိုင်မြဲ
သော အနိစ္စမျိုးဖြစ်၍သာ ဆင်းရဲသော ဒုက္ခမျိုးဟူ၍ အ
မွှန်းတင်ရလေ၏။ အကယ်၍ ခိုင်မြဲသောတရားမျိုးသာမှန်
ပါက,သုခ,မျိုးဟုဆိုရပေလိမ့်မည်။ ထိုအတူ အနှစ်သာရ
အတ္တအနေနှင့်တကွ ခိုင်မာသော တရားမျိုး မဟုတ်လေ
သောကြောင့်သာ အနတ္တမျိုးဟူ၍ အမွှန်းတင်ရလေသည်။
အကယ်၍ အနှစ်သာရနှင့်တကွ ခိုင်မာသော တရားမျိုး
မှန်ပါက, အတ္တ တရားမျိုး ဟူ၍သာ ဆိုရပေလိမ့်မည်ဟု
မှတ်ပါ။

သို့ဖြစ်၍......ဝိသေသတောပန ဉာဏသိဒ္ဓိဉာဏေ အနိစ္စ
လက္ခဏ ဒဿန မေဝ ပဓါနံ တသ္မိံ ဒိဋ္ဌေ ယေဝ
ဣတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ။
ပရမတ္ထဒီပနီဋီကာကြီး။ လယ်တီဆရာတော်။

ဝိသေသတောပန၊ အထူး အားဖြင့် ကား။ ဉာဏသိဒ္ဓိ
ဉာဏေ၊ ဤဝိပဿနာဉာဏ်အရာ၌။ အနိစ္စလက္ခဏဒဿန
မေဝ၊ အနိစ္စလက္ခဏာကို မြင်ခြင်းသည်သာလျှင်။ ပဓါနံ၊
လိုရင်းဖြစ်သော ပဓါနသဘောသည်။ ဟောတိ၊ ဖြစ်၏။

တည့်။ ထိုအနိစ္စလက္ခဏာကို။ ဒိဋ္ဌေယေဝ၊ မြင်၍သာလျှင်။ ဇာတရောဓနီ၊ ဤမှတပါးသောလက္ခဏာတို့ကို။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုဋီကာကြီး၏ အာဘော် အရ၊ ဝိပဿနာအရာ၌ အထူးအားဖြင့် ဆိုသည်ရှိသော်၊ အနိစ္စ လက္ခဏာတခု ထင်မြင်မှုသည်သာလျှင် ပဓါနဖြစ်သည်ကို ထင်ရှားသှတော့၏။

သိသာစေဦးအံ့။ ဥပါဒ်ဆဲခဏ၌ဖြစ်သော ဓမ္မသဘောတခုသည်။ ဥပမာ မှိုပုံများ မြေ၏အတွင်းမှ ထွက်ပေါ်၍လာတဲ့ အခါမှာ ရွံ့ညွံ့များလိမ်းကြံလျက် ထက်ချပ်ပါဘိသကဲ့သို့ အလားတူစွာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်၍လာသော ဓမ္မသဘောတခုတွင် ထိုရွံ့နှင့်တူသော ပျက်မဟာ့သဘော, ပျက်စရာ့ သဘောက ထက်ချပ် ပါရှိမြဲဖြစ်၏။

ထိုကြောင့်, အနိစ္စတရားဆိုတာ ဥပါဒ်နှင့်ဌီခဏကိုဆိုသည်ဟု မှတ်။ လက္ခဏာ ဆိုသည်မှာ ဤသို့ ပျက်မဟာ့သဘော ထက်ချပ် ပါရှိနေသည့်အတွက် ၎င်းပျက်ကိစ္စ ပြီးဆုံးခြင်း ဘင် ခဏကိုသာ လက္ခဏာ ကောက် ယူ လျက် အထူးမှတ်ကြောင်းပြုရလေသည်မှတ်။ သို့သော်-များသောအားဖြင့် ပျက်ပျောက်ပြီးသွားတာကို အနိစ္စဟုရှုနေတတ်ကြလေ၏။ စဉ်းစား, ပျက်သွားသည့် ဘင်စွန်း၏ နောက်မှာ သင်္ခတဟူက မြူမျှမရှိ, သဘာဝအဘိဟု သိပါလေ။

ထိုတွင်.....ဥပါဒ်ဌီခဏအနိစ္စသည် လက္ခဏာမဟုတ်၊ ပျက်ကိစ္စ ပြီးဆုံးခြင်း လက္ခဏာသည် အနိစ္စ မဟုတ်၊ ထိုအနိစ္စဓါတ်နှင့် ကင်း၍လည်း လက္ခဏာက သီးခြားမရ

ဟုမှတ်။ လိုရင်းမှာ,အနိစ္စနှင့်လက္ခဏာသည် အတူမထား တခြားမရှိဟု သတိပြုပါလေ။

တနည်းအားဖြင့်, ဥပမာ ဆိုပြန်သော် ကျောက်ခဲ တလုံးကို အထက်သို့ မြှောက်တင်လိုက်တဲ့အခါမှာ မြှောက်တက်၍သွားသော သဘောလည်းထင်ရှားဟု၏။ သို့ရာတွင် ထိုမြင့်တက်တဲ့ သဘောသည်, အရှိန်ကုန်၍ အဟုန် ရပ်လျက် အောက်သို့ ကျမဲ့သဘောကလည်း ထက်ချပ် ပါရှိ၏။ အကယ်၍ ကျမဲ့သဘောသာ မပါလျှင် အထက်သို့သာ ဘောက်လျှောက် တက်သွားစရာသာ ရှိလေတော့၏။

ဤ၌......အထက်သို့တက်သောသဘောနှင့် အောက်သို့ ကျမဲ့ သဘောသည် အတူတူလည်း မဟုတ်, တခြားစီလည်း မရဟုမှတ်ပါ။

ထိုတွင်–ခန္ဓာတို့၏ဥပါဒ်မှုဖြစ်ပေါ် ခြင်းသည် မြင့်တက်သောသဘောနှင့် တူ၏။ အောက်သို့ ကျမဲ့သဘောသည်, ပျက်မဟော့သဘောနှင့်တူ၏။သို့ဖြစ်၍မြင့်တက်မှုကိစ္စပြီးဆုံးခြင်းကိုပင် အောက်သို့ ကျတဲ့လက္ခဏာဟု သိမှတ်ရသလို အနိစ္စခန္ဓာ၏ ပျက်မှုကိစ္စ ပြီးဆုံးခြင်းကိုပင်, အနိစ္စ၏လက္ခဏာဟု အမှတ်ပြုရလေသည်မှတ်ပါလေ။

ထိုကြောင့်,ဝိပဿနာအရာ၌ အနိစ္စလက္ခဏာတချိုင်နိုင်အောင် မြင်မှုသည်သာလျှင်,လိုရင်းအဓိကအချက်ဟု ဆိုလေသည်။ထိုအနိစ္စလက္ခဏာကိုမြင်လျှင်, ဒုက္ခနှင့် အနတ္တလက္ခဏာ နှစ်ပါးကို အစဉ် အားဖြင့် မြင်လေ တော့၏။ အနိစ္စ လက္ခဏာ မမြင်လျှင် ဒုက္ခနှင့် အနတ္တ လက္ခဏာ နှစ်ပါးကိုလည်း ဘယ်နည်းနှင့်မျှ မမြင်ဘူးဟု မှတ်ပါ။

သို့ဖြစ်၍ သာမည အားဖြင့် ပြောရမူ၊ သင်္ခါရ, အနိစ္စ ဝါတ် ပရမတ် ဆိုသည်မှာ အတူတူသာမှတ်ပါ။

ဝိသေသ သဘော အားဖြင့် ပြောရလျှင်၊ ဘင်, ခဏ အနိစ္စလက္ခဏာမျှကို ဝိတိက္ကမ ဆိုသည်။ ဥပါဒ်ဌီ ခဏကို, သင်္ခါရ ပရိယာယ္ဗာန ဆိုသည်။ သရုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း ပစ္စည်းပြုမှု သမုဒယကို အနုသယဟု ဘူမိဘေဒ အားဖြင့် ဆိုသည်။ ထိုပစ္စည်းပေါင်းမှု အကြောင်း သမုဒယကြောင့် အကျိုးအနိစ္စကို လုဇ္ဇတိ ပလုဇ္ဇတိတိ လောကော ဟူသော အရ, သဘာဝ သစ္စာနည်းအားဖြင့်, ရုပ်လောက, နာမ် လောကဆိုသည်။ သမုတိ သစ္စာနည်းအားဖြင့် လူလောက, နတ်လောက, ဗြဟ္မာလောက, အပါယ် လောကဟု ဆိုရ သည်မှတ်ပါ။

ထိုတွင်- ကမ္မဝိပါကော အစိန္တိယော-ဟူသောအရ,

ပရမတ္ထ သဘာဝ သစ္စသဘော အတော မသတ်သော လောကဝါတ်ကြီး၏ အကြောင်း ပစ္စည်း၊ ပညတ် မကပ်, ပရမတ်ထိုးထိုး, အသီးဆတ်ဆတ် ပြောဟော အပ်သော သဘောမြတ်ကြီးကိုလည်း အထူးသတိပြုပါ။

ဤကဲ့သို့ဆတ်ဆတ် တတ်အပ် ထင်ထင် လောကီ လော ကုတ္တရာ အဖြာဖြာ လျှင်, အရာရာ ရှင်းလင်း ကျပ်ချွန် ပျောက်ကင်း၍၊ လက္ခဏာ သုံးကွင်းတို့ ဆုံးခြင်းအနေကို တြင်းသုံးဆိုပေ, နဝင်းသုံးအကျေ မှာလည်း သိကြပါလေ ဉာဏ် ကဝေတို့။ ။ဤသို့ဆိုအပ်ခဲ့ ပြီးသော (၂၄) နည်း ပစ္စည်း အရာ ဝယ် အကျယ်ကို လိုမူ, သဘော ဖွင့်တို့မှာ

(နာနပ္ပကာရ ပဋ္ဌယာ နာနာဝိဘာဇနာဒိဝါ) အစဖြာသော အဋ္ဌကထာသင်္ဂဟာ၊ ဝိဂ္ဂဟပြဂါထာ လာသည်နှင့် ညီစွာ အထက်၌ဖော်ပြပါ ပဋ္ဌယုပ္ပန် အကျိုးတရားတို့အား၊ သစ် ပင်တို့ဝယ်၊ အမြစ်နှယ် မခြား, ဟိတ် (၆)ပါး တရားဟူ သော သဘော အထူးထူး တို့၏ ကျေးဇူးပြုနည်း ဟောတု အစရှိသော (၂၄)ပစ္စည်း အသီးသီး အနည်းနည်း အဖုံဖုံ မကုန်နိုင်သော၊ သဘော အခက်းခက်းကို ပဋ္ဌာန်း ကျမ်း ကြီးမှာ ပညာနှင့်သာသူပါ။

ထိုအခါ မဟာသမုဒ္ဒရာ ရေ မျက်နှာကို, ကြီးစွာသော အဟုန် တောင်စုံ နှစ်ဘက်တို့ဖြင့်၊ ဝက်ဝက်ကြီး ခွဲပြီးလျှင် ရေထည်း၌တည်သော နဂါး၏အသီဦးနှောက်ကို,သောက် စား သုံးဆောင်သော ဗြွေဂဠုန် ငှက်မင်းကဲ့သို့၊ထို့တူပမာန, မူအရာမျှ သဘာဝဖြစ်သော ရုပ်နာမ်ဓမ္မသင်္ခါရအပေါင်း ၏ ကြောင်း ကျိုး ဖြစ် ပျက် စက် သမုပ္ပါဒ် တရား မြတ်ကို တတ်အပ်ထင်ထင် သိမြင်ပါလိမ့်မည်။ သိမြင် နိုင်ကြပါစေ သတည်း ဟု ကျေးဇူးရှင်ကြီး ဘုရား အမိန့်ဋ္ဌာန် ထားခဲ့ လေသည်။

**သတိ။** နဂါး၏ အသိ ဦးနှောက်သည့်, သင်္ခါရတ် ဆတ်ဆတ် သော အကြောင်း ပဋိစ္စ တရားနှင့် အကျိုး သမုပ္ပါဒ်တရား နှစ်ပါးနှင့်တူ၏။ သမုဒ္ဒရာ ရေ မျှားစွာနှင့် အဝိဇ္ဇာနှင့် တူ၏။ ဗြွေဂဠုန် ငှက်မင်းနှင့် ဝိပဿနာဉာဏ်နှင့် တူ၏။မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် တောင်ဟုန်နှစ်ဘက်နှင့်တူ လှပေ၏, မိအောင်ကြံပါ။ဤနေရာမှာ ဉာဏ်ကြီး ဉာဏ်ငယ်နှင့် ဉာဏ်တံခွန်လိုလှ၏ ဉာဏ်သာမန်တို့၏ အရာမဟုတ်ချေ။

(၃၀) ထိုကြောင့်......

သုဒုဒ္ဒသံပိ ပဿန္တိ၊ ပဏ္ဍိတာ ဓမ္မကောဝိဒါ။
သုဒုဇ္ဇာနံပိ ဇာနန္တိ၊ ဝိညူနော အတ္ထကောဝိဒါ။ ။
(ဟု-သိမြင် ယုံကြည်ရမည်မှတ်)

ဓမ္မကောဝိဒါ၊ အကြောင်း တရား၌ လိမ္မာကြ ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိ တို့သည်။ သုဒုဒ္ဒသံပိ၊ အလွန် မြင်နိုင်ခဲသော တရားကိုလည်း။ ပဿန္တိ၊ မြင်ကြ ကုန်၏။ အတ္ထ ကောဝိဒါ၊ အကျိုး တရား၌ လိမ္မာကြ ကုန်သော။ ဝိညူနော၊ ပညာရှိတို့သည်။ သုဒုဇ္ဇာနံပိ၊ အလွန်သိနိုင်ခဲ သော တရားကိုလည်း။ ဇာနန္တိ၊ သိကြကုန်၏။ ။

ဤတွင် အသိ (၅)မျိုးရှိ၏။ သတိပြုပါ။

ပါဠိဘာသာအားဖြင့်၊ သိမှု ကြိယာကို ဇာနန-ဟူ၍ ဆိုသည်။ ထိုဇာနန သည်, (၁) ဝိဇာနန။ (၂) သဉ္ဇာနန။ (၃) ပဇာနန။ (၄) အဘိဇာနန (၅) ပရိဇာနန ဟူ၍ သိပုံ ငါးမျိုးရှိ၏, ထိုသိပုံ (၅)မျိုးကို ဝေဘန်၍ပြပါအံ့။

(၁) ဆိုခဲ့ပြီးသော အတိုင်း များသော အခြင်း အရာ အားဖြင့် ထွေထွေထူးထူး သိမှုကို,ဝိဇာနန ခေါ် သည်။ဝိညာဉ်သိ စိတ်သိ သဘောမျိုး ပေတည်း။

(၂) အမှတ် အသား ပြု၍ သိခြင်းကို၊ သဉ္ဇာနန ခေါ် သည်။သညာသိ သဘောမျိုးပေတည်း။ သဉ္ဇာနန နှင့် သညာသည် အတူတူပင်ဖြစ်၏။

(၃) ထက်ဝန်းကျင် ခြုံမိအောင် သိခြင်းကို၊ ပဇာနန ခေါ် သည်။ပညာသိ သဘောမျိုးပေတည်း။ ပဇာ

နနှင့် ပညာသည် အတူတူပင်တည်း။ သောတာ
ပန်အစ။ လ၊ ရှင်တော် ဘုရားကြီးအထိ၊ ပါရမီ
အားလျော်စွာ အဆင့်ဆင့် သိသော ပညာသိမျိုး
ပေတည်း။

(၄) တန့်ခိုးနှင့်တကွ သိခြင်းကို, အဘိဇာနန ခေါ် ၏။
အဘိညာဉ် သိမျိုးပေတည်း။ အဘိဇာနနနှင့် အ
ဘိညာဉ်သည် အတူတူပင်တည်း။

ဒေဝိလ ရသေ့ကြီးများ, ရှေ့ ကမ္ဘာ (၄၀) နောက်
ကမ္ဘာ(၄၀) သိသော အသိမျိုးပေတည်း။ လောကီပညာ
သိ ခေါ် ၏။

(၅) ပဟာနကိစ္စသို့တိုင်အောင် ပိုင်နိုင်စွာ သိခြင်းကို
ပရိဇာနန ခေါ် ၏။ ပရိညာ (၃)ပါး အသိမျိုးပေ
တည်း၊ ပရိဇာနနနှင့် ပရိညာသည် အတူတူပင်
တည်း။

အချုပ်အားဖြင့် ဆိုသော်, ဝိညာဏ်သိ, သညာသိ
ပညာသိ,အဘိညာသိ,ပရိညာသိ ဆိုလိုသည်။ ထိုအဘိညာ
သိနှင့် ပရိညာသိ နှစ်မျိုးတို့သည်- လောကီ, လောကုတ္တရာ
သာ ကွာခြား သဖြင့် ပညာသိ၌ ပေါင်း၍ ယူလျှင်လည်း
ယူအပ်ပါ၏။

"ပညာသိ သဘောမျိုးကို အနည်းငယ်ပြပြီးအံ့"

ပကာရေန ဇာနာတီတိပညာ။ပကာရေန၊ အပြားအား
ဖြင့် (ဝါ) ထက်ဝန်းကျင် ခြံသော အားဖြင့်။ ဇာနာတိ၊
သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပညာ၊ ပညာမည်

၏။ ။ထက်ဝန်းကျင်ခြုံမိအောင် သိခြင်းကို ပညာသိ ဆို ရ၏။ အကြွင်းမဲ့လောက် သိဘွယ်ရှိ၏, ထိုမျှလောက် သိ၏ ဟု ဆိုလိုသည်။ တရား တခုခုကို– သာမညလက္ခဏာ, သဘာဝလက္ခဏာအားဖြင့်၎င်း၊ အဖြစ်ရှိသောတရား, အကျိုးရှိသောတရားအားဖြင့်၎င်း။ အကြောင်းတရား, အကျိုးတရားအားဖြင့်၎င်း၊ မမြဲသော အနိစ္စ, ဆင်းရဲသောဒုက္ခ, အနှစ်သာရ အတ္တမဟုတ်သော အနတ္တသဘော အားဖြင့် ၎င်း ခြုံ၍သိ၏။ အရာကျယ်လှ၏။

သိဘွယ်ရှိသမျှတွေကို မကျန်မကြွင်း ခြုံ၍ သိခြင်းဆိုသည်မှာ, သဗ္ဗညုတဉာဏ်တော်ကို ရည်၍ ဆိုပေသည်။ ဉာဏ်၏ အစွမ်းသည်, သဗ္ဗညုတဉာဏ်သို့ရောက်မှ အရှိန်ကုန်၏။ ထိုမှ အောက် အဂ္ဂသာဝက အသိ, မဟာသာဝက အသိ, ပကတိသာဝကတို့၏ အသိများသည်, တဆင့်တဲ့ တဆင့် အရှိန်လျော့ပါး၍သိကြ၏။ သို့သော် အားလုံးကုန် ပညာစေတသိက်ဟူ၍တော့ ဆိုရပါ၏။သို့ရာတွင် ပညာ၏ အရည်အရောင် အရှိန် အဟုန်ခြင်း ကွာခြားခြင်းကြောင့် သိပုံခြင်း ခြားနားချင်တိုင်း ခြားနား၍ နေကြ၏။

## ''တနည်း ပညာ(၃)မျိုး ပြဦးအံ့''

(၁) ပရိယတ္တိနည်းအားဖြင့်, သင်အံ လေ့ကျက်၍ သိသော ပညာသည် ပရိယတ္တိ ပဋိဘာနပညာ မည်၏။

(၂) ပဋိပတ္တိ နည်းအားဖြင့်, မှတ်သား နာယူ လျှော် ဆွေးနွေး မေးမြန်း၍ သိသော ပညာသည် ပဋိပုစ္ဆာ ပဋိဘာန ပညာမည်၏။

(၃) မိမိ၏ အလိုအလျောက် ထွင်းဖေါက်၍ သိခြင်း သည့်, အဓိဂမ ပဋိဘာနုပညာ မည့်၏။

ဤအသိမျိုးကား,သဗ္ဗညုတဉာဏ်တော်ကိုဆိုလေသည်။ ထို သုံးမျိုးစလုံး ပညာရှိချည်း မှတ်ပါ။

သို့ရာတွင် အထက်၌ ပြခဲ့သော အသိ ငါးမျိုးကို သတိ ပြု၍ ဝေဘန်ပါ။ မိမိ၏အသိဟာ, ဘာအသိမျိုးဘဲ ဆိုတာ ကို မြင်၍လာပါလိမ့်မည်။ ကြော်........အဟုတ်သိကား ရှား လှပေ၏။ အတုအရောင်နှင့် မဟုတ် အသိကားပေါများလှ လေ၏။

## ''သစ္စာလေးချက်တပြိုင်နက် မဂ်၏ကိစ္စကို ပြခဏ်း''

ယခုစာဘာသိနေသော ယောဂီ၏စိတ်၌,ယခုဖေါ်ပြခဲ့ပြီး ဖေါ်ပြလတံ့သောအချက်အလက်ရပ်များကို, သည့်အချက် ဟာ ကောင်း၏။ သည့်အချက်ဟာ မကောင်းဘူးစသဖြင့် တခုခု ယခုဖြစ်ပေါ် ၍နေ၏။ ဤတွင် ကောင်းသည်ဟု အခ ကြောင်းအားသျှော်စွာ, ယခုမှ ဖြစ်ပေါ် ၍လာသော, ဥပါဒ် သဘောကလေးကို သုခဝေဒနာ,ဟုဆိုရသည်။ထိုသို့ အာရုံ ၏ အရသာကို ခံစားမှုမျှ- သဘာဝ လက္ခဏာဆတ်ဆတ်, ပရမတ်ဓါတ် ဥပါဒ်သဘောသည့် မူလကိုက ချုပ် ပျက်မဲ့ သဘော၊ ချုပ် ပျက် မဟာ့ ဆိုတဲ့, သာမညာ လက္ခဏာနှင့် ဆက်ဆံလျက်ပါရှိလေသောကြောင့်၊ ထိုသို့သဘာဝ လက္ခ ဏာအားဖြင့်၊ကောင်းသည်ဟူသော,ဥပါဒ်ဆဲခဏမှာပင်၊ သာမညလက္ခဏာအားဖြင့်၊ ချုပ်ပျက်မှုကိစ္စ ပြီးဆုံးရလေ တော့၏။ ဤသို့ ဘွားခနဲ ဖြစ်လျက်၊ လျှစ် ခနဲ ချုပ် ပျက်မှု၊ ဘင် ခဏကိုပင် အနိစ္စလက္ခဏာဟု အမှတ်ပြု၍ထားပါ။

**သဒ္ဒါ။** ထိုဥပါဒ်မှု သဘောတရားသည်, ဝမ္မအားဖြင့် အနိမိတ္တ အနိစ္စဝမ္မမျိုး၊ လက္ခဏာအားဖြင့် အနိစ္စလက္ခဏာ မျိုးဖြစ်၏။ ထိုအတူ, ၎င်းဥပါဒ် သဘောသည် ပင်လျှင် ဝမ္မအားဖြင့် အပ္ပဏိဟိတ-ဒုက္ခဝမ္မမျိုး, လက္ခဏာအားဖြင့် ဒုက္ခ လက္ခဏာမျိုး ဖြစ်၏။ ဤနည်းတူစွာ, ၎င်းဥပါဒ် သ ဘောဟာ၊ ဝမ္မအားဖြင့်, သုညတဝမ္မ။ လက္ခဏာအားဖြင့် အနတ္တ လက္ခဏာ ဖြစ်၏။ ဤသို့ ခြင်းရာအားဖြင့် သုံးမျိုး။ လက္ခဏာ အားဖြင့် သုံးမျိုးစီ ခြားနား၍ ဝေဘန်ရသော် လည်း, ပစ္စုပ္ပန်၌ ဥပါဒ်မှု ဝမ္မသဘောကတော့, ကောဃ နော– တကြောင်း တည်းသော မဂ်ဖြင့် ဝေဘန် သော်, ကောဓမ္မာ၊ တခုတည်းသောတရားသာလျှင်, စိတ်ဓာတ် ဉာဏ်မြင် အမှန်ပင် တွေ့ရှိရလေတော့၏, မှတ်။

အရပ်ရပ်ကိုမြင်သာအောင် ဥပမာဆောင်သော်, မြင်း ကောင်ရေ (၄၀)အား ရှိသော ဒီဇယ်စဲသား စက်တလုံး ထဲတွင်,ပဲခွဲတဲ့ ကြိတ်ခုံကတလုံး,ပဲဆံကြိတ်တဲ့ ခုံကတလုံး ဆီစစ်တဲ့ခုံကတလုံး ပေါင်းသုံးလုံး။ ၎င်းစက်ကို ဆွဲတွယ် လျက် အသုံးချရ၏။ ၎င်းခုံ သုံးလုံးသည်, မြင်း ကောင်ရေ (၄၀)အားရှိသော စက်တလုံးထည်းမှာပင် တည်ကြ မှီကြ ရ၏။

ဥပမေယျမှာ– ပဲခွဲခုံ, ပဲဆံကြိတ်ခုံ, ဆီစစ်ခုံ, ၎င်းခုံ သုံးခုနှင့် အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာ ယာဉ် သုံးပါးနှင့် ထပ်တူပေ၏။

တလုံးတည်းသော စက်နှင့် ဝေဒနာ ဟူသော ဥပါဒ်မှု

တခုနှင့်တူ၏။ ထို တခုတည်းသော ဥပါဒ်, ဘင်, တရား၌ အနိစ္စလက္ခဏာ (၁၀)ပါး။ ဒုက္ခလက္ခဏာ(၂၅)ပါး။ အနတ္တ လက္ခဏာ(၅)ပါး ပေါင်းဘာဝနာ(၄၀) ခြင်းရာကြွယ်၏။ ၎င်းဘာဝနာ(၄၀)နှင့် ထိုစက်တွင် မြင်းကောင်ရေ (၄၀) အားနှင့်တူလှပေ၏။

ထိုဥပမာနှင့် ဥပမေယျကို, သိအောင်ဘွေး မြင်အောင် ကြံ၊ အမှန်မြင်မှ သစ်တ၏ အနိစ္စကို ဒိဋ္ဌမြင်မည်မှတ်။ ဥပါဒ် ဘင်မျှ ယခု ခဏမှ ဖြစ်ပေါ် ၍ လာသော အနိစ္စခါတ် ပရ မတ်တို့သည် ရှေးရှေးကမ္ဘာ ဘယ်အခါ ဘယ်ကာလက မှ၊ တခါတရန်မျှ မဖြစ်မပေါ် လာခဲ့ ဘူးပါ ဘဲလျက် ယခု တခါထဲဘဲ ဥပါဒ် အနေနှင့် ရောက် လာ ပေါ် လာသျက်, ပေါ် ရမှာဘဲ ဘင်အနေနှင့် ချုပ်ပျောက်၍သာ၊ ဘယ်အခါ ဘယ်ကာလမှ ၎င်းချုပ် ပျက် လေပြီးသော သဘောက တဖန် ပြန်နစ်,ပေါ် ဖြစ်ရိုးတံထွာ မရှိတော့ဘဲလျက်၊ သဟ ဇာတ အတုတကွ ဖြစ်ကြသော တရားအပေါင်းနှင့်တကွ ခဏချက်ခြင်း ချုပ်ကင်း ကွယ်ပျောက်ကြလေကုန်၏။

ထို့ကြောင့်......

အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ။
နိစ္စံ နဝါဝသင်္ခါရာ၊ ဓိပဇာလ သမူပမာ။ ။

သင်္ခါရာ၊ ပုံမရ သုညတ, အမှန်စာန မပါ သူသူငါငါ သတ္တဝါမဟုတ်ကြတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့သည်။ အနုပ္ပန္နာဝေ၊ဟိုရှေးပဝေ လွန်လေသမျှ ဘယ်အခါ ဘယ် ကာလတုံးကမျှ မဖြစ်ဘူးကုန်ဘဲလျက် သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ယခုမှအသစ် အကြောင်းအားလျော်စွာ ဖြစ်ပေါ် ၍လာခဲ့

လေကုန်၏။ ဥပ္ပန္နဝါစ၊ ဓါတ်သဘောအာရလတ်တလော ဖြစ် ပေါ် ၍လာကြကုန်ပြီး၍။ နိရုတ္တရေ၊ မှိုင့်ပေါ် ထွက် မြေကို ခွက်ယို့ ပျက်စရာ့ခမ္ဗတာ ထက်ချပ် ပါခဲ့ သဖြင့် ခဏချက် ခြင်း ချုပ်ကင်း ကွယ်ပျောက်ကြ လေကုန်၏။ သင်္ခါရာ၊ အနိမိတ္တ, အနိစ္စဇကန် ဒုက္ခ မှန်သည့် ပစ္စုပ္ပန်သဘော ရုပ် နာမ်လို့ ပြောရတဲ့ သင်္ခါရတရား တို့သည်။ နိစ္စံနဝါ ဧဝ၊ တဖြစ်တဖြစ် ပေါ် လာပုံမစဲတော့ဘဲ အမြဲ အသာ် အသစ် တို့သည်သာလျှင်။ ဟောန္တိ၊ မလွဲပုံသေ အမှန်ဘဲ ဖြစ်ကြ လေကုန်၏။ သင်္ခါရာ၊ ဖြစ်ရင်းပင် ချုပ်ပျောက်၍၊ တခါ ရောက်က တခေါက် မပြန် ရုပ်နာမ် ခေါ်ရိုး သင်္ခါရတရား မျိုးဘို့သည်။ ဒီပဇာလ သမူပမာ ဆီဒီးလျှံတမူ၊ ညာဏ်မြင် ကူက လွန်စွာပင်တူသော ဥပမာ ရှိပါပေကုန်၏။ ဝါ၊ ဖြစ် ချုပ်တဲ့ ဓမ္မတွေ လျင်မြန်လှ ခြေရဲ့၊ ဘင်ညာဏ်ကို အမြင်မှန် မရလျှင်ဖြင့်၊ သခ်တံ တမင် ဟန်ပြ လုံကဲပုံက။ ဩော်...... အသွင်သဏ္ဍာန် ဃနတွေ လို့သော လွဲမှားကြရ လေကုန် တော့သတည်း။

ထို့ကြောင့်, နောက်အခါက တခေါက်တခါမျှ မရောက် မလာကြ ဘူးကုန်သော ဥပါဒ် ဘင်မျှ ရုပ်နာမ်, သင်္ခါရ တရားတို့သည်။ မီးစာနှင့် ရေနံဆီကို စွဲပြီး တောက်လောင် သော မီးတောက် မီးလျှံ များကဲ့သို့။ ပဌမ မီးတောက်နှင့် ပဌမ ရေနံဆီ တို့သည် ဖြတ်ခနဲ တောက်လိုက်၊ ဖြုတ်ခနဲ ငြိမ်းပျောက်လိုက်၊ ဒုတိယ မီးတောက်နှင့် ဒုတိယ ရေနံ ဆီတို့သည် ဖြတ်ခနဲ တောက်လိုက်၊ ဖြုတ်ခနဲ ငြိမ်းပျောက် လိုက်, ထိုအတူ တတိယ, စတုတ္ထ, ပဥ္စမ, စသော မီး

တောက်များသည်, ရှေးရှေးက ဖြစ်၍၊ ချုင်ငြိမ်းကြ လေပြီးသော မီးတောက်များ၏နေရာမှာ၊ နောက်က, အသစ်အသစ် ဖြစ်၍ ချုပ်သော မီးတောက်ရက; ပစ္စည်း မကောင်းအစားသွင်းလျက်၊ အဆက် အဆက်နှင့် လှစ်လှစ်သုတ်သုတ် ဖြစ်၍,ချုပ်ကြသောမီးတောက်များ၏, ဖြစ်ပျက်မှုသန္တတိ အစဉ်ကို အမြင်ကနောက်ကျ, အသိက မရောက်ကြသဖြင့် နှစ်လက်မခန့်ပမာဏရှိသော, မီးတောက်၏ ပုံသဏ္ဌာန်ကို အရှိထားခါ၊ အသိအမြင် မှားလျက်, ထွန်းညှိခါစက မီးတောက်၏ ပုံသဏ္ဌာန်သည်၊မှုတ်ငြိမ်းလိုက်သည့် အချိန်ထိအောင် မပျက်ဘဲ,တဆက်ထဲ, တည်ရှိ၍နေသည်ဟု, စွဲယူကြကုန်၏။ သို့သော်, အမှန်ကိုဝေဘန်၍ကြည့်သော်, ဖြတ်ခနဲဖြစ် လှစ်ခနဲ ချုပ် ပျောက်၍ သွားသော, -မီးတောက်ခလေးများ၏, တ ဥပါဒ်, တဘင်, ခဏ၌, နှစ်လက်မခန့် ရှိသော ပုံဟန် သဏ္ဌာန် မှုချမရှိပေ။

ထိုတွင်, ဝိညာဏ်၏ထင်မြင်ချက်က မဟုတ်မမှန် လုပ်ကြံ ဆလျက်၊ မီးတောက် ကလေး နှစ်လက်မခန့် ရှိ၏ဟု၊ အမှားသိ၍နေ၏။ ပညာမြင်က, မီး၏တဖြစ်တပျက်, ဆက်စပ်မှုမျှသာဟု,ကြည့်လင်သန့်ရှင်း ဉာဏ်မြင်လင်းလေ၏။

ဥပမာကို သဘောကျအောင် ကြံပါလေ။

ဥပမေယျမှာ- ကံ, စိတ်,ဥတု, အာဟာရ,ဟူသော အကြောင်း လေးပါး၊ သင်္ခတ တရား တို့တွင်၊ ကံ,နှင့် စိတ်, ဟူသော, နာမ် သင်္ခတသည်, ရေနံဆီနှင့် တူ၏။ ဥတုနှင့် အာဟာရ, ဟူသော ရုပ် သင်္ခတသည်, မီးစာနှင့် တူ၏။ ထိုသို့ အကြောင်းဖြစ်သော, သင်္ခတ ရုပ်နာမ်ကို၊ ပဋိစ္စ၊ စွဲ၍,

အကျိုးသရုပ္ပါဒ်,ဥပါဒ်,ဘင်,မျှ ရုပ်နာမ် သင်္ခါရတို့၏, ဖြစ်ပျက်မှုအစဉ်သည်, ထိုရေနံဆီနှင့် မီးဓာကို စွဲပြီ တောက်လောင်သော, မီးတောက်၏ ဖြစ်ပျက်မှု အစဉ်နှင့် တူ၏။ ၎င်းမီးတောက်ကလေး တဖြစ် တပျက်ထဲမှာ၊ နှစ်လက်မခန့် ပုံသဏ္ဍာန် မပါမရှိ ပါဘဲလျက်၊ အရှိထင်ပြီး၊ ထွန်းညှိစက, နှစ်လက်မခန့် မီးတောက် သဏ္ဍာန်သည်, မှုတ်ငြိမ်းလိုက်သည့်အထိ, ပါရှိသည်ဟုထင်လွဲ၍နေကြဘိသကဲ့သို့၊ တဥပါဒ်, တဘင်မျှ,ရုပ်နာမ်သင်္ခါရ၏,ဖြစ်ပျက်မှု အစဉ်မျှကို, အမြင်ဉာဏ်မရှိ မရိပ်မိ၍ ဝိညာဏဓါတ်, ပရမတ်က, အနှစ်သာရ အတ္တပုံဟန်, လုပ်ကြံ ညွှတ်ဆိလျက်, အမိ မွေးစက,အတ္တ,ငါကောင်ကလေးဟာ, သေသည့်အထိပါရှိ၏။ ဝါ၊ မနေ့က အတ္တ,ငါဟာ, ဒီနေ့အထိ ပါရှိ၏ ဟု, အထင်ပြီလျက်, အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ၏ လက်အောက်က, ဒါန, သီလ, သမထ, ပြုလုပ်ရင်းပင် ထွက်ပေါက် မရဘဲ ရှိ၍နေကြရကုန်၏။

၎င်းဥပမာနှင့် ဥပမေယျကို, သိအောင် တွေး, မြင်အောင်ကြံ, ပေါက်အောင်လုပ်, မိုင်အောင် အားထုတ်ကြပါလော။

ထို့ကြောင့်, သိ မြင် ပေါက် မိုင်, လေးပါးခိုင်မ,မယိုင်မယိမ်း၊ ကိစ္စ ငြိမ်း မည်, အောင်ကိန်း နိဗ္ဗာန် ဝင်ခဏ်းတည်း။ ။ဟု- ရှေးဖူးရှင် ဘုရားကြီးများ စပ်ဆိုတော်မူကြလေသည်။

ဤသို့ဖော် ပြပါ အချက် အလက် ရကို၊ မရိပ်မိကြကုန်သော သူငါကစ, ပုထုဇဉ် မှန်သမျှသည်, ထိုထို ဥပါဒ်ဘင်

မျှ အနိစ္စ၏, လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, အမှုကိစ္စကြီးများကို၊မရိပ်မိပြား ဘိတ်ဘိတ်မျှ မသိသောအားဖြင့်, အကောင် အထယ်, တကယ် ထင်မှား၍သာ စက္ခု စသော သော သံသရာမြစ် သမုဒ်မှာ, အခါခါ နစ်မြုပ်၍ နေကြရလေကုန်၏။

၃၁။ "အနိစ္စ၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကိုပြခန်း"

ဤတွင် မှတ်အပ်သော သင်္ခါရဓါတ် ပရမတ်၏, ပျက်မဟာ့, ပျက်စရာ့ဟူသော, အနိစ္စသဘောသည် လက္ခဏာ, မည်၏။ ထိုသင်္ခါရ, အနိစ္စ၏ ရှိန်ရှိန် သုတ်သုတ်, သိမ့်သိမ့် လှုပ်ရှ သွား့ကိစ္စသည်, ရသ, မည်၏။ ရူမြင်အပ်သော, ရုပ်, နာမ်,သင်္ခါရ, အပေါင်းအစုမျှပေ, လေ,ရေ,မြေထု, သတ္တဝါ, တော, တောင် စသည် ဟူသော လောက ဗုသည်, အနိစ္စဓါတ် ပရမတ်၏, ပစ္စုပဋ္ဌာန် မှုကြီးများ ပေတည်း။ အကြောင်းနည်းဟု, ပစ္စည်းပြုမျှ, အနုသယပမာဘ, သင်္ခတဓါတ်,ဆတ်ဆတ်သော ပရမတ်သည် ပဒဋ္ဌာန်, မည်၏ မှတ်။

ဥပမာ–လောကဠ် သုံးစွဲကြသော, မီးများမှာ ပူခြင်းသဘောရင်းသည် မီး၏လက္ခဏာ မည်၏။ ထင်း အမှိုက် စသော ဝတ္ထုတပါးကို လောင်မြိုက် တင်မှု ကိစ္စသည်,မီး၏ ရသမည်၏။ အခိုးအလျှံနှင့်တကွ, ထကြွ ပြောင်ရွှန်းထွန်းလင်း တောက်ပ ခြင်းသည် မီး၏ ပစ္စုပဋ္ဌာန်မည်၏။ မီးချစ်, မီးကပ် စသော မီးဖြစ်စေခြင်း အကြောင်းရင်းသည် မီး၏ပဒဋ္ဌာန်မည်၏,မှတ်။

ဥပမာ, ဥပမေယျ ဟပ်၍ ကြည့်လျှင်, မီး၏ပူခြင်း သ

ဘောရင်းနှင့် သင်္ခါရဓမ္မ အနိစ္စဟူသော မမြဲခြင်းသဘော ရင်းနှင့်တူ၏။ မီး၏ ဝတ္ထုတပါးကို လောင်မြိုက်မှုကိစ္စနှင့် သင်္ခါရဓါတ် ပရမတ် ကိစ္စသည့်, ရှိန်ရှိန် သုတ်သုတ်, သိမ့် သိမ့်လှုပ်ရှ, ရသမစဲ, မမြဲခြင်းနှင့်တူလှ၏။ အခိုးအလျှံနှင့် တကွ, ထကြွ လောင်ပြီး မီးတောက်ကြီး များနှင့် ရုပ်နာမ် သင်္ခါရ, ရှိသမျှတွေ လေ, ရေ, မြေ, ဟု, လူ, ရှင် သစ်ပင်, မြင်ကြီးသမျှ, ဓမ္မပုဉ္ဇ, သဏ္ဌာန်နှင့် တူမျှလှ၏။

ဤ၌ မီးဖြစ်စေခြင်း အကြောင်းရင်းနှင့် ပြဆိုခဲ့သော ပစ္စည်းပြုမျှ သင်္ခတဓါတ်, ဆတ်ဆတ်သော ပရမတ်နှင့်တူ, လှပေ၏။

ဤသို့၊ မချသဘော, စင်စစ်ပြောက, အနိစ္စ၏,လက္ခဏာ ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်မျှ, ဓါတ်မှန် ရသော, သဘော အမှန်, ပစ္စုပ္ပန်ကို, ရုပ်, နာမ်,ဆိုရ, ဓမ္မဆတ်ဆတ်,ပရမတ္ထ ရှိသမျှက, အနိစ္စ အရိယသစ္စာ, မြတ် ဓမ္မာသည့်, ပမာ နေ့ လ,ထင်ရှားတည်း ဟု, တနည်းအားဖြင့် စပ်ဆိုလိုက် ရပေ၏။

ဤသို့, အကြောင်းနှင့် တကွ ဖြစ် ပေါ် ချုပ် ပျက်ကြွ သော ဝဋ္ဋဒုက္ခအားလုံး, အဖြစ် ငြိမ်း၍, ဓာတ်သိမ်း ခြင်း သည်သာလျှင်,အမြိုက်နိဗ္ဗာန်ကြီးဟု ဆိုရသည်။၀၊ အဇာ တ, အဘူတ, အကတ, အသင်္ခတဓါတ်, အမြတ် တရားကြီး ဆိုရသည်မှတ်ပါ။

ထို့ကြောင့်......

အနိစ္စာ၀တသင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။ ။

သင်္ခါရာ၊ ကံ, စိတ်, ဥ, ဟာ, ရာဇာဘုရင် ပြည့်အရှင်တို့ ဆိုရင်သမျှ ခံနေကြရ ကုန်သော, ရုပ်နာမ်ခန္ဓ, ခန္ဓာပုရ သင်္ခါရတရားတို့သည်။ဝတ၊ ဧကန်စင်စစ်, ဝိပဿနာ အာမှန်, တီရဏ ပရိညာဉာဏ်နှင့် စပ်သည်ရှိသော်။ အနိစ္စာ၊ အနိမိတ္တာ, အနိစ္စမှု မမြဲသော သဘောဝ သည် သာလျှင် အမြဲထာဝရ ရှိကြလေကုန်၏။ ဥပ္ပါဒဝယဓမ္မိနော၊ မချွသဘော စင်စစ်ပြောက၊ ဖြစ်လျှင် ပျက်မြဲ ဆင်းရဲဖွားလှ, စိုးမရသည့်, ဓမ္မအမှန်, သယံဇာတ,တံထွာ သဘာဝအတိုင်း သာလျှင်ထင်ရှားကောန်အမှန်ပင်ရှိကြလေကုန်၏။ဥပ္ပဇ္ဇိတွာ၊ အကြောင်းလျော်စွာ ဖြစ်ပေါ်ခါလာကြကုန်ပြီး၍။နိရုဇ္ဈန္တိ၊ တတို့,တစ,ဘာမျှမကျန် အမြန်ပင်ချုပ်ပျောက်ကြလေကုန်၏။ တေသံ၊ ထိုသို့ဟုတ်မှန်, ရုပ်နာမ် ဆိုရ, သင်္ခါရ တရားတို့၏။ ဝူပသမော၊ အကြောင်းနှင့်တကွ ဖြစ်ပျက် ကြတဲ့, သင်တ သင်္ခါရ မှန်သမျှ နလံမထနိုင်အောင် ဘုံဇာတ်သိမ်း၍, ငြိမ်းလွန်မြောက် ခြင်းသည်။ သုခေါ၊ ချမ်းသာမှု,မှန်သမျှ, စံမရတဲ့, အသင်တမှန်, အမြိုက်နိဗ္ဗာန်,, ချမ်းသာမြတ်ကြီး အစစ်ဖြစ်တော်မူပါပေသတည်း။

မဂ္ဂ,ဘိညာ သကိံမတာ, သစ္စာလေးချက် တမြိုင်နက်
မဂ်၏ကိစ္စသာ, ဟူသည်ကို နိဂုံးချုပ်ရှင်းပြခဏ်း။

ထိုသို့ အထက်တွင် အမျိုးမျိုး ဖေါ်ပြခဲ့သော, တရဏဝိပဿနာ၏ အရာဖြစ်သော, နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်, ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဉာဏ်, ဟူသော ဉာတပရိညာအရ၊သဘာဝသစ္စာမှတဆင့်၊ အရိယသစ္စာ၏ ရှေ့ပြေး အခြေခံ၊ အရင်းမြစ်အနေဖြင့်၊ ကောင်း မကောင်း

အလစ်အားဖြင့်, ခံစားမှု ဥပါဒ်သဘောသည်, ဝေဒယိတ လက္ခဏာကိုရှေးရှုဆောင်လျှက်,ဖြစ်ပေါ်ချုပ်ပျက်ရသော, ဥပါဒ်ဘင်မှု, အနိမိတ္တ, အနိစ္စဓမ္မ, အနိစ္စလက္ခဏာ "ဒုက္ခသစ္စာ" အပ္ပဏိဟိတ,ဒုက္ခဓမ္မ, ဒုက္ခလက္ခဏာ "ဒုက္ခသစ္စာ" သုညတ, အနတ္တဓမ္မ, အနတ္တလက္ခဏာ, ဒုက္ခသစ္စာ။

ဤသို့, အနိမိတ္တအပ္ပဏိဟိတ သုညတအားဖြင့်သုံးချိုး, ဓမ္မအားဖြင့်သုံးမည်, လက္ခဏာ ပဋိဝေဓအားဖြင့် သုံးပါး။ အပြားအားဖြင့် ဆိုရသော်လည်း။ သစ္စာအားဖြင့် ရချုံဆိုသော်, ဒုက္ခသစ္စာ တပါးတည်းမျှသာ ဖြစ်သော, ရတနာပလ္လင်ပျံ့လို,နဝရတ်(၉)ပါးနှင့်တူသော, ပေါ်ပြပါခြင်းရာဓမ္မ, လက္ခဏာ အားဖြင့် (၉)ပါး ခြယ်လယ်ခါ, ခဏိကသမာဓိခြံရံလျက် တိရဏာပရိညာအသမ္မောဟ, လက္ခဏာပနိစ္ဆာနဗျာန်, လက္ခဏာ ပဋိဝေဓ ဉာဏ်ပညာဖြင့်- အာရုံနှင့်တွေ့ကြုံတိုင်း, ဆူပွက်သောင်းကြမ်းသော ဒိဋ္ဌိတဏှာတို့၏ မူလဗီဇ ဖြစ်တဲ့ အာရမ္မဏာ နုသယအမည်ရသော, ပရိယုဋ္ဌာန ဝိတိက္ကမ, ကိလေသာရန်သူတို့ကို တဒင်, ဝိက္ခမ္ဘန, အဂ္ဂနဲ့ဖြင့် တွန်းလှန်တိုက်ဖျက်လျက် နိစ္စ, သုခ, သုဘ, အတ္တ, သညာများကို ဈာန်ငြေအားလျော်စွာ ပယ်ခွါ ပြီးလျှင် ဝုဋ္ဌာနဂါမိနီ ပဋိပဒါ ဝိပဿနာဉာဏ်၏ အထွဋ်အထိပ်သို့ ရောက်ဆဲအခိုက်၌ဖြစ်သော, ကာမာဝစရဉာဏ်ပညာ ရင့်သန်၍ လာခိုက်တွင်၊ ထိုလက္ခဏာသုံးတန်, အင်္ဂါနံ့,ခြံသော့ခံသော သိဘာသနပလ္လင်ပျံ့ကို, မဂ်ဉာဏ်တည်း ဟူသော ဘုရင်ခံသို့ အနုညာတညသာဓိဘိသေ့ အဖြစ်နှင့် စိုးစံ ပါတော့ဟု အခါနှင်းဆက်သလေတော့၏။

**သဝီ**။ အနုညာတညာဿာမိ ဘိက္ခွေ ဆိုသည်ကား, သေးတာပတ္တိမဂ်၌ ပါရှိသော ပညာစေတသိက်ကို ဆိုသည်မှတ် ါ။

ဤတွင်, ထို သောတာပတ္တိမဂ်၌ ပါရှိတဲ့ ပညာစေတသိက်နှင့်ယှဉ်သော, မဂ်စိတ် တကြိမ်သည့်. ဝိပဿနာ အခိုက်တွင်, သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ, ဟူသော မှတ်အပ် ပွါးရအပ်သောအာရုံနှင့် မှတ်တတ် ပွါးရတတ်သော အာရမ္မဏိက အနေဖြင့် တခြားစီ ပွါးရခဲ့သော, သင္ခတသင်္ခါရ အားလုံးသည် ဥပါဒ်ဘင်မှု,အနိစ္စလက္ခဏာ,ဒုက္ခသစ္စာမှာသာ, ဦးတိုက်ကြရတော့သည်အားလျော်စွာ, ထိုတရားအားလုံးသည်, နိပ္ပရိယာယ သစ္စာအားဖြင့် ရချနည်းနှင့်ရစည်းသျက် ဒုက္ခသစ္စာ, တခုတည်းသာ, ဧကန် အမှန်ရှိလေတော့၏-ဟု နိယျာနဋ္ဌ, ဟေတွဋ္ဌ, ဒဿနဋ္ဌ,အဓိပတေယျဋ္ဌ, ဟူသော, မဂ္ဂသစ္စာ၏ အနက် လေးပါးနှင့် တကွ ဒုက္ခသစ္စာအမှန်ကို ပရိညေယျ အားဖြင့်, သကိံ၊ တကြိမ် ပိုင်းခြား၍သိလိုက်လေတော့၏။

ထိုသို့ ဒုက္ခသစ္စာကို တကြိမ် ပိုင်းခြား၍, သိဆဲစိတ် တချက်မှာပင်, ထို စိတ်သဏ္ဍာန်၌ အစဉ်ကိန်းဝပ်လျက် ပါရှိသော သဏ္ဍာနာနုသယ ဟူသော, အတိသုခုမ ဝိစိကိစ္ဆာ အတ္တဒိဋ္ဌိ ကိလေသာသည် ပျားစား လက်ဆေး သောအားဖြင့်, အစေးပြည်ဘိသကဲ့သို့, အနုသယဟိတ်မြုံ ကုန်ဆုံးလျက်၊ အနုပ္ပါဒ နိရောဓ အားဖြင့် ချုပ်ငြိမ်းရ လေတော့၏။

ထိုအခါ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသော စိတ်တချက်၌ ပင်၊ ၎င်းအနုသယ ဟိတ်မြဲဘုံးငြိမ်းရာဖြစ်သော နိရောဓ သစ္စာခေါ်တ ပရမတ်ကြီးကို ကောင်းစွာ နည်းအားဖြင့်၊ တစ်ပ ထည်း မျက်မှောက် ပြုလျက်ပင် ဖြစ်လေတော့၏။ ဤအခွင် ထိုဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်လျက်ဖြစ်သော စိတ်တ ချက်၌ ပါ၍ လေးသော ပညာစေတသိက် သည်ပင်လျှင်၊ မဂ္ဂဘာဝနာ၊ မဂ္ဂသစ္စာအရာ၌ တည်ရှိလေတော့၏ဟု မှတ် ပါ။

## ''ထင်ရှားစေဦးအံ့''

ဤ မဂ္ဂသမ္မာဒိဋ္ဌိသည် ဒုက္ခသစ္စာကို (အသမ္မောဟ ပဋိ ဝေဓ) အားဖြင့် သိသော တချက်၌၊ သမုဒယသစ္စာ ကိုလည်း ပယ်သော၊ ရှေးအခါက ဆုတောင်းခဲ့သော နိရောဓသစ္စာကို လည်း (အသမ္မောဟ ပဋိဝေဓ၊ အာရမ္မဏ ပဋိဝေဓ) အား ဖြင့် မျက်မှောက်ပြုသော၊ မဂ္ဂသစ္စာကိုလည်း ပွါးသော၊ တချက် ထဲ ၄င်းစွပြီး၏။

ထိုဒုက္ခသစ္စာကို သိသောဆိုရာ၌၊ ဝိပဿနာရှုစဉ်အခါက၊ ဝေဒနာအစရှိသော ဓါတ် တပါးတည်းကို ပွါးရှုခဲ့ပါသော် လည်း ဤ မဂ္ဂသမ္မာဒိဋ္ဌိ တကြိမ်အကျ၌၊ သောက်၊ စိတ်၊ စေတသိက်၊ ရုပ်၊ တို့၏ ဒုက္ခသစ္စာကိုလည်းသိ သည်မည်၏။

ဤ၌ ''ကေခမ္မံ ပဋိဝိဇ္ဈ သေသဝေမွော ပဋိဝိဇ္ဈတိ''စသည် ကို မျှော်လေ။ ဤသို့ မဂ္ဂသမ္မာဒိဋ္ဌိ အကျ၌၊ ဒုက္ခသစ္စာကို၊ စိတ္တက္ခဏ တကြိမ်တည်းသာသိခြင်းကြောင့်၊ ဘိတ်ဘိတ် မှုမရှိတဲ့ ပုဂ္ဂိုလ်နှင့် စပ်သော ရောဂါ ဝေဒနာ၊ ညောင်း ညာကိုက်ခဲ၊ နာကြင်မှု အမျိုးမျိုးနှင့်တကွ ချစ်သောသူနှင့်

ကွေကွင်းရသောဒုက္ခ, မချစ်မနှစ်သက်သောသူနှင့် ယှဉ်တွဲ ပေါင်းဖေါ် ရသော ဒုက္ခမျိုးတွေကို,သိနေသည်မဟုတ်ဘူး၊ စင်စစ်မှာ, နှစ်သက် မြတ်နိုးအပ်သော, အသမ္မောဟပဋိဝေဓ, အာရမ္မဏ ပဋိဝေဓ တရားများနှင့် ကွေကွင်းလျက် မနှစ်သက်အပ် မမြတ်နိုး အပ်သော တဏှာ,မာန, ဒိဋ္ဌိ,ဥပါဒါန်, ကံ အစရှိသော မောဟ အပ္ပဋိဝေဓ တရားများနှင့် ယှဉ်တွဲ ခဲ့ရသော ပိဏ္ဍသံဝေဂ ဓမ္မသံဝေဂ ဒုက္ခမှ တဆင့် ပရမတ္ထ သဘာဝ ဖြစ်သော အနိစ္စ လက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ ဟု ဆိုအပ်သော သုံးမျိုးတို့တွင် တခုခုသော ဒုက္ခသစ္စာကို သာလျှင်, ပိဋကလာ တချက်ထည်း၌ သိဆဲ ဖြစ်လေ၏။

အကယ်၍ ပုဂ္ဂိုလ်နှင့်စပ်သော ဒုက္ခသစ္စာကိုသာ သိရမည် ဆိုပါက မဂ်သည် တကြိမ်သာ မက အကြိမ်ပေါင်းများစွာ ကျရ ပေလိမ့်မည်ဟု မှတ်ပါ။

သမုဒယ မဂ္ဂ နိရောဓ အချက်များကို အကျယ်သိလိုက ပိဋကပါတ်ရတင်- ဇေကာသနိက်ရတင် ပဋ္ဌပိုဟ်ရတင် တိပိဝရိက်ရတင်ဆောင် ကြောင်ပန်း နာယကအဖွဲ့ဝင် အရှင်ဦးနန္ဒိယ စိရင်တော်မူသော ဥပဝါဒ ဝိသောဓနီ ကျမ်းကို ကြည့်ပါလေ။

## ''တနည်းအား ဖြင့် ပြဦးအံ့''

ဤမဂ္ဂသမ္မာဒိဋ္ဌိ တကြိမ်ကျဆဲခဏ၏ ရှေးအဖို့က သစ္စာလေးပါးကို တခြားစီပြုလုပ်၍နေရ၏။ ဝိဝဋ္ဋဒါနဝိဝဋ္ဋ သီလ

ပြုခါ နိရောဓသစ္စာ နိဗ္ဗာန်ကိုဂုင်း။ မဂ္ဂသစ္စာ ဗောဓိဉာဏ်ငါးပါး ကိုဂုင်း အနုမာန အားဖြင့် အာရုံပြု၍ တောင့်တရ၏။

ထိုနောက် သစ္စာလေးချက် တပြိုင်နက် အား လျော်သော ဝိပဿနာ ဉာဏ်ကသည်း အနိစ္စ, ဒုက္ခ, အနတ္တ တို့၏ ပေါင်းဆုံရာ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာဟုဆိုအပ်သော သင်္ခါရကိုသာလျှင် ဆိမြင်၏။ ထိုကြောင့်ဝိပဿနာဉာဏ်သည် မဂ္ဂသစ္စာ၏ ကိုယ်စားလည် မည်၏။ ဝါ၊ ကိုယ်ရံတော်မည်၏ဟူလို။

ဤသို့ သစ္စာလေးပါးကို တခြားစီပြုလုပ်၍သိနေရင်းပင် မဂ္ဂသမ္မာဒိဋ္ဌိ ထကြွမ်ကျ၍လာသောအခါ, ရှေးက သရုပ် အားဖြင့် တခြားစီ သိမှတ်၍ လာသော သစ္စာလေးပါးကို လက်ရှိအိပ်ဝင် ကျီသွင်း စပါးကဲ့သို့ ရစည်းအားဖြင့် တချက်ထည်း သိလေ၏။ ဝါ သမုဒယ သစ္စာကို တခြား ထား၍ပယ်, ဒုက္ခသစ္စာကို တခြားထား၍သိ၊ နိရောဓ သစ္စာကို တခြားထားဆုတောင်း၊ မဂ္ဂသစ္စာကိုတပုံထား၍ တောင့်တ ခဲ့ရာမှ၊ အသမ္မောဟ ပဋိဝေဓ အာရမ္မဏ ပဋိဝေဓ- အား ဖြင့် တပြိုင်နက် တချက်ထည်း သိလိုက်တော့သည်ဟု မှတ် ပါ။

" ထို့ကြောင့်သစ္စယမိုက်,ပရိညာဝါချဲ့ "

(၁) ယောဒုက္ခံသစ္စံ ပရိဇာနာတိ၊
သော သမုဒယသစ္စံ ပဇဟာတိဘိအာဂမ္မာ။

(၂) ယောဒုက္ခံသစ္စံ ပရိဇာနာတိ၊
သောနိရောဓသစ္စံ သစ္ဆိကရောတိဘိအာဂမ္မာ။

(၃) ယောဒုက္ခသစ္စံ ပရိဇာနာတိ၊
သောမဂ္ဂသစ္စံ ဘာဝေတိဘိအာမန္တာ။

(၁) ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဇဟာတိ၊ ပယ်၏လော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။

(၁) အာမန္တာ၊ ဒုက္ခသစ္စာကိုသိ၏သို့။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို ပယ်၏ဟုတ်မှန်လှပေ၏။

(၂) ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍ သိ၏။ သော ပုဂ္ဂလော၊ ထို ပုဂ္ဂိုလ်သည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏ပါလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။

(၂) အာမန္တာ၊ ဒုက္ခသစ္စာကိုသိ၏သို့။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏ ဟုတ်မှန်လှပေ၏။

(၃) ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဘာဝေတိ၊ ပွါး၏ပါလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။

(၃) အာဝဇ္ဇနာ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိဆဲ၌။ မဂ္ဂသစ္စ ၊ မဂ္ဂသစ္စာကို။ ဘာဝေတိ၊ ပွါးဆဲဟုတ်မှန်သည်ပေ၏။

ဤ၌, သိတာက, ဒုက္ခသစ္စာကို တကြိမ်ထဲဘဲ သိလိုက်လေ၏။ ကိစ္စပြီး၍နေတာက, သမုဒယသစ္စာကိုပယ်မှု, နိရောဓသစ္စာကို မျက်မှောက်ပြုမှု, မဂ္ဂသစ္စာကို ပွါးမှု, ကိစ္စ သုံးချက်, တပြိုင်နက် ပြီးဆုံး လေ၏။ ။ဤ၌, တချက်ခုတ်, သုံးချက်ပြတ်လေ ဟော့ဖေါ်မှတ်ပါ။

## "'ကျက်မှတ် ဝေဘန်ရန်လင်္ကာ"

ဝေဒနက် နာမ်ခန္ဓာ,အနိစ္စပေဓိ. ဒုက္ခသစ္စာ သိဆဲမှာ အညီအညီ,သမုဒယသစ္စာပယ်ပြီးဖြစ်သည့်, နိရောဓသစ္စာ ဆိုက်ပြီးဖြစ်သည့်, မဂ္ဂသစ္စာ အစဥ်ဇလို့, ပွါးပြီး ဖြစ်တော့သည့်, ဥပမာပုံမှီ, ရှုခါ ယုံကြည့်, မီးနဲ့ အရောင်, အလင်းနဲ့ အမှောင် ရှင်းအောင်ကြံစည့်, သိ ပယ် ဆိုက်ပွါး, လေးပါး ခိုင်သည့်, မှန်သစ္စာ တပြိုင်နက်, ဆိုင်လျက် ဖြစ်ပေါ်သည့်, ဖွေလမင်းကြီး ထွက်လာဗြိ။

**သတိ။** ။ဤတွင်......ကြွင်းသောခန္ဓာ(၄)ပါးအတွက် ရုပ်-ရုပ်ခန္ဓာ, သညာက်နာမ်ခန္ဓာ, သင်္ခါရက် နာမ်ခန္ဓာ, ဝိညာဏက်နာမ်ခန္ဓာ—ဟူ၍ ပထမ ဝါကျတွင် ထည့်သွင်း၍ဆိုလေ။

ဥပမာ— ညအခါ၌ မီးစာနှင့် ရေနံဆီကို မီး ညှိ ထွန်းလိုက်ရာမှာ, မီးလည်း တောက် လာ၏၊ အရောင်သည်း

ထွန်းလင်းတောက်ပ၍လာ၏, အမှောင်လည်း တပြိုင်နက် ပျောက်ကွယ်၍သွား၏။

ဥပမေယျကား......အမှိုက်နှင့်ထင်းသည် ရုပ်နာမ် ဒုက္ခ သစ္စာနှင့် တူ၏၊ မီးသည် မဂ္ဂသစ္စာနှင့်တူ၏၊ မီးရောင်သည်, နိရောဓသစ္စာနှင့် တူ၏၊ အမှောင်သည်, သမုဒယ သစ္စာနှင့်တူ၏မှတ် .....။ ဤ၌-မီးနှင့်တူ သော မဂ္ဂသစ္စာသည် အမှိုက်ထင်းနှင့်တူသော ရုပ်နာမ်ဒုက္ခသစ္စာတို့ကို လောင်ကြွမ်းစေ၏။ အမှောင်နှင့်တူသော သမုဒယသစ္စာကိုသည်း ပျောက်ကွယ်စေ၏။ အရောင်နှင့် တူသော နိရောဓ,သစ္စာကိုလည်း ထွန်းလင်း၍ ပြလေ၏။ ဤကား- ဒုက္ခသစ္စာကို သိတချက်၌ မီးနှင့်တူသော မဂ္ဂသစ္စာပြဋ္ဌာန်းပုံဘည်း။

ထိုကြောင့်-သိ ပယ်·ဆိုက်·ပွါး-လေးပါးကိစ္စ အပိုင်ရ မှချပရမတ်။

တနည်း- မဂ္ဂဉာဏ်သည် ...ကိ ံမတော။ သစ္စာ လေးချက် တပြိုင်နက်, မဂ်ဖိုလ်သော- ဟု အနုသာသနီအရာ၌ လိမ္မာတော်မူသော ကျေးဇူးရှင် မဟာလယ်တီ အရှင်မြတ် စပ်ဆိုတော်မူလေ၏။

## ''ဝေဘန်ရှုအပ်-ဂန္ထိရတေးထပ်''

လေးသစ္စာသဘာဝ၊ ပြာအကျဉ်းနှ်ခါ၊ ပစ္စာနှ လိမ္မာလျှင်၊ ပရိညာသိခဏ်း။ ထိုရှုခိုက် သစ္စာဉာဏ် သည်၊ ဖြစ်မကျန် ဒိဋ္ဌိပယ်ခဏ်း။ ငါအစွဲကင်းဆိတ် မှန်လျှင်၊ ယင်းနိဗ္ဗာန်ဆိုက်ခဏ်း၊ သည်ခဏ္ဍာ တိုက် ခဏ်း၌၊ ထွန်းညှိစမ်း ရှင်လူ၊ ဘာဝနာဉာဏ်ဆိမီး

ရယ်နှင့်၊ တချက်ထည့်ပြီး၏ပွါးသူ၊ သည့်လေးချက် ဉာဏ်သတိမှုသော်၊ ကြံသိသူ သင် ဖေါ်စားပေတော့၊ ရှင်တော်ဘုရား ဘက်တော်လူ၊ သောတာပန် ဟူ၊ ကျော်သွားတဲ့ ဒိဋ္ဌိ မသိသူမှာ၊ အဝိဇ္ဇ အပူ ချိုးကပ်လိမ့်လေး။ ။

ရအောင်ကျက်, အချက်ကျကျကြံ, ပဋ္ဌာန်မှန်ခွ အမြင်မှန်လျှင် စဘာသ်ရင်းပင်, သောတာပန်ဖြစ်မည်မှတ်။

ဤအချက်ကြီးများကို ဂီတ, ဆိုပြီး အထင်မသေးနဲ့၊ အံဒါ·ရုဋ္ဌပါဠိတော်မှာ, အနုဇာနာမိ ဘိက္ခဝေ-သရဘည ဟူသောအရ, ဘုရားရှင် ခွင့်ပြုတော်မူသော သရဘည ဂီတ,ဟုမှတ်။ ဘုရားရှင် ခွင့်မပြုသော နဋဂီတ, ဒဏ္ဍဂီတ သာရဘိဋ္ဌနဂီတ, အာယတကဂီတ, ဓမ္မဘာဏကဂီတ...... ငါးမျိုးကဲ့သို့ အလားတူထင်မှတ်ပြီးလျှင်, မိမိလည်း ဂီတ၏ အမျိုးအစားကို, မတြာနှင့် တက္က- ဗျဥ္ဇန, ရဿ, ဒီဃ, ပလုတ, ဥဒတ္တ, အနုဒတ္တ, သွရိတ။ တနည်း- ဂလိတဝတ် ဒေါဓကဝတ်, ဂါသာဝတ်-ဆိုတဲ့ အချက်အလက်တွေကို နားလည်မှုမရှိဘဲလျက်၊ ဂီတ,ကို မကြိုက်လေဟန် မာယာဉာဏ်နှင့် မစွပ်စွဲခြင်နဲ့။ ။ သို့သော်- ထိုသို့ ကြောင်ပန်းက ဂီတ,ဆန်တယ်ဟု စွပ်စွဲသော ပုဂ္ဂိုလ်များသာလျှင် ပွဲလမ်းသဘင် ပျော်ရွှင်မှု အမျိုးမျိုးတွေကို ငွေပေး၍ ကိလေသာ၏ ဖြေဆေးပြုလုပ်ပြီး နေကြတာကိုသာ များသော အားဖြင့် တွေ့ရှိရလေသည်။

ရယ်ဘွယ် ကောင်းတဲ့လောကကြီးဘဲနော်။ ၎င်း ဂီတ

နှင့် ဆိုင်ရာကို အကျယ် သိလိုက, ကျွန်ုပ်ကိုယ်တိုင် ထုတ်ဝေသော-ရေစကြီးရှင်းတမ်း ဂီတ,ဝိနိစ္ဆယဒီပကာသစ်ကျမ်းမှာကြည့်လေ။ အကယ်၍ မကျေနပ်သေးပါက, ရင်းဒီပကာသစ်ကျမ်းထဲ၌ပါရှိသော ပါဠိတော် အဋ္ဌကထာကြီးတွေနှံ့သာ မိမိတယောက်ထဲ ထိုင်ပြီး ညှင်း၍သာ နေပေတော့။

ထိုသို့ အထက်ပါ စကားအရပ်ရပ်ကို ထောက် ဆ, ၍ ခြောက်စောင်ရှင်ဘုရား မိန့်ကြားတော် မူခဲ့သည်မှာ, ပရမတ္ထ သဘာဝ အရိယသစ္စာ သာသနာ သမ္မာဒိဋ္ဌိ တရားရှိ သိမြင်လျှင်ဘုရားရှင်၏ဂုဏ်ရောင်ထူးကို ပညာမြင် ပြောင်ပြောင်နှင့် ကြောင်ကြောင်ကြီး သဘာဝထူးသမျှ ရှုးယှ၍ ဖူးကြရလေသည်။ ဖူးရဆိုသည်မှာ, ပရမတ်ထူးမြတ်ကို ပရမတ် ထူး ယပ် က ယုဟာပ်မှုမျှ, အာရုံ အာရမ္မဏိက သဘာဝချင်း သဘာဝ ပေါင်းဆုံမှုမျှ သဘာဝကို ဖူးရ-ဆိုသည်ဟုမှတ်ပါ။

## ၃၂။ ဤ၌-သာသနာသမ္မာဒိဋ္ဌိဟူသည်ကား,

(၁) နာမရူပ-ပရိဂ္ဂဟသမ္မာဒိဋ္ဌိ။ (၂) ဟေတုပစ္စယ, သမ္မာဒိဋ္ဌိ။ (၃) ဝိပဿနာဉာဏဒဿနသမ္မာဒိဋ္ဌိ။ (၄) လောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိ။ ထိုသမ္မာဒိဋ္ဌိ ၄-ပါးကို ဆိုလိုသည်။

## " တရားရှိ-ဆိုသည်ကား "

ရုပ်တရား, နာမ်တရား။ ထိုရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်စေရန်, ဟေတု အကြောင်း-ပစ္စယ အကြောင်း တရားများ။

ထိုသို့ အကြောင်းအားလျော်စွာ ဖြစ်ပေါ်ရာတွင် ချုပ်ပျက်ကြသော, အနိစ္စ-ဒုက္ခ-အနတ္တ-ဟူသောတရားများ၊ ထိုမှတချက် မဂ်တကြိမ်အကျဉ်း တပြိုင်ထဲ ကိစ္စပြီးသော သစ္စာလေးပါး မြတ်တရားစုကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားများဟု ဆိုလိုသည်မှတ်။

ထိုသို့—နာမရူပ ပရိဂ္ဂဟဉာဏ်ဖြင့်, နာမ်ရုပ်ကို ပိုင်းခြားခြင်း ဟေတုပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် အကြောင်းတရား အကျိုးတရားကို သိမ်းဆည်းခြင်း။ ဝိပဿနာဉာဏ်ဖြင့်, အနိစ္စ-စသော လက္ခဏာသုံးပါးကို အဖန်ဖန် ပွါးရှုခြင်း။ (တနည်း) လောကုတ္တရာအားလျော်သော မဂ်တကြိမ်ဖြင့် သစ္စာလေးပါးကို တပြိုင်နက် သိမြင်ခြင်း။

ဤသို့-သူ့မောင်းချောက်နှင့် သူ့မောင်းဆုံ၊ သူ့အာရုံနှင့် သူ့အာရမ္မဏိက, ပရမတ္ထ သဘာဝ အချင်းချင်း ပေါင်းဆုံမှုမျှကို, ဘုရားရှင်၏ ဂုဏ်ရောင်ထူးမြတ်ကို သာသနာတော် သမ္မာဒိဋ္ဌိလေးပါးဟူသော,ပညာပြောင်ပြောင် နှင့် ကြောင်ကြောင်ကြီး အာရုံတရားတို့၏ သဘာဝ ထူးသမျှကို-ပူးယှဉ်ဖူးရပေသည်ဟု-စကားကြီးယာနှင့် ထည့်သွင်းပြောဆိုရသည်ဟုမှတ်လေ။

၎င်း အာရုံ အာရမ္မဏိကဖြစ်သော ပရမတ်,တရားပြင်မှ ဖူးဘတ်သောပုဂ္ဂိုလ်သတ္တဝါ, ဘိတ်မရှိ အသျှင်းမရှိဟုမှတ်၊ ဤ၌အာရုံတရားများကို ပရမတ်ထူးမြတ် အာရမ္မဏိက တရားလေးပါးကို ပရမတ်ထူးလပ် ဆိုသည်မှတ်။

ထိုကြောင့် .....မေ့ွပတိ သော ဘိက္ခဝေ ဘိက္ခုပသာတိ။
မေ့ွ ပဿတော မံ ပဿတိ။

## ရှုတိစုတ်ပါဠိတော်

ပတိ၊ တရားကိုယ်အားဖြင့် ထိုစကားခုနှစ်လှပေ၏။ ဘိက္ခဝေ၊ သံသရာဘေး-လာမည့်အရေးကို မျှော်တွေးကြပြီး, ဒို......ငါ၏ချစ်သား-ရဟန်းများတို့။ သောဘိက္ခု၊ သာသနာ့ဝန်ထမ်း-ထိုရဟန်းသည်။ မေ့ွ၊ ရုပ်,နာမ်,ကြောင်းကျိုး အနိစ္စဓါတ် ပရမတ် သစ္စာမျိုးကို။ ပဿတိ၊ ပရိညာလမ်း မျှော်ကာမှန်း၍ ဖြောင့်တန်းသေချာ ကောင်းစွာ သိမြင်ကြလေကုန်၏။ မေ့ွ၊ နိမိတ်အတ္တ, မကပ်မရသော အနိမိတ္တ အနိစ္စဓါတ်မျှ ပရမတ္ထသဘောကို။ ပဿတော၊ အမှန်ပင်တိတိ ဉာဏ်အမြင်ရှိသောသူသည်။ မံ၊ မြွှာမိဋ္ဌာန် ဇာကန်တင်ရှား-ငါဘုရားကို။ ပဿတိ၊ အမှန်ပင်တိတိ အာရမ္မဏ ပဋိဝေဓအားဖြင့် ဖူးမြင်ရလေတော့၏။

**အဓိပ္ပါယ်မှာ** ... ရုပ်နာမ်သဘာဝ အနိစ္စဓါတ်ပရမတ်သစ္စာကို သိမြင်သောသူ ဟူဟူသမျှမှာ, ဤသာသနာတွင် ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်စစ်ကြီး သွီးတော်စစ်တွေ ဖြစ်ကြပေသည်နှင့်လျော်ညီစွာ၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်, အစရှိသော အရိယာကြီးများနှင့် တကွ, ဘုရားရှင်ကြီးကိုပင် ဖူးမြင် ရသည် မည်ကြပေ၏။ ယခု ရှင်တော်ဂေါတမ တဆူသာမကပေ, ဂင်္ဂါဝါဠူ သဲပုအမျှ ပွင့်တော်မူကြသော ဘုရားရှင်တို့ကိုလည်း ဖူးမြင်ရသည် မည်ကြပေ၏။

## မည်ပုံ-ဥပမာကား

ဤဇမ္ဗူဒီပါ ကျွန်းမြေပြင်မှာရှိကြသောသူ ဟူဟူသမျှတို့သည်၊ မျက်နှာချင်းကို ရွှေလ,မင်းတွင် အမြင်အာရုံ ဆုံကြသည့်ပမာထား, သဏ္ဍာန်လောကတည်ထောင်သည်မှစ၍ ဆင့်ဆင့် ပွင့်ပွင့်သမျှသော ဘုရားရှင်တို့နှင့်တကွ, သာဝကတို့မှာ ရွှေလ,မင်းကြီးနှင့် တူသော သမ္ဗာ လေးရပ် ပရမတ်အာရုံမှာ ဆုံကြရပေသည်မှတ်။

## သခင်ပကဗျာ-ကျက်မှတ်စရာ

(၁) ရုပ်ဟာ ဒုက္ခ မှချမှန်တယ်၊ ဒုက္ခ ရူက သမုဒယကွာမယ်၊ ကွာလေသောခဏ နိရောဓနေယ်၊ မဂ်သစ္စာ-ထွက်ခါသင်းက........ မျက်နှာချင်း လ,မင်းတွေ့ဆုံမယ်။

(၂) ဝေဒနာဒုက္ခ။ (၃)သညာဒုက္ခ။ (၄)စေတနာဒုက္ခ။

(၅) ဝိညာဏ်ဒုက္ခဟု—ခန္ဓာငါးပါးစေ့အောင်ဆိုလေ။

ဤတွင်, အရှေ့မဟုတ်က, အနောက်ဟုဆိုရ ဘိသကဲ့သို့, ရုပ်ခါတ်,နာမ်ခါတ် ပရမတ်အနိစ္စကို ဒိဋ္ဌ မမြင် မသိပါက, ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် အစ ရှိသော, အရိယာ အရှင်မြတ်တို့နှင့် တကွ, အရှင်ဂေါတမ အစရှိသော, ဘုရားရှင်တို့ကိုလည်း မဖူးမတွေ့ရပေ။

ထို့ကြောင့်......ဓမ္မံပဿတိ သော ဘိက္ခုဝေ, ဘိက္ခု နပဿတိ၊
ဓမ္မံ အပဿန္တော, မံ နပဿတိ။

ဘိက္ခုဝေ၊ ငါ၏ ချစ်သားရဟန်းများတို့၊ ဓမ္မံ၊ ရုပ်နာမ်

ဓမ္မ, အနိစ္စကို။ နပဿတိ၊ အဝိဇ္ဇာဖင်း ဝိပဿနာ ပညာ ကန်းသဖြင့်, ဘာမှန်းမှု မသိမမြင်။ သောဘိကျွ၊ ရဟန်း ရှင်လူ မည်သူမဆို ထိုပုဂ္ဂိုလ်သည်။ဓမ္မံ၊ ရုပ်နာမ်ဓမ္မ အနိစ္စ ကို။ အပဿံ ။ပဿန္တော၊ ပဋိဝေဓလမ်း ပညာကန်း၍, ဘာမှန်းမှု မသိ မမြင်သော သူသည်။ မံ၊ ဓမ္မာမိဋ္ဌာန်ဇကန် ထင်ရှား ငါဘုရားကို။ နပဿတိ၊ မံသမျက်စိနှင့် အဖန်ဖန် ခဏ ခဏပင် ကြည့်ကြ သော်လည်း ပြော်.....ဘယ်လို နည်းနှင့်မှု မသိမမြင်နိုင်ကြလေကုန်သတည်း။

ဗုဒ္ဓဘာသာမှန်က-အထူးသတိထားပါ။

ဤသို့-ဇာတိရတ် ပါဠိတော်ကြီး၌ လာရှိတဲ့အတိုင်း ရုပ် နာမ်ဓမ္မ အနိစ္စကို, ဖေါ်ပြ ပါ သာသနာတော် သမ္မာဒိဋ္ဌိ လေးပါး ဟူသော ဉာဏဒဿန အမြင်မှန်ရှိမှသာ သစ္စာ (၄)ပါး ဓမ္မာမိဋ္ဌာန်ဘုရားကို မှချဖူးတွေ့ရမည်ဖြစ်၏။ သို့မှ သာလျှင် မိမိတို့လှူဒါန်းဆောက်တည်ကြသော ဒါန,သီလ, သမထ, ဟူသော စရဏ ကုသိုလ်တို့၏ အကျိုးကို ကျပ် ပြည့် တင်းပြည့်ခံစားကြရလျက် ဝိဝဋ္ဋဖြစ်ပွါးပြီး, ကိလေ သာတို့၏ ငြိမ်းအေး လွန်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ကို, အာရမ္မဏ ပဋိဝေဓ,အားဖြင့် မျက်မှောက်ပြုနိုင်ကြ၍...... ထို-ဒါန, သီလ, စရဏမှ ကုသိုလ်ရကို ပြုလုပ်ရင်းပင်, မိမိ တို့နှင့် ထိုက်သင့်သော ဝိဇ္ဇာ·စရဏ-သမ္ပန္န,ဂုဏ်နှင့် ပြည့် စုံဖြစ်နိုင်ကြလိမ့်မည်ဟု မှတ်ပါလေ။ ဝါ၊ နွားတဘက်ထဲ က,သော လှည်းများကဲ့သို့ မဟုတ်ဘဲလျက်၊ နွားယှဉ်းရုံ က,သော လှည်းများကဲ့သို့ ပြုလုပ်အားထုတ်ကြမှသာလျှင်

ဝိမုတ္တိလိုအပ်သောခရီးကို လျှင်မြန်စွာ ပေါက်ရောက် နိုင်ကြလိမ့်မည်ဟု, ကြောင်ပန်းအစစ် ပကာသိဝါဒက အဲဒါလို မဇ္ဈိမ ပဋိပဒါကျသော လမ်းစဉ်ကိုသာ ပရိညာစခဏ်းနှင့် ယှဉ်၍ ဆုံးမတော်မူကြသည်ဟု တိတိကျကျမှတ်ပါ။

သို့သော်......ကြောင်ပန်းလမ်းစဉ်က, ဒါနပြုချင်း သီလဆောက်တည် ရင်း ပင်, ဝိပဿနာခြံရံနိုင်က မဂ်ပေါက်ဖိုလ်ဝင် ဖြစ်နိုင်သည်ဟု၊ ထို–ဒါန, သီလ, ကုသိုလ်တို့၏ တန်ဘိုးကို မြှင့်တင် ဟောပြ၍ နေတာကို မရိပ်မိကြသော ပုဂ္ဂိုလ်အချို့က, ကြောင်ပန်းဝါဒ,က ဒါန-သီလ,ကို ပယ်သည်ဟု ဝါဒဖြန့်ခြင်းသည်-မှားလေစွ၊ မှောက်မှားလေစွ။ ဝါ၊ ဓမ္မန္တရာယ်သင့်ကြလေစွ။

အကယ်၍- ကြောင်ပန်း အစွန်းအဖျားက အရေမြို သမားများ, အတ္တနောမတိ ဝါဒနှင့်, ထို ဒါန,သီလ,စရဏ မှ ကုသိုလ်စုကို မထေမဲ့မြင် ပြောဆိုခြင်းကိုတွေ့ရှိပါက, ထိုပြောဆိုသောပုဂ္ဂိုလ်၏ဝါဒ........လို့သာ ပြောဆိုသင့်၏။ ကြောင်ပန်းဂိုဏ်းကြီးကို ထိပါးပြောဆိုခြင်း မပြုရန်များများကြီး တောင်းပန်လိုက်ရပေကြောင်း။

အကယ်၍-ကြောင်ပန်းဝါဒဟာ, ဒါန-သီလ,ကို ပယ်သည် မပယ်သည်ကို သိလိုက, ဤကျမ်းရှင်၏ထံကို သူတော်ကောင်း၏ အလေ့အတိုင်း ဆွေးနွေးမေးမြန်းပါက, ရှင်းလင်း၍ပေးရန် အသင့်ရှိပေ၏။ တနည်း။ ကြောင်ပန်းဂိုဏ်းကြီးက ထုတ်ဝေသော စာအုပ်စာတမ်းကို ကြည့်ရှုပါက, နားစွန်နားဖျားက ပုဂ္ဂိုလ်များ ဝါဒဖြန့်ပုံ လွဲမှားခြင်းကို ရိပ်မိပါလိမ့်မည်။

## ၃၃။ သစ္စာလေးပါး၌ အရိယသစ္စာ ထိုက်ပုံကို ပြခန်း။

စတ္တာရိအရိယသစ္စာနိ၊ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယော အရိယသစ္စံ၊ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။

### သစ္စဝိဘင်း ပါဠိတော်ကြီး

(၁) အရိယသစ္စာနိ၊ မိမိသဘောမှ တဆံဖျားမျှမရွေ့ရှား မဖောက်ပြန် မြဲမှန်အပ် မြတ်သော အရိယသစ္စာတို့သည်။ ဒုက္ခံ၊ အကောင်းမရှိ, မကောင်းအတိ ဆင်းရဲပကတိ စစ်စစ်ဖြစ်သော။ အရိယသစ္စံ၊ ရွေ့ရှားခြင်းမရှိ ပကတိမှန် မဖောက်ပြန်သော အရိယသစ္စာတမျိုးရင်း။

(၂) ဒုက္ခသမုဒယော၊ ဒုက္ခ အပေါင်း ဖြစ်ကြောင်း အမှန် ဧကန် ပြုပြင် စီရင်တတ်သော။ အရိယသစ္စံ၊ ရွေ့ရှားခြင်းမရှိ ပကတိမှန် မဖောက်ပြန်သော အရိယသစ္စာ တမျိုးရင်း။

(၃) ဒုက္ခနိရောဓော၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအစစ် ဧကန်ဖြစ်သော။ အရိယသစ္စံ၊ ရွေ့ရှားခြင်းမရှိ ပကတိမှန် မဖောက်ပြန်သော အရိယသစ္စာတမျိုးရင်း။

(၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် အမြိုက် နိဗ္ဗာန်သို့, လျှင်မြန်စွာ ရောက် ကြောင်း အကျင့်ကောင်း လမ်းမှန် ဧကန်ဖြစ်သော။ အရိယသစ္စံ၊ ရွေ့ရှားမရှိ ပကတိမှန် မဖောက်ပြန်သော အရိယာသစ္စာ

တမျိုးဂုင်း။ ရှာဘိ၊ ဤသို့။ စတ္တာရိ၊ လေးမျိုး လေးစား လေးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့, မိမိတို့၏ ဆင်းရဲခြင်း, ပြုပြင်စီရင်ခြင်း, ဖေးငြိမ်းခြင်း, မဏ္ဍိမပဋိပဒါ-အကျင့်လမ်းမှန်ခြင်း,ဟူသော သဘောရှမှ ရွေ့ရှားခြင်းမရှိ ပကတိအမှန် မဖေါက်ပြန်သော ဒုက္ခအရိယသစ္စာ, သမုဒယအရိယသစ္စာ, နိရောဓအရိယသစ္စာ, မဂ္ဂအရိယသစ္စာ။ ။ထိုကဲ့သို့, သင်္ခတ-အသင်္ခတ, တရားအားလုံးကို အနုသာသနီနည်းအရ သိမ်းကျုံး၍ အရိယသစ္စာ ဒေသနာတော်နည်းအားဖြင့်, မြတ်စွာဘုရားရှင် မှချနည်းနှင့် ဟောတော်မူသော, အရိယ သစ္စာ တရားကြီးလေးပါး။ ဂုင်းသစ္စာ အနက်အားဖြင့် (၁၆)ပါး စသော အချက်ကြီးများကို ရည်ရွယ်၍၊ ဦးသျှောင်ကိုင်နည်း အားဖြင့် သင်္ခေပပြုခါ, ကျေးဇူးရှင် ကြောင်ပန်း ဆရာတော်ဘုရားကြီးများ, အရိယသစ္စာ, ဟူသော, စကား တလုံးတည်းဖြင့် သုံးစွဲတော်မူကြလေသည်မှတ်။

(တနည်း) သဘာဝလက္ခဏာအရ, နာမ်၏သဘော, ရုပ်၏သဘော, စိတ်, စေတသိက်ဟူသောသဘော။ ခန္ဓာ, အာယတန, ပဋိစ္စသမုပ္ပါဒ် (၁၁)ရပ်သောဝါတ်,ဟူသော သဘောလက္ခဏာတွေ အမှန်ရှိ၍ နေပုံကို, ဓမ္မဝိစယဉာဏ် အရ အမှန်ကျ သန့်ရှင်းစွာ, ပိုင်းခြား၍သိစေ လိုသဖြင့်, သဘာဝသစ္စာဟူသော စကား တလုံးဖြင့်, ရုံး၍ သုံးစွဲတော်မူကြလေ၏မှတ်။

(တနည်း) သမ္မုတိ, ဥပါဒါန်, သဏ္ဌာန်, သန္တတိ,စရှိ

သွယ်သွယ်, စိတ်ဖြင့် သမုတ် မှန်မျှဖြစ်သော, ပညတ်နယ် အားလုံးကို, သိမ်းကျုံး၍, သမုတိသစ္စာဟူသော စကား တလုံးတည်းနှင့် ဗုဒ္ဓ၏ အလိုတော်ကျ သုံးစွဲတော်မူကြလေ သည်မှတ်။

**သဘိ။** ဖေါ်ပြပါ, သဘာဝနှင့် အရိယသစ္စာနှစ်ပါး သည်, သာမညံဝါ သဘာဝေါဝါ လက္ခဏံနာမ ဟူသော လက်သန်း မွေသင်္ဂဟ အဋ္ဌကထာအရ ပရမတ္ထ သစ္စာမှ နှစ်ပါး ခွဲခြား၍ဆိုသည်ဟု မှတ်လေ။ ။ထို့ကြောင့်........ အနုလောမအားဖြင့်, သမုတိသစ္စာ, သဘာဝ သစ္စာ, အရိ ယသစ္စာ ဟူသော သစ္စာသုံးပါး အနေနှင့် ဉာဏ်ကြီးရှင် များ သုံးစွဲတော်မူကြသည်ဟု, နာနာ ကြပ်ကြပ် သတိချပ် ပါလေ။

## ''သစ္စာ(၉)ပါးထွက်ပေါ်၍လာပုံကို ရှင်းပြခဏ်း''

ထိုတွင်, ရှေ့ပိုင်းပဋ္ဌမကဏ္ဍတွင်,သမုတိသစ္စာဆိုင်ရာ ၌, ရုပ်ရိပ် ဟူသော သဏ္ဍာနာကာရကိုစွဲ၍ သမုတိသစ္စာ ဝစီသစ္စာ, ဝိရတိသစ္စာ,အားဖြင့် (၃)ပါး။

ကံရိပ်ဟူသော သဏ္ဍာကာရကိုစွဲ၍ သမုတိသစ္စာ, ဝစီ သစ္စာ, ဝိရတိ သစ္စာ,အားဖြင့် (၃)ပါးပါ ပေါင်း-ဝိညာဏ် မြင် သမုတိသစ္စာ ဆိုင်ရာ၌,သစ္စာ(၆)ပါး ပြားသည်မှတ်။

တနည်း= ပညာမြင်ဆိုင်ရာ၌, ပရမတ္ထသစ္စာ, သဘာဝ သစ္စာ, အရိယသစ္စာ, အားဖြင့် (၃) ပါး ဖြစ်၍, ဒုဝေ သစ္စာအရ, အပြားအားဖြင့်, သုံးသုံးလီ(၉)ပါး ထွက်ပေါ် ၍လာ၏။ ၎င်း (၉)ပါးကို ရ၍ ဆုပ်လိုက် ပြန်က သမုတိ

သစ္စာ, သဘာဝသစ္စာ, အရိယသစ္စာ့ဟူသော သစ္စာသုံးလီ သာလျှင် အဓိက ဖြစ်လေ တော့သည်ဟု မှတ်ပါ.....။ ထို့ကြောင့်........သစ္စာသုံးလီ လင်းရောင်ခြည်ကျမ်း့ဝိပဿနာ ပရိညာတက်လမ်း, ဟူသော အမည်သညာဖြင့် စီရင်ထုတ်ဝေ လိုက်ရပေ၏။

ကဲ......စာဘာသိသောပရိသတ်က ပဋ္ဌမ, ကြောင်ပန်းကြီးတွေက သစ္စာ သုံးပါးထဲ ဟောပြော ရေးသား၍ထားတာကို နဲလွန်းလို့, ယခုနောက် ကြောင်ပန်းတွေက သစ္စာ(၉)ပါးဖြစ်လာပြန်ပြီလို့များ မှားသည်ဟုဆိုအုံးမှာလား, မဆိုချင်နဲ့, မဿတာ ရွာလယ်၍ ပြဲသလို, ဗုဒ္ဓ ပရိယာယ်, ဓမ္မပရိယာယ်နှင့်, ဒေသနာယုတ္တိ, သဘာဝယုတ္တိ, အချက်များ၌ ဓိဓိကွဲပြားမှုမရှိတာကို ပညာရှိလူတရုသိမြင်ရုံဘဲရှိမည်ဟုမှတ်ပါ။

၌တွင်......ဝေဒနာနုပဿနာ သတိပဋ္ဌာန်အရ,

ဝေဒနာဓါတ်တခု၏ သဘာဝ လက္ခဏာ, သဘာဝ သစ္စာ ဉာဏပရိညာမှ, သာမည လက္ခဏာ, တိရဏ ပရိညာ, ဝိပဿနာဉာဏ်ဖြင့်, အရိယသစ္စာ, ပဟာန ပရိညာသို့ဆိုက်ရောက် မျက်မှောက်ပြုပုံနှင့်တကွ, သံသရာထွက်လမ်း စခမ်းသုံးချက်အဖြွက်မျှ ပြဆိုလိုက်ခြင်းပေဘည်း။

## ၃၄။ စိတ္တာနုပဿနာ သတိပဋ္ဌာန်အရ

စိတ်တို့၏ အစဉ်ဖြစ်ပုံကို အားထုတ်ပုံ ပရိညာ
အဆင့်တက်ပုံနှင့်တကွ ပြပါဦးအံ့။

၌ဒို.....စိတ္တ, ပါဠိ စကား။ စိတ်, ပါဠိပျက်စကား-ဟု

မှတ်သားထားပါ။ ထိုတွင်– ဤွတ်သိခြင်း လက္ခဏာရှိနှင့် ကြိုသိခြင်းလက္ခဏာရကို ထိုစိတ်၏လက္ခဏာရဟု သိးသန့် မှတ်ပါလေ။

ဤတွင်...... ဆူန္နိုယ ဘေဒအားသျှော်စွာ စက္ခုဝိညာဏ် စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှာ ဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်, မနောဝိညာဏ်စိတ်, ဟူ၍ စိတ်(၆)ပါးရှိ၏။ ။၎င်းစိတ်(၆)ပါးတွင်......

(၁) စက္ခုဝိညာဏ် စိတ်သည်, ရူပါရုံဟူသော ဝဏ္ဏ ဓါတ် အမျိုးမျိုးကိုသာ ဦးတိုက် ရှေးရှု အာရုံပြု နိုင်ကုန်၏မှတ်။

(၂) သောတ ဝိညာဏ် စိတ်သည် သဒ္ဒါရုံ, ဟူ သော သဒ္ဒဓါတ်အမျိုးမျိုးကိုသာ ဦးတိုက် ရှေးရှု အာရုံ ပြုနိုင်ကုန်၏။

(၃) ဃာနဝိညာဏ် စိတ်သည်, ဂန္ဓာရုံ-ဟူသော ဂန္ဓ ဓါတ်အမျိုးမျိုးကိုသာ ဦးတိုက်ရှေးရှု အာရုံပြုနိုင် ကုန်၏။

(၄) ဇိဝှာဝိညာဏ်စိတ်သည်, ရသာရုံ-ဟူသော,ရသာ ဓါတ်အမျိုးမျိုးကိုသာ ဦးတိုက်ရှေးရှု အာရုံပြုနိုင် ကုန်၏။

(၅) ကာယဝိညာဏ်စိတ်သည်, ဖေါဋ္ဌဗ္ဗာရုံ, ဟူသော ဖေါဋ္ဌဗ္ဗဓါတ်[၃]မျိုးကိုသာ ဦးတိုက်ရှေးရှု အာ ရုံပြုနိုင်ကုန်၏။

(၆) မနောဝိညာဏ်စိတ်သည်, ဓမ္မာရုံ-ဟူသော

လက္ခဏာအရ, ထူးထွေ ဆန်းကျယ်စွာ လုပ်ကြံ ဖန်ဆင်း၍ သိသော ပညတ်ဓမ္မာရုံ အမျိုးမျိုးကို လည်း ပကတိအတိုင်း သိမြင်နိုင်ကုန်၏။

ဤ၌–ပညတ်ဓမ္မာရုံကို ထူးထွေဆန်းကြယ်စွာ လုပ်ကြံ ဖန်ဆင်း၍သိသောအခိုက်ကို, စိတ်၏ ဝိကတိအခိုက်။ ဝါ၊ ဝိညာဏ်ဟု အမည်ရသော အခိုက်ဟုသိပါ။

တနည်း=ပရမတ်ဓမ္မာရုံတို့ကို သိမြင်သောအခိုက်သည် ထိုစိတ်၏ ပကတိအခိုက်ဟု, စိတ်၏အခိုက်အတန့်ခြားနား ပုံကို သိပါလေ။ ထိုသို့-စိတ်၏ပကတိအခိုက်ကို, ပကတိ ပရိသုဒ္ဓမိဒံစိတ္တံဘိက္ခဝေ,ဟု-ပကတိအခိုက်၌ စိတ်၏ ကြည် လင်သန့်ရှင်းပုံကိုဟောတော်မူ၏။ ဝိကတိအခိုက်၌ စိတ်၏ ထူးထွေဆန်းကြယ်စွာ လုပ်ကြံ ဖန်ဆင်း၍သိပုံကို သိစေလို၍ ဝိဇာနနလက္ခဏံ ဝိညာဏံ- ဟူ၍ ဝိညာဏ်၏ အလား ပြလျက် ဟောတော်မူ၏။

ဝိညာဏံ၊ မနော ဝိညာဏ် သည်။ ဝိဇာနန လက္ခဏံ၊ အာရုံကို ထွေထွေ ထူးထူး သိခြင်း လက္ခဏာရှိ၏။ ဇာတိ၊ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။

ဤအချက်ကား.........စိတ်ပြန် ကိစ္စရှိသော, မနောဝိညာဏ် စိတ်ကိုသာ ဆိုလိုသည်ဟုမှတ်ပါ။

ဤ၌–စိတ္တာနုပဿနာသတိပဋ္ဌာန်မှ အသမ္မောဟ သမ္ပ ဇဉ်ကို ဆင်ခြင်ပွါးများမည့် ယောဂီမှန်က ရှေးဦးစွာ စိတ် ၏ ကြံယာအမျိုးမျိုးရှိနေသည်ကို သိရှိနားလည်၍ထားရ ပေမည်။ ကြံယာအမျိုးမျိုးရှိပုံမှာ-မြင်ခြင်းကြံယာ, ကြား

ခြင်းကြိယာ, နံခြင်းကြိယာ, အရသာကို သိခြင်းကြိယာ, အတွေ့အထိကိုသိခြင်းကြိယာ, မွှာရုံဟူသော အာရုံအမျိုးမျိုးတွေကို သိခြင်းကြိယာ,အားဖြင့် ကြိယာပေါင်းများစွာ ရှိလေသည်။

ဤ၌- မြင်ခြင်းကြိယာသည်, စက္ခုညာဏ်စိတ်၊ ကြားခြင်း ကြိယာသည်, သောတဝိညာဏ်စိတ်......စသည်ဖြင့်, ကြိယာတမျိုးတမျိုးသည်, စိတ်တမျိုးတမျိုးဖြစ်ကြောင်းကို ခွဲခြားနား၍ဆင်ခြင်လေ။

ထိုတွင်......မြင်ခြင်းကြိယာတခုမှာလည်း, အာရုံအမျိုးမျိုး,အရပ်အမျိုးမျိုး, ဒေသဌာနအမျိုးမျိုး, ဝဏ္ဏအမျိုးမျိုး အချိန်ကာလအမျိုးမျိုး,ကိုအစွဲပြု၍ မြင်ခြင်းကြိယာ အမျိုးမျိုး ကွဲပြား ခြားနားကြကုန်၏။ ထိုမြင်ခြင်းကြိယာတခုကို ပင်လျှင်, အာရုံအရပ်ရပ်နှင့် မြောက်ပွါးပါလျှင် အသန်းအသချာ လွန်စွာပင်များပြားလှကုန်၏။ ထို မြင်မှု ကြိယာတွေများတိုင်း စိတ်တွေ များပြားကြောင်းသည် ထင်ရှားလှတော့၏။ ။အာရုံအားဖြင့်, မြင်ခြင်းကြိယာတွေ များပြားပုံမှာ, ဓါတုနာနတ္တအားဖြင့်, ခြားနားမှုမျှ ဖြစ်သော နက်နက် အာရုံကို မြင်ခြင်း ကြိယာတခု, နီနီ အာရုံကို မြင်ခြင်းကြိယာတခု, ဖြူဖြူအာရုံကိုမြင်ခြင်းကြိယာတခု။ ဝါဝါ အာရုံကို မြင်ခြင်းကြိယာဘခု။ စိမ်းမဲစိမ်း အာရုံကို မြင်ခြင်း ကြိယာတခု။ ပြာပြာအာရုံ စသောအားဖြင့် မြင်မှု ကြိယာ အထွေထွေ များပြားလှလေ၏။

ဤဘွင်, နက်နက်အာရုံကိုမြင်ခြင်းကြိယာနှင့် နီနီအာရုံ

ကို မြင်ခြင်းကြံ့ယာသည် တပြိုင်နက် မဖြစ်နိုင် အခိုက် အခ တန့်ကာလအားဖြင့် တခြားစီသာဖြစ်ကြ၏။ ထိုကြောင့်- မြင်ခြင်း ကြံ့ယာတခုလျှင် စိတ်တမျိုး တမျိုး ဖြစ်သည်ကို လည်း ဆင်ခြင်မိပါစေ။

အရပ်ဒိသာအားဖြင့်, မြင်ခြင်းကြံ့ယာတွေ များပြားပုံ မှာ, အရှေ့အရပ်၌-အနီကို မြင်ခြင်းတမျိုး, တောင်အရပ် ၌ အနီကိုမြင်ခြင်းတမျိုး,စသည်ဖြင့် အရပ်ဒေသ ရှိရှိသမျှ ကို ဖြန့်၍ကြည့်ပါလေ။

ဒေသ,ဌာနအားဖြင့်, ကြံ့ယာတွေများပြားပုံမှာ မြို့ပြ, ပြည်,ရွာ,တော-တောင်,ရေမြေ သမုဒ္ဒရာ, နေ-လ-နက္ခတ် တာရာ, ဟု ဆိုရသော နက်,နီ, ဖြူ,ဝါ,စိမ်း,အပြာ, အစရှိ သော အာရုံ အမျိုးမျိုး မြင်မှု ကြံ့ယာတွေ များပြားပုံကို ကုန်စင်အောင် မျှော်၍ ဆင်ခြင်မိပါစေ။

ဝဏ္ဏအားဖြင့် မြင်မှုကြံ့ယာတွေများပြားပုံမှာ, နီနီဝဏ္ဏ အပေါင်းအရမျှ ဖြစ်သော ဝဏ္ဏတခုသဲကိုသာ ပြဆိုပါအံ့။

သစ်ပင်အနီကိုမြင်ခြင်း, သစ်ပွင့်အနီကိုမြင်ခြင်း, သစ် သီးအနီကို မြင်ခြင်း, ကျောက်အနီ, အသွေးနီ, အသားနီ, ကို မြင်ခြင်း, မှစ၍ နက်,ဖြူ, စိမ်း, ဝါ, အပြာ, အညို, စ သောဝဏ္ဏတို့မှာလည်း ထိုနည်းတူစွာ အာရုံများပြား သ လောက် မြင်မှုကြံ့ယာမှုဖြစ်သော စိတ်ပေါင်းမြောက်များ စွာများပြားခြားနားပုံကိုဉာဏ်ကုန်စေလွှတ်၍ကြည့်လေ။

အချိန် ကာလ ခဏတ္တယအားဖြင့်၊ မြင်မှု ကြံ့ယာတွေ များပြားပုံမှာ- နံနက်ခင်း, နေ့ခင်း, ညနေခင်း နေဝင်စ,

ညသန်းခေါင်,နံနက်-၁-နာရီ, ၂-နာရီ,၃-နာရီ,စသည်ဖြင့် အချိန်ကာလတွေများဘိုင်း အနုစိတ်၍ မြင်မှုကြိယာတွေ များပြား ပုံကိုလည်း မလစ်မလပ် ဆင်ခြင်မိပါစေ။ ဤသို့ ပြဲဆိုခဲ့သည့် အတိုင်း မြင်မှု ကြိယာ စိတ်တွေ များ ပြား ကြောင်းမှာ ထင်ရှားလှတော့၏။

အချုပ်အားဖြင့်ဆိုသော်- ဣရိယာပုထ်တခုအတွင်းမှာ ပင် မြင်ခြင်း ကြိယာတွေ လွန်စွာ များပြားလှ၏။ ထိုမြင်မှု ကြိယာတွေသည် စက္ခုဝိညာဏ် စိတ်အစဉ်တွေ ဖြစ်ပေါ် ၍ နေခြင်းမျှပေတည်း။

**သတိ။** ။စက္ခုဝိညာဏ်စိတ် တခုတည်း နှင့် အာရုံ အမျိုးမျိုးမြင်မှုကို မဆောင်နိုင်ဟုမှတ်။ စင်စစ်မှာ, အာရုံ တခုနှင့် မြင်မှု ကြိယာစိတ် တခု တခုသာလျှင် အာရုံသစ် စိတ်သစ် အားဖြင့်အဆင့်ဆင့် မြင်မှု ကြိယာကို ဆောင်နိုင် ကြကုန်၏ဟုမှတ်ပါလေ။

ဤသို့, သတ္တဝါဟု သမုတ်ရသော သဏ္ဍာန်၌, မြင်မှု ကြိယာမျှဖြစ်သော စက္ခုဝိညာဏ်စိတ် နာမ်တရားသည်, စက္ခုအကြည်ဓါတ်ထဲက ထွက်ပေါ်၍လာခဲ့သည်မဟုတ်၊ ရူပါရုံထဲကလည်းပါခဲ့သည်မဟုတ်၊ ထိုစက္ခုရူပါရုံနှစ်ပါး ရုပ်တို့၏ အကြားက ထွက်ပေါ်၍လာခဲ့သည်လည်းမဟုတ်၊ တန်ခိုးကြီးသော ဗိဿနိုး စသည့်တို့ ဖန်ဆင်းလို့ ဖြစ် ပေါ်ပြီးလာခဲ့သော တရားမျိုးလည်းမဟုတ်။ ဘာကြောင့် ဆိုသော်- စိမ်ဖန်ဆင်းဘတ်သော ပုဂ္ဂိုလ် သတ္တဝါကိုက, ဘိတ်မရှိ-အလျှင်းမရှိသောကြောင့်ပေတည်း။

ထိုကြောင့်...... စိမံပြုပြင်တတ်သော ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော, အနုသယ ပမာဏ လွန်စွာသိမ်မွေ့လှသော ကမ္မသတ္တိ အစွမ်းအားဖြင့် ပစ္စုပ္ပန်ကာလ၌ စက္ခုဒြါရနှင့် ရူပါရုံတိုက်ဆိုင်ညီညွတ်မှုကို အစွဲပြု၍ သဘာဝအလျောက် ပေါ်ပေါက်၍ လာသော တရားမျိုး မျှသာဟု သိစေလို၍, စက္ခုဉ္စပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ, ဟု နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်ကြီးမှာ တိုက်ရိုက်လာလေသည်။

## ကျက်မှတ်ရန်လင်္ကာ

ထိုကြောင့်........မြင်သိမှုဆိုတာ, အကြောင်းလျော်ရာမှ
သဘာဝ အလျောက် ပေါ်ပေါက်၍ လာ, ဓမ္မာ-
နိသတ္တနိဇ္ဇီဝါ ကျမ်းဂန်အလာ လမ်းမှန်မြင်ရ သင်
တ, ရုပ်နာမ် အဟုတ်ဉာဏ်ပိုင်ရာ ဘုရားသာသနာ
ကြုံလာဆဲမှာ တရားမြတ် အဘိဓမ္မာ ထင်ရှားတွေ့
အောင်ရှာ......။

ဤနည်းအတိုင်း, ကျန်သော ဝိညာဉ် (၅)ပါးကိုလည်း သူ့ဒွါရနှင့် သူ့အာရုံ ဖြစ်ပေါ်ပုံကို ထိုစက္ခုဝိညာဉ်ကဲ့သို့ အလားတူသိပါလေ။

ဤတွင်— အနုသာသနီအရာ သတိပဋ္ဌာန် ရှေ့ဆောင်လျက်, ဝိပဿနာ ရှုနည်းမှာ နာမ်တစု-ရုပ်တစုအားဖြင့် နှစ်မျိုး နှစ်စု ပြု၍ရှုမှ ရမည်ဖြစ်လေသည်။

ထိုကြောင့်........ နာမက္ခန္ဓ- ရူပက္ခန္ဓာဘိ ဒွေဓါ ဝဝတ္ထပေတိ နာမရူပမတ္တတော၊ ဥဒ္ဓံ အညော သတ္တောဝါ ပုဂ္ဂလောဝါ

ဒေဝေါဝါ ပြဟ္မာဝါ နတ္ထိတိ နိဗ္ဗာန္တိ...... ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး၌လာလေသည်။

နာမဥ္စ၊ နာမ် ဟူ၍ငင်း။ ရူပဥ္စ၊ ရုပ် ဟူ၍ငင်း။ ဣတိ၊ ဤသို့။ ဒွေဝ၊ နှစ်ပု နှစ်ပုံအားဖြင့်။ ဝဝတ္ထပေတိ၊ ပိုင်းခြား သိမ်းဆည်းနိုင်ပေ၏။ နာမရူပမတ္တတော၊ နာမ်,ရုပ်တရား နှစ်ပါးမှ။ ဥဒ္ဓံ၊ အပိုအလွန်။ အညော၊ တပါးတခြားသော။ သတ္တောဝါ၊ သတ္တဝါ ဟူသည်ငင်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ် ဟူသည်ငင်း။ ဒေဝေါဝါ၊ နတ်ဟူသည်ငင်း။ ပြဟ္မာဝါ၊ ပြဟ္မာ ဟူ သည် ငင်း။ နတ္ထိ၊ ဘိတ်ဘိတ် မရှိ, အလျဉ်း မရှိပေ။ ဣတိ၊ ဤသို့။ နိဗ္ဗံ၊ ပြီးဆုံးအောင်မြင်,ဉာဏ်တွင်ရှင်းသင်း ပိုင်နိုင်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။

ထိုအဋ္ဌကထာကြီး-အဓိပ္ပါယ်အရမှာ, ငင်းမြင်မှုကြီးယာ မျှဖြစ်သော စက္ခုဝိညာဏ်စိတ်နှင့်အတူတကွ ဖြစ်ပေါ်ကြ သော, ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိ တိန္ဒြေ မနသိကာရ-ဟူသော စိတ်စေတသိက်, နာမ် အဋ္ဌ ကလာပ်ရှိသည်, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ပြဟ္မာ, မဟုတ်သော နာမ်,တရား တမျိုး တစု ဟူ၍, နာမပရိညာ ဉာဏ်နှင့် ပိုင်းခြား၍သိမြင်စေရမည်။ ထိုနာမက္ခန္ဓာတရား တို့၏မှီရာ စက္ခုအကြည်ဓါတ်နှင့်တကွ, ထိုစက္ခုအကြည် ၏ဗြိုရာမဟာဘုတ်,ဥပါဒါရုပ်တွင်ပါဝင်သော စက္ခုဝိညာဉ် ၏ အာရုံပြုရာ ကျက်စားရာဖြစ်သော, ရူပါရုံ အစရှိသော ရုပ်အဋ္ဌကလာပ်တို့သည်လည်း ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်, ပြဟ္မာမဟုတ်သော, ရုပ်တမျိုး တစုဟူ၍ ရူပ·ပရိညာဉာဏ် ဖြင့် ပိုင်းခြား၍ သိမြင်စေရမည်ဟုဆိုလိုသည်။

ဤ၌=ရူပံနိဿာယ နာမံပဝတ္တတိ, ဟူသောအရ။ ရူပံ၊ စက္ခုအကြည်နှင့် ရူပါရုံရုပ်တရားအရကို။ နိဿာယ၊ မှီ၍။ နာမံ၊စက္ခုဝိညာဉ်စသောနာမ်တရားအရသည်။ပဝတ္တတိ၊ နဂိုကလည်း အစမှ အပုံနှင့် မရှိပါဘဲလျက်, ယခုမှ အသစ် ဘွားခနဲ ဖြစ်ပေါ်၍ လာကြ လေကုန်၏။ ။ဤသို့- မြင်မှု ကြီးယာဖြစ်တိုင်း ဖြစ်တိုင်း နာမ်မှအပ,ရုပ်၊ရုပ်မှအပ,နာမ် ထိုနာမ်ရုပ်နှစ်ပါးဖြစ်ပေါ်မှုမှအပ, မြင်တတ်သော ပုဂ္ဂိုလ် သတ္တဝါ, ဘိတ်မရှိ အလျဉ်းမရှိ ဟု, ပိုင်းခြား၍ သိသော ဉာဏ် ရကို, နာမရူပ-ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်, ဒိဋ္ဌိ ဝိသုဒ္ဓိ ဉာဏ်, ဓမ္မဝဝတ္ထာန ဉာဏ်။ ဝါ၊ သဘာဝ သစ္စာ အရ, ပိုင်နိုင်သော, ဉာတ ပရိညာဉာဏ်, ဟူ၍လည်း ဆိုရပေ၏ ဟုမှတ်။

ထိုသို့, ရူပံနိဿာယနာမံ ပဝတ္တတိ, နာမံ နိဿာယရူပံ ပဝတ္တတိ, ဟူသောအရ, ရုပ်ကို မှီရမှသာ, နာမ် အကျိုး တရားဖြစ်ပေါ် နိုင်မှု, နာမ်ကို မှီရမှသာ, ရုပ်အကျိုးတရား ဖြစ်ပေါ်နိုင်မှု, ဆဲဒါလို, နာမ်တရား ရုပ်တရား များသည် အညမည,သဟဇာတ, နိဿယ ပစ္စည်းအားဖြင့် ကျေးဇူး ပြုလျက်, တပါးနှင့်တပါးမှီတွယ်မှုမရှိဘဲလျက်,မိမိတပါး တည်း သာမိကအားဖြင့်, အစိုးတရ မဖြစ်မပေါ် နိုင်သော တရားမျိုးများသာ ဖြစ်ကြသောကြောင့် အသာမိကဋ္ဌေန အနတ္တံ ဟူ၍, ရှင်တော် ဂေါတမ ဟောပြတော် မူလေ သည်မှတ်။

အသာမိကဋ္ဌေန၊ မိမိ၏ ပကတိသဘောကိုမျှ, ပိုင်ဆိုင်

မှုမရှိ မရသော အနက်သဘောကြောင့်။ အနတ္တံ၊ အစိုးမရ တဲ့ အနတ္တတရားမှုသာလျှင်တည်း။

(ဤသည်ကား မွေဝိဇ္ဇာနှ အနက်ပာမှတ်)

အဲဒါလို- အကြောင်းမွေ, အကျိုးအတ္တ, အနတ္တ၏ နှစ်ရပ် ခမ္မဓါတ် အရန်, အတ္တ ပျောက်ကင်း အလင်းမဏ္ဍိုင်, ဉာဏ်ပိုင်ရှိ, သတိမရှင်း ထိုကဲ့သို့အမှန်ပင် သိမြင်နိုင်ခြင်းသည်၊ သမ္မဒဿနံ၊ ယထာဘူတ အမှန်ကျ၍, သံသရာ့ ဝဋ် ဘေးမှ လွတ်အေးစွာ မြင်ခြင်းကြီး မည်ပါပေသတည်း– ဟု......တေဇာတော် မြှူးထိန်ကြွတဲ့, တို့ကျေးဇူးရှင်-ဦးတိဿ အရှင်မြတ် စပ်တော်မူသွားလေသည်။

ဤန္ဒ........ နာမ်ရုပ်တရားတို့၏ အကြောင်းပစ္စယ, ပဋိစ္စ သမုပ္ပါဒ်ကို သိမ်းဆည်းဆင်ခြင်-သိမြင်ခြင်းတည်းဟူသော ဟေတုပစ္စယ ပရိဂ္ဂဟာသမ္မာဒိဋ္ဌိဉာဏ်, ပစ္စယပရိဂ္ဂဟာဉာဏ် ကင်္ခါဝိတရဏာဝိသုဒ္ဓိဉာဏ်ဟုသည် အတူတူသာမှတ်ပါ။

ရင်းဖေါ်ပြပါ......(၁) နာမရူပ ပရိဂ္ဂဟာသမ္မာဒိဋ္ဌိဉာဏ်, ပေါက်ပိုင်လျှင် အလွန်ရှုံ့ရင်းလှတဲ့ ဥစ္ဆေဒဝါဒ ဖြစ်သော တိဝိဓ မိစ္ဆာဒိဋ္ဌိအယူကြီး ငြိမ်းအေးကုန်၏။ (၂) ဟေတု ပစ္စယ ပရိဂ္ဂဟာ သမ္မာဒိဋ္ဌိဉာဏ် ပေါက်ပိုင်လျှင် သဿတ ဝါဒဖြစ်သော ကာရကဒိဋ္ဌိ, ဝေဒကဒိဋ္ဌိ, အယူနှစ်ပါးငြိမ်း အေးကုန်၏မှတ်။ ထိုဉာဏ်နှစ်ပါးကိုပိုင်လျှင် ဉာတပရိညာ ကိစ္စ ပဌမအဆင့် ပြီးဆုံးလေတော့၏။ ။လက္ခဏာအရ, သဘာဝလက္ခဏာ, သစ္စာအားဖြင့် သဘာဝသစ္စာ, ဆိုရ သည်ဟု-သတိပြုပါလေ။

**သတိ။** ။ထိုသို့-စက္ခုဒွါရ၌ အကြောင်းအားလျော်စွာ ဖြစ်ကုန်သော နည်းလေးဖြာမလစ် အသစ်အသစ် ဖြစ်ပေါ်တဲ့၍ ရူပါရုံကို ဦးတိုက်ရှေးရှု အာရုံပြုသော ဒသဿနကိစ္စျွှ မြင်မှုကြိယာ သဘာဝကိုသာ စက္ခုဝိညာဏ်စိတ် ဆိုရသည်ဟုမှတ်။ ထို စက္ခုဝိညာဏ်စိတ်သည် စွဲမှီရာ စက္ခုအကြည်ဓါတ်နှင့်တကွ, အာရုံပြုရာ-ကျက်စားရာဖြစ်သော ဝဏ္ဏဓါတ်တို့၏ အာဂန္တုကအားဖြင့် တော်တည့် တိုက်ဆိုင်ဆဲ ခဏမှ သဘာဝ အလျောက် ပေါ်ပေါက်၍ လာပြီးလျှင်, တိုက်ဆိုင်ဆဲဖြစ်သောရူပါရုံကိုသာဦးတိုက် ရှေးရှု အာရုံပြုလျက်, ထိုသို့ စွဲမှီရာဖြစ်သော စက္ခုရူပါရုံ ရုပ်တရားများနှင့်, ဥပါဒ်ပြိုင် ဘင်ပြိုင် ချုပ်ပျောက်ရလေတော့၏။

ဤ၌-အထူးသတိထား။ စက္ခုပသာဒ-ဟူသော ကြည်ခြင်း လက္ခဏာ,ရူပါရုံ ဟူသော သဘာဝ၏ စက္ခုပင့်ဟာနန လက္ခဏာအရ, စက္ခုဓါတ်မှန် အကြည်သို့ ထိခိုက်တော်တည့်ခြင်းလက္ခဏာ, စက္ခုဝိညာဏ် ဟူသော သဘာဝ၏ ရူပါရုံသို့ရှေးရှုတော်တည့်ဩတ်သိခြင်းလက္ခဏာ, ဤလက္ခဏာ သုံးပါးသည်, ၎င်းစက္ခု စသော ဓါတ် (၃)ပါး၏ ပစ္စတ္တလက္ခဏာ။ ဝါ၊သဘာဝ-လက္ခဏာ ဆိုသည်ဟုမှတ်။ ဤဓါတ် (၃)ပါးသည် ဥပါဒ်ဆဲခဏတွင် တပြိုင်နက် ချုပ်ပျက်ကြရသော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ, သို့သာ ဦးတိုက်ကြရမြဲ မွေ့တာဖြစ်၍, ထိုအနိစ္စ အစရှိသော လက္ခဏာ (၃)ပါးသည် စက္ခုအကြည်နှင့်လည်း ဆိုင်၏, ရူပါရုံနှင့်လည်း ဆိုင်၏,စက္ခုဝိညာဏ်နှင့်

လည်း ဆိုင်၏၊ ဝါ၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်ဖြစ်သမျှသော သင်္ခတတရား အများနှင့်လည်း ဆက်ဆံလျက် သက်ဆိုင်သော သဘောဖြစ်၍, ၎င်း အနိစ္စ-ဒုက္ခ-အနတ္တ ဟူသော လက္ခဏာ များကို, သာမည လက္ခဏာ ဆိုရသည်ဟု, ဝိပဿနာ ယောဂီမှန်က, ပဇာနန ဉာဏ်စ ရရှိကြစေရန်, ဉာဏ်အချက်ကို အကွက်ထုတ်၍ပြလိုက်ခြင်းပေတည်း။

ထိုကြောင့်......

လက္ခဏာဒွိသုဟိ တေသံတေသမွောနံ
သာမညံဝါ သဘာဝေါဝါ လက္ခဏံနာမ။

ဟု, ပရမတ္ထသဘာဝတရား အများနှင့် ဆက်ဆံသော အနိစ္စ အစရှိသော, သာမည လက္ခဏာနှင့် တကွ၊ တရား အများနှင့် မဆက်ဆံသော တွေ့ထိခြင်း, ခံစားခြင်း, မှတ်သားခြင်း, ပြုပြင် ကြံသိခြင်း အစရှိတဲ့ မိမိတို့၏ သဘာဝ လက္ခဏာများကို ခြားနားလျက်၊ မွေသင်္ဂဏီ ပါဠိတော် အလို, အဋ္ဌသာသိနီ အဋ္ဌကထာ၌ မိန့်ဆိုတော်မူ၏။

**သတိ။** သဘာဝလက္ခဏာကို, သဘာဝသစ္စာ,ဉာတပရိညာဆိုသည်။ သာမည လက္ခဏာကို, တီရဏ ပရိညာ ဝိပဿနာဉာဏ် အမြင် မှန်က, သစ္စာလေးချက် တပြိုင်နက် အကျ၌, အရိယသစ္စာဆိုသည်ဟု မှတ်လေ။ ဤသည့်ကား၊ မွေ သဘာဝတို့၏ သဘောလက္ခဏာ ဖြစ်စဉ်ကိုသာ, သဲလွန်စ ရရုံမျှ ဖော်ပြလိုက်ခြင်းဖြစ်လေသည်။ ပစ္စုပ္ပန် လုပ်

ငန်းစဉ် မဟုတ်သေးဟုမှတ်။ ကျန် (၅)ဒွါရမှာ, ထိုစက္ခု ဒွါရကဲ့သို့ သူ့ဒွါရအာရုံ ဝိညာဉ်များကိုအမှန်ကျဝေဘန်၍ သိပါလေ။

## ပဉ္စမပုစ္ဆာ, စက္ခုဒွါရတွင် စက္ခုဝိညာဉ် မြင်သိပုံနှင့် မနောဝိညာဏ်၏ အမှားသိ အမှန်သိပေါ်ပုံ

## ကို ရှင်းပြပါဦးအံ့။

ဤ၌ စက္ခုဒွါရကို မှီ၍ ဖြစ်သော စက္ခုဝိညာဏ် စိတ်သည်, ယခုစာဘာသ်ဆဲမှာ, စာရွက်ဟုသမုတ်ရသော,ဖြူဖြူ ဝဏ္ဏ ပရမတ္ထ သဘာဝ တရားကိုသာ, မြင်သိမှု ဒဿန ကိစ္စအားဖြင့်, ပရမတ် အချင်းချင်း ဦးတိုက် မြင်သိလျက်, ထိုစက္ခု ရူပါရုံ ရုပ် တရားစုနှင့် တပြိုင်နက် အကြွင်းမရှိ ချုပ်ပျက်ကြကုန်၏။

ဤ၌......စက္ခုဒွါရဝိထိစိတ်နှင့်တကွ, ချုပ်လေပြီးသော အတိတ်ရူပါရုံကို, တဖန် ထပ်၍ အာရုံပြုလျက်, ညွတ်သိ တတ်သော အတီတဂ္ဂဟဏ မနောဒွါရ ဝိထိစိတ်,ဒုတိယ တကြိမ် ဖြစ်ပေါ်၍ လာပြန်လျက်, ထိုလွန်လေပြီးသော ရူပါရုံကိုပင် မှန်းဆ,ညွတ်သိ၍ ချုပ်ပျက်၍သွားရပြန်၏။

**သတိ။** ၎င်း နှစ်ဝိထိသည်, ပရမတ်ကိုသာ သက် သက် အာရုံ ပြုကုန်၏ဟုမှတ်။ ဝါ၊ စိတ်တို့၏ ပကတိ အခိုက်ဆိုသည် မှတ်လေ။

ထိုနောင်၊ ၎င်း စက္ခုဒွါရ ဝီထိစိတ်, အတီတဂ္ဂဟဏ မနောဒွါရဝီထိစိတ်တို့ဖြင့် မြင်သိလိုက်ပြီးသောအခါ, ရူပါ ရုံ အနိမိတ္တတရားကိုပင် စာရွက်စာရွက် ဟုသော အဝိဇ္ဇာ

မာန,ဖြစ်တဲ့ နာမပညတ်ကို လုပ်ကြံဖန်ဆင်း၍သိသော နာမဂ္ဂဟာဏ မနောဒွါရဝိထိ တတိယ တကြိမ်ဖြစ်ပေါ်၍ လာပြန်၏။

ထိုနောင်, ၎င်း နာမဂ္ဂဟာဏ မနောဒွါရ ဝိထိစိတ်ဖြင့်, လုပ်ကြံ ဖန်ဆင်း၍သိထားသော, ဘာမှမဟုတ်သော ကာလ ဝိမုတ်, စာရွက် ကိုပင်, လေးဒေါင့်ဘဲ- အထူအပါးဘဲ- ဟူသော, သဏ္ဌာန်ဒြပ် အတ္ထပညတ်ကို လုပ်ကြံ ဖန်ဆင်း၍ သိသော အတ္ထဂ္ဂဟာဏ မနောဒွါရ ဝိထိ- စတုတ္ထ တကြိမ် ပေါ်၍လာ၏။

**သတိ**။ ။၎င်းနောက်မှပေါ်လာတဲ့ နာမဂ္ဂဟာဏဝိထိ နှင့် အတ္ထဂ္ဂဟာဏ ဝိထိနှစ်ပါးသည်, ဘယ်တုန်းကမျှ မရှိသော အဘာဝအတိ, အဝိဇ္ဇမာန ပညတ်ကို လုပ်ကြံ ဖန်ဆင်း၍သိကုန်၏။ ထိုသို့ပင် စာရွက်လေးဒေါင့်ဟု ဖန်ဆင်း၍ သိသော်လည်း, စာရွက်, ဟူသော သဏ္ဌာန်ပညတ်က ဘယ်လိုနည်းနှင့်မျှ မဟုတ်နိုင်- မဖြစ်နိုင်ပေ။ ဒါဖြင့်, စာရွက်ဟူသော အမည်ပုံဟန် ဘန်ဆင်း၍ ပေါ်နေတာက, ဖေါ်ပြပါ မနောဒွါရဝိထိစိတ်များ၊ ဝိဇာနနလက္ခဏာအရ ထူးထွေဆန်းကြယ်စွာ ကြံသိမှုဖြစ်ပေါ်၍နေခြင်းလက္ခဏာ မျှသာလျှင် ပရိညာဉာဏ် မြင်မှာ တွေ့ရှိ၍ နေရလေတော့သည်မဟုတ်ပါလား။ စဉ်းစားပါ။

ထိုကြောင့်........

ရုပ်ပဉ္စမဝိထ္တေန၊ တိတံဒုတိယ စေတသာ။

နာမံ တတိယ ဝိထ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

ဟု—စက္ခုဒွါရဝိထိ,နောက်၌ မနောဒွါရ (၃)ဝိထိဆက်

၍ ဖြစ်ပုံကို, မဏိသာရ မဉ္ဇူသာ ဋီကာကြီး၌ဖော်ပြထား လေသည်။

[အမိဋ္ဌါယ်] ရုပ်၊ ဖြူဖြူဟူသော အဆင်းဆတ်ဆတ် ပစ္စုပ္ပန်ပရမတ် ရုပ်တရားကို။ ပထမစိတ္တေန၊ စက္ခုဒွါရ၌ ပထမတကြိမ်ဖြစ်ပေါ်၍လာသော စက္ခုဒွါရဝီထိစိတ်ဖြင့်။ ဇာနာတိ၊ မြင်သိ လေ၏။ ။အတီတံ၊ ထိုစက္ခုဒွါရ ဝီထိ စိတ်ဖြင့် မြင်သိလိုက်ပြီးနောက်, ချုပ်ပျောက်လေပြီးသော အဆင်းဓါတ်သား အတိတ်ရုပါရုံ ပရမတ်တရားကို။ ဒုတိ ယ စေတသာ၊ ဒုတိယတကြိမ် မနောဒွါရ၌ ဖြစ်ပေါ်လာ သော အတီတဂ္ဂဟဏ မနောဒွါရ ဝီထိစိတ်ဖြင့်။ ဇာနာတိ၊ အာရုံပြုသိ နောက်ထပ်သိ၏။ နာမံ၊ ဓမ္မ နှစ်ဝီထိဖြင့် ညွတ် သိ ချုပ်ပျောက်ပြီးသော ရူပါရုံအနတ္တသညာ တရားကို။ တတိယ စိတ္တေန၊ တတိယတကြိမ် မနောဒွါရ၌ ဖြစ်ပေါ် ၍ လာသော, နာမဂ္ဂဟဏ မနောဒွါရ ဝီထိစိတ်ဖြင့် စာရွက် စာရွက်ဟု အမည်နာမ,ထုတ်ခါ ကြံစီ၍ သမုတ်လေတော့ ၏။ အတ္ထ ၊ ထို နာမဂ္ဂဟဏဝီထိစိတ်ဖြင့် အမည် ထုတ်၍, ပညတ်သမုတ်သော·စာရွက်ဟူသော အမည်၌, သဏ္ဌာန်ဒြပ် မရှိပါဘဲလျက်။ စတုတ္ထစေတသာ၊ စတုတ္ထတကြိမ် မနော ဒွါရ၌ဖြစ်ပေါ်၍လာသော အတ္ထဂ္ဂဟဏမနောဒွါရဝီထိစိတ် ဖြင့်။ ဇာနာတိ၊ မျက်နှာပြင်ဖြော, စာရွက် လေးဒေါင့် ခပ် ပါးပါး သဏ္ဌာန်ကလေးပါဟု၊ ဝိကပ္ပနာ, ပရိကပ္ပနာ သိမ္မအား ဖြင့် လုပ်ကြံဖန်ဆင်း၍ သိပြန်လေတော့၏။

**သတိ။** ထိုသို့ လုပ်ကြံ၍ သိသဲ၌, ဝိညာဏ်သိခေါ်ရ သော, ဝိကတိအခိုက်ဟုဆိုရသည် မှတ်လေ။

ထို့ကြောင့်, မာယူပမဉ္စဝိညာဏံ- ဟု, ဖေဏပိဏ္ဍူပမသုတ္တန်မှာ, ဗုဒ္ဓရှင်တော်ဆုံးမတော်မူလေသည်။

ဝိညာဏံ၊ မနောဝိညာဏ်သည်။ မာယူပမဉ္စ၊ သာရ အစစ်, အနှစ်မမည်, တာမရှည်ချက်, မာယာ ဖက်သည့်, မျက်လှည့်သည် ပြုလုပ်သောအမှုနှင့် တူသော, ဥပမာရှိပါပေ၏။

## ‘‘သင်္ခေပ ကျက်မှတ်ရန်’’

မာယူပမဉ္စ ဝိညာဏံ၊သုတ္တံပါဠိ လာရှိဒေသနာ၊
အဆင်းဓါတ်ရုပ် ပြုမှုအပေါ် မှာ စာရွက်လိမ်ပြု ကြံ
ကြံ ဖန်ခါ, လေးဖေါင့် ထူပါးယူများစရာ, နာမ် သ
ဘာဝဝိညာဏ်ဟာ,ကြံခါဆလိမ်တာပါ, မျက်လှည့်
ဆရာ ရွှေမဟုတ်ဘဲနဲ့, ကျောက်ခဲ ရွှေလိမ်ပမာ,လိမ်
တာ- ဆန်းလှပါ မြင်ရာ ရှင်းပြ- လင်းကြစေရာ။

အသံဓါတ်, အနံ့ဓါတ်, အရသာဓါတ်, အတွေ့ဓါတ်, ဓမ္မဓါတ်များကို ထိုအဆင်းဓါတ်နှင့်အလားတူသိလေ။

ဤကဲ့သို့, မြင်ရာမှာ, ဗုဒ္ဓ၏အလိုကျ, အနုဗန္ဓက၊ လေး ဝီထိနဲ့ချ၍ စာရင်းရှင်းကြည့်သော်,ရှေ့ဖြစ်သောစက္ခုဒွါရ တဝီထိ,သုဒ္ဓ မနောဒွါရတဝီထိ, ၎င်းနှစ်ဝီထိဖြစ်ပေါ် ဆဲ၌ စက္ခု၊ အကြည်နှင့် ရူပါရုံက, ရုပ်ပရမတ်တရ၊ စက္ခုဒွါရ ဝီထိ, သုဒ္ဓမနောဒွါရဝီထိ, ၎င်းဝီထိစိတ် နှစ်ပါးက နာမ် ပရမတ်တရ။

၎င်းပရမတ္ထ သဘာဝ ဖြစ်သော, ရုပ်တရ, နာမ်တရ ဖြစ်ပေါ် ဆဲမှာ စာရွက်ဟူသော နာမပညတ်နှင့် စာရွက်

လေးဒေါင့်, ဟူသော သညာနှ ပညတ်ဟု ပြောစရာ ဘိတ်ဘိတ်မရှိ, အလျဉ်းမရှိတာကို,လယ်ပြင်မှာ ဆင်သွားဘိသကဲ့သို့ အလွန်ပင် ထင်ရှား၍ နေသည့်မှာစာဘာသ် သော ယောဂီ, မိမိအလိုကို ဖယ်၍, ဗုဒ္ဓအလိုနှင့်အထူးသတိထားပါ။

ဂုဏ်းနောက်- မနောဒွါရ၌ ဖြစ်သော, တတိယ ဝိထိစိတ်ကျမှသာ စာရွက်,ဟူသော အမည်ပညတ်ဟု ပြောစရာနှင့်တကွ, စတုတ္ထဝိထိစိတ်ဖြစ်ပေါ်လျက် စာရွက်လေးဒေါင့်စာရွက်ပါးပါး ဟူသော သညာနှ ပညတ်ဟု ပြောစရာ မနောဒွါရမှာ ဖြစ်ပေါ်၍လာကုန်၏။ သို့ရာတွင်, ထိုခဏ၌ အဘာဝဖြစ်သော နာမ,ပညတ်-သညာနှ ပညတ်ရက ထင်ရှားရှိလို့ပေါ်ပြီးလာတာလား-ဟု ပရိညာဉာဏ်, ဝိပဿနာဉာဏ်နှင့် ချိန်ရွယ်၍ကြည့်သော် ထင်ရှားရှိတဲ့ သဘာဝဓါတ်ဖြစ်သော မနောဒွါရဝိထိစိတ်ဝိညာဏ်ပရမတ်တရားကြီးများသာလျှင် ဝိဇာနနလက္ခဏာအားဖြင့် စာရွက်လေးဒေါင့်-ဟု ပြောစရာ မှုကိုသာ စိတ္တ နိမ္မိတ အနေနှင့် ထူးထွေ ဆန်းကြယ်စွာ မဟုတ်မမှန် လုပ်ကြံ ဖန်ဆင်းလျက်, ဖြစ်ပေါ်၍နေခြင်းမှုသာလျှင် အမှန်ကျ တွေ့ရှိရပေ၏။

ထိုဝိညာဏ်၏ စိတ္တပရိကပ္ပိတ အားလျော်စွာဆန်းဆန်းကြယ်ကြယ်ဖြစ်ပေါ်၍လာသော ဝိဝိဓါကာရ အမူအရာမှုကိုသာ နာမပညတ် သညာနပညတ်,ဟု အညီအမှု ဝန်ခံ ပြောဆိုရုံမျှသာ အသုံးကျလေသည်။ စင်စစ်မှာ၊ ထိုလုပ်ကြံ ဖန်ဆင်းသော ဝိညာဏ်ပရမတ်တရားသည်သာလျှင် ဝိပဿနာ ပရိညာဉာဏ်မြင်မှာ,အများသိ နာမ်တရားအနေ

နှင့်သာ တွေ့ရှိနိုင်လေ၏။ ကာလ,ဝိမုတ်ဖြစ်သော ပညတ်ကို မတွေ့ရှိနိုင်ပေ။ ဤလို ပရိညာဉာဏ်မြင့်ရှိသော ဉာဏ်ကြီးရှင်များမှာ, ထိုဝိညာဏ်မပေါ်မီ ရှေးကာလ,၌လည်း ပညတ်ပြောစရာမရှိနှင့်, ထိုဝိညာဏ် ချုပ်ပျက်၍ ပြီးသည့်နောက်၌လည်း,ပညတ်ပြောစရာမကျန်ရစ်။ ၎င်းဝိညာဏ်ပေါ်ဆဲ ခဏတွင်လည်း, ထိုဝိညာဏ်၏ ကြံသိပုံ ခြင်းရာမျှကိုသာ ဘာဘာညာညာဟု ပြောဆိုရုံမျှသာ အသုံးရလေ၏။ ထင်ရှားရှိသော တရား မဟုတ်ဟု ပရိညာခဏာ၌ ပိုင်နိုင်စွာ နာမ် အသားကျလျက်, အဘာဝပညတ်ကို ကာလဝိမုတ်အားဖြင့် သိမြင်နိုင်ကြကုန်၏။

ထိုအချက်ကြီးများကို ရည်ရွယ်၍........

> နိဗ္ဗာန်ပညတ်၊နှစ်ရပ်ဝမ္မ၊ ဖြစ်ကင်းပ, ကာလဝိမုတ်ကြို.....ဟု, ပရမတ္တ သံခိပ်ကျမ်းမှာ, မဟာလယ်တီ မိန့်ဆိုတော်မူခဲ့ လေ၏။ ဝါ၊ ပညတ်ကို အစအပုံနှင့် ဘယ်အခါမျှ မတွေ့မမြင်နိုင်ဘူး-ဟူ၍ မှတ်ပါလေ။

ဤအချက်၌...... အနိပ္ဖန္နေ၊ ဖြစ်ဆဲ မ ဟုတ် သော အတိတ်အနာဂတ်စိတ်ဖြင့်။ နဇာတော၊ သတ္တဝါဟူသော ပညတ်, ပြောစရာဖြစ်သည်မဟုတ်, ဟု ဆိုသော ခြောက်ဆောင်ဉာဏ်ကိုထောက်၍ ပေါက် ပိုင်အောင်ကြံပါလေ။

အဲဒါလို, စက္ခုဒွါရ၌, ရူပါရုံကို ရိပ်ခနဲမြင်ရမှာ စက္ခုဝိညာဉ်စိတ်နှင့် တွဲစဉ်အခါ၌, မနောဝိညာဉ်စိတ်၏ အသိစာရင်းရှုပ်ထာကို မရိပ်မိသဖြင့်, ဒိဋ္ဌိယုတ် လူ့မသမာက,

ဖြူဖြူဟာ စာရွက်, မဲနက်သော ၀ဏ္ဏစါတ်ကိုတော့ စာလုံး အက္ခရာမှတ်, စာဘာသ်၍ နေဒါကတော့-ငါ၊ အဘိဓမ္မာ ဒေသနာတော် လာတာက, နိသတ္တ-နိဇ္ဇီဝသဘာ၀ါ, ငါ မပါ စက္ကူမဟုတ်တဲ့ ဖြူဖြူ ဝဏ္ဏက, ရုပ်တရား, စာရွက် လေးဒေါင့် ပြုလုပ်သော နောက်လိုက် နှစ်ပိဋကတ်, မနော ဝိညာဏ် နာမ်တရား, အမှန်အားကတော့ ရုပ် နှင့် နာမ်, ဟုတ်တဲ့ဉာဏ်မပါတော့ အရာရာမှာ တငါငါစွဲယူလျက်, မြင်သဲ-ကြားသဲ နံသဲ-စားသဲ ထိသဲ-သိသဲမှာ,အချက်အချာ ပြုလုပ်၍နေတဲ့ သဏ္ဌာယ ဒိဋ္ဌိ အလိမ်ကို, မဂ်တကြိမ်နှင့် မဖြတ်သုတ်နိုင်ပါက, ဒါန နည်းနဲ့လဲ နိဗ္ဗာန်မဝင်, သီလ နည်းနဲ့လဲ လမ်းစ မမြင်, သမထ နည်းနဲ့လဲ တက်တက်စင်, သို့ဖြစ်အင်သဘောအလာကို မနောမှာခါခါဆလျက်, ဒါန သီလ-စရဏမှ ကုသိုလ်ပြုရင်း သတိသွင်းလျက်, ရှိရင်း ရုပ်နာမ်, ဖြစ်ပျက်ဟန်ကို, ဟုတ်မှန်လိမ္မာ, ပရိညာဉာဏ် အမြင်မှန်မှ, မဂ်ညာဏ်ရမည်၊ ကြံကြံ, မမှားယောဂီများ။

## ၃၆။ ပဋိစ္စသမုပ္ပါဒ အချက်များကို ဘုံသုံးပါး, လောကသုံးပါး-ဝဋ်သုံးပါး ခွဲခြား၍ပြဦးအံ့

ထိုတွင်......၊ ပဋိစ္စ စွဲမှီရန်အခြေခံအကြောင်းတရားရ။ သမုပ္ပါဒ-စွဲမှီ၍ဖြစ်ပေါ်သော အကျိုးတရားရ ဟုမှတ်။

ဤ၌= ကံ, စိတ်, ဥတု, အာဟာရ, ဟူသော ဆက်ဆက် သော သင်္ခါတစါတ်, ပရမတ်တရား (၄)ပါးရှိရာ, ကံ နှင့် စိတ်သည် နာမ်သန္တတိ တရား, ဥတု နှင့် အာဟာရသည် ရုပ်သန္တတိ တရား- ဟု ခြားနား၍သိပါ။ ဤတွင်၊ စက္ကူ

စသော ဒွါရ(၆)ပါးရှိရာ, စက္ခုဒွါရတပေါက်က ရှင်းလင်း၍ ပြပါအံ့။ စက္ခုဒွါရတွင် ရူပါရုံကို မြင်သိမှုဖြစ်ပေါ်သော ခဏ၌, ကံနှင့်စိတ်သင်္ခါတကို စွဲမှီလျက် စက္ခု အကြည်ရုပ် ဓါတ်တပါး, မနသိကာရ-ဟူသော နှလုံးသွင်းမှု နာမ်ဓါတ် တပါး။ ထိုအတူ-ဥတုနှင့်အာဟာရရုပ် သင်္ခတကိုစွဲမှီလျက် ရူပါရုံရုပ်ဓါတ်တပါး, အာလောကဟူသော အလင်း ရုပ် ဓါတ်တပါးအားဖြင့်, ရုပ်ဓါတ်(၃)ပါး,နာမ်ဓါတ်(၁)ပါး, ပေါင်း(၄)ပါးသည် ကံ စသော အကြောင်းတရား များကို စွဲမှီ၍ ဖြစ်ပေါ်ရသော ဥပ္ပါဒ အကျိုးတရားများဟုမှတ်။

ထိုတွင်-ကံ,စသော အကြောင်းတရား(၄)ပါးတို့သည် စွဲမှီရန် ပဋိစ္စတရားများ ဖြစ်ကြကုန်၏။ ထိုမှတဆင့်တက်၍ ကြည့်ပြန်သော်, ဤသို့ ကံ,စသောအကြောင်းတရား (၄) ပါးနှင့် ဆ, က, စက္ခုရူပ အာလောက မနသိကာရ ဟူသော တရား(၄)ပါးသည် အကျိုးဥပ္ပါဒ တရားများ ဖြစ်ကြသော်လည်း, ထိုစက္ခု ရူပ,စသော တရား(၄)ပါးတို့၏ တိုက်ဆိုင်ညီညွတ်မှုကို ပဋိစ္စစွဲမှီသမှု အကြောင်းပြု၍ စက္ခုဝိညာဏ်စသော အကျိုးတရားများ ဖြစ်ပေါ်၍လာပြန်၏။ ဤ၌-စက္ခုရူပ,စသော တရား(၄)ပါးကစွဲမှီရန် ပဋိစ္စတရား ဖြစ်ပြန်၏, စက္ခုဝိညာဏ် စသော နာမ်တရားများက ဥပ္ပါဒ အကျိုးတရားများဖြစ်ကြလေ၏။

အဲဒါလို, စက္ခုဝိညာဏ်သည် အကျိုးတရား။စက္ခု(လ) မနသိကာရ တရား (၄) ပါး သည် အကြောင်း တရား, ထို-စက္ခု စသော တရား(၄)ပါးသည် စက္ခုဝိညာဏ်နှင့် ဆ,သော် ပစ္စုပ္ပန် အကြောင်း တရားများ ဖြစ်ကြကုန်၏။

ကံ,စသော အကြောင်းတရားများနှင့် ဆ,သော် ၎င်းစက္ခု ရူပ အာလောက မနသိကာရ,တရား(၄)ပါးသည် အကျိုး တရားများဟု ဆိုရလေ၏။

အဲဒါလို မြင်သိမှု ကြီးယာမျှ စက္ခုဝိညာဏ်ကဆ,သော် စက္ခု ရူပ, အာလောက မနသိကာရ, ဟူသော ထင်ရှားက အကြောင်းတဆင့်။ ကံ,စသော ဟေတုအကြောင်းတဆင့်, အားဖြင့် အကြောင်းနှစ်ဆင့်ဖြစ်ကုန်၏။

တနည်း။ ထိုကံ,စသောဟေတုအကြောင်းကထောက်၍ ကြည့်သော်........, စက္ခု-ရူပ-အာလောက-မနသိကာရ, ဟူသော အကျိုးတရား များနှင့်, စက္ခုဝိညာဏ်-ဟူသော အကျိုးတရား နှစ်ဆင့် တွေ့ရှိရပြန်လေ၏။

အဲဒါလို—၊ အကြောင်း နှစ်ဆင့်, အကျိုးနှစ်ဆင့် ရှိရာ, ဘူမိဘေဒအားဖြင့်ဝေဘန်သော်, ကံ,ဟူသော အကြောင်း တရား(၄)ပါးသည်, အနုသယ ပမာနဖြစ်၍, အနုသယ ဘုံ မည်၏။ ။စက္ခု-ရူပ-အာလောက, မနသိကာရ, တရား တို့သည်, ပရိယုဋ္ဌာနဘုံဟုဆိုရ၏။ ။စက္ခု ဝိညာဏ် စ သော နာမက္ခန္ဓာ တရားတို့သည် ဝိတိက္ကမ ဘုံဟု ဆိုရ၏။ ၎င်း၌...... စက္ခု-စသော တရား(၄)ပါးနှင့်, စက္ခုဝိညာဏ်, စသော နာမက္ခန္ဓာတရားတို့သည်, ကံ,စသော အကြောင်း တရားများ၌သာ တည်ရာ မှီရာ သဏ္ဍာန်ကျသဖြင့်,၎င်းဆတ် ဆတ်သော, ကံ-စသော သင်္ခတတရားတို့သည် လောက အားဖြင့် သြကာသ လောကမည်၏။

စက္ခု-ရူပ-အာလောက-မနသိကာရ, တရား တို့သည် သင်္ခါရ လောကမည်၏။

စက္ခုဝိညာဏ်, စသော နာမက္ခန္ဓာ တရား အစုတို့ကို, သတ္တလောက ဆိုရသည်ဟု မှတ်။

**သတိ။** တရားကိုယ်မှာ သင်္ခါရ တရားပါဘဲ။

တနည်း။ ဝဋ်သုံးပါးအားဖြင့် ဝေဘန်သော်......, ကံ-စသော သင်္ခတတရားတို့သည် ကိလေသာဝဋ်မည်၏။ ။ စက္ခု-စသော တရား (၄) ပါးသည်, ကမ္မဝဋ်မည်၏။ ။ စက္ခုဝိညာဏ-စသော နာမက္ခန္ဓာတရားတို့သည်, ဝိပါက ဝဋ် မည်၏မှတ်။

အဲဒါလို— ဘုံ(၃)ပါး, လောက(၃)ပါး, ဝဋ်(၃)ပါး, ဝေဘန်၍ပြခဲ့သောတရားတို့တွင်, စက္ခုဝိညာဏ် စသော, အကျိုးတရားများသည်, စက္ခု-စသော ထမ္ဘကအကြောင်း တရားများနှင့်, ကံ-စသော ဟေတုအကြောင်းတရားများ ကို စွဲမှီရမှသာ ဖြစ်ပေါ်နိုင်ခွင့် ရှိသည်ဟု မှချမှတ်ပါ။

ထိုကြောင့်...... ဟေတုံ၊စက္ခုံ-ရူပ-အာလောက-မနသိ ကာရ, ဟူသော အကြောင်း တရားများကို၊ ပဋိစ္စ၊ စွဲ၍။ သမ္ဘောတိ၊ ဖြစ်ပေါ်၍လာ၏...... ဟု သင်္ဂဟ ဂါထာ၌ လာ၏။

( အကျယ်သိလိုက, ခြောက်စောင်တွဲကျမ်း-သုံးလော က, ဒီပနီမှာ ကြည့်ပါလေ)။

ဟေတုအကြောင်းနှင့် စပ်လျက် ဖြစ်ပေါ်ကြသော

ပစ္စုပ္ပန်တရားတို့၌ အကြောင်းအကျိုးဆင်ခြင်ပုံလက်ာ

(၁) စက္ခု, ရူပ, အာလောက, မနသိ, လေးလီ ပစ္စယ အ ကြောင်း မွေဆုံသည်, စွဲမှီဖြစ်ကြ, အကျိုးမျှ တလီ

ဝိညာဏ်စိတ် တဖြတ်ဖြတ်ပေါ် လေသည်၊ ခါတော်မှီ, သိအောင် ကြံရမည့်, သူငါအစွဲနှင့်, ထယ်လဲ သံသရာ၌ရှည်,ရုပ်နာမ်စိတ်မျှ,အနတ္တပေါ် ရာအညီ, မြင်ဆဲမှာဘဲ, တပြိုင်ထဲ ကုန်လေသည်......။

(၂) သောတ,သဒ္ဒ,ဝိဝရ,မနသိ= ကြားဆဲမှာဘဲ,တပြိုင်ထဲ
(၃) ဃာန, ဂန္ဓ, ဝါတ, မနသိ= နံဆဲမှာဘဲ ။
(၄) ဇိဝှါ, ရသ, အာပ, မနသိ= စားဆဲမှာဘဲ ။
(၅) ကာယ, ဖေါဋ္ဌဗ္ဗ, ထဒ္ဓ မနသိ= တွေ့ဆဲမှာဘဲ ။
(၆) မနော, ဓမ္မ, ဟာဒယ, မနသိ=သိဆဲမှာဘဲ ။

အထက်၌ အလားတူ ထည့်သွင်း၍သိပါလေ။

## ဒွါရ(၆)ပါးစေ့က, တရားတောင်းရန်

အဲဤကဲ့သို့- မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း,တွေ့ထိခြင်း,ကြံသိခြင်း အစရှိတဲ့ အရာဌာန,ဟူသမျှ၌,သူမရ, ငါမရှိတဲ့ အနိမိတ္တ အနိစ္စကောန် ရုပ်နှင့်နာမ်သာလျှင် အမှန်ရှိသည်ဟု သတိတမန်, ဉာဏ်မြေကတုတ်, ပညာစွန်း ချွန်းအုပ်ဘွယ်, မြင်တာရှင်း လင်းလိမ့်မယ်, သိလွယ် ပေါက်လွယ် မြင်လွယ်ဆင်ခြင်ဘွယ် အနတ္တ တလုံးပါဘဲ၊ အတ္တနယ်ကိုခြေမှုန်း။ အကုန်လုံး ပုံမရ သညာတစိတ်ရင်း သတိမကင်းရအောင်, ကြည့်ရင်း မြင်ရင်း ထင်လင်းရုပ်နာမ်, ဟုတ်မှန်လိမ့်မှာ ပရိညာဖြင့်, ကြိမ်ခါခါ-တအားပြုကာ ပွါးရှုလိုကြကုန်သည်ဖြစ်၍။ ဒေသေဘု၊ ကရုဏာတရားစိတ်

မှာထား၍ ဟောကြား ဆုံးမ,တော်မူပါ ဆရာတော်သခင် ကျေးဇူးရှင်ဘုရား........။

ဤတွင်– မြင်မှုတချက် ဖြစ်ပေါ်ခိုက်၌, ကံ-စသော အ ကြောင်း တရား တို့သည်, စက္ခုဝိညာဏ်- စသော နာမက္ခန္ဓာတရားတို့၏ ဟေတုပစ္စည်းမည်၏။

အာလောက-ဟူသော အလင်းဓါတ်နှင့်, အဆင်း-ဟူ သော-ဝဏ္ဏဓါတ်သည်, ထို-စက္ခုဝိညာဏ်၏ အာရုံပြုရာ, ကျက်စားရာ အာရမ္မဏပစ္စည်းမည်၏။

ထိုတွင်- စက္ခုအကြည်ဓါတ်နှင့်, နှလုံးသွင်းမှု မနသိ ကာရ, ၎င်းနှစ်ပါးသည်, စက္ခုဝိညာဏ်၏ မှီရာ နိဿယ ပစ္စည်း မည်၏။ ။စက္ခုဝိညာဏ်- စသော နာမ် တရား တို့သည်, အာရမ္မဏိက ပစ္စယုပ္ပန် တရားများ ဖြစ်ကြ၏။ ထိုကြောင့်–ပစ္စည်းအပေါင်း အကြောင်းရှိက သင်္ခါရမျိုး အကျိုးမျှသာ စကြဝဠာပေါင်း တသောင်း ဇာတိ နှင့်ဘိ အာဏာ ကုဋေမှာသိန်း ထွက်ကိန်းဖြာဖြာ ရှစ်မျက်နှာ လုံး မဆုံးဝိသယ အနန္တသာ ဆက်ခါဆက်ခါ စကြဝဠာ တွေ အာကာဖွေမှာ လေတံခွန်များ တိမ်တွေ လားသို့, မခြား မြင်ကြ သင်္ခါရနှံ့ အဘုန် လုံးကို သိမ်းကျုံး၍ ပြ သော်တူ့ချယ်ချင် ဥပါဒ်ဘင်မျှ အနိစ္စကေန်, ဒုက္ခမှန်ကို ရုပ် နာမ်ပြောရ,သင်္ခါရလောက သဘောမျှသည်,တရွှေ့အလုံး, သုည နှံ့းဟု, ကျေးဇူးရှင်ကြီးဘုရား, သခင်ပ စကားကြီး များ ချထားတော်မူခဲ့လေသည်မှတ်။

ဤသို့ ကမ္မသတ္တိမျှ ဥပါဒ်ဋ္ဌီဘင် အစဉ်မရ,ဆတ်ဆတ်သော သင်္ခတပစ္စည်းအကြောင်းရှိက၊ သင်္ခါရမျိုး အကျိုးတရားမျှ ဖြစ်သော စက္ခု, ရူပ,အာလောက, မနသိကာရတရား(၄)ပါးနှင့်တကွ, စက္ခုဝိညာဏ်စသော နာမ်တရားများ၏ ဖြစ် ပေါ် ချုပ် ပျက်မှု အစဉ်မျှ ကိုသာ, စကြဝဠာအနန္တ ဆိုရသည်ဟုမှတ်။ ထို့ကြောင့်...... သင်္ခါရမျိုး အကျိုးတရားများ၏ ဥပါဒ်မှ ဓာတ်, ရင့်ရော်မှု, ဇရာ, ချုပ်ပျက်မှု အနိစ္စ တရားများသည် ဘယ်နေရာ ဘယ်ဌာနမှ, အပ် တထောက်စာ ခန့်မျှ လစ်လပ်သော နေရာဌာန မရှိ, အနန္တ အပြားပင် ရှိလေ၏ဟု ဆိုလိုရင်းဖြစ်လေ၏။

ဥပမာ, ကောင်းကင်မှာ အာဂန္တုက အားဖြင့် ဖြစ်ပေါ်ကြသော တိမ်တိုက် တွေသည်, တကျွန်းနှင့် တကျွန်း တိမ်တိုက်တခုနှင့် တိမ်တိုက် တခု တို့သည် မရောမယှက်သော အားဖြင့်၊ ဆင်,မြင်း, ကျွဲ, နွား မဟုတ်သည်ကို,မြင်ရသူ အားလုံး တို့က တပေါင်းတည်း တပုတည်း ထင်ခါ ထိုတိမ်တိုက် တို့၏ အမူအရာကို ဆင်, မြင်း, ကျွဲ, နွား ဟု အထင်များ၍ နေကြဘိ သကဲ့သို့, ကမ္မသတ္တိ အကြောင်းကြောင့် ဖြစ်ပေါ် သော သင်္ခါရ တရားမှန်သမျှ လက္ခဏာတခုနှင့် လက္ခဏာတခု,တဖြစ်နှင့်တဖြစ် မရောမယှက်သောကို, အမြင်က နောက်ကျ, အသိက မရောက်ကြသဖြင့်, ထို- ရုပ်,နာမ်, သင်္ခါရ၏ အမူ အရာ များကို လူနတ်ဗြဟ္မာ စကြဝဠာ အနန္တ ဖောန် ရှိသည်ဟု ဝိညာဏ် ပရိတ်က မျက်လှည့်ပြ၍ နေသည်ကိုမြင်စေလိုသည်ဟုမှတ်။ ထို့ပြင် တဝ၊ သင်္ခါရတရားမှန်က တဥပါဒ် တဘင်မှာသာ ဆုံကြရ

သည်ဖြစ်လေသောကြောင့်, သာမည လက္ခဏာနှင့် ညှိဆ,
လျက် သိမ်းကျုံး၍ပြဲ သော့ဘ၊ ချသော ဥပါဒ်ဘင်မှု အနိစ္စ
ဇောကန် ဒုက္ခအမှန်တရား တရဘည်းသာလျှင်,မုချနည်းအား
ဖြင့် အသားတင်ရှိ၍ နေသဖြင့် သောက, အနေနှင့် ဘာမျှ
အသုံးမဝင် အသုံးမရသဖြင့် အချည်းနှီး တုစ္ဆ ဟူ၍ရင်း။
မက်ဘွယ် မုန်းဘွယ် ကင်းသုံးလေသောကြောင့်, သုညနှံး
သုညထုံးဟု, ကျေးဇူးရှင်ကြီးဘုရား ဆိုလိုရင်း ဖြစ်လေ
သည်မှတ်။

**သဘီ။** ။ဤကဲ့သို့သော အသံမျိုးသည်, အမှတ်
အသားပြု၍သိသော-သညာသိ၊ တွေ့တွေ့လာလာ ကြံစီ၍
သိသော-ဝိဉာဏ် သိ၊ ဝါ၊ စိတ်သိ၊ လောကီတန်ခိုးအားဖြင့်
သိသော, အဘိညာသိမျိုး၊ ဝါ၊ မသိတာရုပ်, သိတာနာမ်။
တနည်း။ နေ့,က-နာမ်, အရောင်က,ရုပ်၊ နာမ်,ရုပ်,နှစ်ပါး
အနိစ္စလက္ခဏာ, ဒုက္ခသစ္စာဟု ရွတ်တတ်, ဘာသိတတ်ရုံ
မျှသာသိသော ဆေးဆိုး-သောတာပန်များ၏ အသိမျိုးတည့်။
လွန်စွာ ထူးကဲ၍ သိသော ပရိညာသိ မျိုးနှင့်, ဓမ္မတာခု၏
အပေါ်၌ သာမညလက္ခဏာအားဖြင့်ရင်း၊ သဘာဝလက္ခ
ဏာအားဖြင့်ရင်း၊ အကြောင်းတရား, အကျိုးတရားအား
ဖြင့်ရင်း၊ ဘူမိဘေဒအားဖြင့်ရင်း၊ လောက, သုံးပါး အား
ဖြင့်ရင်း၊ ဝဋ်သုံးပါးအားဖြင့်ရင်း, ဉာဏ်အားရှိသလောက်
ခြံ၍ ငုံ၍သိသော ပဇာနနအသိမျိုးကြီးများပေတည်း။ ။
ဤကဲ့သို့- လွန်စွာ သိမ်မွေ့ နက်နဲလှသော အချက်ကြီးများ
သည်, အလွန်ထက်မြက် ရူးရှသော ဉာဏ်ထူး-ဉာဏ်ချွန်
ဉာဏ်တံခွန်, ကြီးများသာလျှင် ကျက်စားနိုင်သောအရာ

အချက်ကြီးများ ဖြစ်လေ၏။ ထိုကဲ့သို့ နူးညံ့ သိမ်မွေ့လှစွာသော အချက်ကြီးများ၌ အသိ အမြင် နက်နဲ ရှုံးရှုပါမှ အထွဋ် အထိပ်ဖြစ်သော, ပဋိဝေဓ ဉာဏ် စခမ်း ကြီး သို့ ဆိုက်ရောက်လွယ်နိုင်ကြမည်ဖြစ်၍ .....

သုဒုဒ္ဒသမိဒံဌာနံ၊ ဉာဏ်နံဉာဏဂေါစရံ။

တသ္မာ ဓိရာစိန္တယန္တု၊ ခန္ဓသဘာဝ လက္ခဏံ။ ။

(ဥယျောဇဥဂါထာ, လယ်တီဆရာတော်)

ဣဒံဌာနံ၊ ဤပဋိစ္စသမုပ္ပါဒ် ပရမတ်စက်. ဝါတ်အချက်မျိုးသည်။ သုဒုဒ္ဒသံ၊ သာမိ ဉာဏ်မျိုးဖြင့် ထိုးထွင်းဆင်ခြင်၍ သိမြင်ခြင်းငှါ ခဲယဉ်းလှစွာ၏။ ဉာဏီနံ၊ ဝရဇိန်စက်, လက်နက်တူတန်, အမြင်သန်သည့်, ပညာဉာဏ် ရှိသော ပုဂ္ဂိုလ် ကြီး တို့၏။ ဉာဏဂေါစရံ။ တကဲ့ ဉာဏ်ဖြင့်သာ အမှန်ကျက်စားနိုင်သော အရာဌာန မျိုးကြီးဘဲ့ ပေတည်း။ တသ္မာ၊ ထိုသို့ဖြစ်လေသောကြောင့်။ ဓိရာ၊ ဖိုလ်လမ်း မဂ်လမ်း တက်လှမ်း ရအောင်, စွမ်းဆောင် လေဘိ, တကဲ့ ပညာရှိတို့သည်။ ခန္ဓသဘာဝ လက္ခဏံ၊ ခန္ဓာငါးရပ်ပရမတ် ဝါတ်သား, သဘော သဘာဝများနှင့် သုံးပါးသော လက္ခဏာ အချက်ကြီးကို။ စိန္တယန္တု၊ အဘိဓမ္မာ သာသနာ, ရောင်ဝါခဲရဲ, ထွန်း ထိန် ဆဲမှာ, ငဲ့မြဲ၍သာ ကြံစည် အား ထုတ်လိုက်ကြကုန်ရာသတည်း။

အခမ်းအိယ် ရှင်းခဲ့ပြီးဖြစ်၏။

### ၃၈။ စက္ခုဒွါရ၌ အမှန်သိ နာမ်အစဉ်, အမှားသိ နာမ်အစဉ်, တအာရုံ နှစ်ဒွါရဖြစ်ပုံကို စိစစ်၍ပြခန်း

ထိုတွင်- စာဘာသ်ရင်းခဏာ၌၊ မဲမဲနက်နက် ဟူသော ရူပါရုံသည်, စက္ခုအကြည်နှင့် မနောအကြည်သို့ တပြိုင်တည်း ပစ္စည်းမကောင်း ကျရောက်လေ၏။ ထိုသို့အာရုံ ကျရောက်သော ခဏမှ ဖြစ်ပေါ်ကြသော စက္ခုဝိညာဉ်, မနောဝိညာဉ်တို့တွင်, စက္ခုဝိညာဉ်သည် မည်းနက်သော ရူပါရုံကိုသာ အာရုံပြုလျက်ချုပ်လေ၏။ ဤ၌ မနောဝိညာဉ်သည် ထိုမည်းနက်သောအာရုံ၏ အရိပ်ခြင်းရာကို အစွဲပြု၍ က,ကြီးလုံး ခ,ခွေးလုံး- ဟူသော အမည် ပုံဟန်ကို ဘန်ဆင်း၍သိလေတော့၏။

ဤ၌...... စက္ခုဝိညာဉ်သည် အမှန်သိ။ ဝါ၊ ပကတိ အတိုင်းသိ၏။ မနောဝိညာဉ်သည် အမှားသိ၊ ဝါ၊ ဝိကတိ အနေနှင့် လုပ်ကြံ၍ သိ၏။ ထိုတွင်- စက္ခုဝိညာဉ်သည်, မည်းနက်သော အဆင်းကို, ပဋ္ဌာရုံ၏ အနေနှင့် ဥပါဒ်ပြိုင်ပြိုင်သိလေ၏။ မနောဝိညာဉ်သည်, ဓမ္မာရုံ၏ အနေ နှင့် ကြံစီ၍ သိကုန်၏မှတ်။

ဤ၌...... ဒွေဓာဝဝဋ္ဋပေဘိ, ဟူသော အရ၊ အမှိုအရ ပြု၍ ပိုင်းခြားသော်, စက္ခုအကြည်နှင့် ရူပါရုံက ရုပ်တမှို တရ အမှန်မြင်သိမှု စက္ခုဝိညာဉ်နှင့် စာလုံးပုံဟန် ဖန်ဆင်း၍သိသော မနောဝိညာဉ်တို့က နာမ်တမှိုတရ........အားဖြင့် ရုပ်တပုံ နာမ်တပုံ သာလျှင် အမှန်ဖြစ်ပေါ်၍နေ၏။

ထိုကြောင့်၊ စာလုံးနက်နက်ဟုဖြစ်ပေါ်သောခဏတွင်

စာလုံးက မနောဝိညာဏ် အမှားသိ နာမ်တရား။ မဲနက်သော အဆင်းသဘောက ရုပ်တရား-ဟူ၍ ပိုင်းခြားလိုက်ရမည်။ ဤသည်ကား - စက္ခုဝိညာဉ် အမှန် မြင်သိမှုနှင့်, မနောဝိညာဏ် အမှားလုပ်ကြံ၍ သိပုံဖြစ်၏။

စက္ခုဝိညာဏ်ဖြင့် မည်းနက်သော အဆင်းကိုမြင်ဆဲ၌ မနောဝိညာဏ်၏ သဘာဝလက္ခဏာအားဖြင့် အမှားကြံသိလျက်, သာမညလက္ခဏာအားဖြင့် ချုပ်ပျက်ပုံနှင့် အမှန် ညွှတ်သိလျက်,ချုပ်ပျက်ပုံမှာ, မည်းနက်သော အဆင်း ရုပ်သဘောကို စာလုံးနက်သည်ဟု သိဆဲမှာ......, စာလုံးက အမှားသိနာမ်တရား, မည်းနက်သော အဆင်းသဘောက ရုပ်တရား, နာမ် ရုပ် နှစ်ပါး အနိစ္စဟု ဒိဋ္ဌသိက, အမှန်သိ နာမ်တရား ဖြစ်လေတော့၏။

ထိုတွင်........ မည်းနက်သော အဆင်းဟု သိသောအခါ ထိုအဆင်းသဘောက-ရုပ်တရား, မည်းနက်သောအဆင်းဟု ပကတိအတိုင်း သိတာက မနောဝိညာဏ် အမှန်သိ နာမ်တရား။ ထို-နာမ်,ရုပ်, နှစ်ပါး-အနိစ္စဟု ဒိဋ္ဌသိတာ အမှန်သိ ဝိညာဏက္ခန္ဓာ-နာမ်တရားဖြစ်လေတော့၏။

ဤသည်ကား...... မနောဝိညာဏ်၏ အမှန်ကို အမှားလုပ်ကြံ၍ သိမြင်ပုံနှင့်, အမှန်ကို အမှန်အတိုင်း သိမြင်ပုံကို ရှင်းပြလိုက်ခြင်း ဖြစ်ပေသတည်း။

**သတိ**။ ။ဤသို့-နာမ,ပရိညာအရာ၌။ ဥပမာ, နီလာ မြသား-ကျောက် ပတ္တမြား,ကို တန်ဘိုးမည်မျှ ရှိသည်ဟု ရာဖြတ်သမားက တန်ဘိုးဖြတ်တဲ့အခါမှာသာ,ကျောက်၏

အရည်အရောင်ကို အရေးပြု၍ တန်ဘိုးဖြတ်ရသလို, သမုတိ သစ္စာကို အရေးပြုရလေသည်။

ရတီချိန် မည်မျှရှိသည်ဟု ချိန်တွယ်သောအခါ၌,အရည် အရောင်သည် အသုံးမဝင်-အသုံးမရ-အသုံးမကျဘဲလျက် ကျောက်ကသာ ချိန်တွယ် ရာမှာ အသုံးဝင် အသုံး ရဘိ သကဲ့သို့, ဤလို နာမ ပရိညာ ချိန်ခွင်၌ ထည့်၍ ဝိပဿနာ အလေးနှင့် ချိန်တွယ်ရာမှာ, ထိုကျောက်နှင့်တူသော ရုပ် နာမ် နှစ်ပါးအနိစ္စကိုသာ အရေးပြု၍ ပိုင်းခြားရလေသည် မှတ်ပါ။

သို့ဖြစ်၍........ မြင်မှုတခု ဖြစ်ပေါ်သောအခါ၌, စက္ခု အကြည်နှင့် ရူပါရုံက, ရုပ်တရား အမှန်သိမှု, အမှားသိ မှုက, နာမ်တရား။ ထို နာမ် ရုပ် နှစ်ပါး ဖြစ်ပေါ်မှုမှအပ က,ကြီးလုံး ခ,ခွေးလုံး, ဘိတ်မရှိ-အလျဉ်းမရှိ, မြင်အောင် ကြည့်လေ။

## ဝိပဿနာ အမေး-အဖြေ သင်တန်း

မေး။ မည်းနက်သော အဆင်းကို မြင်သောအခါ, လူက မြင်တာလား, ရုပ်နာမ် ပေါ်တာလား။

ဖြေ။ ရုပ်နာမ်ပေါ်ပါသည်။

မေး။ ဘယ်ရုပ်နှင့် ဘယ်နာမ် ပေါ်ပါသလဲ။

ဖြေ။ စက္ခုပသာဒရုပ်နှင့် စက္ခုဝိညာဏ် နာမ်တရား ဖြစ် ပေါ်ပါသည်။

မေး။ စာလုံးဟူသော အမည်ပုံဟန် ဘန်ဆင်း၍သိသဲမှာ, လူက သိတာလား, ရုပ်နာမ် ပေါ်တာလား။

ဖြေ။ လူကမသိနိုင်ပါ,ရုပ်နာမ်နှစ်ပါးသာဖြစ်ပေါ်ပါသည်။

မေး။ ဘယ်ရုပ်နှင့် ဘယ်နာမ် ပေါ်ပါသလဲ။
ဖြေ။ ဟဒယဝတ္ထုရုပ်နှင့် မနောဝိညာဏ် နာမ်တရား ဖြစ်ပေါ်ပါသည်။

မေး။ လူက ဘယ်အတွက်ကြောင့် မသိနိုင်ပါသလဲ။
ဖြေ။ ပဋိသန္ဓေပါ လူနတ်ပြဟ္မာ ဆိုတာက၊ဘယ်တုံး ကမျှ ကောင်းမရှိသော, ကာလဝိမုတ်, အဘာဝ တရားမျိုးဖြစ်၍ မသိနိုင်ပါ။
မေး။ မြင်သိမှု ခဏမျှ ဖြစ်သော, စက္ခုပသာဒ ရုပ်နှင့် မည်းနက်သော ရူပါရုံ ရုပ်တရားနှင့်စက္ခုဝိညာဏ် နာမ်တရားတို့သည်, ဘယ်ဒွါရ၌ ဖြစ်ပါသလဲ။
ဖြေ။ စက္ခုဒွါရ၌ ဖြစ်ပေါ်ပါသည်။
မေး။ က,ကြီးလုံး–ခ,ခွေးလုံးဟု ကြံသိသော နာမ်တရားနှင့်, ဟဒယဝတ္ထု ရုပ်တရားတို့သည် ဘယ်ဒွါရ၌ ဖြစ်ပါသလဲ။
ဖြေ။ မနောဒွါရ၌ ဖြစ်ပေါ်ပါသည်။
မေး။ စက္ခုဒွါရ၌ မြင်သိမှု, ရုပ် နာမ်,နှစ်ပါး ဖြစ်ဆဲမှာ, မနောဒွါရနိုက်ဖြစ်သော, ကကြီးသိ ရုပ်,နာမ်,များ တပြိုင်ထဲ ဖြစ်ပေါ်နိုင်ပါသလား။
ဖြေ။ တပြိုင်ထဲ မဖြစ်ပေါ်နိုင်ပါ။
မေး။ မနောဒွါရ၌, ကကြီးသိ, ရုပ်နာမ် ဖြစ်ပေါ်လာသောအခါ, စက္ခုရူပါရုံ, စက္ခုဝိညာဏ်,ဟူသော ရုပ်,နာမ် နှစ်ပါးက စောင့်ငံ့ လျက် တည်ရှိ၍များ နေနိုင်ပါသေးသလား။

ဖြေ။ စောင့်ငံ့လျက် မရပ်တည်နိုင်ဘဲ ပေါ်ရာခဲ့ခဏခြင်း အကြွင်းမရှိ ချုပ်ပျက်ကြပါသည်။

မေး။ နောက်ထပ်တဘန် မည်းနက်သောအဆင်းကို မြင်သိမှု ရုပ်နာမ်နှစ်ပါး အသစ်ဖြစ်ပေါ်၍လာတဲ့အခါမှာ, မနော္ဓါရဥ္စဖြစ်သော ကကြီးသိ, ရုပ် နာမ်နှစ်ပါး တည်ရှိ၍နေပါသေးသလား။

ဖြေ။ မတည် မရပ် နိုင်ဘဲလျက်, က,ကြီး-ဟု သဘာဝလက္ခဏာ အားဖြင့် ညွှတ်သိ လျက်ပင်, သာမညလက္ခဏာ အားဖြင့် အကြွင်းမရှိ ချုပ် ပျက် ရပါသည်။

မေး။ မည်း နက် သော အဆင်း သည်, ဖြူဖြူအဆင်းများ ဟုတ်ပါရဲ့လား။

ဖြေ။ မည်းနက်သောအဆင်းသည် ဖြူဖြူအဆင်းမဟုတ်ပါ။

မေး။ မည်းနက်သောအဆင်းဖြစ်ပေါ်ဆဲမှာ ဖြူဖြူအဆင်းက ဖြစ်ပေါ်နိုင်ပါရဲ့လား။

ဖြေ။ မည်းနက်သောအဆင်းဖြစ်ပေါ်ဆဲမှာ ဖြူဖြူအဆင်းက မဖြစ်မပေါ် နိုင်သေးပါ။

မေး။ ဖြူဖြူအဆင်း ဖြစ် ပေါ် ၍ လာက, မည်း နက်သော အဆင်းက ရှိနိုင်ပါသေးသလား။

ဖြေ။ မရှိနိုင်တော့ဘဲ ချုပ်ပျက်၍သွားရပါတော့သည်။

မေး။ ဖြူဖြူအဆင်းကို မြင်သိသော စက္ခုပသာဒရုပ်နှင့် စက္ခုဝိညာဏ် နာမ်တရားသည်, မည်းနက်သော အဆင်းကို စောင့်ငံ့၍ မြင်သိနိုင်ပါသေးရဲ့လား။

ဖြေ။ မည်းနက်သော အဆင်းကို စောင့်ငံ့၍ မမြင်နိုင်တော့ပါ, ဖြူဖြူအဆင်းနဲ့ဘဲ တပြိုင်နက် ချုပ်ကြရပါသည်။

မေး။ မည်းနက်သောအဆင်းကိုမြင်သိသော စက္ခုပသာဒနှင့် စက္ခုဝိညာဏ်သည်, ဖြူဖြူအဆင်းကို စောင့်ငံ့၍ မြင်သိနိုင်ပါသေးရဲ့လား။

ဖြေ။ ဖြူဖြူ အဆင်းကို စောင့်ငံ့၍ မမြင်နိုင်တော့ပါ...... မည်း နက် သော အဆင်းနှင့်ဘဲ တပြိုင်နက် ချုပ်ပျက်ကြရပါသည်။

မေး။ စက္ခုဒွါရမှာ- ဖြူဖြူ အဆင်းကို မြင်လျက်, ချုပ်ပျက်၍ နေတာဟာ ထင်ရှားမရှိတဲ့ လူက မြင်လျက်, ချုပ်နေတာလား,ထင်ရှားရှိတဲ့ စက္ခုပသာဒရုပ်နှင့် စက္ခုဝိညာဏ် နာမ်ရုပ် နှစ်ပါးလား။

ဖြေ။ ထင်ရှားရှိသော စက္ခုပသာဒရုပ်နှင့်,စက္ခုဝိညာဏ် နာမ်ရုပ်နှစ်ပါး အသစ်သစ် ချုပ်ပျက်၍နေပါသည်။

မေး။ မနောဒွါရ၌, စာရွက်လေးဒေါင့်ဟု အမှားသိလျက် ချုပ်, ဖြူဖြူအဆင်းဟု အမှန်သိလျက် ချုပ်ပျက်၍ နေတာ ပုဂ္ဂိုလ်သတ္တဝါလား, ဟဒယ ဝတ္ထုရုပ်နှင့် မနောဝိညာဏ် နာမ်,ရုပ် နှစ်ပါးလား။

ဖြေ။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်သော, ဟဒယဝတ္ထု ရုပ်နှင့် မနောဝိညာဏ်, နာမ်ရုပ်နှစ်ပါးဖြစ်ပါသည်။

မေး။ စက္ခုဒွါရ၌ ကျရောက်သော နက်,နီ, ဖြူ,ပြာ,စိမ်း, အဝါ,ဟူသော ရုပ်ကာယတွေ ဖြစ်ပျက်၍နေသော အစဉ်ကို အမှတ်ပြုလျက် ကျက်စား၍ အဆင့်ဆင့် တည်နေသော သတိကို ဘာ သတိပဋ္ဌာန်လို့ ဆိုရ ပါသလဲ။

ဖြေ။ ကာယာနုပဿနာ သတိပဋ္ဌာန်ဟု ဆိုရပါသည်။

မေး။ စက္ခုဒွါရ၌ အမှန်ကိုသိလျက်ချုပ်ပျက်, အမှားကို သိလျက် ချုပ်ပျက်၍နေသော စိတ်အစဉ်ကို အမှတ် ပြုလျက် ကျက်စား၍ အဆင့်ဆင့် တည်နေသော သတိကို ဘာသတိပဋ္ဌာန်လို့ဆိုရပါသလဲ။

ဖြေ။ စိတ္တာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုရပါသည်။

မေး။ ဤသို့-ရုပ်အစဉ်ချုပ်ပျက်မှု, နာမ်အစဉ်ချုပ်ပျက်မှု များကို အမှန် ပိုင်းခြား၍ သိသော, ယထာဘူတ ဉာဏ်, ဘာဝနာမယဉာဏ်, နှစ်ပါး ဦးစီးလျက် အမှတ်ပြုသော သတိ စေတသိက်သည်, ဗောဇ္ဈင် (၇)ပါးတွင် အဘယ် ဗောဇ္ဈင်သို့ အတွင်း ဝင်နိုင် ပါသလဲ။

ဖြေ။ သတိပဋ္ဌာန်-သတိန္ဒြေ-သတိဗိုလ်- သမ္မာသတိမဂ္ဂင်, ခေါ်သော သတိသမ္ဗောဇ္ဈင်သို့ အတွင်း ဝင်နိုင်ပါ သည်။

မေး။ ဤအရာ၌-သတိနှင့်သမ္ဗောဇ္ဈင်ကို ခွဲခြား၍ပြပါ။

ဖြေ။ သတိဆိုသည်မှာ ဘူသံတိဌတိဘိပဋ္ဌာနံ သတိဥပ ပဋ္ဌာနံ သတိပဋ္ဌာနံ ဟူသော ဝိဂြိုဟ် အရ, အာရုံ တခု၏အပေါ်၌ လွန်စွာ တည်ကြည်မှု တခုကိုသာ

သတိဟု ဆိုရပါသည်။ သမ္မောဇ္ဈင် ဆိုသည်မှာ, သစ္စာ(၄)ပါးကို ထိုးထွင်း၍ မြင်သော, မဂ်ဉာဏ် (၄)ပါး၏ အကြောင်းအင်္ဂါဖြစ်၍ သမ္ဗောဇ္ဈင်......ဟု ဆိုရပါသည်။

မေး။ ဉါဏ်-ကျေနပ်ဘွယ် ဝိဂြုဟ်တခုပြုလုပ်၍ပြပါ။

ဖြေ။ စတုသစ္စဓမ္မေသုဗုဇ္ဈတီတိသမ္ဗောဓိ၊သမ္ဗောဓိယာ အင်္ဂါ သမ္ဗောဇ္ဈင်္ဂါ-ဟု ဝိဂြုဟ် ပြုရပါသည်။

မေး။ ထိုဝိဂြုဟ်၏ အဓိပ္ပါယ်ကို အနက်တင်၍ ပြပါ။

ဖြေ။ စတုသစ္စဓမ္မေ၊ သစ္စာလေးပါး မြတ်တရားတို့ကို။ သုဋ္ဌု၊ ကောင်းစွာ။ ဗုဇ္ဈတိ၊ သိမြင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သမ္ဗောဓိ၊ သမ္ဗောဓိမည်၏။ သမ္ဗောဓိယာ၊ မဂ်ဉာဏ်၏။ အင်္ဂါ၊ အကြောင်းအင်္ဂါသည်။ သမ္ဗောဇ္ဈင်္ဂါ၊ သမ္ဗောဇ္ဈင်မည်၏။ မဂ်ဉာဏ် ၄ပါး၏ အကြောင်းအင်္ဂါဟု ဆိုလိုပါသည်။

မေး။ ထိုကဲ့သို့သော သတိသမ္ဗောဇ္ဈင် သည်, အဘယ် သမာဓိ၌ ယှဉ်ပါသလဲ။

ဖြေ။ ပညာဝိသုဒ္ဓိအရာ, မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ယှဉ်သော သုညတသမာဓိ, အနိမိတ္တ သမာဓိ, အပ္ပဏိဟိတ သမာဓိနှင့် ယှဉ်သော သမာဓိ သမ္ဗောဇ္ဈင်၌ ယှဉ်ပါသည်။

မေး။ သစ္စာ(၄)ပါးကို ဘယ်သိ ဘယ်ဌာနမှာတွေ့အောင် ရှာရပါမလဲ။

ဖြေ။ သစ္စာ(၄)ပါးကို, ဒွါရ (၆)ပါးနှင့် အာရုံ (၆)ပါး တိုက်ဆိုင်တဲ့ ခဏမှာ တွေ့အောင်ရှာရပါသည်။

မေး။ စက္ခုဒွါရ၌ ပရိညာ အဆင့် တက်ပုံနှင့် တကွ, သစ္စာလေးပါးကို တွေ့မြင်ပုံကို အနည်းငယ် ရှင်းပြပါ။

ဖြေ။ အထက်တွင်ဖော်ပြပါ,စက္ခုဒွါရနှင့်ရူပါရုံအကြောင်း တရားကိုစွဲမှီလျက်, အမှန်အမှားအားဖြင့် သိဆဲမှာ စက္ခုနှင့်ရူပါရုံက ရုပ်အကြောင်းတရား၊အမှန် အမှား သိ၍ နေတာက, နာမ် အကျိုးတရား။ ထိုသို့-ပုဂ္ဂလ-သတ္တ-အတ္တ ဇီဝမှကင်းဆိတ်သော, ပစ္စုပ္ပန် ရုပ်နာမ်အကြောင်းအကျိုး ကို ပိုင်နိုင်စွာ မြင်သိခြင်းကို, ဉာတပရိညာဉာဏ်ဟု-ဆိုရ ပါသည်။ ထို- ရုပ်,နာမ်, နှစ်ပါးသည် ဖြစ် ပေါ်ရာ ခဏ၌ တဥပါဒ်သည်းဖြစ်၍, တပြိုင်တည်း ချုပ် ပျက် ခြင်းကိုပင် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ……ဟု ဆိုရပါသည်။ ထိုလက္ခဏာသုံးပါး၌ ပိုင်နိုင်စွာ မြင်ခြင်း ကို, တိရဏ ပရိညာဉာဏ်,ဟုဆိုရလေ၏မှတ်ပါ။ ထိုတွင် ဒုက္ခလက္ခဏာ နှင့် အနတ္တလက္ခဏာ နှစ်ပါးသည် အနိစ္စ လက္ခဏာ၏—အရောင်တင်,အမွန်းတင်မျှသာဖြစ်၍၊ ၎င်း သဗ္ဗသင်္ခါရရှိသမျှကို သိမ်းကျုံး၍ပြ-သတ္တုချလျှင် ဥပါဒ် ဘင်မျှ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ တပါးတည်းသာ—ဟု ဆိုရလေ၏။ ထိုဒုက္ခ၏ ဖြစ်ကြောင်းဖြစ်နည်း ပစ္စည်းပြုမှု အနုသယဟိတ်ကို သမုဒယသစ္စာဟုဆိုသည်။ ထိုသမုဒယ ဟိတ် မြုံသဖြင့် အကြောင်း အကျိုး ကင်းလျက် သင်္ခါရ နိမိတ်မှလွတ်သောငြိမ်းခြင်း, ဥပသမဓါတ်ကြီးကို နိရော ဓ သစ္စာဟု ဆိုရလေသည်။ ဤ၌-ဒုက္ခသစ္စာကို ပိုင်းခြား ၍ သိသော စိတ် တကြိမ်၌ ပါရှိသော, ပညိန္ဒြေ နေမင်း

ဉာဏ်ရောင် ဉာဏ်ဝင်း ဉာဏ်အလင်းကိုပင် မဂ္ဂသစ္စာ-ဟု ဆိုရပါသည်။ ဤကဲ့သို့-သစ္စာလေးချက် တပြိုင်နက်အကျ ထိုခဏ၌ အားထုတ်မှု ကြောင့်ကြ ဗျာပါရ အမှု အခင်း ကင်းရှင်း၍ လျှစ်လျူ ရှုသော တတြမဇ္ဈတ္တတာ စေတ သိက်၏ ဥပေက္ခာသမ္ဗောဇ္ဈင်ကိစ္စပြီးဆုံး၍ သမ္ဗောဓိအင်္ဂါ (၇)ပါး အားလုံးပြည့်စုံလျက်, စကြာမင်းကြီး၏ စည်းစိမ် ချမ်းသာကြီးကို ခံစား-စံစားရသည်ထက် သာလွန်ထူးကဲ သော သာသနာတော်၏ သမထ စည်းစိမ် မြတ်ကြီးကို ခံစား-စံစား ရသည် မည်လေတော့၏။

[ဗုဇ်းဗောဇ္ဈင်(၇)ပါးကို အကျယ်သိလိုက, ခြောက် စောင်တွဲ ဝိပဿနာဒီပနီကျမ်းမှာကြည့်လေ]။

ထိုအချက်ဗုဒ်ကိုသာလျှင်, ယုဂနဒ္ဓနည်းအားဖြင့် ခဏိက သမာဓိ နှင့် စပ်သော သမထ ဝိပဿနာနည်း အစစ်ဖြစ် ကြောင်းကို သိစေတော်မူလိုသော မြတ်စွာဘုရား သခင် သည်......

ဥပရိပဏ္ဏာသ ပါဠိတော်၌

တသိမေဒွေဓမ္မာ, ယုဂနန္ဓာဝတ္တန္တိ၊သမထောစ ဝိပဿနာစ......., ဟူ၍ ဟောတော်မူလေသည်။

အဓိပ္ပါယ်= ဇဝံ၊ ဤသို့။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါး ရှိ သော။ အရိယံ၊ ဖြူစင် မြင့်မြတ်သော။ ဈာနမဂ္ဂံ၊ မြင်သော ခဏ၌, ရုပ်-နာမ်ဟူသော အနိစ္စ-ဒုက္ခ-အနတ္တ သဘောကို မှတ်သိသောစိတ်တချက်၌ တပြိုင်နက်ပါဝင်သော ဤမဂ္ဂင် တရားအပေါင်းကို။ ဘာဝယတော၊ ပွါးရှုသော။ တဿ၊

ထိုဥပစာရသမာဓိ, အပ္ပနာသမာဓိမဘက်, ခဏိကသမာဓိ နှင့် ယှဉ်သော ဝိပဿနာသက်သက်သန့်သန့်ကို အားထုတ်သော ယောဂီစိတ်မြတ်အား။ သမထော စ၊ မြင်မှုဖြစ်သော ရုပ်,နာမ်,အနိစ္စကို အမှတ်ပြုသောခဏ၌, တည်ကြည်သော ခဏိက သမာဓိ သည်ရင်း။ ဝိပဿနာ စ၊ ထိုရုပ်,နာမ်၏ အနိစ္စကို အမှန်မြင်စေသော ဝိပဿနာဉာဏ ဒဿနဉာဏ် ပညာသည်ရင်း။ ဒွေ၊ နှစ်ပါးကုန်သော။ ဓမ္မာ၊ ဤ တရားတို့သည်။ ယုဂနဒ္ဓါ၊ သမထဝိပဿနာအစုံတို့သည်။ ဝတ္တန္တိ၊ တပြိုင်နက် တချက်ထည်းဖြစ်ကြကုန်၏။

## အဓိပ္ပါယ် လွယ်ပြီ

ထိုသို့— အထက်တွင် အမျိုးမျိုး ဖေါ်ပြခဲ့သည့် အတိုင်း စက္ခုဒွါရ၌ တိုက်ဆိုင်ကြသော နက်,နီ,ဖြူ,ဝါ,စိမ်း,အပြာ ဟု......ဝိဇ္ဇမာန ပညတ်အနေနှင့် ပြောဆိုရသော အဆင်း သဘော တခု တခုကို မြင်ရာမှာ, စက္ခုအကြည် ရုပ်သစ်, စက္ခုဝိညာဏ်စိတ်သစ်များသည် ထို-အဆင်းသဘောနှင့် အာဂန္တုက အချင်းချင်းတိုက်ဆိုင်သျှက်, ခဏခြင်း ချုပ်ပျက်ရာတွင်, နောက်လိုက် မနောဒွါရမှ, ဟဒယ ဝတ္ထုရုပ်သစ်,အမှားသိ စိတ်အသစ်, ထိုအတူ,ဟဒယဝတ္ထု ရုပ်သစ်,အမှန်သိ စိတ်အသစ်, အာရုံ တမျိုး စိတ်တမျိုး။ အာရုံအသစ်ပြောင်းလိုက်, စိတ်အသစ်ပြောင်းလိုက် နှင့် မြင်မှုအာရုံ များပြားသဂလောက်, မြင်သိစိတ်- ကြံသိ စိတ်တွေ ဥပါဒ်သို့မရောက်မှီ ရှေ့အဘို့၌လည်း အစုအပုံနှင့် မရှိနှင့် ဖြစ်၍ချုပ်ပြီးသည့် နောက်၌လည်း အစုအပုံ မရှိသော

အဘာဝ အဖြစ်သို့သာ ရောက် ကြ ကုန်လျက်၊ သို့သော်-ပစ္စုပ္ပန်အခိုက်မှာတော့-တဖြစ်တပျက်သဘောကလေးတခု မသုဉ်း-မဆိတ်ဘဲ ချော့-နဲ့-တိုး-ဆုတ်,မရှိ၊ အတိနိယာမ ထာဝရကဲ့သို့ အနိမိတ္တ အနိစ္စသဘောသည်မြဲသည်ဟု ထင်လျှင်လည်း, မမြဲသဘာဝ သာ ရှိတော့၏၊ မမြဲဘူးဟု ထင်လျှင်လည်း, မမြဲသော သဘာဝသာလျှင်ရှိ၏။

စင်စစ် ဆိုသော်........ ထင်မှု မထင်မှုက ပဓါနမဟုတ်၊ တလောက,လုံး၌ ထို,မမြဲသော သဘာဝကြီးကသာ ထာဝရဓါတ်, တသမတ်ထည်းထည်း သံဝဋ္ဋကပ်ကြီး ထိန်ထိန်ညီး မီးထ,၍ နေဘိသကဲ့သို့သော မြင်မှုတခုသာလျှင် လိုရင်းဆုံး အချက်ကြီးဟုမှတ်ပါ။

ဤ၌........စက္ခုဒွါရ တခုပြသဖြင့်, ကြွင်းသော-သောတဒွါရ-ဃာနဒွါရ-ဇိဝှါဒွါရ-ကာယဒွါရ, တို့ကိုလည်း ပဉ္စဒွါရ တဘက်, နောက်လိုက်- မနောဒွါရ တဘက် ထား၍, အာရုံအသစ် အသစ်တွေ ပြောင်းလွဲသလောက် အမှန်သိ အမှားသိ စိတ်သစ်တွေပြောင်းလွဲချုပ်ပျက်ကြပုံကို ဉာဏ်ကုန် စေ့လွှတ်၍သာကြည့်ကြပါလေ........ယောဂီတွေတို့။

ထို့ကြောင့်......

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။ ။

ဟု-ဟောတော်မူ၏။

အဒဿနတော၊ တရားကိုယ်အရ မလွဲသိရန်ဘို့ နဂိုကာလ် အစအပုံနဲ့မရှိ, ပကတိ ဖြစ်ခိုက်မှာလည်း သဉ္ဇာန်

ပမာနန္နှင့်မထင် မမြင်ရာကာလ အဘာဝ အဖြစ်မှ။ အာယနတို့၊ တဖြစ်တပျက် ပေါ်လာပုံ အကွက်မလပ်တော့ဘဲ, မနှစ်သက်အပ်စရာ့ အဖော် အာရုံတွေနဲ့ ဆက်စပ်လျက်၊ ဗြော်...... တဖျပ်ဖျပ် ချုပ်ပျက်၍သာ နေကြလေကုန်၏။ ဘဂ်၊ အကြောင်းလေးဖြာ ပြည့်စုံပါက ဖြစ်ရ-ပျက်ရ, ဖြစ်ပျက်ကြတဲ့ သင်္ခါရ တရားတို့သည်။ အဒေဿနံ၊ နဂိုလာလမ်း မမြင်ရရာ အဘာဝစခန်းသို့။ ဂန္ဓနတို့၊ ကုန်လားပျောက်လား-ကုန်ပျောက်၍သာ သွားကြလေကုန်၏။ ဝါ၊ တားလို့လဲ မရနိုင်, ဆီးလို့လဲ မရနိုင်, ပိုင်ဆိုင် သူလဲမရှိ, နိပ္ပရိယာယဓမ္မော၊ မုချပြောက, ဒုက္ခသဘောသာအမှန်, အတိတာရမ္မဏာ အဘာဝစစ် အတိတ်အဖြစ်သို့။ ဂန္ဓနတို့၊ ချုပ်လား ပျောက်လား ချုပ်ပျောက်၍သာ သွားကြလေကုန်၏။ အာကာသေ၊ ရေးလို့လဲ မဖြစ်၊ ခြစ်လို့လဲမထင်, မိုးယံကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ မိုးပြက် ပြောင်ဝင်း, လျှပ်ရောင်ဝေ လင်းဘိသကဲ့သို့။ ဥပ္ပဇ္ဇန္တိ၊ တိမ်ဘိုက်ပမာဏ, နွါရအာရုံ ပေါင်းဆုံမိက, သဘာဝရောင်လင်းလျက်, ခဏ ချက်ခြင်း လက်ငင်း ဖြစ်ပေါ်၍ လာကြလေကုန်၏။ ဝယန္တိစ၊ အကြွင်းမရှိ-ပကာတိ ချုပ်ပျက်၍သာ သွားကြလေကုန်၏။ ဝါ၊ ဝယန္တိစ၊ ဖြစ်ချုပ်တဲ့ ဓမ္မတွေ တွက်ရေလို့ မမှတ် နိုင်ဘူး၊ ဥပါဒ်တဲ့ ခဏမှာ- အပျက် အသေ ဝါတ်တွေမို့, ဗြော်......လက်စ သတ်လိုက်တော့ မျက်ခြေပြတ် တရားတွေသာ ဖြစ်ကြရလေကုန်တော့သတည်း။

အဓိပ္ပါယ် ရှင်းခဲ့ပြီးဖြစ်၏။

ဤ၌- ကာယာနုပဿနာ သတိပဋ္ဌာန်နှင့် စိတ္တာနုပဿနာ သတိပဋ္ဌာန် နှစ်ပါး ဘက်တွဲလျက် အာသဝေါဟာ ပဒိုဝေခ, အာရုမ္မဏ ပဒိုဝေခ, ဖြစ်ပုံနှင့်တကွ, ဝိပဿနာ ပရိညာ တက်လမ်းစဉ်သုံးချက်ကိုလုပ်ငန်းစဉ်နှင့်တကွ, အကွက်ချ၍ ဖော်ပြ လိုက်ခြင်း ပေတည်း။

## ၃၉။ ရုပ်ရိပ်, နာမ်ရိပ်, ကံရိပ်, ကို ပြခန်း

၎င်းအရိပ်(၃)ပါးကို နားမလည်ရင်, ဂိုဿယ ကျားစာ ဖြစ်မည်-ဟူသော ပညာရှိစကားကို လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားအောင်ပြပါအံ့။

၁။ ဤ၌-ရှေးဦးစွာ ရုပ်နှင့် ရုပ်ရိပ်, နာမ်နှင့် နာမ်ရိပ်, ကံနှင့် ကံရိပ်-ဟူ၍ အရုပ်အရိပ်သုံးမျိုး သုံးစား ရှိသည်ကို အဓိက အချက်ပြု၍ မှတ်သားထားပါ။

ထိုတွင်, ရုပ်နှင့်ရုပ်ရိပ်ကို ပြပါအံ့။ ရုပ်ဟူသည်မှာ, ဖေါက်ပြန်မှု လက္ခဏာမျှဖြစ်သော, ပထဝီ-အာပေါ, အစ ရှိသောမဟာဘုတ် ဥပါဒါရုပ်များကို ရုပ်ဟု ဆိုသည်မှတ်။ အရိပ် ဆိုသည်မှာ, ထို- မဟာဘုတ် ဥပါဒါရုပ် ဟူသော အဋ္ဌကလာပ်-ရုပ်ခါတ်ရ အနန္တ များစွာ ပေါင်းရ မိက, သဏ္ဌာန် အထည် ဒြပ် ထင်မှားစရာ ခြင်းရာ အာကာရ ဝိကတိ အားဖြင့် အရိပ်ဟု ပြောစရာပေါ်၍လာ၏။ ၎င်း ရုပ်ကလာပ်ရ၏ ခြင်းရာကိုသာ အရိပ်ဟု ဆိုရလေ၏မှတ်။

ဤ၌- ဝဏ္ဏဝိနိဗ္ဘောဂ-ဟူသောအရ, ခက်မာမှု ပွဲစေးမှု အစရှိသော လက္ခဏာ (၈)ခုက ပထမ-ရုပ်တရားရဖြစ်၍

အရုပ်ဟူ၍မှတ်။ ထိုအရုပ်ဖြစ်သောအဋ္ဌကလာပ် အပေါင်းအစု၏ အမူအရာမျှကိုသာ အရိပ်ဆိုရသည်ဟုမှတ်ပါ။

**သတိ။** အရုပ် သည် အရိပ် မဟုတ်, အရိပ်သည် အရုပ်မဟုတ်၊ ထိုအရုပ်နှင့်အရိပ်ကို အတူမထား တခြားစီလည်း မဟုတ်ထာကို ခွဲခြား၍သိပါလေ။

၂။ နာမ်နှင့် နာမ်ရိပ်ကိုပြမည်။ ဤ၌ ကြိုသိတတ်သော သဘောလက္ခဏာကို,နာမ်တရားဟုဆိုသည်မှတ်, ထိုနာမ်တရားသည့်,ပကတိအနက်သဘောအတိုင်းဆိုလျှင် အရိပ်နိမိတ် စင်ကြယ်လေ၏။ အရုပ်ဟူ၍ မှတ်ပါ။ သို့ရာတွင်, မနောဒွါရ၌ ဖြစ်သော နာမ် စိတ်သည် အာရုံကို ထွေထွေထူးထူးလုပ်ကြံ ဘန်ဆင်း၍သိခြင်း ဝိဇာနန လက္ခဏာ ရှိသဖြင့် ထိုသို့လုပ်ကြံဘန်ဆင်း၍ သိသော ခြင်းရာ အာကာရမျှဖြစ်သော အမူအရာထူးမျှကိုသာ အရိပ်ဟူ၍ဆိုရလေသည်မှတ်။

ဤတွင်လည်း ရုပ်ရောနာမ်ပါ,အရုပ်သည်အရိပ်မဟုတ် အရိပ်သည် အရုပ်မဟုတ်ဟု,အရုပ်နှင့် အရိပ် အတူမထား တခြားမရှိဟုမှတ်ပါ။ ထိုတွင် အရုပ်နှင့်ကင်း၍လည်း အရိပ်ဟု ပြောစရာ သီးခြား မရှိပုံကိုလည်း အထူး ဝေဘန်၍ထားပါ။

၃။ ကံနှင့် ကံရိပ်ကိုပြမည်။ ကံဟူသည်ကား= စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ၊ စေတယိတွာ ကမ္မံကရောတိ၊ ကာယေန ဝါစာယ မနသာ။ ။ဘိက္ခဝေ၊ မွေ့ာမိဋ္ဌာန် ဝေဘန်လိုကြား, အိုး........ ချစ်သားတို့။ စေတနာယ၊ ပြုပြင်မှု

လက္ခဏာ, ကြိယာမှု, စေတနာမွေဖြင့်။ စေတယိတ္ထာ၊ စေ့ဆော်၍။ ကာယေန၊ ကိုယ်ဖြင့်ရင်း။ ဝါစာယ၊ နှုတ်ဖြင့်ရင်း။ မနသာ၊ စိတ်ဖြင့်ရင်း။ ကမ္မံ၊ ကုသိုလ် အကုသိုလ် ကံကို။ ကရောတိ၊ ပြု၏။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ စေတနံ၊ ပြုပြင်မှု သဘာဝမျှ ဖြစ်သော စေတနာကို။ ကမ္မံ၊ ကုသိုလ်,အကုသိုလ်ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ မှတ်ချက်တွင်ဟောကြားတော်မူအပ် လေသတည်း။ ။ ဟူသော, ဗုဒ္ဓ၏ မိန့်တော်မူချက် အရ, ပြုပြင်မှုမျှ စေတနာနာမ်ဓမ္မကိုပင် ကံ-ဟု ဆိုရလေသည်မှတ်။

ထိုတွင်-နောက်၌ လွန်လေချုပ်လေပြီးသော စေတနာကို အတိတ်ကံဟု ဆိုရ၏။ ယခု ပစ္စုပ္ပန်၌ဖြစ်သော စေတနာကို ပစ္စုပ္ပန်ကံဟု ဆိုလေသည်။ ဤတွင်-ကံရိပ်ဟူသည်မှာ မည်သူလှသည်, အရုပ်ဆိုးသည်, မည်သူ မင်းစိုးရာဇာဖြစ်သည်, မည်သူ ဘုန်းတောင်းစား ယာစကာ ဖြစ်သည်, မည်သူပညာရှိသည် ပညာမဲ့သည်, မည်သူ အသံကောင်းသည် အသံညံ့သည်-ဟု မထင်ချင်၍မဖြစ်သော သဘောကြီးကိုသာ ကံရိပ် ဆိုရသည်ဟု မှတ်ပါလေ။

၄။ ဤ၌- မြင်သာအောင်, ပုဂ္ဂလ နှင့် စပ် ၍ ပြပါအံ့။ ဘုရား၏ သားတော်ကြီး ဖြစ်သော, ရှင် ကစ္စည်း မထေရ်ဟု သမုတ်အပ်သော ခန္ဓာ၌ရှိသော ရထရေဏုမြို့,တဗ္ဗာနီမြို့, အနုမြို့, ပရမာအနုမြို့,ဟူသော မြို့လေးမျိုးတို့တွင်, ပရမာအနုမြို့ တခြမ်းကိုအစိတ် တသန်းစိတ်၍,တစိတ်စာခန့်မျှ သဏ္ဍာန်ပမာန, မရှိမရသော မြေခါတ် လေဓါတ်-အစ ရှိသော သဘော လက္ခဏာ ဆတ်ဆတ် ပေါင်းရအပ်သော

အဋ္ဌကလာပ်တို့သည် အရုပ်ဖြစ်သော ပထမ,ရုပ်တရားရှ, ဖြစ်၏၊ ၎င်းအဋ္ဌကလာပ်တွေ အသချေမကာ အနန္တ များ ပြားစွာ ပေါင်းရုံလျက်, အဆင့်ဆင့်တည်ရှိသော အမူအရာ မျှကိုပင်, ရှင်ကစ္စည်း မထေရ်ဟု သမုတ်အပ်သော ရုပ်ရိပ် ဟု မှတ်လေ။

ဤကဲ့သို့– ရုပ်နှင့် ရုပ်ရိပ်ကို ပေါလောပေါ်လာအောင် ဝေဘန်၍ထားပါ=ယောဂီ-မလွယ်လှဘူးနော်........။

၅။ ထိုတွင်- ရှင်ကစ္စည်းဟူသော အဋ္ဌကလာပ်၌....., အနာမဲ့ ရှင်ဗာကူ, အဆင်းလှ-ရှင်ကစ္စည်း-ဟု ဥပစာခ အားဖြင့် ဆိုသော်လည်း ရချ အားဖြင့်ဆိုသော်, နာမ်ရှိ သက်သက်မျှသာဖြစ်သော ရှင်ကစ္စည်း မထေရ်နှင့်အဆင်း ဓါတ်သား ပရမတ်တရားက လှတာမဟုတ်ဘူး။ အဘိတ် စေတနာကံ၏ အရိပ်က ထိုအဋ္ဌကလာပ်စုနှ လှသည်ဟု မထင်ချင်လို့မဖြစ်အောင် ခုပ်စိုးသျက်, အရိပ်ထင်၍နေသ ဖြင့်, ထိုကုသိုလ်ကံရိပ်ကိုသာလျှင် လှသည်, ယဉ်သည် ဟု သမုတ်ရလေ၏မှတ်။

**သဘင်း** ။ကုသိုလ်ကံရိပ်ကသာ လှတာနော်၊ ကံ-ဟု ကောက်ယူရသော စေတနာ နာမ်တရားက, အဘိတ်၌ ကုသိုလ် ပြုဆဲ ခဏတွင်, ခဏငယ် (၃) ချက်နှင့် တကွ, အကြွင်းမရှိ, ချုပ်ပျက်ခဲ့ပြီမှတ်။

၆။ ဤဘွင်......ရှင်ကစ္စည်းမထေရ်-ဟူသောခန္ဓာပေါ်၌ မျက်နှာ, ရင်, ဝမ်း, မေး, ပါး, ခြေသလုံး, ပေါင်, ကိုယ် ကောင်,ဦးခေါင်း-အစရှိသောပုံဟန်သဏ္ဌာန်ဟူသမျှသည်,

ဝိညာဏက္ခန္ဓာ နာမ်တရားက, ထိုထို ရုပ်ရိပ် အရကို စွဲ၍, လုပ်ကြံ ဘန်ဆင်းလျက် မျက်လှည့် ပြထားသော နာမ်ရိပ် သက်သက်ဟု မှတ်ပါလေ......။

စာဘာသာသော ယောဂီ သတိထားနော်၊ အများ သူငါ အန္ဓပုထုဇဉ်မှန်သမျှဟာ, ထိုအရိပ်(၃)ပါးကိုနားမလည်၍ အနှစ်သာရအတ္တပြုလျက် စွဲယူသောအတ္တဒိဋ္ဌိလက်အောက် က ထွက်ပေါက်မရဘဲ ဒူးထောက်ပြီးနေကြရတာနော်–။

၎င်းအရိပ်ကို အရိပ်အတိုင်း အမှန် မြင်က, အရပ် ဖြစ် သော စိတ်-စေတသိက် ရုပ် များက, ပကတိ ကိုက အနှစ် သာရ ပုံသဏ္ဌာန် မရသော ဟာလာ ဟင်းလင်း အနတ္တ တရားများဖြစ်၍၊ ထိုအရိပ်ဖြစ်သော အနတ္တကို မြင်တဲ့ ခဏ ၌ပင်, အရပ်ဖြစ်သော ပရမတ်အနတ္တကို ချိုက်ခနဲ တွေ့မြင်၍ သွားလိမ့်မည်ဟု မှတ်ပါ။

အဓိကအချက်တခုမှာ-၊ ဝိပဿနာအရာ၌ ပရမတ်ကို မသိလို့သာ အတ္တ ဖြစ်သည်ဟု ထင်မြင်သူ များကြ၏။ တစွယ်တော့မှန်ပါ၏။ စင်စစ်မှာ, အရိပ်ပညတ် အဘာဝ အနတ္တကို သူ့အတိုင်းမသိ၍သာ အတ္တဒိဋ္ဌိ ဖြစ်နေသည်ဟု ရချမှတ်ပါ။ အဘယ်ကြောင့်ဆိုသော်– အရပ် ဖြစ်သော ပရမတ် အနတ္တက မည်သူပြုလုပ် ဘန်ဆင်းသို့မှ ဖြစ်ထာ မဟုတ်ဘူး, သူ့ ပကတိကိုက သဘာဝ အနတ္တ ဖြစ်လေ သောကြောင့် ပေတည်း......။ ဤဘွင်–ပရမတ်ကို,အရပ်, ပညတ်ကို,အရိပ်ဆိုသည်ဟုမှတ်ပါ။

**သတိ။** ။၎င်းအရပ်ကို မသိမမြင်ဘဲလျက် အနတ္တကို

ပါးစပ်က သေအောင်ပင် ရွတ်သော်လည်း မောင်ရွတ်, မယ်ရွတ်,သာ ဖြစ်ကြမှာဘဲ။ အနိစ္စ-ဒုက္ခ လက္ခဏာများ၌ လည်း ထိုအတူ မှတ်။ ။သို့ဖြစ်၍ ရှေးက ပညာရှိ တဦး ရေးသားသော- တေးသွားကလေး တခုနှိုက်......

အနိစ္စ-အနိစ္စယ်နှင့်, ဘိစ္စနကိုတော့ တဆိတ် ကမှ,မမြင်လို........။ ဒုက္ခ-ဒုက္ခရယ်နှင့်, နှုတ်ကသာ ဆိုလို့ ငြီးမိတော့,လူ့စည်းစိမ်-ရတနာရွှေငွေ, ဘမ ရာတွေ,ဒါတွေကိုတွေးတွေးပြီး- ဖြေတော့မှာလိုလို။ အနတ္တ-အနတ္တယ်နှင့်, ပါးစပ်က ဆိုသာ ဆို, ငါ ကိုယ်ကြီး ငုတ်တုတ် နဲ့ပါတကား......။ ထင်ချက် ကယ်ကွာ........ယာဉ်စက်ရုံ-ဒေသနာနှင့်, တင်လက္ခ ဏာ ဘယ်ပုံ သုံးရ ပါမယ်—,ဝဋ်နှောင်ကို- လွတ် အောင်မှ ရုန်းနိုင်ပါ့မလားကွယ်......မြုံးမိတဲ့ငါး။

အဲဒါလိုဘဲ-လောကကြီး၌, အရုပ်-အရိပ်မခွဲမိတ်နိုင်ဘဲ လျက်နှင့်, မရှိတဲ့ အကောင်ကြီးကိုသာ လက္ခဏာ (၃)ပါး တင်နေကြတာကဘဲ အများဆုံး ဖြစ်နေကြလေ၏။

၇။ အဲဒါလို, ရှင်ကစ္စည်းမထေရ် လှသည်ဟု ထင်ရ သော ကုသိုလ်ကံရိပ်ကို ဉာဏ်ကျလျှင်, ခုဋ္ဌုဏ္ဍရာ........ဟူ သော အရိသာမ,ကြီး၏ခန္ဓာ၌, ရုပ်ရိပ်-နာမ်ရိပ်နှင့်တကွ၊ အကြီးတန်သည်, အရုပ်ဆိုးသည် ဟု ထင်ရသော အကု သိုလ် ကံရိပ် အုပ်စိုးပုံကို မြင်နိုင်လောက်ပေပြီ။

အဲသည်ကအစဖြာ၍, ယခု လောကတွင် ရှိနေကြကုန် သော, အလှ, အရုပ်ဆိုး, ဘုန်းတောင်းစား ယာစကာ,

ဖြပ္ပဘာ,လူ့နတ်, အရပ်ရပ်တို့ကို ဟပ်၍ကြွလေ-ယောဂီတွေတို့။အရေးကြီးလှ၏။ ထိုကံရိပ်ကို မရိပ်မိလို့သာ,ငါက လှသည်, သူကလှသည်။ တနည်း=ငါက အကြီးတန်သည်, သူက-အကြီးတန်သည်, ဟူ၍ရင်း။ ငါက-မင်းစိုးရာဇာ-လူချမ်းသာ, သူက ဆင်းရဲသား-လူပွဲ ဗလချာ, ထင်မှတ်သျှက်။ ငါက-ပညာရှိ, သူက-ပညာမဲ့သည်—ဟု ခေါင်းပေါင်း ၈ ကြိမ်း တထောင်ထောင်, ဆံကျစ်ခွေ ကြီးတွေ တပြောင်ပြောင်နှင့်, အမယ်-တောင်မှန်း,မြောက်မှန်းမသိ ဖြစ်၍ နေကြလေ၏........။ သနားဘွယ် ကောင်းလေစွ။

## သခင်ပ-ဂါထာများ

၁။ မဟာဘူတ-ဥပဒါယာ၊
ရုပ် ခေါ်လို့ဘဲ- အမြဲမှတ်ပါ။
များဖွာပေါင်းရု-ပေါ် မှုခြင်းရာ၊
ရုပ်ရိပ်ဘဲ-ခလွဲမှတ်လိုက်ပါ။

၂။ ကြွသိ့ စိတ်ရု-နာမ်,ဟု ဆိုပါ၊
ပုံသဏ္ဍာန်သွင်း- ဘန်ဆင်း လေတာ။
မှုရာကာရ-ဖြစ်ကြွ ခြင်းရာ၊
နာမ်ရိပ်ဘဲ-မလွဲ မှတ်လိုက်ပါ။

၃။ စေတနာ နာမ်ရု-ကံဟု ဆိုပါ၊
ဆင်းသု, ရုပ်ဆိုး-အရိပ်မျိုးသာ၊
လူချော လှလှ-မျှမျှ မပါ၊
သူ ငါ့ခွဲ ဒါဘဲ ဖိဦးငါ။

၄။ ချမ်းသာဆင်းရဲ-လူ့ပွဲမပါ၊
ရုပ်ရိပ် နာမ်ရိပ်-ကံရိပ်မျှသာ၊
သူငါ ထင်ကြ-အတ္တငါငါ၊
ဒိဋ္ဌိကျွား-မနား ကိုက်တော့တာ။
၅။ ဓမ္မရိပ် သုံးပါး သိနား မလယ်၊
ဂျီသူငယ်များ, ကျွားစားသည့်နှယ်။
ပုထုဗာလ သေက အပါယ်၊
အောက်နယ်တွင်း သက်ဆင်းရလိမ့်မယ်။
၆။ ရုပ်ရိပ် နာမ်ရိပ် ကံရိပ် သာပေ၊
သတ္တဇီဝ မရမှတ်လေ။
သူချော ငါလှ ဆိုကြတာတွေ၊
ကံရိပ်တွဲ စိတ်ထဲ ထင်ရုံပေ။
၇။ အရုပ်အရိပ် ခွဲစိတ် ကြွတ်ချေ၊
သဏ္ဌာန်နိမိတ် ကင်းဆိတ် ခါနေ။
အနတ္တဘဲ မလွဲပုံသေ၊
အတ္တတွဲ နာမ်ဘဲ သိပါလေ။

## ပဌမ ရုပ်ရိပ် ဒုတိယ ရုပ်ရိပ်ကို ခွဲခြား၍ပြခန်း။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း ပထဝီဓါတ် အစရှိသော, ဓါတ် လက္ခဏာ (၈) ခု, အဋ္ဌကလာပ် အနုမြူ ပေါင်းစုသော အမူ အရာမျှ ခြင်းရာ အာကာရ ကိုသာ, ပဌမရုပ်ရိပ်ဆိုသည်ဟု မှတ်ပါ။

ဥဒါ—ကျောက်နှင့်ကျောက်ရောင် မီးနှင့်မီးရောင် ကဲ့သို့ သိပါလေ။

ထိုသို့ လူဟုသမုတ်ရသော ပဌမရုပ်ရိပ်မှတဆင့်, နေရောင်, လရောင်, မီးရောင်,များနှင့်တွေ့ကြုံသောအခါများ၌၎င်း၊ ရေပြင် မြေပြင်၌၎င်း ကျရောက်သော,ခေါင်းရိပ်, လက်ရိပ်များကို၊ ထိုခေါင်း, လက်ဟု ခေါ်ရသော, အခ္ဓ ကလာပ်, ပဌမ ရုပ်ရိပ်မှ တဆင့်ကျသော, ဒုတိယ ရုပ်ရိပ် ဟု သိပါလေ။

သို့သော်, လောက၌,၎င်းရေပြင် မြေပြင်မှာကျရောက်သော, ဒုတိယအရိပ်ကိုတော့ သတ္တဝါမဟုတ်သော,အရိပ်ဟု,လူတိုင်းပင် သိကြကုန်၏။ သို့ရာတွင်, ပသဒ်စသော ပရမတ် အပေါင်းအစု အမှုအရာမျှ ဖြစ်သော, ပဌမရုပ်ရိပ်များကိုကား။ အန္ဓဗာလ ပုထုဇဉ် မှန်သမျှ, မည်သူမျှ, ထိုရေ မြေ ပေါ်၌ ကျ၍နေသော,ဒုတိယရုပ်ရိပ်ကဲ့သို့အလားတူ, ပုဂ္ဂိုလ် သတ္တဝါ, ဘိတ်မရသော, အရိပ်မျှဟူ၍, သိသိကလေးလောက်မျှ မရိပ်မိကြပေ။

ဥပမာ, နံနက် အချိန့်တွင် အရှေ့ လောကဓါတ်က နေထွက်၍လာစဉ်, တောင်မြောက် လမ်းကြီးတခုကို, ခရီး ရှောက်၍သွားကြရာ၊ ၎င်းလမ်းတချောက်၏, အနောက် ဘက်၌, ဒုတိယအရိပ်ကြီးသည်, ရွှံ့ ညွှန် မစင် ဘင်ဘုတ် တွေပေါ်သို့ လမ်းတချောက်လုံးသုံး ကျ၍ လိုက်ကုန်၏။ သို့သော်, ၎င်းမြေပြင်၌ မသင့်တင့်သောအရာဝတ္ထု အပေါ် သို့ ကျ၍နေသော ဒုတိယ အရိပ်ကိုတော့၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ သူတပါး, ယောက်ျား, မိန်းမ, မဟုတ်ထောကို, သိမြင်ကြသည့်အတိုင်း။ ထိုအရိပ်အတွက်နှင့် ရွှံ့ မစင် လူးဘိ,

ဆုံးငြိ၏ဟူ၍ အနည်းငယ်ခန့်မျှ စိုးရိမ်မှု ကြောင့်ကြမှု လုံး ဝ မရှိကြပေ။

သို့ရာတွင်, အဠကလာပ်ပေါင်းစုကာမျှ, မူရာ အာကာ ရ, ပဌမရုပ်ရိပ် ကိုတော့ သူငါ ကာစ, အန္တဗာလ မှန်သမျှ သည်, မြေပြင်၌ကျ၍နေသော,အရိပ်နှင့် အလားတူ,ပုဂ္ဂလ သတ္တ မဟုတ်သော, ပဌမရုပ်ရိပ် ဟူ၍, ဘိတ် ဘိတ်မျှ မသိ မမြင်နိုင်ကြသဖြင့်၊ ထိုသို့, ကံစသော စတုသမုဋ္ဌာန်, စိမံ ပြုပြင်အပ်သော ပရမတ် ပေါင်းမှု, အမူအရာ စုကို။ ဝါ၊ ပဌမရိပ်စုကိုတော့ ကိုယ်ငါ အတ္တဟု သိမှတ် စွဲယူကြကုန် လျက်,ရှိတဲ့ တရားအစ ကိုတော့ မသိမမြင်ဘဲနှင့် မရှိတဲ့, ခေါင်း,လက်,ခြေ,စုကိုတော့ အဟုတ်ရှိ တကယ်ရှိ ထင်ခါ, အရာရာမှာ တငါငါ အထင်များပြီး၊ ငါ့လင် ငါ့သား ငါ့ မယား,အဟုတ်ရှိ တကယ်ရှိအနေနှင့် စိုးရိမ်မှု ကြောင့်ကြ မှု,အမျိုးမျိုးနှင့် တကွ၊ ဒိဋ္ဌမွှတ္တကာ,ဟူသော သံသရာ့သူရူး ကြီးတွေဖြစ်၍နေကြရလေကုန်၏ဟုမှတ်ပါ။ သို့သော် မြေ ပြင်၌ ကျနေသော ခေါင်းရိပ်ကို စမ်းသတ်၍ ကြည့်ပါက။ ခက်မာမှု, နူးညံ့မှု,ဖြစ်သော မြေဓါတ်စုကိုသာ တွေ့ရှိရပေ မည်။ခေါင်းကို မတွေ့မသိရ, ထိုအတူ,အဇ္ဈတ္တ၌, ပဌမ ရုပ် ရိပ်ကို, ခေါင်းထင်လို့ စမ်းသတ်၍ ကြည့်ပြန် ပါကလည်း ခက်မာမှု, နူးညံ့မှုမျှဖြစ်သော, မြေဓါတ်စုကိုဘဲ, မုချတွေ့ရှိ ကြရပေမည်။ မြင်အောင်ကြည့်ပါလေ။ ထိုအရိပ် တွေကို ခေါင်း, လက်, ခြေ, ထင်၍ နေတာက- နှာမ်ရိပ်, နာမ်ရိပ်, ယောဂီ အံကြိတ်၍ ကြံပါလေ။

ထို့ကြောင့်........

၁။ မရှိတာကိုလဲ အရှိထင်, ရှိတာကိုလဲ မသိမမြင်, အရှုံးအသွင် ပုထုဇဉ်, ချစ်ခင်မဝ, ရှုံးလုံးထ, ရှက်လဲ မရှက်ကြ။

၂။ မရှိတာကိုလဲ မရိုင်မိ, ရှိတာကိုလဲ ဘိတ်မသိ, ဒိဋ္ဌိအလို အရှုံးပို, အောက်ကို ဆွဲချ, ပါယ်လေးဝ, ကြောက်လဲ မကြောက်ကြ။

၃။ ရုပ်တရားကိုလဲ အတ္တထင်, နာမ်တရားကိုလဲ ဇီဝမြင်, တရားသည့်ပြင် ရှိလိမ့်ထင်, တွင်တွင်ရှာကြ ဗဟိဒ္ဓ-ဘယ်နည်းမတွေ့ကြ။

၄။ ယောင်းမကြီးက ခါး၌သာ, မိန်းမကြီးက တခြားလိုက်ရှာ, ဘယ်နည်းနှင့်မျှ ရချမတွေ့နိုင်ပါ, ဝေဘန်ခါ, တကယ် ကြည့်မှ, ခါးမှာပင်ရှိ အသိမှန်လေဒါ။

ဆဲဒါလိုဘဲ, သူငါကစ ပုထုဇဉ် မှန်သမျှမှာ ရုပ်တရားစုကိုတော့, ကိုယ်, ငါ, အတ္တပြုလျက် နာမ်တရားစုကိုတော့ အသက် ဇီဝပြုခါ၊ ဗဟိဒ္ဓ၌, ငါ သိမြင် အစ်တဲ့ တရားဟာ တခြားမှာ ရှိလိမ့်နိုးနှင့် ယောင်းမကြီး ခါးထိုးပြီး အမျိုးမျိုး ရှာပါသော်လည်း, ဘယ်နည်းနှင့်မျှ မတွေ့ဘူးမှတ်ပါ၊ ရုပ်နာမ် အနတ္တကို တကယ်မြင်လိုက, အတ္တဖြစ်ပုံကို ဝေဘန်၍ကြည့်။ အရိပ် သက်သက်မျှကို မသိလို့ အသားအထည်ပြု၍စွဲ, ဆဲဒါပါဘဲအတ္တ။ အရိပ်ခြင်းရာ့သာဟု ဉာဏ်မြင်တဲ့က, ဘယ်မလဲ အတ္တဟု အပို ငြိစရာ, နဂိုရှိတာက, ပင်ကိုယ် အနတ္တ, ဓါတ်အရကို အမှန်မြင်တော့, သညာဒါန်

ထင်သော်လည်း အထဲမငြို, အိပ်မက်သည့် ပုံပမာ, ဉာဏ် မြင်မှာ, ဟာလာဟင်း, သာသနာ တွင်းမှာ လိုရင်းမှတ်, အဲဒါလို အတ္တ၏ ပဋိပက္ခ အနတ္တ ကိုတော့, ရှေးဦးစွာ မြင်အောင်မကြံ, ပရိညာဉာဏ်တွေကိုတော့, အသုံးမချ ပါဘဲနှင့် ငါအစွဲ အတ္တ ကိုတော့ ဂုတ်ဘုတ် ထားပြီး, တသုတ်သုတ်နဲ့ မနေမနား ပျက်နေတဲ့, အနိစ္စလက္ခဏာ, ဒုက္ခသစ္စာ, အရိယာစခန်းတွေကို, များစွာပင်ပြော, တဟောထဲလည်း ဟောကြပါ၏။ သို့ရာတွင်၊ ရှင် အာနန္ဒာကို, သံသရာ ထွက်လမ်း စခန်းသုံးပါး နားစရာနှင့်၊ ဘုရားဘဂဝါ ဟောတောက, ဉာတ-တီရဏ-ပဟာန-ပရိညာ, မလိမ်မာက သံသရာနယ်ကြီးက ဘယ်လိုနည်းနှင့်မှ မထွက်နိုင်ကြဘူး ဟူ၍,

ဧတဿ အာနန္ဒ, ဓမ္မဿ အနနုဗောဓါ
အပ္ပဋိဝေဓါ, ဧဝမယံပဇာ တန္တာကုလကဇာတာ
ကုလကုဏ္ဍိကဇာတာ, မုဉ္ဇပဗ္ဗဇဘူတာအပါယံဒုဂ္ဂတိံ,
ဝိနိပါတံ သံသာရံ နာတိ **ဝတ္တတိ**။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ **ဧတဿ** ဓမ္မဿ၊ ဤ ခန္ဓာ အာယတန, ပဋိစ္စသမုပ္ပါဒ် ဓါတ်သစ္စာအချက်ကြီး များကို။ အနနုဗောဓါ၊ သချပ်သဘော ကျေလည်အောင် နာခံမှတ်သား စဉ်းစားဝေဘန်ခြင်းဖြစ်သော သုတမယဉာဏ်, စိန္တာမယ ဉာဏ် အရာမျှ, ဉာတပရိညာစခန်းသို့မသိကြခြင်းကြောင့်။ အနနုဗောဓါ၊ အနိစ္စ, ဒုက္ခ, အနတ္တ, တီရဏပရိညာ ဝိပဿနာဉာဏ်ဖြင့် မသိမမြင်ကြခြင်းကြောင့်။ အပ္ပဋိဝေဓါ၊ ဒွိမှ ဝိဝဋ္ဋာ တရား နှစ်ပါးကို ရှေးဦးစွာ သောတာပတ္တိ မဂ် ဉာဏ်ဖြင့် ထိုးထွင်း၍ ပယ်ရှားခြင်း ဖြစ်သော, ပဟာန

ပရိညာစခမ်းသို့ ရောက်အောင် မဖေါက်မထွင်း နိုင်ကြ
ခြင်းကြောင့်။ ဇဝ်အယံပစ္စာ၊ ဤသတ္တဝါ မှန်သမျှ အနန္တ
တို့သည်။ တဏှာကုလကဓာတာ၊ သံသရာစက် ဝဲဃာရက်မှ
ထွက်လမ်းကိုရှာကြရာ စခမ်းတွင် ယက္ကန်းသည့် အဖျင်း
အမိုက်၏ ကြွက်ကိုက်သော ချည်ခင်ထွေးကြီးကဲ့သို့၊ ရှုပ်
ထွေးပွေလိမ်၍နေကြလေကုန်၏။ ကုလကုဏ္ဍကဓာတာ၊
စာပေါင်းသိုက်အိမ်ကဲ့သို့လည်း ရှုပ်ထွေးပွေလိမ်၍ နေကြ
လေကုန်၏။ မုဉ္စပဗ္ဗဇဘူတာ၊ မြူဆံမြက်ထွေးမြိတ်မြက်ထွေး
ကြီးကဲ့သို့ အလွန် ရှုပ်ထွေး၍လည်း နေကြ လေကုန်၏။
သော၊ ပရိညာလမ်း မျှော်ခါ မှန်း၍ ထွက်လမ်းကို မသိ,
ဉာဏ်မျက်စိကန်းလျက် ရှိနေကြကုန်သော ယိုသတ္တဝါ မှန်
သမျှ အနန္တတို့သည်။ အပါယံ၊ ဘယ်လို နည်းနှင့်မျှ ကြီး
ပွါးခြင်းမရှိသော။ ဒုဂ္ဂတိ၊ ကံနှင့်အကျိုး ယုံကြည်ရိုးမရှိ
သော, အတိဗာလက, လူ အန္ဓတို့၏ လားရာ ရောက်ရာ
နေအိမ်မျှသာဖြစ်သော။ ဝိနိပါတံ၊ မိမိသွားရန်လမ်းခြေအစ
ကို မှန်းခြေမရဘဲ, ဖရိုဖရဲ မလွဲမကင်းဖွတ်အတင်း ကျ
ရောက်ရာဖြစ်သော။ သံသာရံ၊ အောက်သံသရာဝဋ်မြုံ,
အပါယ်လေးအုံကြီးကို,ခုံကျော်လွတ်ထွက်၍သွားနိုင်ခြင်း
ငှါ။ နာတိဝတ္တတိ၊ ရုပ်နာမ်ခြင်းရာ, ကိုယ်ငါစွဲမှီ, အထဲငြိ၍
နေသော သက္ကာယဒိဋ္ဌိ ဓါတ်ကြီးကို ပရိညာလမ်း သုံး
စခမ်းနှင့် မျှော်မှန်း ကပ်မှီး သမုစ္ဆေဒ အားဖြင့် မဖြတ်
မလှီး နိုင်ကြဘဲလျက်,ဟော...... ဘယ်လို နည်းနှင့်မျှ မလွတ်
မကျော်နိုင်ကြလေကုန်သတည်း။

အဓိပ္ပါယ် အထူးရှင်းဘွယ်မလို ထင်ရှားလှပေတော့၏။

ကဲ .....စာဘာသ်နေတဲ့ ယောဂီ, အထက်ပါ, ရှင်အာနန္ဒာ လျှောက်ထားချက်အရ, ဘုရားသခင် ဟောတော်မူသော သံသရာ ထွက်လမ်း စခန်းသုံးချက်နှင့် ညီစွာ, မိမိသဏ္ဍာန်မှာ အရှိန်တိုင်း ဖြစ်ပျက်၍နေသော, ရုပ်,နာမ်တို့ကို ဟုတ်မှန်တဲ့အတိုင်း ဝါနှ, ဟူသော တဏှာအန္တရာယ် ရန်စွယ် လွတ်ရာ ပြည် ခေမာသို့, ထွက်ရာ မျှော်မှန်း, သဿတ, ဥစ္ဆေ, နှစ်တွေဒိဋ္ဌိ မငြိမကပ်သော မဇ္ဈိမ ပဋိပဒါ စခန်း၊ ပရိညာ လမ်းကို ဖြောင့်တန်း သေချာ ကောင်းစွာများ ရှောက်တတ်ပါရဲ့လား။ အကယ်၍ ဆရာနည်းပြ လမ်းမှန် မရသေးပါက သဿတ, ဥစ္ဆေ နှစ်တွေချောက်ထဲ,ကျမြဲ မှန်လှ စိတ်သာချတော့။

ပမာတခု ပုံပြု၍ဆိုသော်, အလွန်တရာ နက်လှစွာသော ချောက်ကြီး၏ တဘက်ကမ်းသို့ ဖြတ်သန်း သွားလာ ရာ, ခြေ, တဘဝါး ချသာရုံလောက်မျှသာရှိသော, သံတံတားငယ် ကလေးပေါ်ကို နင်းရှောက်၍ သွားလာကြရာတွင်, အလွန် ကျွမ်းကျင်စွာ လျှောက်သွား နေကြ ပုဂ္ဂိုလ်များသည်သာလျှင် မတိမ်း မယိုင်ဘဲ ဘတက်ကမ်းသို့ ရောက်အောင် သွားသာနိုင်ကြကုန်၏၊ ကျွမ်းကျင်မှု မရှိသော, သာမံ ပုဂ္ဂိုလ်များသည် မလျှောက်စံ့ကြကုန်။ အကယ်၍ သွားပုံသွားနည်း နိသျှည်းကို, ဆရာနည်းမခံ, မိမိ၏ အတ္တနောမတိ ဉာဏ်ဖြင့် သွားလာသောပုဂ္ဂိုလ်အချို့၌ သဿတဝါဒနှင့်တူသော,ရာဘက်သို့စောင်းလျက် ချောက်ထဲသို့ ကျ၍သေလိုက်။ ဥစ္ဆေဒဝါဒနှင့်တူသော ဝဲဘက်သို့ စောင်း

ပြီး ဂုဏ်းချောက်ထဲသို့ကျ၍ သေလိုက်နှင့် တသေထဲ သေ၍ နေကြရလေကုန်၏။

ထိုတွင်, နက် ကျယ် လှစွာသော ချောက်ကြီးသည် သံ သရာဝဲဩဲစာကြီးနှင့်တူ၏။ ထိုချောက်ကြီး၏ တဘက်ကမ်း သည့်, သဥပါဒိသေသ, အနုပါဒိသေသ, အမတ နိဗ္ဗာန် ကြီးနှင့်တူ၏။ ဤမှာဘက်ကမ်းနှင့် (၃၁)ဘုံနှင့်တူ၏။ ဤခွဲ သံတံတားနှင့် မဂ္ဂင်ရှစ်ပါး မြတ် တရားနှင့် တူလှ ပေ၏။ ကျွမ်းကျင်စွာ လျှောက်သွား နိုင်ကြသော ပုဂ္ဂိုလ်များနှင့် အရိယာ အရှင်မြတ်တို့နှင့်တူ၏။ သွားနည်း လျှောက်နည်း ကို, ဆရာနည်းပြမ သူဘဲလျက်,သွားသော နင်းလျှောက်ကြ သဖြင့်, ချောက်ထဲကို ကျပြီး သေကြသော ပုဂ္ဂိုလ်များနှင့် သံသရာ ထွက်လမ်းကို မှေးဦးစွာ သိသင့် သိအပ်သော သုတမယဉာဏ်, စိန္တာမယဉာဏ် အစရှိတဲ့ လမ်းစဉ်များ ကို မှတ်သား နာသူမှ မရှိဘဲလျက်, မိမိ၏ အတ္တနောမတိ ကလေးနှင့် ထွက်ပေါက် ရှာ၍နေကြသော ပုဂ္ဂိုလ်များနှင့် တူသှပေ၏။ ထို သံတံတားကို ခင်းသော သူဌေးကြီးနှင့် မြတ်စွာဘုရား သခင်ကြီးနှင့် တူလှပေ၏။

## ၄၀။ အတိတ်က, ကံနှင့် ကံရိပ်, ပစ္စုပ္ပန် ကံနှင့် ကံရိပ်ကို အကြောင်း အကျိုး ခွဲခြားလျက်, သာဓကနှင့်ပြပါဦးအံ့

ဥဇ္ဇေနီတိုင်းပြည် သူဌေးသား မောင်မစွကသည် သူဌေး သို့း မယ်ဘဒ္ဒနှင့် သားငယ် တယောက် ရရှိသော အခါ၌, ကုဋ္ဌနူနာ ရောဂါကြီး စွဲကပ်သဖြင့် မင်္ဂလာရေကန်သို့သွား ၍ ရေချိုးလေရာ, ရုတ်တရက်ခြင်း ကုဋ္ဌနူနာ ရောဂါကြီး

ပျောက်ကင်း၍ သွားသောခေတ်၌, ဖေါ်ပြပါ ဘုရား သား တော်ကြီး ရှင်ကစ္စည်း မထေရ်၏ ရဟန္တာ အရှင်မြတ်က, ဆွမ်းခံရွာမှ ပြန်၍ကြွတော်မူလာပြီး ထိုရေကန်သို့ ဆင်း သက်၍, ခြေတော်ကို ရေသပ္ပါယ်သောခေတ်၌, ထိုသူဌေး၏ သား မောင်မစ္စကသည် ရှင်ကစ္စည်းမထေရ်၏ အလွန်လှပ တင့်တယ်တော်မူသော ရူပကာယ တော်ကို မြင်ရသော အခါမှာ, ရဟန္တာကြီးမှန်းလည်း မသိသဖြင့်, မနောဒွါရ၌ ဆူ ပွက် သော ပရိယုဋ္ဌာန ကိ လေ သာ ပူ လောင် ချက် ကြောင့်, တယ်၍ လှပ တင့်တယ် ပါကသား, ထိုပုဂ္ဂိုလ် သည် မိန်းမများ ဖြစ်ပါက, ဇနီးမိရှင်မ၏ အဖြစ်နှင့် အလုပ် အကျွေး ပြုပြီး ထားရလျှင် တော်လေစွဟု, မနောတွင်းက စိတ်ညွတ်လျက် ဖြစ်မှားလိုက်မိ လေတော့၏။

ဤကဲ့သို့ ဖြစ်မှား မိသော စိတ် တချက်တွင်, ဧကပ္ပါဒ အားဖြင့် အတူတကွပါရှိသော စေတနာသည်, ထိုသို့ အ တူတကွပါရှိသော ပရိယုဋ္ဌာန ကိလေသာတည်းဟူသော မိုးစီး ဥတုကြောင့် တပြိုင်တည်း ကာလ မရွှေ့ဘဲ အကု သိုလ် ကမ္မပထမြောက်လျက်, အတိတ်က ကုသိုလ် ကံရိပ် ပြုပြင်ဆောက်လုပ်သော ပုရိသ,ဘာဝ ခန္ဓာ၌ ရှိသော, ကမ္မ ဇရုပ်,စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇ ရုပ်တွေ, တပြိုင် တည်း အကြွင်းမရှိ ချုပ်ပျောက်ကြလျက်, ယောကျ်ားစင် စစ်က မိန်းမစင်စစ် ထိုရေကန် ထဲ၌ပင်ဖြစ်၍ သွားရလေ တော့၏။ ဝါ၊ မိန်းမဟု, သမုတ်ရသော, ရုပ်သစ်နာမ်သစ် ခန္ဓာပင် အသစ် ပေါက် ရောက် စည်ကား၍ လာရလေ တော့၏။

**သဘော**။ ထိုတွင်, ရှင်ကစ္စည်း မထေရ်ဟု သမုတ် အပ်သော ခန္ဓာ၌, အဆင်းလှ ရှင်ကစ္စည်းဟုဆိုသည့်အားလျော်စွာ, လှသည့်,ယဉ်သည့်, တင့်တယ် သည်ဟု, မည်သူမဆို မထင်ချင်လို့ မဖြစ်နိုင်အောင် အုပ်စိုးလျက်ပါရှိသော, သဘောကြီးကို, အဘိတ်က, ကုသလအရာ၌ ဖြူစင်စွာ ကျင့်သုံးခဲ့သော ကုသလ စေတနာကံ၏ အရိပ်သဘော သက်သက်မျှသာဟု အထူးသိပါလေ။

ဤအရာ၌, အဘိတ်က ကုသိုလ် စေတနာ သည့် ရှင်ကစ္စည်းမထေရ်, လှသည် ချောသည်ဟု ထင်မှတ် သမုတ်အပ်သော ကံရိပ်ကြီးမဟုတ်, သို့ရာတွင် အဘိတ်ကစေတနာကံနှင့် ကင်း၍လည်း, လှသည်ဟု ထင်ရသော, ကံရိပ်ကြီး မဖြစ်မပေါ် နိုင်ဘူးဟူ၍ မှတ်လေ။

ထို့ကြောင့် အဘိတ်ကံသည် စွဲမှီရန် ပဋိစ္စ,အကြောင်းတရား။ ရှင်ကစ္စည်းမထေရ်၏ ခန္ဓာမှာ အရိပ်ထင်ခါ အုပ်စိုးလျက်ပါရှိသော ကံရိပ်သည့်, သမုပ္ပါဒ်အကျိုးတရားဟု ဧကတ္တ စသော နည်းလေးပါးအတိုင်း သိမြင်ပါလေ။

ဤတွင်, ရှင်ကစ္စည်း မထေရ် လှသည် တင့်တယ်တော်မူသည်ဟု ထင်မှတ် ရသော, ကံရိပ်ကြီးသည့်, အနိစ္စမရ, ဒုက္ခမရ, အနတ္တ အဘိမျှဟု သိလေ။ ထိုကံရိပ်ကြီး၏ မှီရာတည်ရာ ဖြစ်သော, ခန္ဓာ ငါးပါး သည် သာလျှင် အနိစ္စလည်းဟုတ်၏ ဒုက္ခလည်းမှန်၏ အနတ္တလည်း ရ၏ဟု သိခြားမှတ်ပါလေ။

## ဤ၌ ခြောက်စောင်သခင် ကျေးဇူးရှင်ကြီး၏ ဥပမာနှင့် သံတူဆံကွဲပြပါအံ့။

ဥပမာ, အရှေ့လောကဓါတ်က, နေ ကျဲကျဲ ထွက်၍ လာသော အခါမှာ, တောင် ခြောက် စီးဆင်း၍ နေသော မြစ်ကြီးတခု၏ အရှေ့ဘက်ကမ်းက လူ တယောက်, မား မား မတ်မတ်, ရပ်၍ နေရာမှာ, ထိုလူ၏ အရိပ်ကြီးသည် ၎င်းရေပြင်ကြီးပေါ် ၌ ကျရောက်၍နေ၏၊ (**သတိထား**) ထို အရိပ်ကြီး၏ အပေါ်ကို, သင်္ဘော လှေ ဖေါင် ခြောက် များစွာ ဖြတ်သန်းသွားလာသော်လည်း, လူရိပ်ကြီး ပျက် စီး၍ မသွားပေ။

သို့ရာတွင်, ၎င်းအရိပ်ကြီး၏ တည်ရာ မှီရာ အတွင်းရှိ ရေတွေကတော့ တသွင်သွင်စီးဆင်းသျှက်,ဇလာ ဟူသော အရေ တသွင်သွင် ရွေ့ရှား ချုပ်ပျောက်၍သာနေလေ၏။

### ဥပမာကို ပိုင်အောင်ကြံပါ။

ဥပမေယျ အမှန်ကတော့, ရှင်ကစ္စည်း မထေရ်ဟု သ မုတ် အပ်သော ပဌမ ရုပ်ရိပ်သည် ရေပြင် ကြီးနှင့် တူ၏ တသွင်သွင် စီးဆင်း၍နေသော ရေဟု ခေါ် ရသောမြူနု က လေးများနှင့်, ပထဝီ အစရှိသော ပဌမရုပ်ဓါတ် (၈)ပါးနှင့် တူလှ၏ ရေပြင်ပေါ် ၌ကျရောက်၍နေသော လူရိပ်ကြီးနှင့် ရှင်ကစ္စည်း ထေရ်၏ ရုပ်ခန္ဓာမှာ အုပ်စိုးလျက် ပါရှိသော ကာယလိင်္ဂ ရုပ်နှင့် တူလှပေ၏။ သင်္ဘော လှေ ဖေါင် တွေ ကျော်နင်း၍သွားသော်လည်း ရေပြင်မှာ ကျရောက်၍ နေ သော လူရိပ်ကြီး ပျက်စီး၍ မသွားသလို, ထို ရှင်ကစ္စည်း,

ထေရ်ဟူသော ခန္ဓာမှာ, တည်မှီအုပ်ချုပ်လျက် ပါရှိသော ကံရိပ်ကြီးက ထိုအတိတ် စေတနာကံ အရှိန် မကုန်သမျှ ကာလပတ်လုံး မပျက်မစီး တည်ရှိ၍နေသည်နှင့် တူလှပေ၏။ ဤ၌မြစ်ကမ်းပေါ်က ရပ်၍နေသော လူနှင့် ချုပ်ပျက်လေ ပြီးသော အတိတ်စေတနာကံနှင့်တူသည်ဟူ၍လည်း ဆိုနိုင်ပေ၏မှတ်။

တနည်း- ယခုလောက၌, သွတ်မိုး၍ထားသော ဓါတ်ရှင်ရုံကြီးကို ၅၀-သားခန့် ရှိသော ကျောက်ခဲနှင့် ပစ်ပေါက်လိုက်ရာ၌, အုံးခနဲ အသံရှိန်ကြီး မည်ဟီး၍ သွားလေရာ, ထိုကျောက်ခဲသည်, ဘာမျှမပြောပလောက်သော တလက်မခန့် မျှသော အစိတ်အပိုင်း ကလေး တနေရာကိုသာ ထိမှန်လျက်, မြေသို့တပြိုင်နက် ပြန်၍ကျလေ၏။ အသံဓါတ်ကြီးမှာ ဓါတ်ရှင် ရုံကြီး တခုလုံး၌ ကြောက်ဘွယ်လန့်ဘွယ်မြည်ဟီးလျက် ကျန်ရစ်လေ၏။

ထိုအခါ, ကျောက်ခဲသည် တခုသောအစိတ်အပိုင်း ကိုသာထိမှန်လျက် မြေသို့ပြန်၍ကျသွားဘိသကဲ့သို့, အတိတ်က စေတနာသည်, ဖြူစင်သော သဒ္ဓါအနေနှင့် ဖြစ်ပေါ်သော ခဏ၌ပင် အကြွင်းမရှိ ချုပ် ပျက်ခဲ့လေသော်လည်း သွတ်မိုးရုံကြီးနှင့်တူသော ရှင်ကစ္စည်း ထေရ်၏ခန္ဓာ၌ လှပတင့်တယ်သည်ဟု ထင်မြင်သမုတ် အပ်သော ကံရိပ် ကံရှိန်ကြီး အုပ်မိုးလွှမ်းမိုးလျက် ကျန်ရစ်ခဲ့သည်နှင့် တူလှပေ၏။

ထိုဥပမာ, ဥပမေယျ များကို ၄-၅ ခေါက် ကြံ၍ ကြည့်ပါလေ။

အတိတ်ကံနှင့် ကံရိပ် ရှင်းတမ်းပြီး ၏။

# ပစ္စုပ္ပန်ကံနှင့် ကံရိပ် ရှင်းပြချက်

ဤတွင် မောင်မစ္စက၏ မနောဒွါရမှ ရှင်ကစ္စည်း ထေရ်ကို ပြစ်မှားသော စေတနာသည်, ပစ္စုပ္ပန် ကံဟုမှတ်လေ။ ထိုပစ္စုပ္ပန် စေတနာ သည် ထိုခဏ၌ပင် အကြွင်းမရှိ ချုပ်ပျက် လေသော ကာလ၌ ပင်လျှင် ၎င်းကံရှိန် ကံရိပ်သည်, မယ်မစ္စကာဟု ထင်မှတ် သမုတ် အပ်သော ခန္ဓာအိမ်ကို ခဏခြင်း ဆောက်လုပ်လျက် အုပ်စိုးလေတော့၏။ ထိုသို့ အသစ်အုပ်စိုးတည်ရှိသော အရိပ်ကို, ပစ္စုပ္ပန်ကံရိပ်ဟူ၍ မှတ်ပါလေ။

၎င်း မယ်မစ္စကသည်, မောနေယျ တိုင်းပြည်သို့ ထွက်သွားရာ သူဌေးသား လှည်းကုန်သည် မောင်သောဏနှင့် အကြောင်းမျှသဖြင့်, သားတယောက် မွေးဖွားပြန်၍, အတိဒုက္ခ အကြောင်းစုံကို မြတ်စွာဘုရား ထံသို့ သွားရောက် လျှောက်ထား လေရာ, သင်သည် ငါ၏ သားတော်ကြီး, ရှင်ကစ္စည်းထေရ်ကို ရေကန်မှာ ပြစ်မှားခဲ့သော ပစ္စုပ္ပန်ကံကြောင့် ဤကဲ့သို့ ဖြစ်ခဲ့လေရာ, ထိုမထေရ်၏ထံသို့ သွား၍ ဝန်ချတောင်းပန် လေတော့ဟု မိန့်ကြားလိုက်သဖြင့်, ရှင်ကစ္စည်းမထေရ်၏ထံသို့ သွားရောက်လျက်, မယ်မစ္စကသည် ဘုရား တပည့်တော်မ၏ ပြစ်မှားမိသော အပြစ်ကို ကျေတော်မူပါဘုရားဟု ဝန်ချတောင်းပန်သောအခါတွင်, ရှင်ကစ္စည်း မထေရ်က, ဟဲ့–ဒါယိကာမ သင့်ကို ငါက ဘယ်လိုမှ, ပြုလုပ်ခဲ့ခြင်းမဟုတ်, သင်သည်ငါ၏ခန္ဓာ၌ လှပတင့်တယ်သည်ဟု မထင်ချင်၍ မနေနိုင်လောက်အောင် အုပ်စိုး

လျက်ပါရှိသောအတိတ်က,ကုသိုလ်ကံရိပ်က, ဓမ္မာရမ္မဏံ မနောဝိညာဏ ဓါတုယာ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ ။ဟူသောအရ, သင်၏မနောဒွါရ၌ ဖြစ်သော စိတ် စေတသိက် တရား များကို ဓမ္မာရမ္မဏ အဖြစ်နှင့် ကျေးဇူးပြုသော ခဏတွင်, ဓမ္မကိုဓမ္မဘဲဟု မသိမမြင်သဖြင့်,သင်၏ စိတ်ရိပ်စိတ်ကြီးမှုဖြစ်တဲ့ ပုဂ္ဂိုလ်က လှပတင့်တယ်သည်ဟုထင်မှတ် စွဲယူသော, သဏ္ဍာယဒိဋ္ဌိ တိုက်တွန်း ချက်အရ ငါ၏ ဇာမိရှင် မိန်းမ အဖြစ်နဲ့. အလုပ်အကျွေး ပြုရလျှင် တော်လေစွဟု- ဖြစ်ပေါ် လျက်ဖြစ်များသော အမှုနှင့်အသားတူ= သဒိသံ ပါကံ ဇနေတိ, ဟူသောအရ သင်၏ စိတ်က, မိန်းမဟု ကြံစီ၍ ဖြစ်များသော, စေတနာကံနှင့် အလားတူ မိန်းမအဖြစ်နဲ့, အကျိုးပေး၍ နေခြင်းမျှသာ ဖြစ်လေသည်။

သို့ဖြစ်၍, သင်၏ မှားယွင်းကြောင်းကို သင်၏သဏ္ဍာန်၌ ယခုအသစ်ဖြစ်သောစေတနာက ကျေနပ်လျှင် ပြီးတော့တာဘဲ၊ ဝါ၊ နင်ကျေလျှင်ကျေပါဘဲ၊ ဟဲ့- မယ်မစ္စက အရိုက်မရဲ့-ဟု- ရှင်ကစ္စည်း မထေရ် မြတ်က မိန့်ကြားလိုက်သောခဏ၌ပင်, မှန်သပါ ဖြစ်များ ကြူးလွန်သမျှကို ဝန်ချပါ၏ ဘုရားဟု, မယ် မစ္စက၏ မနောဒွါရ၌ ဖြစ်သော သုက္ကစေတနာကံ အသစ် ဖြစ်ပေါ်၍ လာသောခဏ၌ပင်, ဣတ္ထိဘာဝအဖြစ်နှင့် အုပ်စိုးသော, အကုသိုလ်ကံရိပ်သည် ကျေနပ်လျက် အဟုန်ကို ရပ်လေသောခဏ၌ပင်, ထိုကံရိပ်၏မှီရာ, ရုပ်နာမ်အရပ် အကြွင်းမဲ့ချုပ်ပျောက်ကြသကုန်လျက်,ထိုဝန်ချသော ကုသိုလ်စေတနာကံသည်, မောင်မစ္စ

ကဟူသော အသွင်မူရာ ခန္ဓာအိမ်ကိုအသစ်ပြုပြင်ဆောက် လုပ်ခါ အုပ်စိုးပြန်လေတော့၏။

ထိုတွင်, ကောသမ္ဗီပြည်ဝယ် ယောကျ်ား ဘဝဖြင့်, သူဌေးသမီးနှင့် သား တယောက်, မောနေယျ ပြည်၌ မိန်းမ ဘဝဖြင့်,လှည်းကုန်သည်မောင်သောတာနှင့်သားတယောက် ဖွားမြောက်ခဲ့ရသော သံသရာ၏ ကမောက်ကမ အမှုတွေ ကို ဘန်ခါခါ ကြောက်လှသဖြင့်, မြတ်စွာဘုရား ထံတွင် ရဟန်းပြုခါ တရား တောင်းပန် သဖြင့်, ရှင်တော် ဘုရား ဟောကြားတော်မူသော ဓမ္မကထာဒေသနာတော်အဆုံး၌ အရဟတ္တမဂ်, အရဟတ္တဖိုလ် သို့ တည်လျက် ခဏခြင်း ရဟန္တာအဖြစ်သို့ရောက်လေတော့၏။

ဤ၌, ဥပမာ၏ လိုရင်း အချက်ရကိုသာ ထုတ်နှုတ် ၍ ပြလိုက်ရလေတော့၏မှတ်။

ထိုသို့ ဖေါ် ပြပါ, ဥပမာ, ဥပမေယျများကို ထောက်ဆ ၍ မိမိ၏သန္တာန်, သူတပါး၏ သန္တာန်၌, ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော အာရုံ အာရမ္မဏိက, ဓမ္မတံထွာ အတိုင်း။ အတိတ်က, ကံနှင့် ကံရိပ်, ပစ္စုပ္ပန် ကံနှင့်ကံရိပ်များကို အကြောင်းအကျိုး ဆက်စပ်ပုံနှင့် တကွ, အဗျာပါရ, ဧကတ္တ နှင့် နာနတ္တနည်း, ဧဝံ နည်းသော ဓမ္မတာကို ပြုခါ စင်စင် ပညာမြင်ဖြစ်အောင် ကြိုကြပါလေ, ယောဂီတွေတို့။

ကံနှင့် ကံရိပ် ခွဲခြား၍ ပြခဏ်း နိဋ္ဌိတံ။

## အရိပ်သုံးပါး တပြိုင်နက် ပေါ်ပုံကို ဓါတ်ရှင် ဥပမာဖြင့် ပြခန်း

လောကဌာသင်ရှားလျှက်ရှိသော ဓါတ်ရှင်ပွဲကြည့်ကြရာတွင် မူလပဌမ ရင်းဓါတ်ရှင် ရုံကြီးထဲသို့ ဝင်စဉ်, ဘာမျှမရှိ ဗလာနတ္ထိဖြစ်သော ပိတ်ကားပြင်ကြီးကိုသာလျှင်,လူအားလုံး မြင်ကြရကုန်၏။ ထိုတွင်အချိန်ကာလ, နာရီစေ့သောခဏ၌ နောက်က ဆလိုက်မီး ထိုး၍ပြထားသောပိတ်ကားပြင်ကြီး၏ အပေါ်သို့ အမျိုးမျိုးထင်မှားစရာ,စက်ဆရာက ဖလင်ချပ်များစွာကို စက်ခေါင်းတွင် တပ်ဆင်၍ ပေးလိုက်သောအခါမှာ၊ ထိုဖလင်ချပ် ခလေးတွေ ထဲ၌ ပါရှိသော ဇာတ်လိုက်မင်းသား ဇေယျတို့ မင်းသမီး တင်တင်မူ တို့၏ အရိပ်ခလေးတွေက, ပိတ်ကားပြင်သို့သွား၍တဆင့် အရိပ်ကျသောအခါ၌ အားလုံးသော ပရိသတ်တို့သည် ညီညာဖြိုဖြို, ဟောဒါ-မင်းသား ဇေယျကွ၊ ဟောဒါ- မင်းသမီး တင်တင်မူဘဲကွ အချွဲအနွဲ့က ဘယ်လို, အဆိုအငိုက ဘယ်သဘော,အချောအလှ မှာတော့ ပြိုင်ဘက်မရှိ စတိုင် အဆက် တွေကတော့ သူ့ကို ကိုင်ရက်စရာတောင်မ ရှိဘူး စသဖြင့်, စောစောက မိမိတို့မြင်၍ထားသော ကားပြင်ကြီးကိုတောင်သတိမရနိုင်ကြ တော့ဘဲ၊သောခန်း ငိုခန်းကိုပြလျှင် တဝါးဝါးရယ်လိုက်ကြ,လွမ်းခန်းကွဲခန်းနှင့် တကွ အပိုဆန်းတဲ့ ငိုခန်းကိုပြပြန်တော့လဲ၊ ရှုမြဲမဆောင်နိုင် မျက်ရေစတွေ တပြိုင်ပြိုင်ကျလျက်, တမှိုင်မှိုင်နှင့် အဟုတ်ရှိ ဇေယျ၊ အဟုတ်ရှိ တင်တင်မူ၏အနေနှင့်, ငွေပေးပြီး ပွဲဆင်၍ နေကြလေကုန်၏။

ကဲ......စဉ်းစားကြစမ်းပါ၊ လောကသစ္စာအတိုင်း တကယ်ရှိတဲ့ ဓေယျတ္တိ တင်တင်မူ တို့က၊ ရန်ကုန်မှာရှိ၍ နေတာပါ၊ ထိုသူတွေ ငိုလိုက် ရယ်လိုက်လုပ်နေကြတဲ့၊ ဓါတ်ရှင်ရုံထဲကို တခေါက်လောက်မျှတောင် ရောက်ဘူး ကြပါရဲ့လား စဉ်းစားပါ။

ဤတွင် ဓါတ်ရှင်ကြည့် ပရိသတ်၊ ငိုတာ ရယ်တာက၊ အကျိုး တရား ဖြစ်သည်၊ ထိုသို့ ငိုလောက် ရယ်လောက် အောင်ဘန်ဆင်း၍ထားသော အကြောင်းအင်္ဂါရပ်များကို ဝေဘန်သော်၊ မျက်စိ၏ ဥပစာမှာ ရှိသော ပိတ်ကား ပြင်ကြီးက အင်္ဂါတခု၊ နောက်အပေါ် ထပ်၌ရှိသော စက်ခေါင်းက အင်္ဂါတခု၊ မှန်ဘီလူးက အင်္ဂါတခု၊ ထိုပြင်စက်ခေါင်း၌ တပ်ဆင်၍ထားသော ဖလင်ကားချပ်တွေက အင်္ဂါတခု၊ ဆလိုက်မီးက အင်္ဂါတခု၊ ၎င်းအင်္ဂါ(၅)ခု ညီညွတ်တဲ့ အခါတွင် အလွန် လှပသော တင်တင်မူ ပုံဟန် သဏ္ဌာန်ကို ဇာနိရှိသည်ဟု ထင်မှတ်၍သာ ငိုခြင်း ရယ်ခြင်း ဖြစ်ကြကုန်၏။

ဤ ဥပမာအတိုင်း၊ ဥပမေယျဆိုသော်၊ ပိတ် ကားပြင်ကြီး မဟုတ်သော၊ချည်ပင် ကလေးတွေနှင့် အဆင်း ဆတ်ဆတ် ပရမတ် အရပ်နှင့်တူ၏ ၎င်းပိတ်ကား ပြင်ကြီးနှင့် ထိုအဆင်းဓါတ် ပေါင်းဖုမှု ပဋ္ဌမရုပ်ရိပ်နှင့် တူ၏။ စက်ခေါင်းနှင့် ဟဒယဝတ္ထုရုပ်နှင့် တူ၏၊ မှန်ဘီလူးနှင့် စက္ခုအကြည်ဓါတ်တူ၏၊ ဆလိုက်မီးနှင့် စက္ခုဝိညာဏ်နှင့်တူ၏ စက်ခေါင်း၌ တပ်ဆင်၍ ထားသော ဖလင် ကားချပ်နှင့် မနောဝိညာဏ်နှင့် တူလှ၏၊ ထို ဖလင်ထဲမှ တင်တင်မူ၏

ပုံဟန် သဏ္ဌာန်သည့်,ကားပြင်ပေါ်၌ အရိပ် ကျနေတာကို မသိသဖြင့်, သဘောကျမှု, မကျမှုဖြစ်၍နေပုံနှင့် သူငါတို့ တတွေ, ပွါရ(၆)ပါးမှာ, ရုပ်ရိပ် နာမ်ရိပ် ကံရိပ်တွေဖြစ်၍ နေတာကို မသိမမြင်၍, ပုဂ္ဂိုလ် သတ္တဝါအနေနှင့် အရာရာ မှာ အထင် အမြင် အစွဲ အယူ မှား၍ နေကြပုံနှင့် တူလှ ပေ၏။

(မြင်အောင်ကြည့်ပါ)

ဇာဒါလို–အင်္ဂါ ရပ်ရ ပြည့်စုံ ညီညွတ်တဲ့ အခါမှာ, ဆ လိုက်မီးနှင့်တကွ,ဖလင်ထဲ၌ပါရှိသော ဓာတ်ပုံတွင်တင်မှု တို့၏ ဓါတ်ပုံတံဆိပ်ရိပ် ခလေးတွေက ပိတ် ကားပြင်ကြီး နှင့် သွားရောက်ပေါင်းဆုံမိပါက ထိုကားပြင်နှင့် ဖလင်ရိပ် တို့ကိုပင် အရိပ်မှန်းမသိတော့ဘဲ, တင်တင်မှုအိုတဲ့ မင်းသွီး အချောအလှကလေး သဘောကျစရာ ဇာန်ရှိလို့သာ ငါ တို့ မျက်စိနှင့် မြင်ရ သည်ဟု ထင်မှား၍ နေကြသလို။ ။ ကဲ……စဉ်းစားစမ်းပါ–သူငါကစ, ပုထုဇဉ်မှန်သမျှတို့မှာ လည်း, မိမိတို့၏ သားချော သွီးချောကလေးတွေ ထင်လို့ ဉာဏ်မျက်စိနှင့်ကြည့်သောအခါမှာ, ပိတ်ကားပြင်ကြီးနှင့် တူသော အဆင်းဆတ်ဆတ် ပရမတ်အပေါင်းအစုကိုသာ တွေ့မြင်ကြရလေသည်။

ဤ၌, မြင်တဲ့ သဘောကလည်း, မရှိတဲ့ မိ,ဘ,က မြင် တာ မဟုတ်ဘူး, ဆလိုက် မီးနှင့် တူသော ထင်ရှား ရှိတဲ့ စက္ခုဝိညာဏ် ကသာ မြင်တာပါ။ ထိုတွင် ဖလင်နှင့် တူ သော မနောဝိညာဏ်က,၎င်းဖလင်၌ပါရှိသော တင်တင်မှု ၏ ဓါတ်ပုံတံဆိပ်ရိပ်ကလေးမှ ၎င်းကားပြင်ကြီးပေါ်၌ကျ

ရောက်၍ နေဘိသကဲ့သို့, ထို ဝိညာဏ်သည်, သားသမီး က လေးတို့၏ ပုံဟန်သဏ္ဍာန်ကို လုပ်ကြံ ဖန်ဆင်းလျက်, အာ ဆင်းသက်သက် ရုပ်တရား၏ အရိပ်ပေါ်၌, သား သဏ္ဍာန် သမီးသဏ္ဍာန် ရှိလေဟန်, မာယာ ညာဏ်ဖြင့်, နာမ်ရုပ်ကျ နေပုံကို, မရိပ်မိ၍, ဒိဋ္ဌိက သားသမီးဟုတ်ဟုတ် အခွံပွဲခါ, သာ ယာမျှော်ကိုး ဟုတ်လိမ့်နိုးနှင့်, အမျိုးမျိုးပျော်ရွှင်, အဆင် မပြေတော့, ဒေါသ, သဘောကျတော့ ရယ်ရွှင်, လောက သမုတိဖြစ်စဉ်အရ, သေပြန်လျှင်လည်း ငိုခြင်းချခါ, သား မယားနှင့် လင်သား အရှိ, အထင်ပြို၍, သံသရာ ဝါတ်ရှင် ရုံကြီးထဲ၌, မိမိတို့ ကိုယ်တိုင် ဇာတ်လိုက် မင်းသမီး, ဇာတ် လိုက် မင်းသား အဖြစ်နှင့် ကပြ၍ နေကြတာကို မသိကြ သဖြင့်, လောကသမုတိ, သမုတ်ရှိမှု ဖြစ်သော, သား သမီး များ ဝါတ်ရှင်ရုံများကို သွား၍ ကြည့်လျှင် မိ,ဘ,များက သွားနိုင်ရန်ကောဟု ပြောဆိုလေ့ရှိကြသည်။

အကယ်၍, သားသမီးများကသာ, ယခုပြခဲ့သော ရုပ်ရိပ် နာမ်ရိပ်,ကံရိုင်မှုပင်ဟု,ပရမတ်ဝါတ်ရှင်၏သဘောအခင်း ခင်းတို့၏ ဆန်းကြယ် ပုံကိုများ သိရှိပါက........

ကျွန်တော်တို့ သွားရောက်ကြည့်ရှုတဲ့ ဝါတ်ရှင်က,စက် ဆရာများက, လိမ်ပြတာကို, ကျွန်တော် ကျွန်မ တို့က, အ ဟုတ်မှတ်ထင်၍ ဇွဲလမ်းပြီး အမြဲတန်းကြည့်မိကြတာပါဘဲ သို့သော်– ဖေဖေ,တို့ မေမေတို့ သဏ္ဍာန်မှာလဲ တဏှာ, မာန, ဒိဋ္ဌိ, စက်ဆရာများက အဆင်း ဆတ်ဆတ် ပရမတ် ပိတ် ကားပြင်ကြီးပေါ်၌, ဟဒယဝတ္ထု စက်ခေါင်း မှာ, မနောဝိညာဏ် ဖလင်ကားချပ်များကိုတပ်ဆင်လျက်,စက္ခု

အကြည်ဓါတ်, မှန်ဘီလူးဖြင့် စက္ခုဝိညာဏ် ဆလိုက်မီးနှင့် ထိုးပြီး လင်နှင့် မယား, သားနှင့် သမီး, အနည်းနည်း အထွေထွေ, ပွေပွေလီလီ,အတည်မနားဘဲလျက်, လူဇာတ်ထုပ်, နတ်ဇာတ်ထုပ်,ပြဟ္မာဇာတ်ထုပ်, တနည်း။ ။ခွေးဝက်, ကျွဲ, နွား, အစားစား ဇာတ်ထုပ်တွေကို, ခင်ဗျားတို့ ကိုယ်တိုင်ပင်, ဇာတ်သိုက် မင်းသား, မင်းသမီးတွေလုပ်ပြီး, ဇာတ်ထုပ်အမျိုးမျိုး လွဲခါ, ပြောင်းခါနှင့် ပရမတ်ဓါတ်ရှင် က, ပြပြီး နေကြတာနှင့် မဟုတ် မမှန် တာချင်းမှာ ဘာမျှ မခြားနားတော့ပါဘူး။ ကျွန်တော်တို့ကမှ တခါတရံ နားရက် ရှိပါ သေးတယ်, ဖေဖေ တို့ မေမေ တို့မှာ နားရက်တောင် မရှိပါဟု သား သမီးများက ပြန်၍ ဆိုဘွယ်ရာ အကြောင်း ရှိပေ၏။

အပြန်ပြန်အလှန်လှန် ခန္ဓာဖြစ်စဉ်နှင့် ကပ်၍ မြင်အောင် စဉ်းစားပါလေ...... ယောဂီတွေတို့– အရေးကြီးလှ၏။

ထို့ကြောင့်......

၁။ အရိပ်ကိုပင်,အကောင်ထင်,တွင်တွင်မှားလှပြီ။

၂။ အကောင်ထင်ဘိ, အတ္တငြိ,အသိဘောက်ပြန်သည်။

၃။ အသိ ဘောက်ပြန်, အမှတ်မမှန်, အသူ သန်တော့သည်။

၄။ ဝိပ္ပလ္လာသ,သုံးချက်ပြ, ဗုဒ္ဓဆုံးမသည်။

၅။ သံသရာ့ဇာတ်ခုံ, အရုပ်မျိုးစုံ,ဖုံဖုံ.က လှပြီ။

၆။ လူ နတ် ပြဟ္မာ, ပါယ်လေးရွာ, ခါခါရောက်လှပြီ။

၇။ ကံ(၂၉)ကြေးငွေမျိုး,အဘိုးမထိုက်ပြီ။

၈။ မဂ်ဉာဏ် ဖိုလ်ဉာဏ်, ပါရမီကံ, အမြန်ရှာသင့်ပြီ။
၉။ ပိတ်စရင်းချုပ်, မြစ်သမုဒ်, နှစ်မြုပ်ကြလေသည်။
၁၀။ ပိတ်စရင်းရှင်း ဝဋ် နယ်တွင်း, လွတ်ကင်း ထွက်
မြောက်မည်။
၁၁။ ယောဂီမှန်သမျှ, ဝေဘန်ကြ, ဒါမ-မဂ်ရမည်။

ဤတွင်, ဓါတ်ရှင်ကြည့်ကြသော အခါများ၌ ဇေယျ, ဇွေဘ, တင်တင်မူ, ကြည်ကြည်မွေး တို့ ဟူသော အရိပ်များတွင် လက်တကွေး ခြေတဆန့် ပြောင်းလွဲလိုက်တဲ့ အခါတိုင်းမှာ, စက်ခေါင်းမှ ဖလင်ကားချပ်ပေါင်းမြောက်များစွာ, ဆက်စပ် ပြောင်းလွဲဘိ သကဲ့သို့, မိမိတို့၏သဏ္ဌာန်မှာ လက်တကွေး လက်တဆန့် ခဏ၌ ရုပ်အစဉ်, နာမ်အစဉ်တွေ ပြောင်းလွဲ ချုပ်ပျောက်မှု, သန္တတိအစဉ်ကို, ဣရိယာပထနှင့်စပ်၍ အပိုင်း အပိုင်း ပြတ်အောင် မြင်ကြလေ, သိကြလေ။

## အတိဂမ္ဘီရ, တေးထပ်

ပိတ်ကားပြင် ဖလင်ရိပ်။ သွင် နိမိတ်ပေါ် လာ။ ကြည်
ကြည်မွေးတင်တင်မူပါ။ ထင်မြင်သူမှောက်မှား။ ဇေယျနှင့်
ဇွေဘ ဟန်လို့။ ဝိပ္ပလ္လာဖြစ်ကြအများ။ ဤကဲ့သို့ ပုံပမာ တူ
တယ်။ ယုံစွာတမူ မှတ်သား။ ရုပ်နှင့် နာမ် အရိပ်များကိုလ
ငါ သူတပါး ထင်ပြန်။ သဘောဉာဏ် ပြောရန် ခက်ပါဘိ။
လောကဓံစနက် မိကြ တန်တန်။ ဒိဋ္ဌိဓါတ် အယူသန်ခါ။
လူသဏ္ဌာန် မှတ်မှားလို့။ သွေးသား ရှိအနေ။ ကြောင့်ကြ ဗျာ
ပွေ။ သံသရာ့ ဓာတ်ခုံတွေမှာ။ မပြတ် ပုံသေ ကပွဲဆင်ကြ
သလေး။

## ကျက်မှတ်ရန် ဆောင်ပုဒ်ကဗျာ

ကားပြင်မှာ အရိပ်ကျ၊ စိတ်ကထင်ပြန်၊
ပုံသဏ္ဌာန် အမြင်မှား မင်းသား ရှိလေဟန်၊
မင်းသွီး လူပျက်၊ နှစ်ဘက် နှစ်တန်၊ ဩဘ်........
ဆန်းကြယ်ပါဘိ သမုတိ လောကဝံ။ ။
မြင်ရာမှာ ရုပ်အရိပ်၊ ခွဲစိတ်ခါကြံ၊
လူဆိုတာ နာမ်အရိပ်၊ မှန်ရိပ် ပုံသဏ္ဌာန်၊
ဓါတ်ဉာဏ်ရက, အနတ္တ ဧကန်။ ဩဘ်......
သဏ္ဌာန်ဟူသမျှ, ဃနကျေအောင်ကြံ။

## ဒါန, ကထာကို ဖွင့်ပြခက်း

ဝဋ္ဋဂါမိဖြစ်သော (ဝဋ္ဋနိဿိတ) ဒါနကို
ရှေးဦးစွာ ပြပါအံ့။

မောဟံ ဥပနိဿာယ, ဒါနံဒေတိ၊
ဒိဋ္ဌိံ ဥပနိဿာယ, ဒါနံဒေတိ၊
ပဏ္ဍနံ ဥပနိဿာယ, ဒါနံဒေတိ။
(ပဋ္ဌာန်းပါဠိတော်)

မောဟံ၊ ရှိရင်း ရုပ်နာမ်, ဟုတ်မှန် လိမ္မာ, ပရိညာကို မှန်စွာ မသိ မမြင်သော အဝိဇ္ဇာ မောဟကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ ပသာဒသဒ္ဓါနှင့် ယှဉ်သျှက် ဝဋ္ဋဂါမိ ဖြစ်သော အလှူကို။ ဒေတိ၊ ပေးလှူ၏။

ဒိဋ္ဌိံ၊ ရုပ်နှင့် နာမ်မျှ အနတ္တကို, ကိုယ်ငါ စွဲမှိ, အထဲမြဲ သော, အတ္တဒိဋ္ဌိ အယူ များကို။ ဥပနိဿာယ၊ အမှီပြု၍။

ဒါနံ၊ ကိုယ့်အတွက်သာ, ငဲ့ကွက်ခါဖြင့်၊ သဋ္ဌါမဖြူ,ပကာ သနကူသော, ဝဋ္ဋနိဿိတ အလှူကို။ ဒေတိ၊ ပေးလှူ၏။

ပဏ္ဍုနံ၊ အရာရာမှာ သာယာ တောင့်တချက် ကြောင့် ကြဖျာပါ၊ တဏှာအလို, ပဏ္ဍုနာကို။ ဥပနိဿာယ၊ အမှီပြု ၍။ ဒါနံ၊ သံသရာ အချက်စခန်းမှာ, မျက်နှာပန်း လှလှနှင့် အထက်တန်းကျလိုသော အလှူမျိုးကို။ ဒေတိ၊ ပေးလှူ၏။

ထိုသို့ ဗုဒ္ဓ၏ ရွှေနှုတ်တော်ထွက်, မိန့်တော်ချက် စကား တော်ကြီးများကို,ယုံကြည်လေးစားသော ဗုဒ္ဓဘာသာ စစ် စစ် ပုဂ္ဂိုလ် မှန်သမျှသည့်,ကျောက်ထီးတန္တု၊ အလေးဂရု ပြုကြရပေလိမ့်မည်။

ပရမတ္ထအားဖြင့် ထင်ရှားရှိသော,ရုပ်နာမ်ဒုက္ခ သစ္စာကို ပရိညာလမ်းစဉ်နှင့်တကွ, မသိမမြင်မှု, အဝိဇ္ဇာကို အမှီပြု၍ ပေးလှူသောဒါန, ထိုမသိမမြင် မောဟ ယှဉ်က, ကိုယ် ငါ အတ္တ မှချအရှိ,စွဲယူမိသော အတ္တဒိဋ္ဌိကို အမှီသဟဲ ပြုခါ, အတ္တဒိဋ္ဌိ မူလကေနသသော တုရွှေဒေါ။ ။ဟူသောအရ ၎င်းအတ္တဒိဋ္ဌိမှ ပေါက်ဖွားသော ကာရကဒိဋ္ဌိ ဝေဒကဒိဋ္ဌိ ဟူသော သဿတ ဒိဋ္ဌိနှင့်တကွ ပေးလှူသောဒါန, ထို ဒိဋ္ဌိ တို့၏ ပူလောင်ချက် ပြင်းပြ လျက်, ဘဝသမ္ပတ္တိ, ဘောဂ သမ္ပတ္တိကို သာယာသော, တဏှာပဏ္ဍုနာကိုအမှီပြု၍ ပေး လှူသော ဒါန, ထိုသို့ မသိမှု အဝိဇ္ဇာ, ယူမှား စွဲလမ်းမှုဒိဋ္ဌိ, သာယာတပ်မက် နှစ်သက် လိုချင်မှု တဏှာ, အမှား ပပဉ္စ တရားတို့ကို ဦးစီးခြံရံ အကြောင်းခံထား၍,လူ့ဘဝ, နတ် ဘဝ များကို, ရလို ရောက်လိုမှု။ ဝါ၊ ၎င်း ဘဝတွေ၌ အာ

ကောင် ရှိရောင်ရောင် ရှိမိုဝ်ရိုဝ်နှင့် အထဲငြိလျက်။ ဝါ၊လင်း လပ်ကို ရေထင်၍ သောင်ပြင်မှာ တငါ လုပ်သဖြင့်, မြုံး ရတ်သော တငါအမိုက်တဲ့သို့ ဘဝကိုငဲ့ကွက်လျက်, အလှူ ပေးကြလေသည်။ ဖြ ၂ာဘုံ, ဖြဟ္မာဘဝကို အထဲငြိလျက် ရူပကုသိုလ်, အရူကုသိုလ်, အဘိညာဉ် ငါးပါး,သမာပတ် ရှစ်ပါး တို့ကို အားထုတ် ပြုလုပ်ကြလေသည်။ ထိုလောကီ စည်းစိမ် ရိုပ်ငြိမ် ဟူသော ဝေဒယိတ ချမ်းသာလိမ် ချမ်း သာကောက်များကို, တောင့်တနွဲ့မှီ အထဲငြိလျက်, အဝိဇ္ဇာ, တဏှာ,ဒိဋ္ဌိတို့ဖြင့်, ဦးစီးခြံရံ၍ပြုလုပ်အပ်သော ဒါန,သီလ သမထမှု ကုသိုလ်ရုပ်ဟူသမှုသည်,နိဗ္ဗာန်သို့ရောက်ကြောင်း မဟုတ်သောကြောင့်, မိစ္ဆာ ပဋိပဒါ, ဝဋ္ဋဘိရတ မှုသာ ချည်းဖြစ်သော လမ်းစဉ်မဖြောင့် အကျင့်မှောက်များ, သံ သရာ့ သင်းချိုင်းများကိုသာ ပို့ဆောင် နိုင်သော, ရထား များဟုဆိုရလေ၏။

သို့ဖြစ်၍, အဝိဇ္ဇာပစ္စယာသင်္ခါရာ,ဟူ၍ ထိုက်(၂၆)ပါး ပုညာဘိ သင်္ခါရ, အပုညာဘိ သင်္ခါရ,အနေဉ္စာဘိ သင်္ခါရ တရားများကို, သံသရာသို့ လည်ရာ လည်ကြောင်း ဖြစ် သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးတွင် အင်္ဂါရပ်ကြီးတခု အနေဖြင့် ပါဝင်ကြောင်းကို ဗုဒ္ဓရှင်တော်, ဆုံးမတော် မူခဲ့ လေသည် ဟု, အသူးဂရုပြုမိသော ယောဂီများသည် သာ လျှင်, ဤအရာအချက်ကြီးများကို, ရှင်ပြစွာကျေနပ်နိုင်ကြ ပေလိမ့်မည်။

ထို အချက်ကို ရည်ရွယ်၍...... ဒိပါနာထော ပဋိဥ္စာစ, တာထာ လေအာစပါကိနံ၊ စင်စစ်ကြီးမှန်ပေသော,ကျေး

ဘုရားတော်ရှင်, မဟာ ထေရ်မွန် ပညာတန်ခွန် သီလဝန် အကျော်, လယ်တီဆရာတော်ဘုရားကြီးသည်......

ဘဝနောင်ခါ,သံသရာဝယ်, လူ့ရွာနတ်ငြိမ်း စည်းစိမ်သွမ်းကို, ချမ်းသာအတိ, အထင်ငြိသျက်, ဂတိနောင်ကို ကောင်းစေလိုဟု, ကုသိုလ်အရိုး, အမျိုးမျိုးကို, ကြိုးကြိုးစားစား, ပြုတုံငြားက, ဆယ်ပါးပုည, အာနေဥဟု, ဘဝနိုးရင်း, ပွါးတုံလျှင်းသည့်, ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း။ ဟု,ပဋိစ္စသမုပ္ပါဒ် လင်္ကာမြတ်၌ စပ်ဆိုတော်မူခဲ့လေ၏မှတ်။

ထို့ကြောင့်......

ကတမာစ ဘိက္ခဝေ မိစ္ဆာ ပဋိပဒါ
အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊

ဟူ၍, မိစ္ဆာပဋိပဒါသုတ်, နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောတော်မူသည်။ ။ဘိက္ခဝေ၊ သံသရာကို မှန်စွာကြောက်ဘိ,ငါ၏ချစ်သား ရဟန်းများတို့။ ကတမာစ၊ အဘယ်သို့သော ကြိုးစား အားထုတ်ပြုလုပ်ခြင်းသည်။ မိစ္ဆာပဋိပဒါ၊ အကြိုက်နိဗ္ဗာန်သို့ ကောန်မဆိုက်မရောက်, မှောက်မှောက်မှားမှား, ကြိုးစား အားထုတ်ခြင်း မည်သနည်း။

ဘိက္ခဝေ၊ ချစ်သား ရဟန်း များတို့။ အဝိဇ္ဇာပစ္စယာ၊ ဘဝခန္ဓာ, သံသရာ၏, အို, နာ, သေ, ရေး ဒုက္ခ ဘေးကို, ရေးရေး ကလေးမျှ, မမြင် မျက်မှန်း ရုံလုံး ကန်းအောင်, မိုက်မှောင်မဟာ, ဆို့ပိတ် ကာသည့်, အဝိဇ္ဇာလုံး အမိုက်ဖုံးသဖြင့်, အမိုက်တုံး အမိုက်ခဲ အမိုက်ပွဲယောင်ယမ်း ပညာကန်း၍, ဘာမှန်းမျှ မသိရလသောကြောင့်။သင်္ခါရာ၊

လောကီစည်းစိမ်, ရိုင်ငြိမ် ချမ်းသာ ငါးပံ့တို့ရာ ရစေဌါဟု တဏှာအလို, ဗျာပါဒိုရ်၍ ပြုလိုရာပြုမိ, ပါရမီ မျိုးစေ့ အဖြစ်သို့ မဆိုက်မသိမ်သော, ဝဋ္ဋနိဿိတကုသိုလ်, အကုသိုလ် သင်္ခါရတရားတို့ ပေတည်း။

ရင်း ပါဠိတော်ကြီး အလိုကျ, ဖွင့်ပြတော် မူသော အဋ္ဌကထာကြီး၌-

ယံဟိကိဉ္စိ ဘဝတ္တယ သင်္ခါတံ, ဝဋ္ဋံပဝတ္တတွာ
ပဝတ္တိတံ အနန္တမသော ပဉ္စာဘိညာအဋ္ဌဝါ ပန
သမာပတ္တိယော သဗ္ဗံတံ ဝဋ္ဋပက္ခိကံ ဝဋ္ဋံသိ
သန္တိ, ဝဋ္ဋသိသတ္တာ မိဿာ ပဋိပဒါ ဟောတိ။

ဟိသစ္စံ၊ မှန်၏။ ဘဝတ္တယသင်္ခါတံ၊ ဘဝသုံးပါးဟုဆို အပ်သော။ ဝဋ္ဋံ၊ တေဘူမကာ ဝဋ်ဒုက္ခကို။ ပဝတ္တတွာ၊ နှစ် သက် ခင်မင် လောဘ တဏှာဖြင့် လိုချင် တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အနန္တမသော၊ မြတ်ထွန်း လွန် ဖုံး,အသက်ဆုံးအားဖြင့်။ပဉ္စာဘိညာ၊ကုသိုလ်အဘိညာဏ် ငါးပါးတို့ သော်လည်း ဖြစ်သော။ အဋ္ဌဝါပန သမာပတ္တိ ယော၊ကုသိုလ်သမာပတ်ရှစ်ပါးတို့သည်မူလည်းဖြစ်သော။ ယံကိဉ္စိ၊ အကြွင်း အမှတ်မရှိ, တစုံတခုသော ကုသိုလ် ကံ သည်။အတ္ထိ၊ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ကုသိုလ်ကံ သည်။ ဝဋ္ဋပက္ခိကံ၊ဝဋ်၏အပင်းအသင်း,ဝဋ်ဆင်းရဲဘက်၌ သာလျှင်တည်း။ဝဋ္ဋသိသံ၊ ဝဋ်ဆင်းရဲ အကြောင်း ဝဋ်ဦး ခေါင်း ပေတည်း။ ဇာတိတသ္မာ ဝဋ္ဋသိသတ္တာ၊ ထိုသို့ဝဋ်၏ ဘက်သား, ဝဋ်ပွါးစီးကြောင်း,ဝဋ်ဦးခေါင်းဖြစ်လေသော

ကြောင့်။ မိစ္ဆာပဋိပဒါ၊ အကျင့် မှောက်မှား သံသရာ လမ်းကောက်သို့သွားခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုကြောင့်—အယုတ်ဆုံး အားဖြင့်, ဟင်းချက် တဆုပ်မျှ ပေးကမ်း လိုက်သဖြင့်, သေးငယ်သော ဒါနပင် ဖြစ်စေ, ဆွမ်းတဇွန်းမျှ လှူဒါန်းလိုက်သဖြင့်, သေးငယ်သောဒါနပင် ဖြစ်စေ, အလွန်ကြီးကျယ်ခမ်းနားသော, အလောင်းတော် ဝေလာမပုဏ္ဏားကြီး၏, ဇမ္ဗူဒီပါတကျွန်းလုံးကိုဘိတ်ကြား၍, ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်ပတ်လုံး, အလွန်ကြီးကျယ် ခမ်းနားသော, မဟာဒါနကြီးပင်ဖြစ်စေ, လောကီ စည်းစိမ်ချမ်းသာကို ငဲ့ချင်တောင့်တ၍, လှူဒါန်းပေးကမ်းသော ဒါန ဖြစ်ငြားအံ့, ထိုဝဋ္ဋဘဝကို မှီတွယ်ရည်ရွယ်၍ ပြုအပ် သော ဒါန ဟူသမျှသည်။ ဝဋ္ဋနိဿိတ၊ ဝဋ္ဋကိုမှီ၍ ပြုသော မိစ္ဆာပဋိပဒါ ဒါန, ဖြစ်လေ သောကြောင့်, မှောက်မှား သော ပြုလုပ်ခြင်းဖြစ်၍, ဝဋ်ဆင်းရဲ သို့သာ, ပို့ဆောင်နိုင် သည်, ဝဋ်ကင်းရာနိဗ္ဗာန်သို့ အလျဉ်းပင် မပို့ဆောင်နိုင်ဟု မှတ်။

ထို့ကြောင့်........

အပ္ပမတ္တကမ္ပိ ဟိ ပဏ္ဏမုဋ္ဌိံ မတ္တဒါနကုသလံဝါ ဟောတိ။
မဟန္တံ ဝေလာမဒါနာဒိ ကုသလံဝါ သစေ ဝဋ္ဋံ သမ္ပတ္တိံ
ပတ္ထေတွာ ဝဋ္ဋနိဿိတ ဝသေန, မိစ္ဆာထပိတံ ဟောတိ။
ဝဋ္ဋမဝ အာဟရိတုံ သက္ကောတိ နော ဝိဝဋ္ဋံ။

ငင်းအဋ္ဌကထာကြီး။

ဟိသတ္တံ၊ မှန်၏။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ပဏ္ဏမုဋ္ဌိမတ္တဒါနကုသလံဝါ၊ဟင်းရွက်တဆုပ်မျှ ပေးကမ်းလှူဒါန်းသော ကုသိုလ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ် ခမ်းနား, များပြား လှစွာ သော။ ဝေလာမဒါနာဒိကုသလံဝါ၊ အလောင်းတော် ဝေလာမပုဏ္ဏားကြီးအလားတူ,လှူဒါန်းခြင်းစသော ကုသိုလ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ဝဋ္ဋသမ္ပတ္တိံ၊ တဒင်္ဂသုခ တဘာဝ, တနပ်စာ, ဝဋ်ချမ်းသာကို၊ ပတ္ထေတွာ၊ သာယာ ခင်မင် လိုချင်တောင့်တ၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ်ဘုံ စခမ်း ဝဋ် ကြဋ္ဌန်းကို, မျှော်မှန်း ရည်ရွယ်, မှီတွယ်သည်၏ အစွမ်းဖြင့်။ မိစ္ဆာ၊ မှားယွင်း ချွတ်ချော် မသင့် မလျော်အောင်, ပြုလုပ် တည်ထား ဖြစ်ပွါးစေ အပ်သည်။ သစေ ဟောတိ၊ အကယ်၍များဖြစ်ခဲ့ငြားအံ့။ ဝဋ္ဋမေဝ၊ဝဋ်ဘဝထဲ ဝဋ်ဆင်းရဲသို့ သာလျှင်။ အာဟရိတုံ၊ ရောက်အောင် ပို့ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ဝဋ်ကင်းရာ မှန်, မြတ်နိဗ္ဗာန်သို့။ အာဟရိတုံ၊ရောက်အောင် ပို့ဆောင်ခြင်းငှါ၊ နေဝသက္ကောတိ၊ မစွမ်းနိုင်တော့ သည်သာလျှင်တည်း။

ထိုပါဠိတော်,အဋ္ဌကထာကြီးတို့၏, လိုရင်းအချုပ်မှာ,

၎င်းဝဋ္ဋနိဿိတ, ဒါန,သီလ,သမထ,အလုပ်သည်ကား, ဒိဋ္ဌိကပ်, တဏှာအငတ်,အာသာဝါတ်ဖြင့်,လူ,နတ်,စည်းစိမ်, ဒုက္ခအိမ်ကို, တင်းတိမ်မရှိ, မပြည့်ဝ ခံစားကြလျက် ဘဝကောင်းသာ, မျှော်တောင်းရာ၍,ပျော်အောင်းခါ နေကြကုန်သော; ဝဋ်ကောင်ကြီးများဖြစ်ကြသော,အန္ဓဗာလ

ပုထုဇဥ်လူမိုက်တို့၏ မိုက်မဲသော ရှာမှီးပြုလုပ်မှုဖြစ်သော ကြောင့် (နအရိယ ပရိယေသန) တရားမည်၏။ ဝါ၊ မိုက်သောသူတို့ မိုက်သော ရှာမှီးမှု မည်၏။

သို့ဖြစ်၍ ထိုဝဋ္ဋနိဿိတဒါနမှားအလုပ်ကို ဗာလသုဏ္ဏ ဟူ၍ သည်း ခေါ်လေသည်။ ဗာလ၊ လူမိုက်။ ဥသုဏ္ဏ၊ ကြောင့်ကြစိုက်ထုတ်၍ပြုလုပ်မှု။ ဗာလသုဏ္ဏ၊ လူမိုက်တို့၏ ကြောင့်ကြစိုက်ထုတ်ပြုလုပ်မှု ဟု ဆိုလိုသည်မှတ်။

ဤ၌ အရှေ့ရှိက အနောက်ရှိ။ အနောက်ရှိက အရှေ့ရှိ သည့်၊ မိစ္ဆာပဋိပဒါ၊ ဒါနရှိက၊ သမ္မာပဋိပဒါ၊ ဒါန ကို လည်း မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

ပါရမီ မြောက်သော ဝိဝဋ္ဋနိဿိတ၊ ပါရမီဒါန အမြတ် ကို ပြပါအံ့။

ကတမာစ ဘိက္ခဝေ သမ္မာပဋိပဒါ၊ အဝိဇ္ဇာယတွေဝ

အသေသဝိရာဂ နိရောဓါ၊ သင်္ခါရ နိရောဓော။

(သမ္မာပဋိပဒါသုတ် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာစ၊ အဘယ်သို့ပြုကျင့် ခြင်းသည်။ သမ္မာပဋိပဒါ၊ နိဗ္ဗာန် ရောက်ကြောင်း အကျင့် ကောင်း မည်သနည်း။ အဝိဇ္ဇာယတွေဝ အဝိဇ္ဇာယတွေဝ၊ သုခ ဟူသည် မြူမျှ မဖက်၊ ဘဝစက်၌ နှိပ်စက် တွင်တွင် အပြစ်သက်သက်၊ ဖြစ်ပျက် အင်ကို မမြင်နိုင်စွမ်း၊ ပညာ ကန်းအောင်ဖုံးသွမ်းပိတ်ကာတတ်သော အဝိဇ္ဇာမောဟ၏ သာလျှင်၊ အသေသဝိရာဂနိရောဓါ၊ တဒင်္ဂပဟာန်အားဖြင့် တခဏချုပ်ငြိမ်းခြင်း၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် အတန်ငယ်

ကြာအောင် ချုပ်ငြိမ်းခြင်း, သမုစ္ဆေဒ ပဟာန် အားဖြင့်, အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကြောင့်။ သင်္ခါရ နိရောဓော၊ အကုသလ, ကမ္မပထ တရား ဆယ်ပါး ဝဋ္ဋနိဿိတ, မဟဂ္ဂုတ် ကုသိုလ်(၉)ပါးအားဖြင့်, ကံ(၂၉)ပါး သင်္ခါရ တရားတို့၏ ချုပ်ငြိမ်းခြင်းတည်း။

အဝိဇ္ဇာယ်မှာ, ဝဋ်ဘဝ၏ အပြစ်ကို မမြင်နိုင်အောင် အဝိဇ္ဇာက ဖုံးကွယ်၍ထား၏။ တဏှာက ထိုဝဋ်ဘဝကိုသာ ယာ ခင်မင် လိုချင် တောင့်တ၏။ သို့အတွက် အန္ဓဗာလ ပုထုဇဉ်များသည် ထို ဝဋ်ဘဝကို သက္ကာယ ဒိဋ္ဌိနှင့် ယှဉ်သော, ပေါနောဗ္ဘဝိက တဏှာ ဖြင့်, လိုချင် တောင့်တလျက်, ထိုအဝိဇ္ဇာတဏှာတို့ဖြင့်, ဦးစီးခြံရံ၍, ဒါန စသော ကံ(၂၉)ပါး သင်္ခါရတရား အလုပ်များကို, ပြုလုပ် အားထုတ်ကြလေသည်။

ကလျာဏ ပုထုဇဉ်ပညာရှင်ပုဂ္ဂိုလ်များသည်, ခန္ဓသမံ ဒုက္ခံနတ္ထိ အရ, ထိုခန္ဓာနှင့် တူမျှသော ဒုက္ခမရှိဟူ၍, ခန္ဓာ၏အပြစ်ကိုမြင်သော အာဒီနဝဉာဏ်, ဝဋ်ဘဝ၌ ဖြစ်ရခြင်းကို ပျင်းမုန်း ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်, ထို ဝဋ်ဘဝမှ ကျွတ်လွတ် ထွက်မြောက်လိုသော မုဉ္စိတုကမျတာ ဉာဏ်တို့ဖြင့် အဝိဇ္ဇာဦးစီးသော ဒိဋ္ဌိတဏှာတို့၏ ချုပ်ငြိမ်းကြောင်းဖြစ်သော, ပရိညာလမ်းစဉ်များကို မလွှမိ ရှေးအမှီက ဆရာနည်းပြ အရယူကြ၍ ဒါနပြုရင်းလက်ကိုင်ထားခါ ပွါးများအားထုတ်ကြကုန်ပြီးလျှင်, အန္ဓပုထုဇဉ်တို့၏ ခလေ့ကဲ့သို့ဘဝကို ရလိုမှု အလေ့များတွေကို, နာမရူပ ပရိဂ္ဂဟဉာဏ် ဟေတုပစ္စယ ပရိဂ္ဂဟဉာဏ်, ဝိပဿနာ ဉာဏ်, လောကုတ္တ

ရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိဉာဏ် အားဖြင့် သံသုဋ္ဌ ကိလေသေ ဟာနတ္တိ သံဃေယာ, ဟူသောအရ ဒါနပြုရင်းပင်, ယောဘ တကျော ကိလေသာတို့ကို တွန်းလှန်ဖယ်ရှား၍, တဖွန်းကျို တယောင်းမ လောက်မျှ လှူနိုင်သည် ဖြစ်စေ, အလောင်း တော် ဝေလာမ ပုဏ္ဏားကြီးကဲ့သို့ လှူနိုင်သည် ဖြစ်စေ, ဩကပ္ပနသဒ္ဓါ ရှေ့ဆောင်လျက်,ထိုကိလေသာတို့၏ ငြိမ်း ရာနိဗ္ဗာန်ကို ပါးစပ်စကားဖြင့်ဆုတောင်းရုံမျှမက, ကိုယ် တိုင်ဒိဋ္ဌမျက်မှောက်ပြုကြ၍, ဒါန,သီလ,ဘာဝနာစုကုသိုလ် မှုများကို (အရိယ ပရိယေသန) အနေ အားဖြင့်သာ မှာမှီး ပြုလုပ်အားထုတ်ကြကုန်၏။

ဤကဲ့သို့ ပြဆိုတိုင်း ဒါနအစရှိသော ကုသိုလ်မှု ပြုလုပ် အားထုတ်ခြင်းများကိုသာ, သမ္မာပဋိပဒါအလုပ်ဟူ၍ဟော တော်မူလေသည့်ဟု မှတ်လေ။ ။ဤ၌, အထက်ပါစကား ရပ်၏ ထောက်ခံချက် သမ္မာ ပဋိပဒါသုတ်,နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ စကားကြီးများကို ကျယ်အံ့စိုး၍ မထည့်သွင်း တော့ပေ, လိုရင်းအချုပ်စကားကိုသာ ပြပါတော့အံ့။

သိဝံပဋ္ဌေထ ဘိက္ခဝေ သိဝံ ပဋ္ဌေတွာန ဒါနံ ဒါတဗ္ဗံ၊
သီလံရက္ခိတဗ္ဗံ၊ ဘာဝနံ ဘာဝေတဗ္ဗံ။

(အင်္ဂုတ္တိုရ် ပါဠိတော်ကြီး)

ဘိက္ခဝေ၊ ဝဋ်ဘုံဘဝ, ဝဋ်ဒုက္ခ၏ ဘယ ဘေးပေါင်း ထောင်သောင်းမက အာဒီနဝကို အခါခါ ညှိဆ၍ ဘိတိ ကျုကျု သိမြင်ကြသလောက် ကြောက်ဘိတွင်တွင် မပျော် ရွှင်ဘဲ လွတ်ချင် လိုပြား အို.......ချစ်သားတို့။ သိဝံ၊ သင်

တို့ ကြောက်သမျှ ဝဋ်ဒုက္ခဘေး ငြိမ်းဧရာမှန် ပြည်နိဗ္ဗာန်ကို, ပဌွေထ၊ တောင့်တကြကုန်လော့၊ သီဝံ၊ ဝဋ်စည်းစိမ် ဝဋ်ချမ်းသာ ဝဋ်အကောင်းတို့နှင့် မနိုင်းသင့် လေအောင် အဘိုင်းမသိ မြေလျက် ဘေးမခ ရန်မသိ စံမဒ္ဒိတဲ့ အမြိုက် နိဗ္ဗာန်ကြီးကို။ ပဌွေတွာန၊ ရောက်ပါစေသား ရစေသား ဟု, ပရိညာလမ်းစဉ် ရှုဆင်ခြင်၍ မျှော်မြင်မှန်းဆ တောင့်တကြကုန်၍။ ဒါနံ၊ နိဗ္ဗာန်ရောက်ကြောင်း မတိမ်းမစောင်းသော လမ်းကောင်းအစစ်, ဖြစ်ကြီးဖြစ်သည့် ဝိဝဋ္ဋနိဿိတ ဒါနမျိုးကို၊ ဒါတဗ္ဗံ၊ ပေးလှူ အပ်လှ ပါပေ၏။ သီလံ၊ သဏ္ဍာယဒိဋ္ဌိ တလုံး ပြုတ်မှသာ စိတ်ချရသော ဝိဝဋ္ဋနိဿိတ, နိယတသီလမျိုးကို။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်၏။ ဘာဝနံ၊ သမထ ဘာဝနာ တို့ထက် လူးကဲမွန်မြတ် ထွဋ်ခွာသော ဝိဝဋ္ဋနိဿိတဖြစ်သော ဝိပဿနာ ဘာဝနာ မျိုးကို၊ ဘာဝေတဗ္ဗံ၊ မနေမနား ပွါးများ အားထုတ် အပ်လှပါပေ၏။

ဤကဲ့သို့သော ဇဋ္ဌ၏ဆုံးမတော်မူချက်အတိုင်း လှူဒါန်း စောင့်ရှောက် ပွါးများသော သာသနာတော်ဘွင်း, ဒါန, သီလ, ဘာဝနာများ သည်သာလျှင် ပြုလုပ်ဆဲ၌ မဂ်ရ ဖိုလ်ဝင် ဖြစ်သျက် ထို ကုသိုလ်တို့၏ အကျိုးများ ကျပ်ပြည့် တင်းပြည့် ခံစားကြရမည်မှတ်။

ဥပမာ တခု ပုံပြု၍ဆိုသော် ကောင်းကင်၌ တည်သော ရွှေလမင်းကြီးသည်, အဿဝဏီ, ဘရဏီ,ကြတ္တိကာ အစရှိသော (၂၇)လုံးသော ကြယ်တာရာများ တောက်ပြောင်စွာနှင့် ဝန်းရံမှသာလျှင် တင့်တယ်နိုင်လေသည်။ ဆီးနှင်း,

မြူ, တိမ်, သူရိန်, မီးခိုးတွေ ဝန်းရံပါက ထိုရွှေလမင်းကြီး သည် မတင့်တယ်နိုင် အားရှိသလောက် မတောက်မထွန်း နိုင်သလိုသာမှတ်ပါ။

ဥပမေယျမှာ, သုဒ္ဓဝမ္မျဖြစ်သော ဒါန ကုသိုလ် စေတနာ အနတ္တ, တရားသည် ရွှေလမင်းကြီးနှင့်တူ၏။ ဆီးနှင်း မြူ တိမ် သူရိန် မီးခိုးများသည် တဏှာ မာန ဒိဋ္ဌိ။ ဝါ၊ အတ္တာဒိဋ္ဌိမှ ပေါက်ပွါးသော ကာရကဒိဋ္ဌိ ဝေဒကဒိဋ္ဌိများ နှင့်တူလှပေ၏, အသဝတိ, ဘရဏိ အစရှိသော ကြယ်တာရာများနှင့် သာသနာမည်သော။ ဝါ၊ ဘုရား၏ ရွှေနှုတ်တော်က ဦးဆောင်၍ ဆုံးမတော်မူမှသာ, ကြားနာ မှတ်သားကြရသော, သာသနာတော် တရား (၃၇)ပါးသော ဗောဓိပက္ခိယ တရားများနှင့် တူလှပေ၏ မှတ်, သို့ဖြစ်၍ ဗောဓိ ဟူသော သမ္မာဒိဋ္ဌိဉာဏ်ဦးစီးလျက် ပေးလှူသော ဝိဝဋ္ဋနိဿိတ ဒါန မျိုးကို သာလျှင် သာသနာ မည်သော ဗောဓိဉာဏ်နှင့်ယှဉ်သဖြင့်,သာသနာတွင်းဒါနဆိုရသည် ဟု အထူးမှတ်ပါလေ။

ထို့ကြောင့်......

သာသနံ နာမ အတ္ထတော သတ္တတိံသ
ဗောဓိပက္ခိယ ဓမ္မာန မေတံ အဓိဝစနံ။

ဧတံသာသနံနာမ၊ ဤသာသနာဟူသော အမည်သည်။ အတ္ထတော၊ တရားကိုယ် သရုပ်အားဖြင့်။ သတ္တတိံသ ဗောဓိပက္ခိယ ဓမ္မာနံ (၃၇)ပါးသော ဗောဓိပက္ခိယတရား တို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

(အရှင် မဟာ ဗုဒ္ဓဃောသ အဋ္ဌကထာ)

ထို့ကြောင့်......ယခုလို ဗန္ဓုရ သရက် ဥယျာဉ်ကြီးနှင့် တူတဲ့ (၃၇)ပါးသော, သာသနာတော်ဥယျာဉ်ကြီးသို့,ဒါန တည်းဟူသောခြေသောက်,သီလတည်းဟူသောအစေတောင် သမာဓိ တည်းဟူသော ကိုယ်ကောင် ဦးခေါင်း, အပြည့် အစုံနှင့် နားကြ ရောက်ကြရသော ခဏကောင်းကြီးများ၌ ကလျာဏ သင်္ဂေဟ အပေါင်း သူတော်ကောင်းကြီးများ သည် ထံဘုရား အဆုံးမတော်ကြီး ဖြစ်သော သာသနာ တော်မြတ်ကြီး အရှည် သဖြင့် တည်တံ့ နိုင်ရန် အတွက် ဒါန,သီလ ဟူသော စရဏ ကုသိုလ်ရ ပြုကြသော အခါ၌ ပင်, ထိုဗန္ဓုရ သရက်သီး၏ နှစ်သီ ဩဇာနှင့် တူသော သန္တိသုခ နိဗ္ဗာန်၏ အရသာထူးကြီးကို, စားသောက် မှီဝဲ နိုင်ရန် နှုတ်သီးနှင့် တူသော ဉာဏ, ဝိရိယ, ပဿနမှန် ဝိဇ္ဇာဉာဏ်များ တပ်ဆင်လျက်သာ ပြုလုပ် အားထုတ်ကြ ကုန်၏။

ထို့ကြောင့်........

စရဏံပါဒပက္ခံ၀၊ ဝိဇ္ဇံ တုဏ္ဍ သမံ သမံ။

ပူရေတွာ န ပဗ္ဗေယျံ၊ ဘုဉ္ဇိတုံ အမတံရသံ။ ။

ဘော၊ အမတ ဟိတ်အခြေကို, စိတ်ဝမ္မေအဖြင့်ရှင်းလို ကြတဲ့, ဝမ္မ မိဘ်ဆွေ တသင်း, အို..... အချင်းဘို့၊ ပါဒ ပက္ခံ၀၊ သွားနိုင် လာနိုင်, ပျံသန်း နိုင်အောင်, ခြေ အ တောင်တို့နှင့် ဥပမာပုံညွှန်, လွန်စွာပင် တူပေ ထသော၊ စရဏံ၊ နိဗ္ဗာန်စံဝင် မြတ်အရှင်တို့, ကျင့်စဉ်လက်ရိုး,ဒါန, သီလ,စရဏ, ကုသိုလ်မျိုးကိုပင်း, တုဏ္ဍသမံ၊ နှုတ်သီးနှင့်

တူပေထသော။ ဝိဇ္ဇာ၊ ဒိဋ္ဌိ အစရှိသော၊ အခွံကိုခွါ၊ တဏှာ၊
မာန ဟူသော အကာတွေကိုပစ်၊ ကုသလာဓမ္မာ စေတနာ
အစစ်၊ ဖွေရှာလှစ်ကြ၍၊ ငါမတွေ့ သူမရ၊ အနတ္တသဘာဝါ၊
အတ္တ ငါ အုံ ဓာတ်သိမ်းကျက်၊ ငြိမ်း ချမ်းသာလှပေသော
နိဗ္ဗာန်၏ အရသာကို ယူခါ၊ ရွေးချယ် ချူတတ်တဲ့၊ ဝိဇ္ဇာ
ဉာဏ်အလင်းတရားကြီးကိုရင်း။ သမံ၊ ဝိဉာဏ်ပညာမြင်
နှစ်ဖြာက၊ မပိုမသာ ချိန်ခွင်လျှာ ပမာန ဘောင်ဝင် ကျဘို့
ညီမျှ လေအောင်။ ပုရေတွာန၊ နောက်နောင် သာသနာ
မှေးခါမဖင့်၊ အချိန်မပင့်တော့ဘဲ အသင့်တွေ ကြုံခါနေ
ကြတဲ့၊ ရှင်တော် ဂေါတမ၏ သာသနာ အချက် အခါကာ
စက်ဝှိုက်ပင်လျှင်၊ တွင်တွင်ကြီး ဆင်ခြင်ပွါးများ အားထုတ်
ကြကုန်ပြီး၍။ အမတံ ရသံ၊ မအိုမနာမသေရာမှန်၊ နိဗ္ဗာန်
ချမ်းသာမြိုက်ရသာကြီးကို။ ဘုဉ္ဇိတုံ၊ ဗျာပါရနှင့် ကြောင့်
ကြလွှတ်ကင်း၊ တောင့်တမှု အစဉ်ရှင်း၍ ပိုင်ပိုင် နှင်းနှင်း
လက်ငင်း ခံစားကြရစေခြင်းငှါ။ ပကွေ့ယျုံ၊ အဖုံဖုံ လိုရာ
စခန်း ခေမာနန္ဒသို့ တဟုန်တည်းနှင့်ခုန်ကာပင် လှမ်း၍မို့၊
ပျံသန်း ကူးမြောက် နိုင်ကုန်ရာ သတည်း။ ပကွေ့ယျုံ၊
သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာ ဂုဏ်တို့ဖြင့်၊ လွှမ်းခြုံခါ
အစုံညီဆ၍၊ ဝိဝဋ္ဋဒါနကို တွင်တွင်လိုက်စားလျှက်၊နိယတ
သီလကို ရင်ခွင် ပိုက်ထားခါ၊ ဝိပဿနာ ဘာဝနာ ဆိုတဲ့၊
တရား အစဉ်တွေကို၊ထင်မြင်အောင် ဆိုက်ပွါးမှု၊မိုက်မှား
ခဲ့သမျှ၊ တဏှာ မာန ဒိဋ္ဌိ တို့ဆောက်လုပ် အပ်တဲ့၊ ဥပါဒါ
နက္ခတ္တာ၊သံသရာ တခွင်ကိုတဘန်ဖြန်ခါ၊ တခဏ်ကလေးမျှ
မနားမကျ၊ ကြတော့ဘဲ အရိပ်မြေ လှတဲ့ ပြည် နိဗ္ဗာန်ကို၊

စိတ်ကြီးခါ ကိုယ်ပါပြီး လိုရှိ ၊ ပြောဘ်......လိုရာခရီး အပြီး လှမ်းတက်လိုက်ကြ ပါကုန်ရို့ အံ့သတည်း။

အဓိပ္ပါယ်အရ၊ ပစ္စက္ခယုတ္တိသိုသော်၊ တခုသော ဗန္ဓုရ သရက် ဥယျာဉ်ကြီးတွင်၊ ထိုဗန္ဓုရ သရက်သီး၏ အဆီအနှစ်ကို၊ စားသောက် လို၍၊ အပင် အမျိုးမျိုး ကူးခါပြောင်းခါ၊ နားနေကြသော၊ ဗန္ဓုရ ကျေးသား များသည် မှည့်ဝင်းသော သရက်သီးကို တွေ့မြင်ကြရ ပါလျက်နှင့် အခွံခွါ အကာပစ်၊ အနှစ်အဆီဘဲစားသောက်ရန် နှုတ်သီးက၊ ဘိတ်ဘိတ်မျှမပါသဖြင့်၊ ထိုသရက်သီး၏၊ အနှစ်အဆီကို၊ မစား မသောက်နိုင်ဘဲနှင့် အပင် အမျိုးမျိုးသို့၊ စားရနိုးနိုးနှင့်သာ ကူးခါပျံသန်းလျက် ပင်ပန်းခြင်း ဖြစ်ကြရရှာလေသည့်၊အတောင်ခြေထောက်၊ ကိုယ်အင်္ဂါတွေပြည့်စုံ ပါသော်လည်း၊ မိမိတို့မှာ နှုတ်သီး မပါလို့သာ၊ မစားရလေသည့်ငါတို့မှာ အသင့် စားသောက်နိုင်ရန် ဤအခါမှာ နှုတ်သီးတခု တပ်ဆင်မှုအတွက် အဓိကအချက်ဘဲဟု၍ မသိရှာကြဘဲလျက်၊ စားရနိုးနိုးနှင့် အပင်ရှိသမျှကိုသာ၊လွှဲခါ ပြောင်းခါ ပျံသန်း၍နေရှာကြလေကုန်၏။

ထိုနည်းတူစွာ၊ ဥပမာကဲ့သို့၊ သူ ငါ က စ ပုထုဇဉ် မှန်သမျှမှာလည်း၊ ထိုဗန္ဓုရ သရက်ပင်တွေနှင့် တူသော၊ ဂင်္ဂါယ ဝါဠုကံ ရဏ္ဏံ ပရာဇေတွာန၊ အစရှိသဖြင့်၊ ဂင်္ဂါ သဲစုနှင့် အမျှမက၊ ပွင့်တော်မူကြ ကုန်သော၊ သာသနာတော် ဉယျာဉ် သရက်ပင်၌၊ မှည့်ဝင်းလျက်ရှိသော သရက်သီး၏ အနှစ်အဆီဩဇာနှင့်တူသော၊နိဗ္ဗာန်အမတာ၊ ခေမာသိဝ ဘေးမခသည့် မြေ လှစွာသော အရသာထူးကြီးတွေ

ရှိမှန်း သိလျက်နှင့် မဂ္ဂ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် နှုတ်သီး မပေါ ခဲ့ကြသဖြင့်, ဘယ် သာသနာတုံးကမျှ, မစား မသောက် နိုင်ခဲ့ကြဘဲလျက်, သာသနာ့ဥယျာဉ်, သရက်ပင်အမျိုးမျိုး ကိုသာ အဆင့်ဆင့်မျှော်ကိုးလျက်, နာနာသတ္တ ဥလ္လောကန ဘေးသင့်ခါ, ဝိဇ္ဇာဉာဏ်နှုတ်သီးတပ်ဆင်မှုကို အလေးဂရု မပြုကြသေးဘဲနှင့် ယခုတွေ့ကြုံ ရောက်ရှိဆဲဖြစ်သော ရှင် တော် ဂေါတမ၏ သာသနာတော်ဥယျာဉ် သရက်ပင်ကြီး ကို နားနေလျက်နှင့်ပင် မိတေ္တယျရှင်၏ သာသနာ သရက် ဥယျာဉ်ကိုသာ, ပတ္ထနာကလေး သက်ကိုင်ထားပြီး, လည် တဆန့်ဆန့်နှင့် စောင့်ငံ့မျှော်မှန်း၍နေကြသောပုဂ္ဂိုလ်တွေ သာလျှင် များစွာတွေ့မြင်၍ နေရလေတော့၏။

ထိုသို့, သာသနာအမျိုးမျိုးကို ကိလေသာ၏ ပရိယာယ် အတိုင်း, ဘဝပတ္ထနာ ကလေးနှင့် မျှော်ကိုး၍ နေသော ပုဂ္ဂိုလ် များသည်, မိမိကိုယ်အား မိမိမသနား တော့ဘဲ လျက်, ထိုသို့ပတ္ထနာဆဲ၌ပင် တသွင်သွင်စီးဆင်း၍ နေသော ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ ဟူသော မြစ်သမုဒ္ဒ လေးစင်းထဲသို့ ပြေးဆင်း နှစ်သက်၍ နေသည် မည်၏။

သို့ဖြစ်၍, သည်သာသနာ့ နာရီကို အမှီလိုက်နိုင်ကြဘို့ အရေးကို ထောက်တွေး မျှော်ဆ၍, ဒါန, သီလ, သမထမှု စရဏကုသိုလ်ဗုကို, ဝိညာဏ်မြင် သမုတိသစ္စာအရပြုလုပ် ကြတဲ့အခါများတွင် ပညာမြင် ပရမတ္ထသစ္စာ, ဝိဇ္ဇာဉာဏ် နှုတ်သီးတပ်ခါ ကောင်းမှု မကောင်းမှုမျှ ပြုပြင်တဲ့ခဏမှာ ကာရကဝေဒကမဘက် သက်သက်သောစေတနာ မွေကို၊

နေရာတကျ ထင်မြင်အောင် ဆင်ခြင် ပွါးများ အားထုတ် ပြုလုပ်ကြမှသာ, ဝိညာဉ်ပညာ မြင်နှစ်ဖြာက မပို မသာ ချိန်ခွင်လျှာ ပမာဏ ဘောင်ဝင်အောင် မြင် မှသာ, သမ္မာ မြင်ဟုဆိုပါ, သို့မဟုတ်က လျော့ရင် မိစ္ဆာ, သာလျှင် ဒိဋ္ဌိ သိကြပါလေ ဉာဏ် ကဝေတို့. ဟူသော ခြောက် ဆောင် သခင် ကျေးဇူးရှင်ကြီး၏ ဩဝါဒနှင့် ကိုက်ညီ ကြလိမ့်မည် ဟု မှတ်ကြပါလေ။

ကြောင်ပန်းက ဒါန,သီလ, ကို ပယ်သည် ဟူ၍ အကဲ ဖြတ်၍ နေကြသော ယောဂီတွေကို, ဤလိုဘောင်ဝင်မကျ သော ကြောင်ဖျက်တွေ၏ စကားများကိုတော့,ဗုလေင်မြို့ နာယက ဆရာတော် ဘုရားကြီးများနှင့် တကွ, ကွန့်ဝိတ္တိ နယ်တာဝန်ခံပုဂ္ဂိုလ်များကလည်း,တာဝန်မယူနိုင်ကြောင်း ကြေငြာလိုက်ရပါသည်။

စရဏာကုသိုလ်ပြုရင်း ဝိဇ္ဇာဉာဏ် နှုတ်သီးတပ်ရန်

ကမ္မဿကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။ ။

ကမ္မဿ၊ ကောင်းမှု မကောင်းမှု,အကြောင်း နှစ်ခုထင် ရှား,ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးကို။ ကာရကော၊စီမံ ထကြွ ဗျာပါရနှင့်ကြောင့်ကြ စိုက်ထုတ် ကျိုးအားကုတ်၍ ပြုလုပ်တတ်စွာ သတ္တဝါသည်။ နတ္ထိ၊ သခ်တမှန် ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်ကြည့်လေ မရှိချေ။ ဝိပါကဿ၊ အ ကြောင်းရှိမှ ဖြစ်ပေါ်ရတဲ့ သဘာဝစက်, ကျိုးဝိပါက်ကို။ ဝေဒကောစ၊ စုံလား ဆန်လား သံသရာတလွှားမှာ, ခံစား

တတ်စွာ ပုဂ္ဂိုလ်သတ္တဝါသည်။ နတ္တိ၊ သဘာဝမှန်, ပရိညာ ဉာဏ်ဖြင့် ဝေဘန်ကြည့်လေ မရှိချေ။ သုဒ္ဓဓမ္မာ၊ အကောင်း အဆိုး ကြောင်း ကျိုး နှစ်ဖို့, ညီညွတ်စုံက, ဓါတ်ပုံတံဆိပ် ခပ်နှိပ်မှန်ပြ ပမာနသို့ အတ္တ အတ္တနိ၊ မရှိမရ, ပကတိဓမ္မ သဘာဝထုတ်ဆိုလျှင် ကာရက ပုဂ္ဂိုလ်လဲမဖြင်, ဝေဒက ပုဂ္ဂိုလ်လဲမယှဉ် တသွင်သွင် သဘောအချက်ကတော့, အ ထင်အမြင်နဲ့ အပြောခက်လှတဲ့ သက်သက်သော ရုပ်နာမ် သုညတ, အနိမိတ္တ အနိဗ္ဗဓမ္မမျိုးဘို့သည် သာလျှင်။ ပဋ္ဌာန်၊ ပုညာပုညအာနေဉ္ဇဟု၊ ကိုးခုနှစ်ဆယ်, ကံမြစ်တွယ်၍, ဖြစ် နှယ်မတုံး ပျက်မဆုံးဘဲ, အမျိုးမျိုးဆက် ကျိုး ဝိပါက်တို့ တက်ခါ ပြန်လှန်, အတန်တန်ဖြင့်, တရံမစဲ အဘန်ဘန် စွဲစွဲ ငြိး, အနန့်နဲ့ဖြစ်ပျက်၍နေကြလေကုန်၏။ ဧဝံ၊ ဤသို့ ဆိုအပ် ခဲ့ပြီးသော, နည်း သဘော ရှိကြ ကုန်သော။ ဧတံဒဿနံ၊ အကြောင်းအနုတ္တ, အကျိုးအနုတ္တ, နှစ်ရပ်ဓမ္မ, ဓါတ်အရ ဒွဲ, အတ္တ ပျောက်ကင်း, အလင်းမကျိုင်, ဉာဏ်ပိုင် ရရှိ, သဘော မယွင်း, ဤကဲ့သို့ သိမြင်နိုင်ခြင်းသည်။ သမ္မဒဿနံ၊ ယထာဘူတ အမှန်ကျ၍, သံသရာ့ ဝဋ်ဘေးမှ လွတ်ဇွာ မြင်ခြင်းကြီး မည်ပါ၏ပသတည်း။ သမ္မဒဿနံ၊ အောက် သံသရာ အပါယ်လမ်း တရှောက်ကိုလ, ရောက်ရက် ဆန် ခါ ဘယ်စခမ်းကမျှ မပေါက်နိုင်ဘော့ဘူးရယ်လို့၊ မကျေ မကောက် မဖေါက်မပြန် နောက်ဆံ၌တွ မတင်းရတော့ဘဲ ကြောက်စရာ့ အတန်တန် အကျသိုသ်ကံ တသင်းကိုလ, ဟော...... ရော့လောက် ပေါ၏လောက်, ဇေပ ငြိမ်းပေ ပေါ် လို့ ပြောလောက်အောင်, အမှန် မြင်ခြင်းကြီး မည်ပါပေ

သတည်း။ ဝါ၊ ဘုရားပွင့်တွေ အမြိုက်စခမ်းရကြတဲ့ သာဝကေတို့နှင့်ဆိုက်ခမ်းရလိုကြတဲ့, အသင်္ခတ အမတာပြေကို မကြာမရှေ ရက်တိုဘို့နှင့် အမြန်ပင်စံဝင်ကြရလေအောင် မဂ်ဖိုလ်ဉာဏ် မျက်နှာချင်းကို, ဒုက္ခ, သမုဒယ နိရောဓ မဂ္ဂဟူသော လေးသစ္စာ လမင်းမှာ သန့်ရှင်းစွာ ဆုံကြရ လေကုန်တော့သတည်း။

**အဓိပ္ပါယ်။** ဝိညာဏ်မြင်သမုတိသစ္စာအရ,ဒါန,သီလ အစရှိသော စရဏာကုသိုလ် ပြုလုပ်ဆောင်ရွက်ဆဲ ခဏမှာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်သော, ရုပ်ကာယ,ရုပ်ကိုယ် ဟူသော အမူအရာနှင့်၊နှုတ်ဟုသင်္မှတ်သမုတ်အပ်သော ရုပ်ကာယ, ရုပ်အမူအရာများနှင့်တကွ၊ အရာရာ၌မြင်သိမှုကြံသိမှုအစရှိ သော စိတ်ကာယ၊ ဝါ၊ နာမ်ကာယ, နာမ် အမူအရာ ကြံ ယာတွေ, တဖွားဖွားဖြစ်ပေါ်၍လာစေရန်, ဇိမ်ပြုပြင်မှု၊ နှိုး ဆော်မှု၊ သဘောအမူအရာ ကြံယာသဘာဝသည် ကုသိုလ် ပြုလုပ် ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော, စေတနာ သင်္ခါရက္ခန္ဓာ, နာမ်တရား၏ သဘောသက်သက် မျှသာလျှင် ပရမတ္ထအားဖြင့် ထင်ရှားကြောန် အမှန်ရှိလေ သည်။ သို့ဖြစ်၍ ထိုကုသိုလ် ပြုလုပ်ဆောင်ရွက်မှုနှင့်, အ လားတူ အကုသလ အရာများ၌ ပြုလုပ်ဆောင်ရွက်မှု အကုသိုလ် စေတနာ၏ အမှုသွားကိုလည်း သိပါလေ။

ထိုသို့ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော စေတနာသင်္ခါရ တရားသည်သာလျှင်၊ကုသိုလ်မှု အကုသိုလ်မှုနှင့် စပ်သော၊ အကျိုးတရားများကို, အဘိသင်္ခါရဏာ လက္ခဏာ အားဖြင့် ပေါင်းစုပြုပြင်ခြင်းအမှုကို ပြုလုပ်နိုင်ကုန်၏ ဟု မှတ်လေ။

ထို့ကြောင့်........

စေတနာ ပဓါနာ သ ဒ်ါရာ၊ အဘိ သဒ်ရဏာ လက္ခဏာ၊ အာ သူဟာနာစဝိမ္ပါရာ၊ သေသခန္ဓ ပဒဋ္ဌာနာ။

စေတနာပဓါနာ၊ စေတနာသည်သာလျှင် ပြဓာန်းခြင်းရှိကုန်သော။ သဒ်ါရာ၊ သဒ်ါရကၡန္ဓာ(၅၀) တို့သည်။ အဘိ သဒ်ရဏ လက္ခဏာ၊ အကျိုးတရားများကို ပေါင်း၍ ပြုပြင်ခြင်း လက္ခဏာရှိကုန်၏။ အာယူဟနာ၊ အားသုတ်ယက်သဲ့ခြင်း ကိစ္စရှိကုန်၏။ ဝိမ္ပါရာ၊ ပြန့်လွင့်လှုပ်ရှားဗျာပါရ များခြင်း ပစ္စုပဋ္ဌာန်ရှိကုန်၏။ သေသခန္ဓပဒဋ္ဌာနာ၊ ကြွင်းသော နာမ် ခန္ဓာ (၃)ပါး သာလျှင် နီးကပ် သော အကြောင်း ပဒဋ္ဌာန်ရှိကုန်၏။

**တနည်း......**

စေတနာယ စေတနာ ဘာဝေါ အာယူဟော သံဝိဓါနံ၊ ဓေဋ္ဌသိဿ ဝဇ္ဇကိဝ သပရ ကိစ္စ သာဓိကာ။

စေတနာဘာဝေါ၊ နှိုးဆော်ကြောင့်ကြ ဗျာပါရရှိသော အဖြစ်သည်ရင်း။ အာယူဟော၊ အတူတကွယှဉ်သော သမ္ပယုတ် တရားတို့ကို ထိုထို ကုသိုလ် အကုသိုလ်ကိစ္စအဝဝ၌ စည်းရုံးယက်သဲ့ခြင်း အာယူဟန သည်ရင်း။ သံဝိ ဓါနံ၊ စီရင်ခြင်းပြုပြင်ခြင်း သံဝိဓါနသည်ရင်း။ စေတနာယ၊ စေတနာ၏။ လက္ခဏာဒိ၊ လက္ခဏာရသ ပစ္စုပဋ္ဌာန် မည်၏။ ပဒဋ္ဌာန်ကား ကြွင်းသောနာမ်-ခန္ဓာ(၃)ပါးဟု သိလေ။

ထို့ကြောင့်, စေတနာ သည်၊ ဓေဇ္ဇသိဝဿ ဝဇ္ဇကိဏ္ဏဝ၊ တပည့်ကြီး လက်သမား ဆရာကြီးများကဲ့သို့။ သပရကိစ္စ သာဓိကာ၊ မိမိ၏ကိစ္စ သူတပါးတို့၏ ကိစ္စ နှစ်ပါးကို ပြီး စေနိုင်၏ ဟု ဆိုလိုသည် မဟာဝိသုဒ္ဓါရာမ ဆရာတော် ပရမတ္ထသရူပ- ဘေဒနီကျမ်းကြီး၌ ပြထား၏။

သို့ဖြစ်၍ စေတနာ သင်္ခါရက္ခန္ဓာက လွတ်၍လွဲ၍ ထိုထို ကုသိုလ်အကုသိုလ်ကံတို့ကိုစီမံပြုလုပ်တတ်သော ကာရက ပုဂ္ဂိုလ်မရှိတာကို သိစေလို၍ ကမ္မဿကာရကောနတ္ထိ ဟု ဆိုသည်မှတ်။

ဤ၌, ထိုကုသိုလ် အကုသိုလ်အမှုကို ပြုလုပ်တတ်သော ကာရကပုဂ္ဂိုလ်မရှိသဖြင့်၊ ထိုထိုကုသိုလ်ကံ အကုသိုလ် ကံတို့၏အကျိုးတရားများကို ခံစားစံစားတတ်သောပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မရှိဟု သိစေလို၍, ဝိပါကဿ စဝေဒကော ဟု ဆိုသည်မှတ်။

ထို့ကြောင့်, သုဒ္ဓခမ္မမျှဖြစ်သော စေတနာသင်္ခါရက္ခန္ဓာ အစရှိသော နာမ်ရုပ်တရား နှစ်ပါးတို့သည်သာလျှင်, သူ့ အကြောင်းနှင့် သူ့အကျိုး အမျိုးမျိုးဖြစ်ပျက်၍ ဓါတ်ပုံရိုက် နှိပ်သည့် ဥပမာ၊ အကျိုးတရားခန္ဓာငါးပါးတည်းဟူသော ဖလင်ချပ်မှာ လှသည့်,ယဉ်သည့် ဘုန်းကြီးသည့် ချမ်းသာ သည့် ကုသလအရိပ်,အကြီးတန်သည့် ရိုင်းပြသည့် တန့်နိုး ငယ်သည့် မွဲသည့် အကုသလ၏အရိပ်၊ ထိုပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော စေတနာကံရိပ်ကိုစွဲ၍၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ် သော စိတ်နာမ်တရားကပင်၊ အမျိုးမျိုးထင်မြင် သရုတ်လေ

တော့၏။ ဤ၌ သင်္ခါရေ-ဝ သင်္ခါရေ ဝိပဿန္တိ ဟူသော အချက်ကို မှော်လေ။

ထိုကြောင့်, ဓါတ်ပုံတင်ဆိပ်ခပ်နှိပ်မှန်ပြ, ပမာနသို့ဟု ဆိုလေသည်မှတ်။ ထိုအချက်ဝတွင် ကုသိုလ်အကုသိုလ် အမှုများကို မှုတည်၍ပြသဖြင့် မြင်မှု ကြားမှု အစရှိသော ဒွါရ (၆)ပါးမှာ သွား ရပ် ထိုင် လျောင်း, ဣရိယာပထအပေါင်းကိုလည်း ကာရက ဝေဒကမရှိ၊ ငါ သွားတတ် ရပ်တတ် ထိုင်တတ်၊ လျောင်းတတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိပုံကို ဉာဏ်ကုန် နှိုင်း၍သာ သိပါလေ။

## သင်္ခေပဆောင်ပုဒ်များ

(၁) လှုဒါန်းတဲ့ခါ စေတနာ စွဲမှီပါကြ ရုပ်ပမျှ၊
ပုဂ္ဂိုလ်သူငါ မြူမပါ၊ လှုရာကာလ သိကုန်ကြ။

(၂) ငါမဟုတ် သူ မဟုတ် လှုဒါ နာမ်နှင့် ရုပ်။ ငါမရှိ
သူမရှိ လှုရာ နာမ်ရုပ်ရှိ။ မရှိဒါ အသာနေ ရှိဒါရှာ
ဖွေ၊ မနှံငြွေ့ ညှိမ်ပစေ အဲဒါမှ ဒုက္ခအရှိန်သေ။

ဤတပိုဒ်ပြ သဲလွန်စဖြင့်·မြင်မှုဖြစ်သောစေတနာ- ကြားမှု နံမှုစားမှုထိမှုတို့၌ သူ့ဆုံဖြေနှင့် သူ အလားတူ ထည့်သွင်း၍ သိလေ။ ။တနည်း, သွားမှုဖြစ်သော စေတနာ(လ) ရပ်မှု ဖြစ်သော စေတနာ(လ)ထိုင်မှု လျောင်းမှု ကွေးမှု ဆန့်မှု စသည်ဖြင့်, အရာရာတွင် အထက်မှာ ဖေါ် ပြပါ အပိုဒ်၌ ထည့်သွင်း၍ အသုံးချပါလေ။ အရာကျယ်လှ၏။

ဤသို့, ဒါန အစရှိသော အမှု တခု ပြုလုပ် ဆဲတွင်, ဝိညာဏ်ပညာ, နှစ်ဖြာမြင်သိသောအခါမှာ,ပရိဗ္ဗာဂလက္ခဏာ ဒါန် အရ ရုပ်ဝတ္ထုကို အလောဘ ဟိတ်အခြေခံချက်

စွန့်လှူသော စေတနာက, ဒါန ကုသိုလ်ကံဟုမှတ်, ဤခဏ တွင်, ကုသလ အမှုကို, ကာယဝစီ မနောဖြင့်, အဒေါသ ပဋ်တ်အခြေခံလျက်, အရိုအသေပြုတာက, အပစာယန, သီလကုသိုလ်ဟုမှတ်။

ထိုသို့, ကြောင်း ကျိုး အစဉ်မျှဖြစ်သော ဒါနကုသိုလ် စေတနာ၌, သတ္တနိမိတ်, ဇီဝနိမိတ်, သုံးဆိတ် အောင်မြင် မှုသည့်, သတ္တဇီဝဂ္ဂဟတ်သော နာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဟေတု ပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဉာဏ်, နှစ်ပါး ဖြစ်၏။ ထိုဉာဏ်နှစ်ပါးက အတိသြဠာရိက အတ္တဒိဋ္ဌိနှင့် အတန် ငယ် ရုံ့ရင်းသော, သြဠာရိက အတ္တဒိဋ္ဌိ, အခွံ ကြမ်းကြီး များကို ပယ်ခွါသော, ပဌမဆင့် ဝိဇ္ဇာဉာဏ်နှုတ်သီးဟုမှတ်, ထိုစခန်းကို ဉာတပရိညာ စခန်းဟုဆိုလေ။

ထိုစေတနာ ဟူသော သင်္ခါရတရား၏ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာသုံးပါးကို အဖန်ဖန်ပွါးရှုသောဉာဏ် သည် ဒိဋ္ဌိတကာ တို့၏ မူလ ဗီဇ ဖြစ်သော အာရမ္မဏာ နုသယ အကာကို ပယ်ခွါသော ဒုတိယဆင့် ဝိဇ္ဇာဉာဏ် နှုတ်သီးဟုမှတ်, တီရဏ ပရိညာစခန်းဟုဆိုလေ။ ထိုခဏ တွင် ဝိပဿနာဉာဏ်မှ သဗ္ဗသင်္ခါရအားလုံးကို စုပေါင်း၍, အကြောင်း သမုဒယနှင့် အကျိုး ဒုက္ခမျှသာဟု သင်္ခါရ၏ အာဒီနဝကို မြင်သဖြင့်, ဗျာပါရမှု ရုတ်သိမ်းလျက် အခြေ အနေ ပေးလိုက်သည့်အတိုင်း အနညာတညဿာမိ တိန္ဒြေ ဟူသော မဂ်ဉာဏ် တကြိမ်သည်, နိယျာနဋ္ဌ, ဟေတွဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌ ဟူသော အနက်ရှိ လက်နက် ကောင်း များဖြင့်, ကာလ ဝိမုတ်မျှ ဖြစ်သော သန္တာနာ

နုသယကိလေသာကို အမြစ်ပါ ခုတ်ဖြတ်ချနိုင်သော သမုစ္ဆေဒ ပဟာန်ဖြင့်, သစ္စာ လေးချက်ကို တပြိုင်နက် တချက်တည်း ရစည်း မြင်လိုက်လေတော့၏။

ထိုအချက်ကိုပင်, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၏အဆီ အနှစ်ကို စားသောက် မှီဝဲသော လောကုတ္တရာ မဂ္ဂ ဖလ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် နှုတ်သီးဖြင့်, ပဟာနပရိညာကိစ္စ ပြီးဆုံး အောင်မြင်သော ဉာဏ်ဟု မှတ်လေ။ ထိုစကားကြီးများကို အဘန်ဘန်ကြိုး၍ သိမြင်အားထုတ်ကြလေ, ယောဂီတွေဘို့။ ထိုကြောင့် အခွံကိုခွါ အကာကိုပစ် အနှစ်ကိုရှာ ဟု ဆိုသည်မှတ်ပါ။

သို့ဖြစ်ရာ, သတိထားရန် အချက်တခုမှာ ယခု ရေးခဲ့တာတွေကို ယောဂီတို့၏စိတ်ဖြင့် နှလုံးသွင်းရာ၌ ကျေနပ်အောင်သာ ဓမ္မတို့၏ ဖြစ်စဉ်တွေကို ဖေါ်ပြလိုက်ရ ပေသည်, အားထုတ်ရာမှာ အကြောင်း တရားကို စွဲမှီ၍ ဖြစ်ပေါ်သော ရုပ်နာမ် အနိစ္စ လက္ခဏာ ဒုက္ခသစ္စာကိုသာ ငါ မဟုတ်သော သမ္မာဒိဋ္ဌိဉာဏ်၏အနေဖြင့် ချုပ်ခနဲ့, ရိပ်ခနဲ့ အမှန်သိလိုက်တဲ့ ခဏ၌ ဖေါ်ပြပါ ကိစ္စရပ်ကို မပြောတတ် မဟောတတ် သော်လည်း အားလုံးကုန် ကိစ္စပြီးဆုံးလေ တော့သည်ဟု မှတ်ပါလေ။

## သင်္ခေပဆောင်ပုဒ်များ

၁) နိဗ္ဗာန် ကို လိုချင် ကြရင်, ရုပ်နာမ်ကို ပရိညာတင်, ပေးလှူရာတွင် သမ္ပဇဉ်ရှိက ဆောက်တည် ရာတွင် သမ္ပဇဉ်ရှိက ဒါနပြုရင်းချက်ခြင်း နိဗ္ဗာန်ဝင်, သီလ စောင့်ရင်းချက်ခြင်း နိဗ္ဗာန်ဝင်။

ဤတွင်,ကြည့်ရင်း မြင်ရင်း ကြားရင်း နာရင်းနဲ့ ရင်းစားရင်း တွေ့ထိရင်း ကြံသိရင်း, သွားချပ် ထိုင် လျောင်း အစရှိသမျှ သိကြလေ မြင်ကြလေ။

တနည်း .....

(၂) ဒါနပြုကြ များသူ့သူငါ မင်္ဂလိုမရ ဒုက္ခဘုံနယ်မှာ တလယ်လယ်ကြာ, ဝေဘာနံကာ တကယ် ကြည့်တော့, ဒိဋ္ဌိ ဝန်ဘေး မလွတ်အောင် သူ့ကြောင့်သာ, အဲသို့ရို့ကြောင့် များသူ ငါ,ပေးလှူရာမှာ ငါ အနေမရတဲ့, ဆောက်တည်ရာမှာ ငါ အနေမရတဲ့, စေတနာ နာမ်မွေ့ ဒုက္ခ သူ့တံထွာ အဲဒါလို မြင်ဆဲမှာ နိဗ္ဗာန်ကို မှီသျက်ပါ, ပေးလှူလေရာ ဒါန မျိုးဟာ ဆောက်တည်လေရာ, သီလ မျိုးဟာ, ပါရမီ ဒါန မချ ဝိဝဋ္ဋာ။ ဝါ၊ ပါရမီသီလ မချ ဝိဝဋ္ဋာ။

ဤတွင်ဒုက္ခ၏နေရာ၌ အနိစ္စနှင့် အနတ္တ ကိုလည်း ထည့်သွင်း၍ ဆိုနိုင်ပါ၏။

"အများအကြိုက်"

(၁) တဏှာဝသေန ဘဝဘောဂဏှာယ ပဝတ္တိဘာဝဟိနံ ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အရ သင်္ခေပ ဆောင်ပုဒ်။

(၁) ကုသိုလ်ပြုရာ အတ္တ ဖမ်းလို့ ဟိနလမ်း ဝင့်ခမ်းချာချာလယ်။ သမ္ဘတ္တိကိုမျှော်ခါမှန်းလို့,ငါးကောင်းမှုတောင်းဆု ပန်ဆိုတယ်။ သံသရာဘုံ လယ်ထဲဝယ်, သူငါအစွဲနဲ့ ထယ်လဲ ဘာကြောင့်ကျယ်, အဝိဇ္ဇာ

ပစ္စယာ သင်္ခါရမိ,, ပြုလုပ်ရာက ဘဝဖြစ်ရတယ်,
လူ့ရာဝယ် လောဘသမုဒယပါတော့တယ်,ဩြ်-
ဝဋ်ဒုက္ခမျိုး အကျိုး ငွေ့နဲ့ဝယ်။

''ဘုရား အကြိုက်''

(၁) သစ္စသတ္တ ဝိမောက္ခဏ္ဍာယ, ပဝတ္တိတံ ပါရမိတာ
သီလံ ပဏီတံ, ဟူသောအရ......

## သင်္ခေပ ပဏီတဆောင်ပုဒ်

(၁) ကုသိုလ်ပြုရာ အဓိကမှန်းလို့ ပဏီတလမ်း ဝဋ်ခမ်း
လွတ်ရာဝယ်, ဝိပဿနာပညာစခမ်းက အောင်
နန်းကို တမ်းတချိန်ခါရွယ်၊ကုသိုလ်စေတနာ မွေ့ရှာ
လှစ်၍ စနစ်ကျန် ပွားရှုကြံရင်ကွယ်, သံသရာချာချာ
လှဲ့တဲ့, နယ်ချဲ့ရန် လွတ်လပ် ဖြေလိမ့်မယ်, လူ့ရာဝယ်
လောဘ သမုဒယ ပြယ်တော့တယ် ဝိဝဋ္ဋမျိုးအကျိုး
နိဗ္ဗာန်နယ်။

''အကျယ် အလိုရှိ, ခြောက်စောင်တွဲမှာကြည့်''

ဤသည်ကား ကြောင်ပန်းသာဝက များသိသတို့, ဒါန ပြုနည်း နိသျှည်းကို သိပ်သည်း သချာ ပညာအဆင့်, မျှော်ခါချင့်၍ ထောက်ပင့်ပေးလှူ အရေး ယူလျှက်, ဝဋ်မှ ထွက်ရန် အကြောင်းမှန်ကို ဘန်ဘန်ပွါးရှု ငါးခုခန္ဓာ ဖြစ်ပျက်ထာကို ဉာဏ်မှာထင်လင်း အမြင်ရှင်းက လူ့ရင်းခဏ အတ္တမရှိ, အဇ္ဈနိမရ မွေ့အမှန် သယံဇာတ သဘာဝစက် ဝဋ်ဒုက္ခ အချက်ကို, အကွက်ထင်ခါ, မြင်သော ခါဝယ်

ပဋ္ဌာနလောဘ လွှတ်ငြိမ်းကြလျက် သဏ္ဍာသညာ, ပယ်ခွါမရှိ, ပကတိအနတ္တ မြင်ခဏတွင် အသစ်တ နိဿရဏ ပဘာန် ဝင်စံခံစား,ဘုရားအလို မှားမပိုဘဲ ကြွားလိုသော သဒ္ဓါ, ဘယ်ခါမရှိ ပကတိ စင်ကြယ် မှောင်ဝယ် မသန်း, ကြောင်ပန်းမည့်တွင်,ထေရ်အရှင်တို့ သွန်သင်လမ်းပြ ကျနမှန်စွာ သာသနာမှာ ဒါနံဒါတဗ္ဗံ သီလံရက္ခိတဗ္ဗံ ဘာဝနံဘာဝေတဗ္ဗံ, ဟု ဆုံးမည့္နှိပြ ဩဝါဒကို ကျနလိုက်စား မမှား မစောင်း, သူတော်ကောင်းတို့, ထုံးဟောင်းမပျက်, ဆက်ခါဆက်ခါ သာသနာအရေး မျှော်တွေး ထောက်ဆ, ဓမ္မသဝန, ဓမ္မဒေသနာ, ဖွေရှာ စိစစ်, မကောင်းရာမြစ်, ကောင်းရာလှစ် **အသစ်ဟောကြူး**, နာဘူး ထပ်မံ, နိဗ္ဗာန် ဝင်ရာ မေတ္တာလည်းပြု ကုလုပဝရ, သမဏ ရဟန်း ကျင့်လမ်းမှန်စွာ ဆရာသခင် ကျေးဇူးရှင်တို့ သွန်သင် မှာကြား လမ်းစဉ်များကို တိုင်းကားပြည်ရွာ လူတကာတို့ သိကြစေရာ ကြော်ငြာစာ**ထမ်း** ထုတ်ခါ ကမ်းသည်၊ မျှော်မှန်းသိစေ, ယောဂီတွေတို့။

၄၂။ **တနည်းအားဖြင့်**, သိစရာ အချက်ကို တဆင့်တက်၍, လောကီ သမ္မာဒိဋ္ဌိ ခုပ်ချုပ် ပိုင်ဆိုင်သော နယ်ကို

**ဇယားနှင့်တကွပြပါဦးအံ့**

| | နိဿယတရား | | နိဿိတတရား |
|---|---|---|---|
| (၁) | လောဘ | + | တဏှာ |
| (၂) | ဒေါသ | + | မာန |
| (၃) | မောဟ | + | ဒိဋ္ဌိ |

ဤကဲ့သို့, နိဿယ, နိဿိတအားဖြင့် သရုပ်တရားကိုယ်အရ ရေတွက်သော် (၆)ပါးရှိရာ, နိဿိတဖြစ်သော ပပဥ္စတရား (၃)ပါးတွင် တဏှာ၏ တရားကိုယ်သည် လောဘတခုတည်း ရ၏မှတ်။ မာန၏ တရားကိုယ်သည် ဒေါသ တရားတခုတည်းရ၏မှတ်။ ဒိဋ္ဌိ၏ တရားကိုယ်သည် မောဟ တခုတည်း ရ၏မှတ်။

ထိုကဲ့သို့ သရုပ်နည်းအားဖြင့်, နိဿယ, နိဿိတ တရား (၆)ပါးကို အမျိုး အစား တူရာသို့ ပေါင်းစပ်၍ ကြည့်သော်......

(၁) လောဘ (၂) ဒေါသ (၃) မောဟ ဟူ၍ သုံးမျိုးသုံးစား သုံးပါးထည်းတည်း ထွက်ပေါ်၍ လာ၏။

ထိုတွင် အောက်ပါဇယားကိုကြည့်ပါလေ။

(၁) ကာမရာဂါနုသယ + လောဘ + ဒါနံ အလောဘော ဟေတု၊ တဒင်္ဂပဟာန်

(၂) ပဋိဃာနုသယ + ဒေါသ + သီလံအဒေါသော ဟေတု၊ တဒင်္ဂပဟာန်

(၃) အဝိဇ္ဇာနုသယ + မောဟ + ဘာဝနံ အမောဟော ဟေတု၊ ဝိက္ခမ္ဘနပဟာန်

(နိဿယတရား) (နိဿိတတရား)(ပယ်သတ်သောတရား)

ဤတွင်, လောဘ၌ ကာမရာဂါနုသယအားပေးလျက်ရှိ၏။

ဒေါသ၌ ပဋိဃာနုသယ အားပေးလျက်ရှိ၏။

မောဟ၌ အဝိဇ္ဇာနုသယ အားပေးလျက်ရှိ၏။

သို့ရာတွင် ဒါနံအလောဘောဟောတု ဟူသောအရ ဝဋ္ဋ နိဿိတ ဒါနသည် ဝိတိက္ကမမျိုး အကျိုးလောဘကို တဒင်္ဂ ပဟာန်မျှသာလျှင် ပယ်စွမ်းနိုင်၏၊ အားပေးလျက် ရှိသော ကာမရာဂါနုသယ ကိလေသာကို မပယ်စွမ်းနိုင်ဟုမှတ်။

ထိုအတူ, ဝဋ္ဋနိဿိတ သီလသည် ဝိတိက္ကမမျိုး အကျိုး ဒေါသကို တဒင်္ဂပဟာန်မျှသာလျှင် ပယ်စွမ်းနိုင်၏၊ အား ပေးလျက်ရှိသော ပဋိဃာနုသယ ကိလေသာကို မပယ်စွမ်း နိုင်ဟုမှတ်။ ထိုနည်းတူစွာ ဝဋ္ဋနိဿိတ သမထ ဘာဝနာ သည် ပရိယုဋ္ဌာန ဝိတိက္ကမဘုံ၌ ဖြစ်သော မောဟ ကိလေ သာကိုသာ ဝိက္ခမ္ဘနပဟာန်မျှသာ ပယ်စွမ်းနိုင်၏၊ အားပေး လျက်ရှိသော အဝိဇ္ဇာနုသယကို မပယ်စွမ်းနိုင်ဟု မှတ်ရာ လေ။

ဥပမာ, အလွန်စည်ကားလှသော ရွက်သေး မန်ကျည်း ပင်ကြီး၌ ထိပ်ဖျားရှိ အရွက် အခက်များကို အကုန်လုံး ခုတ်၍ ပစ်သော် ၄-၅လခန့် ရှင်းလင်း၍ သွား၏။ မိုးဥဒုံး ကျ၍လာသော် စည်ကားမြဲ စည်ကားလျက် ရှိပြန်၏။

တနည်း, သေး မျက် နှာကို ဖြာသန်း လျက် ရှိသော အကိုင်းကြီးများကို ခွဆုံကဖြတ်၍ ပစ်သော် နှစ် ကာလ အတန် ကြာအောင် ရှင်းလင်း၍ သွား၏၊ သို့သော် ၁နှစ်, ၂နှစ်ကြာသောအခါ ငုတ်ကိုင်းများ ပေါက်မြဲ ပေါက် ကြ ပြန်၏။

ထို့ပြင်, ဘယ် အတွက် အကိုင်း အခက် အရွက် များ,

အဘန်ဘန်ပြန်ပြီး စည်ကား၍နေရပါသနည်း ဟု ဝေဘန်သော် မြေထဲ၌ ငုံနှံးအောင်း၍ နေသော ရေသောက်မြစ် (၇)မြစ်က ထင်ရှား၍နေသောကြောင့် ပေတည်း။

ဥပမေယျမှာ ထိပ်ဖျားရှိအရွက်အခက်များနှင့် ဝိတိက္ကမ ကိလေသာ တဏှာ လောဘ ဒေါသ များနှင့်တူ၏။ ခုတ်ဖြတ်သော ဒါးနှင့် ဒါနကုသိုလ် သီလကုသိုလ် စေတနာများနှင့်တူ၏။

ဖြာသန်း၍ နေသော အကိုင်းကြီးများနှင့် ပရိယုဋ္ဌာန လောဘဒေါသ မောဟ တရားတို့နှင့်တူ၏။ ဖြတ်လှီးသော ပုဆိန် လွှများနှင့် အာနာပါန အစ ရှိသော သမထ ဘာဝနာ များနှင့်တူ၏။

ထို ဒါး ပုဆိန် လွှ တို့သည် ရေသောက် မြစ်များကို ဘယ်လိုနည်းနှင့်မျှ မတူးမဖြတ်နိုင်ဘိသကဲ့သို့ မောဟ ဒိဋ္ဌိ ပဋ္ဌနာလောဘကိုအမှီပြု၍ အားထုတ်လုပ်ကိုင်သော ဒါန သီလ သမထ ကုသိုလ်များသည် ရေသောက်မြစ်နှင့် တူသော ကာမရာဂါနုသယ ပဋိဃာနုသယ အဝိဇ္ဇာနုသယ အစရှိသော အနုသယ(၇)ပါးကို အနည်းငယ်လောက်မျှ ပယ်သတ်ခြင်းငှါ မစွမ်းနိုင်။ ဤကဲ့သို့အတိုင်း ရုပ်နာမ် နှစ်ဖြာ ဤခန္ဓာ၌ သစ်ပင်၏ အရွက် အခက်နှင့် တူသော ကာယကံ(၃)ပါး ဝစီကံ(၄)ပါး ဝိတိက္ကမ ကိလေသာများသည် မောဟ ဒိဋ္ဌိ ပဋ္ဌနာများကို အမှီပြုလျက် ပေးလှူဆောက်တည်ကြသော ဝဋ္ဋနိဿိတ ဒါနသီလ ကုသိုလ်များ ပြုလုပ်ဆဲ၌ တဒင်္ဂငြိမ်း၏ အာရုံဟည်း ဟူသော မိုဃ်းဥတု

ရေဥတုနှင့်တွေ့ပြန်လျှင် တဘန်အသစ် ထိုဝိတိက္ကမ ကိလေသာများ စည်ကားကြပြန်၏။ ထိုအတူ သစ်ကိုင်းကြီးများနှင့် တူသော အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဟူသော ပရိယုဋ္ဌာန ကိလေသာတို့ကို အာနာပါနအစရှိသော သမထဘာဝနာ ဒါးလှံပုဆိန်များနှင့် ခုတ်ဖြတ်ပါသော်လည်း နှစ်အတန်ငယ်ကြာသော် အကိုင်းအတက်ကြီးများ ပေါက်မြဲပေါက်ရောက်ကြပြန်ဘိသကဲ့သို့ ထိုပရိယုဋ္ဌာနကိလေသာများသည် အကြောင်းနှင့် ညီညွတ်ပြန်က ဆူပွက်မြဲဆူပွက်ကြပြန်၏။

ဘာကြောင့်ဆိုသော်, ရေသောက်မြစ် (၇)မြစ်နှင့် တူသော ကာမရာဂါနုသယ ပဋိဃာနုသယ အစရှိသော အနုသယ ကိလေသာ (၇) ပါးက,ထိုလောကီ သမ္မာဒိဋ္ဌိ ဉာဏ်စွမ်းတို့၏ အရာဌာန မဟုတ်သောကြောင့် ပေတည်း။

သို့ဖြစ်၍, ရေသောက်မြစ်များကို တူရွင်းပေါက်နှင့်တူးဖြတ်၍ပြစ်မှသာ,နောက်ထပ်တဘန် အကိုင်းအခက်အရွက်များ မိုးဥတု ရေဥကုနှင့် တွေ့သော်လည်း တဘန် ပြန်၍မစည်ကားနိုင်ဘဲ အပင်ကြီးပါ သေဆုံး သွားရ ဘိသကဲ့သို့ ရေသောက်မြစ်များနှင့်တူသော အနုသယ ကိလေသာတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟူသောတူးရွင်းရိုး သုံးချောင်းဖြင့် ဉာတ, တီရဏ, ပဟာန. ပရိညာဟူသော တူးရွင်းပေါက် အသွားများကိုတပ်ဆင်လျက် တူးဖြတ်၍ပစ်မှသာ သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန် နိဿရဏပဟာန်အားဖြင့် မျိုးပြတ်အောင် သေနိုင်လိမ့်မည်ဟု အထူးမှတ်ပါလေ။


နံပါတ်(၁)ဇယားပုံ
လောကီသမ္မာဒိဋ္ဌိ၏အုပ်ချုပ်ပုံ
မောဟ ဥပနိဿာယ
ဒိဋ္ဌိ ဥပနိဿာယ
ပတ္ထနံ ဥပနိဿာယ
ဒါနံ အလောဘော ဟေတု
သီလံ အဒေါသော ဟေတု
ဘာဝနံ အမောဟော ဟေတု
လောဘချုပ်
ဒေါသချုပ်
မောဟချုပ်
တဒင်္ဂပဟာန် နှစ်ကာလအချိန်
ဝိက္ခမ္ဘနပဟာန် ကပ္ပကာလအချိန်
အကျိုး တရား
လူပြည် နတ်ပြည်
အကျိုး တရား
သုဒ္ဓါဝါသ-၅-ကြဉ် ဗြဟ္မာ-၁၅-ဘုံ


နံပါတ်(၂) ဇယားပုံ
လောကုတ္တရာသမ္မာဒိဋ္ဌိအုပ်ချုပ်ပုံ
အဓိစိတ္တ
အဓိသီလ
သမာဓိ
အဓိပညာ
ရုပ်နှင့်နာမ်
နာမရူပပရိစ္ဆေဒဉာဏ်
ဟေတုပစ္စယပရိဂ္ဂဟဉာဏ်
ဝိပဿနာဉာဏ်(၁၀)ပါး
အတိဩဠာရိကအတ္တဒိဋ္ဌိ
ဩဠာရိကအတ္တဒိဋ္ဌိ
သုခုမ အတ္တဒိဋ္ဌိ
အာရမ္မဏာနုသယ
ပဟာန
ဉာတပရိညာ
တီရဏပရိညာ
ပဟာနပရိညာ
သီလ
စိတ္တ
ဒိဋ္ဌိ
ကင်္ခါ
ဝိသုဒ္ဓိ
မဂ္ဂါမဂ္ဂဉာဏဒဿန
ဝိသုဒ္ဓိ
ပဋိပဒါဉာဏဒဿန
ဝိသုဒ္ဓိ
လောကုတ္တရာ
ဉာဏဒဿန
ဝိသုဒ္ဓိ
အကျိုး
တရား
သစ္စာလေးပါး
အတိသုခုမ ဝိစိကိစ္ဆာ အတ္တဒိဋ္ဌိ
သန္တာနာနုသယ ပဟာနကိစ္စ
ပြီးဆုံးလေတော့၏

ဤအထက်ပါ၊ လောကုတ္တရာနှင့် သက်ဆိုင်သောနံပါတ် (၂) ဇယားပုံသည် သာသနာတော် သမ္မာဒိဋ္ဌိတရား (၄) ပါးဖြင့် အတ္တဒိဋ္ဌိ လေးပါးကို ကြီးမှူး အုပ်ချုပ်၍၊ ပရိညာ သုံးပါးနှင့်တကွ၊ ဝိသုဒ္ဓိ(၇)ပါးခြံရံလျက် ပယ်သတ်သော ဇယားပုံ ဖြစ်လေသည်။

ထိုတွင် (၁)စကြို စသော ဒွါရ(၆)ပါးတွင် အမှန်သိ အမှားသိ အလှည့်ကြဲ ဖြစ်ပေါ် သော၊ နာမ်ရုပ် နှစ်ပါးကို သိမ်းဆည်းလျက် ပိုင်းခြား၍ အမှန်သိမြင်သော ဉာဏ်သည် နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်မည်၏။

ထိုဉာဏ်ဖြစ်ဆဲ၌၊ အလွန်ရုန့်ရင်းမှုဖြစ်သော ဥစ္ဆေဒဝါဒ တိဝိဓနိယတ မိစ္ဆာ ဒိဋ္ဌိနှင့် စပ်သော အတိဩဠာရိက အတ္တဒိဋ္ဌိ ပဟာန ဖြစ်လေတော့၏။

(၂) ထိုနာမ်ရုပ်တရား နှစ်ပါး၏ ပစ္စယသမုပ္ပါဒအချက် ကြီးများကို သိမ်းဆည်းဆင်ခြင် အမှန်သိမြင်သော ဉာဏ် သည် ဟေတုပစ္စယပရိဂ္ဂဟ၊ သမ္မာဒိဋ္ဌိဉာဏ်မည်၏။ ထိုဉာဏ် ဖြစ်ဆဲ၌၊ ကာရကပုဂ္ဂိုလ် ဝေဒကပုဂ္ဂိုလ်၏ အနေနှင့်ဆက် ၍ မှားသဖြင့် အတန်ငယ် ရုန့်ရင်းလျက် သဿတဝါဒ နှင့် စပ်သော ဩဠာရိက အတ္တဒိဋ္ဌိ၊ ပဟာန ဖြစ်လေတော့၏။ ထိုတွင် ပဌမဆင့်ဖြစ်သော ဉာတပရိညာကိစ္စပြီးဆုံး၍သီလ ဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ၊ ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ (၄)ပါးပြည့်စုံလျက်၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကိစ္စ အားဖြင့် နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်၊ ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဉာဏ်နှစ်ပါး ကြီးမှူး အုပ်ချုပ် လေ တော့၏မှတ်။

(၃) ထိုမှတဆင့် အကြောင်းအားလျော်စွာ ဖြစ်ပေါ်၍လာသော ဂုဏ်ရုပ်နာမ်နှစ်ပါး သဘာဝလက္ခဏာအားဖြင့် ဖြစ်ပေါ်ရာ ခဏ၌ပင်, သာမည လက္ခဏာ အားဖြင့် ချုပ်ပျက်ကြသော, အနိစ္စ,ဒုက္ခ, အနတ္တ, လက္ခဏာ သုံးပါးကို ဝိပဿနာ ဉာဏ်(၁၀)ပါး အားဖြင့် ပိုင်နိုင်သောခဏမှာ, ဒုတိယဆင့်ဖြစ်သော တိရဏ ပရိညာကိစ္စ ပြီးဆုံး၍, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ နှစ်ပါး ပြည့်စုံလျက်,ဒိဋ္ဌိတကာတို့၏ မူလ ဗီဇ ဖြစ်သော အာရမ္မဏာနုသယ မှ သုခမအတ္တဒိဋ္ဌိ ပဟာနဖြစ်လေတော့၏။

ထိုတွင်, အဓိသီလ, အဓိစိတ္တ, အဓိပညာ ကိစ္စအားဖြင့် ဝိပဿနာ ဉာဏ ဒဿန သမ္မာဒိဋ္ဌိဉာဏ် ကြီးမှူးအုပ်ချုပ်လေတော့၏။

(၄) ထိုသို့, ဘင်နှင့် ဥပါဒ် အထပ်ထပ် နှိပ်စက်အပ်သော အနိစ္စ အစရှိသော, လက္ခဏာသုံးပါးကို ရှု၍ ဆုပ်သော် ဒုက္ခမေဝဟိ သမ္ဘောတိ ဟူသောအရ ဒုက္ခသစ္စာ တခုထည်းမျှသာဟု ဒုက္ခပရိညာအားဖြင့် ပိုင်းခြား၍ မြင်သော အမြင်တချက်တွင် သစ္စာလေးချက် တပြိုင်နက်ကိစ္စ ကြီး လေးပါးအဆုံးတိုင် လေတော့၏။ ထိုခဏ၌ပင် အတ္တသုခမအလွန်သိမ်မွေ့လှသော သန္တာနာနုသယမှုဝိစိကိစ္ဆာ အတ္တဒိဋ္ဌိပဟာနကိစ္စနိဂုံးချုပ် ပြီးဆုံးလျက် လောကုတ္တရာ မဂ္ဂဖလသမ္မာဒိဋ္ဌိဉာဏ် အပိုင်အနိုင် တတိယဆင့် အနေနှင့် သမုစ္ဆေဒအားဖြင့် ကြီးမှူးအုပ်ချုပ်လေတော့၏ မှတ်လေ။

လောကုတ္တရာဆိုင်ရာ သာသနာတော် သမ္မာ ဒိဋ္ဌိ
တရား(၄)ပါး ကြီးမျိုးအချုပ်ချုပ်ပုံ ဇယားရှင်းတမ်း
အမြွက်မျှပြီး၏။

### အထက်၌, လောကီ သမ္မာဒိဋ္ဌိ အချုပ်ချုပ်လျက် နံပါတ် (၁) ဇယားပုံတွင် ပါရှိသော

(၁) လောဘသည် ဘူမိဘေဒ အားဖြင့် ဝေဘန်သော် စိတ်၌ ကာမရာဂ အနေဖြင့် ကိန်းဝပ်သော အနုသယလောဘ, မနောဒွါရ၌ ဆူပွက်သော ပရိယုဋ္ဌာန လောဘ, ကာယဝစီ၌ လွန်ကျူးသော ဝီတိက္ကမလောဘ, ဟူ၍, ဘူမိဘေဒအားဖြင့် ခြားနားလျက်ရှိ၏။ ဤ၌လောဘ တခုကို ပြသော, သဲလွန်စဖြင့်, ဒေါသ, မောဟ, နှင့် တကွ, အနုသယ(၇)ပါး စလုံး ဘူမိဘေဒ အားဖြင့် သုံးပါးစီ အသီးသီး ခြားနားလျက် ရှိကြကုန်၏မှတ်။

ဤတွင်, ဝဏ္ဏနိဿိတ ဒါန, သီလသည် ဝီတိက္ကမဘုံ၌ လွန်ကျူးသော လောဘနှင့် ဒေါသကိုသာ တဒင်္ဂပဟာန်အားဖြင့်သာ ပယ်နိုင်၏။ ထိုအတူ, သမထ ဘာဝနာသည် ပရိယုဋ္ဌာနဝီတိက္ကမဘုံ၌ဆူပွက်သောင်းကြမ်းသော လောဘ, ဒေါသ, မောဟ, များကိုသာ ဝိက္ခမ္ဘန အနေဖြင့် ပယ်ဖွမ်းနိုင်သဖြင့် ထိုအဝိဇ္ဇာနုသယနှင့် တကွ မောဟကို မှီတွယ်၍ ဖြစ်သော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတရားကို ထိုဝဏ္ဏနိဿိတ စရဏကုသိုလ်များက ဘယ်လိုနည်းနှင့်မျှ မပယ်မသတ်နိုင်ကုန်။ သို့ဖြစ်၍ အန္ဓပုထုဇဉ်မှန်သမျှသည် ဤအချက်ကြီးများကို မရိပ်မိကြသဖြင့် အနုသယ ဘုံမှ ထ၍ တောက်

လောင်သော အဇ္ဈတ္တိဝိဇ္ဇာ ကိလေသာမီးကို လက်ကိုင် အမှိ
သဟဲထားလျက် ပြလုပ်ဆောက်တည် ကြသော စရဏမှု
ကုသိုလ်ဂုဏလေးလောက်ကို အားကိုးအားထားကြီးပြုခါ
တင်းတိမ် မြဲနှံ့ရက်၍ နေရကြလေ၏၊ သောတာပတ္တိမဂ်
ဉာဏ်ဖြင့်သာ ပယ်သတ်နိုင်သော, ဝိဇ္ဇာနှင့် ဝိဇိကိစ္ဆာကို
တော့, ဆွေမျိုးမိဘ အနေနှင့် အားကိုး အားထား ပြုခါ
မသွတ်ချက်နိုင်ဘဲ ငါသည် ဤကောင်းမှုကြောင့်, နိဗ္ဗာန်ကို
ရပါလို၏ ရောက်ပါလို၏ဟု ရုပ်ရိပ်,နာမ်ရိပ်, ကံရိပ်မျှဖြစ်
သော, လဟာပြင်မှာ လင်းလပ်ကို ရေထင်လျက် သောင်
ပြင်မှာ တင်ငါ လုပ်သဖြင့် မြူးရတ်သော, တင်ငါ ရိုက်ကဲ့သို့
အဇ္ဈတ္တိဝိဇ္ဇာ မြူးရတ်ကြီးနှင့်, နိဗ္ဗာန် တည်းဟူသော ငါးကို,
အခါခါရှာကြ၍နေကြလေ၏ သနားဘွယ်ကောင်းလေစွ၊

သို့ဖြစ်၍, အဇ္ဈတ္တိဝိဇ္ဇာကို ရှေးဦးစွာ ပရိညာ သုံးပါးနှင့်
မပယ် မသတ်ပါက သံသရာဝဋ်ဒုက္ခကြီးမှ ဘယ်လို နည်း
နှင့်မှ ထွက်ပေါက် မရနိုင်ဘူးဟူ၍ မှတ်မှတ်ပါ၊

(အဇ္ဈတ္တိဝိဇ္ဇာကို တော်လှန်ရေး တရားကွင်း)

ထိုကြောင့်........

အဇ္ဈတ္တိဝိဇ္ဇံ အပဟာယ၊ ဇာတိအာဒိ ဘယာကိဏ္ဏံ၊
ဝဋ္ဋဒုက္ခံ အနန္တဝိ၊ ပဟာနိဿံ ကဒါ အဟံ၊ ၊

ဘောဂန္တော၊ ဝိဇ္ဇာမသမာ ဘယာ ဇေတ္တိ ဗိတ်သိရာ ငါ
မတွေးချအောင် ကွာဝေးအောင်ကြည့်သင်ဉာဏ်ရှင်,သမ္မ
ဇဉ် ဒိုအောင်း ဒိ.....သူ့ထော်ကောင်းစွ၊ ဘုမ္မေ၊ အလို

ပြည့်၍ကိုယ်တွေ့ကြုံပြီ,ယုံကြည်အားထုတ်, ဒိဋ္ဌိပြုတ်စခမ်း
အထက်လမ်းကဲ့, တက်လှမ်း လိုကြောင်း, သင် သူတော်
ကောင်းတို့သည်။ ဓမ္မံ၊ ပရိညာဉာဏ်အရှိ ချိန်ခါအမှန်သိရ
ပေမည့်,ဒိဋ္ဌိပြုတ်စခမ်းတရားလမ်းကို။ သုတာထ၊အချောင်
သမား အကြိုက်တွေနှင့် မရှောင်ရှားလိုက်ကြပါနဲ့တော့
ထောင်နားစိုက်လိုက်ကြပါကုန်လော့။ အဟော၊ သစ္စာ လေး
တန် အခြေခံဟုတ်တဲ့ ရုပ်နာမ်သဘာဝ သယံဇာတကို သိ
သရာနှင့်အမျှ မရိပ်မိခဲ့ကြရသော, သင်တို့ ငါတို့ တတွေ
သည်။အတ္တဒိဋ္ဌိ၊ရုပ်နာမ်မူရာ,သူငါယူလွဲ,အကောင်,အထည်
အရှည်,အတို အဖို,အမ ဘဲရယ်လို့ အစွဲရင့်သီး အတ္တဒိဋ္ဌိ
ဆိုတဲ့, ဘုရင်ကြီးကို။ အပဟာယ၊ ဝိပဿနာ ယာဉ်ပျံ
မဂ် ရွှေဉာဏ်ဖြင့် အခြေခံ ဝေဘန် ဖောက်မပယ် မသတ်ခဲ့
မိကြလေခြင်းကြောင့်။ ဇာတိအာဒိဘယာကိဏ္ဏံ၊ပဋိသန္ဓေ
အို,နာ, သေချက်, ဘေးအဆက်ဆက်တွေနဲ့ ဖွက်မခြင်
တွင်တွင်ကြိတ်ဖျက် အလွန်ပင် နှိပ်စက်၍နေအုပ်ကုန်သော။
ဝဋ္ဋဒုက္ခံ၊ကိလေသာကာမ ဝိပါကမျိုး အကျိုးဒုက္ခ, ဓါတ်
မှန်ရတဲ့ အတ္တဒိဋ္ဌိ၏ ပြည် နိုင်ငံတော်ကြီးထဲ၌။ အနုဘဝိ၊
ဘဝစဉ်ဆက် အနမတဂ်သံသာစက်ဝယ် ထွက်ပေါက်တွေ
ဘဲ, အလေ့လွဲနဲ့, မေ့ကြောတွေဆွဲ ငါအစွဲနှင့်,အနံ့နံ့ခစား
၍သာ နေကြရလေတော့၏တကား။ ကဒါ၊ ယခုသာသနာ
ကြုံလာခတ ဘယ်ကာလမှ အတ္တဒိဋ္ဌိ,နောက်လိုက်,နောက်
ပါ မြောက်များစွာနှင့် မိစ္ဆာဗိုလ်ချုပ် ဒိဋ္ဌိယုတ်ကို။ ပဟာ
နိဿံ,ပဟာနိဿာမ၊နှောင်တဘန်အဟုတ် မရှေကြရလေ
အောင် သမုစ္ဆေဒပဟာန် မဂ်ရွှေဉာဏ်ဖြင့် ဖောက်ပယ်သတ်

တကယ်ဖြတ်မှ, အပါယ်ဇာတ်တွေသိမ်း, အပူငြိမ်းလျက် အောင်ကိန်းနိဗ္ဗာန်,ဝင်စံခါ ဘယာဝေးပြီးတော့ မဟာအဇေ ကြီး ကြေရ ပေလိမ့်အံ့သတည်း။ ဝါ၊အရာရာမှာ, တငါငါ အာသာ ပြင်းလှတဲ့ ရာဇာမင်း ဒိဋ္ဌိဘုရင်ရယ်, စိတ်ရှိ အသွင်ကွယ် နဂိုမရှိပါဘူး, အပိုသိတဲ့ သူ့တံထွာပေါ, ဟိုမှာ သည့်မှာ ရှိတယ်လို့ဆိုတဲ့ အမှုမမှန်ဘာတွေကို ဝင်ခါမရှုပ် လာနဲ့ ခွါဆုတ်ဟဲ့ သည် သာသနာမှာ အမှိပါစရာ သာဘိ ချုပ်ခါ တအား ရုံးလို့, ဘုရား မုန်းသူတဲ့ ဒိဋ္ဌိ မသမာကို, စိတ်အရှိကြံခါ အမှားသုံးကြဲတော့ဘဲ, အော်.....ဝိပဿနာတရား ဗုံးနဲ့သာ ကြဲချ လိုက်ကြပါ ကုန်တော့အံ့ သတည်း.....။

အဓိပ္ပါယ်, စက္ခု အစရှိသော ဒွါရ (၆)ပါးနှင့် ရူပါရုံ အစရှိသော အာရုံ(၆)ပါးရှိရာ စက္ခုဒွါရတွင် သက်ဆိုင်ရာ ရူပါရုံနှင့် တိုက်ဆိုင်မှုကို အမှီပြု၍ ဖြစ်ပေါ် ရသော စက္ခုဝိညာဏ်စိတ်၏, ထိုထိုရူပါရုံကို မြင်မှု ဒဿန အစဉ်မျှဖြစ်သောအမှုကိစ္စကို အဝိဇ္ဇာက မမြင်နိုင်အောင် ဖုံးကွယ်၍ ထားသဖြင့် ထိုစက္ခုဝိညာဏ်စိတ်ကို အသက်ဇီဝပြု, စက္ခုအကြည်ချုပ်တရားကိုငါ၏အင်္ဂါပြု ရူပါရုံကိုပုဂ္ဂိုလ်သဏ္ဌာန်တုံးဘိုင်ပြုခါ ငါမှာ အသက်ရှိလို့သာ ပုဂ္ဂိုလ် သဏ္ဌာန်တုံးဘိုင်များကို ငါက မြင်သည်ဟု နောက်လိုက် မနောဝိညာဏ်က ဝိပလ္လာသအားဖြင့် ဥက္ကဋ္ဌအဝိဇ္ဇာ၏ထံ၌ အမှားကိုကြံဆိုလျက် အင်္ဂါဇီဝ ရှိလေဟန်နှင့် အကျယ်တဝင့် အဆို တင်သွင်းလေတော့၏။ ထိုဝိညာဏ်၏အဆို မှန်ကန်ကြောင်းကို သညာ ဝိပလ္လာသ တရားက အကျယ်တဝင့်

ထောက်ခံသဖြင့် ဖဿဝေဒနာ အစရှိသော အဖွဲ့ဝင် အားလုံးနှင့် တကွ ကန့်ကွက်သူ မရှိ အ-ဝ- သ-ဒ- အဖွဲ့ချုပ်မှ အတည်ပြုလျက် ဆုံးဖြတ်ချက် ချပြီးလျှင် အဇ္ဈဒိမ္မ, ဘုရင်မင်း၏ လက်သို့ ဆက်သခါ ခန္ဓာပုရတိုင်း ပြည်ကြီးကိုပါ အပ်နှင်းလေတော့၏။ ထိုအခါ၌အဇ္ဈဒိမ္မဘုရင်သည်, တဏှာမာန ဟူသော ညာသား ဒေဝီ မဟေသီ မိဖုရား အစုံနှင့် တကွ, သက္ကာယဒိဋ္ဌိ (၂၀) အရ, ဥစ္ဆေဒအတွင်းဝန် (၅) ပါး သဿတအပြင်ဝန်က (၁၅) ပါးခြံရံ၍, နာနာသတ္တ ဥလ္လောကန ဘေး, ဝိနိပါတ ဘေး, ဒုဂ္ဂတိဘေး, အပါယဘေး ဟူသော ဘေးကြီး လေးပါး စိမ်ကမ်းနားကြီးများကို သတ်မှတ် အတည်ပြုခါ, အဋ္ဌဗာလပုထုဇဉ်များကို ဗမာပြည်၌ နယ်ချဲ့ အစိုးရဘို့ (၉၁) ဌာနသော အုပ်ချုပ်ရေးကိုဥပဒေ ပုဒ်မ ကို နှင့် မလှုပ်မကြွနိုင်အောင် အုပ်ချုပ်ဘိသကဲ့သို့ သံသရာမှ နလံ မထနိုင်အောင် အုပ်ချုပ်စိုးစံလေတော့၏။

ထိုအချက်ကို ရိပ်မိသောပြည်သူ့ခေါင်းဆောင်ကြီးများသည် တိုင်းပြည်၏အတွက် အသက်ပေး၍ နယ်ချဲ့အစိုးရကို တော်လှန်ဘိုက်ဖျက်ဘိ သကဲ့သို့, မြင်သိစိတ် ကြားသိစိတ် နံ့သိစိတ် လျှာသိစိတ် အမှားအမှန် ကြိသိစိတ်များ ဖြစ်ဘိုင်း ဖြစ်တိုင်း ငါမြင်, ငါကြား, ငါနံ့, စားနှင့် ငါကား တွေ့ထိ ငါကြိသိဟု စွဲညှိဖေါက်ပြန်ဒိဋ္ဌိရန်ကို ပရိညာဉာဏ် အမြင်မှန်နှင့် တော်လှန် တိုက်ဖျက် နိုင်မှသာလျှင် ခန္ဓာပုရ တိုင်းပြည်ကြီး၌ ထာဝစဉ် ငြိမ်းချမ်းရေးပန်းတိုင်ကို တက်လှမ်းနိုင်ကြလိမ့်မည်ဟု ရချမှတ်ပါ။

**သတိ။** အ= အဝိဇ္ဇာ, ဝ= ဝိညာဏ်, သ= သညာ, ဒ=ဒိဋ္ဌိ, ၎င်း လေးပါးကို, အ-ဝ-သ-ဒ- အဖွဲ့ ဟု ဆိုသည်မှတ်။

**“သင်္ခေပ ဆောင်ပုဒ်များ”**

(၁) ဒိဋ္ဌိဘုရင်သူ့လက်တွင်းမှာ သက်ဆင်းခဲ့တာ ကြာလေပြီ၊ နသနာသဏ္ဍာ ဇိမ်ကိန်းနဲ့, အုပ်ထိမ်းခဲ့တာ ကမ္ဘာတွေရှည်၊ သာသနာ ကြုံလာခိုက်မှာ တော်လှန်လိုက်ကြ နဝမခါတော်မှီ၊ ဝိပဿနာ ဗိုလ်ထင် ပေးမှ ဓာတ်ဘေးတွေ လွတ်ဖြေကြလိမ့်မည်။

**သတိ။** ထိုအပိုဒ်တွင် ဝိနိပါတနှင့် ဇရာဘေး, ဒုစ္စရိတာနှင့် ဗျာဓိဘေး, အပါယာ နှင့် မရဏ ဘေးများ ကို ထည့်သွင်း၍ဆိုပါလေ။

ဤတွင်, ဉာဏ်ရှိသလောက် ချဲ့ထွင်၍ ဟောပါလေ။

ဆောင်ပုဒ်

(၁) ခေမာ ဘေးမခတဲ့နေရာ, မြတ်နိဗ္ဗာန် အလိုရှိက, မိမိခန္ဓာ၊ ရှာစမ်းပါ, သူ့ နေရာ ဘယ် မဝေးဘူး အလွယ်ကလေးသာ, ဒိဋ္ဌိဗိုလ်, မ သ မာ အယုတ်ရဲ့ လာ မရှုတ်နဲ့, ခွါဆုတ်ဟဲ့ ငါ ပြုတ်တော့ နိဗ္ဗာန်ပါ။ (ဒါနအရာ, မဒိုင်စား ဥပမာ)

(၂) ဒါနလှူမှု, မပြုရင်လဲခက်ပြန်, သူများအတုနဲ့ ပြုရင်လဲ ခက်ပြန်, မပြုခက်, ပြုခက်, နှစ်ဘက် နှစ်တန်, မဒိုင်သား စားသေ, မစားသေဟန်, အဲတာကြောင့် နိဗ္ဗာန် စိတ်သံ, ဝိဇ္ဇာဉာဏ်ရှေ့မ်ပြုမှ, မဒိုင်ရင်ဒါန

ပို့ သပ, မြတ်နိဗ္ဗာန်။ မဒိုင်ရိုင်းလို ဒါန ကလေးနဲ့ဖြင့်
ပ်သလေး အမွေး ပေါက်တောင် ဟဲ့ မရောက်ဘူး
စောက်ရှူး နင့်နိဗ္ဗာန်။

"ကျမ်းပြီး နိဂုံး ပဏ္ဏနာ ဂါထာ"

ပဉ္စာယိဒံ ပေကွနတော၊ သိဝံဂစ္ဆတ္တံ၊ ပဏ္ဍိတာ။
တေ ဥတ္တာယထာဘူတံ၊ လောကောယံ ဟောတုခမ္မိကော။ ။

ပဏ္ဍိတာ၊ ဗုဒ္ဓမြတ်စွာ ဟောမိန့်မှာသည့် သံသရာထွက်
လမ်း စခမ်းသုံးဖြာ ပရိညာကို, လိမ္မာမြင်သိ သတိချပ်လျက်
အကျင့်မြတ် ရှိကြကုန်သော ပညာ ရှိသူ ရှင် လူအပေါင်း
သူတော် ကောင်းတို့သည်။ ဣဒံ၊ ကောဇာသက္ကရာဇ်, ရေ
တွက်စစ်သော်, ၁၃၁၈ ခုနှစ် သီတင်းကျွတ်လ(ဆန်းပက္ခ)
၁-ရက် အာကျ စန္ဒြမရွေ့, ကျွားမင်း နေ့ဝယ်, စမွယ် ကွန့်
မြူး, ညာဏ် အထူးရှင်, ကြည်လင်သန့်ရှင်း ပြီးဆုံး အောင်
မြင်ခြင်းသို့ရောက်သော, ဤခြောက်စောင်တွဲ ကောက်နုတ်
ချက်, သစ္စာသုံးလီ လင်းရောင်ခြည်ဟု, အမည်တင့်ဆန်း,
ဝိပဿနာ, ပရိညာတက်လမ်း, အကျိုးရကျမ်းကို။ ပေကွန
တော၊ ပညာ စက္ခုဖြင့် အလေးဂရု သတိပြု၍ ကြည့်ရှုရ
သည်မှ။ ပဉ္စာယ၊ စ၍။ တေ၊ က႒ာပေါ်မှာ ဝိဇ္ဇာရောင်လွှမ်း
မှောင် မသန်းတဲ့ ကြောင်ပန်း မည်တွင် ထေရ် အရှင်တို့
သွန်သင်ပြသ, ဆုံးမတော်မူကြကုန်သော သစ္စာသုံးလီ အ
မည်ထင်ရှား မြတ်တရားကို။ ယထာဘူတံ၊ သူ၏အဆို အသို
တော်ကျ သဘာဝတိတိ အာဘောဘ်မိ၍ဟုတ်သည်လောက်
သာ, မှန်ကန်လှစွာ။ ဥတ္တာ၊ စွမ်းအားသန်သန် ပရိညာဏ်နှင့်

ဖေါက်၍ ပေါက် ပိုင် အောင်ကြည့် အမှန်ပင် သိမြင် ပွါး များကြကုန်ပြီး၍။ သိဝံ၊ ဝဋ္ဋဒုက္ခမီး,ထိန်ထိန်ငြီးတဲ့ အပူမှိန်ကြီးတို့၏ ငြိမ်းကြီး ငြိမ်းရာ, လွန်ချမ်းသာ၍ ခေမာ နဂရ, အမတ သာခေါင်, မီးမလောင်သည့် ဂုဏ်ရောင် ဇမြ သိဝ မြည်ဟီး အသခ်တပြည် နိုင်ငံတော်ကြီးသို့။ ဂန္ထ နှု၊ဗောဓိ ရတနာ ယာဥ်စကြာအသွင် မဂ္ဂင် ဖေါင်ကြီး ငြိမ့်ငြိမ့်စီး၍, ခရီးမကောက်, လမ်းမထောက်ဘဲ, တောက်ရှောက် သွား ရောက် နိုင်ကြပါစေ ကုန်သတည်း။ အယံ လောကောဝိ၊ သင်္ချာပမာဏ,ဂဏန်းချ၍,မှန်းဆမထင်,အသွင်ခြားနား အစားစားဖြင့်,များပြားလှစွာသော၍သတ္တလောကကြီးသည် လည်း။ ဓမ္မကော ဘုရားတည်း ဟူသော, ဝိသုဒ္ဓိ နတ်မင်း, ဝတ်ရဋ္ဌအစရှိသော ဥပပတ် နတ်မင်း, လူမင်းတည်း ဟူ သော သမုတိနတ်မင်း အားဖြင့် သုံးပါး, အရှင် နတ်မြတ် ဘုရင် နတ်သခင်တို့သည့် ကယ်တင် စောင်မ ကြည့်ရှု ကြ သဖြင့် ချမ်းမြကြည်လင်ထာဝစဉ်ငြိမ်းချမ်းသောအဖြစ်သို့ ရောက်ရှိကြကုန်ပြီး၍။ ဟောတု၊၍မည်သော သစ္စာသုံးလီ လင်းရောင်ခြည်သည် ဖြာကြည်၍သာ ကမ္ဘာ လျှည့်လည် အမြဲတည်၍ သိမ္မိအားထုတ်တော်မူနိုင်ကြပါစေသတည်း။

၍တွင်, ခြောက်စောင်တွဲ ကောက်နှုတ် ချက် သစ္စာ သုံးလီ လင်း ရောင်ခြည် ကျမ်း ဝိပဿနာ ပရိညာတက်လမ်း ဆုံးခဏ်း တိုင်မြောက် ပြီးဆုံး အောင်မြင်ခြင်းသို့ ရောက်လေတော့၏။

# အသင့်ရနိုင်သော စာအုပ်များ

| | | |
|---|---|---|
| "သဒ္ဒါဘာသာ၊ ငါ့ဆရာ" | ပထမအုပ် | ၅-ကျပ် |
| | ဒုတိယအုပ် | ၃-ကျပ် |
| ဝိပဿနာအလင်းရောင်၃ ကျမ်းတွဲ | | ၂-ကျပ် |
| အနုမြူခေတ် ဝိပဿနာ | | ၂-ကျပ် |
| ယထာဘူတ ဝိပဿနာ | | ၂-ကျပ် |
| လောကလမ်းညွှန် | | ၂-၅၀ပြား |
| ဂီဘဝိနိစ္ဆယဋီကာ | | ၁-၅၀ပြား |
| ဓမ္မဂုဏ်ရည် | | ၁ |
| ဗုဒ္ဓဘာသာသင်တန်း | | ၂ |
| စာရင်းကိုင်ပညာ | | ၂ |
| ဘုရားရှိခိုး အမျိုးမျိုး | | ၅၀ပြား |
| အဘိဓမ္မာရကဗျာ၊ | | ၃၅ပြား |
| အာဒိကပ္ပ နွါဒသိန် ဒိုငနို၊ | | ၅ |

"ကမ္ဘာ့အောင်လံ" စာပုံနှိပ်တိုက်

အမှတ်,၃၇၉-မောင်ထောင်လေးလမ်း

ရန်ကုန်မြို့။